စင်ကာပူနိုင်ငံ

ရွှေကျောင်းဆရာတော် ရှိဟာကော

သာသနာပြုမေါ်ကွန်းတင်

(မြန်မာနိုင်ငံခရီးစဉ်များနှင့်ပေးအပ်လျှုဒါန်းမှုများ)

မြတ်စွာန်

CC

လာဘ်မိုးဝေစာပေ

အမှတ်-၁၁၁၊ ၃၃-လမ်း(အလယ်)

ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့ ။

စာမူခွင့်ပြုချက် - သသန-၁၈/၂၀၁၀ (၁)၊ ၆၈၀၀၄/၆၀၁၁
မျက်နှာဖုံးခွင့်ပြုချက် - (၄၀၀၁၄/၂၀၂၁)

ပထမအကြိမ်
၂၀၁၀ ပြည့်နှစ်၊ ဧပြီလ
ထုတ်ဝေသူ
ဦးမောင်မောင်မြင့်အေး(မြ-၀၄၁၀၀)၊
မျက်နှာဖုံးပုံနှိပ်နှင့်အတွင်းပုံနှိပ်
ရွှေနိုင်ငံ (မြ-၀၅၇၄၅)
ကွန်ပျူတာ New Step Media
မျက်နှာဖုံးဒီဇိုင်း - အောင်ရ (New Step Media)
တန်ဖိုး - ၃၅၀၀ကျပ်/-
အုပ်ရေ - ၅၀၀

မြတ်စွန်

စင်ကာပူနိုင်ငံရှေ့ဘုရားကျောင်းဆရာတော်သာသနာပြုမော်ကွန်းတင်

မြတ်စွာန်။ ။ ရန်ကုန်

လာဘ်မိုးစွေစာယော ၂၀၁၀

- စာ (၂၃၄) ၊ (၂၉ × ၂၁) စင်တီ။

(၁) စင်ကာပူနိုင်ငံရှေ့ဘုရားကျောင်းဆရာတော်သာသနာပြုမော်ကွန်းတင်

စင်ကာပူနိုင်ငံ

ရှေကျောင်းဆရာတော်ရှိဟစော

သာသနာပြုမော်ကွန်းတင်

(မြန်မာနိုင်ငံခရီးစဉ်များနှင့်ပေးအပ်လျှောဒါန်းမှုများ)

မြတ်စွာန်

ဒိုတာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	စာရေးသူ၏မြတ်စေတနာမွန်	၉
၂။	မဟာလူသားဗုဒ္ဓ (ကဗျာ)	၁၃
၃။	ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းရာ	၁၅
၄။	အံ့ခြီးမကုန် ရွှေတိဂုံ	၁၇
၅။	ထွန်းတင့်ဝေဖြာ သာသနာ	၁၉
၆။	ထူးမြတ်ပါရမီ ဆုံကြပြီ	၂၀
၇။	မြန်တိုင်းဌာန ရောက်ကြရ	၂၁
၈။	ကြိုးပမ်းလျှောက်လှမ်း ကုသိုလ်ပန်း	၂၈
၉။	ဒေသဒါယကာ ဖြစ်ကြပါ	၂၉
၁၀။	မြန်မာ့အနု ယဉ်ကျေးမှု	၃၀
၁၁။	ဌာပနာသွင်း ပူဇော်ခြင်း	၃၁
၁၂။	စတင်ပြုပြင် လှူဒါန်းစဉ်	၃၃
၁၃။	အနုပညာ တင်ဆက်ရာ	၃၄
၁၄။	သာသနာပြုယာဉ် လှူဒါန်းစဉ်	၃၇
၁၅။	ထပ်တိုးဒါန လှူခွင့်ရ	၃၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၆။	အောင်ပွဲမင်္ဂလာ ရည်မှန်းကာ	၃၈
၁၇။	ဘွဲ့ထူးဂုဏ်အင် မှတ်တမ်းတင်	၃၉
၁၈။	ကြည်ညိုဖွယ်ရှိ ထေရပွတ္တိ	၄၀
၁၉။	သဘာဝဘေး ထောက်ကူပေး	၄၆
၂၀။	ဦးတင်မူ၏ ကုသိုလ်တော်	၄၆
၂၁။	မူ၏လျှုပ်ပွဲ ကြံ့ဆုံနွဲ	၄၇
၂၂။	ဖွင့်လှစ်ကြည်ညို သာသနာ့တက္ကသိုလ်	၄၉
၂၃။	မူ၏အထူး ဘုရားမှူး	၅၀
၂၄။	ဦးစွာလျှုဒါန်း မူ၏ခန်း	၅၁
၂၅။	အောင်ပွဲမင်္ဂလာ ပွဲမဟာ (ပထမဝိုင်း)	၅၃
၂၆။	အောင်ပွဲမင်္ဂလာ ပွဲမဟာ (ဒုတိယဝိုင်း)	၅၆
၂၇။	ပြာသာဒ်ကြီးဘုရားသမိုင်း (အကျဉ်း)	၆၀
၂၈။	ပုံသကူမဟာထေရ် ဘုရားသမိုင်း (အကျဉ်း)	၆၂
၂၉။	ဓာတ်တော်မွေတော် မြတ်မူ၏	၆၉
၃၀။	ကြိုးပမ်းညီတူ ထီးတော်သစ်အလှူ	၇၄

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၁။	ဦးခိုက်ပူဇော် ရောင်ခြည်တော်	၇၅
၃၂။	ထပ်မံကွန်မြူး ရောင်ခြည်ထူး	၇၆
၃၃။	ပုံရိပ်တော်ထူး ဦးခိုက်ဖူး	၇၇
၃၄။	လူမှုရေးအတွက် လျှုဒါန်းလျက်	၇၈
၃၅။	ရှေးဟောင်းဘုရား ပူဇော်ပွား	၇၉
၃၆။	ရွှေဆည်းလည်းတော် တင်ပူဇော်	၈၀
၃၇။	ဦးတင်ဆင်နဲ့ ထီးတင်ပွဲ	၈၁
၃၈။	အနေကဇာ တင်လျှုရာ	၉၃
၃၉။	ကုသိုလ်အမျှ ပေးဝေကြ	၉၉
၄၀။	ဖူးမြော်မွမ်းမံ လျှုဒါန်းပြန်	၁၀၁
၄၁။	မြတ်ရွှေတိဂုံ ပြခန်းစုံ	၁၀၂
၄၂။	အရုပ်မျိုးစုံ လျှုဒါန်းပုံ	၁၀၃
၄၃။	အနေကဇာတင်ပွဲ ဆင်ယင်နဲ့	၁၀၄
၄၄။	ဗုဒ္ဓဆင်းတု လျှုဒါန်းမှု	၁၀၆
၄၅။	အရုပ်များစွာ လျှုဒါန်းကာ	၁၀၆
၄၆။	မျိုးမည်စုံစွ လျှုဒါန်းကြ	၁၀၇
၄၇။	ဌာပနာများ လျှုဒါန်းထား	၁၀၈
၄၈။	မိခင်ကလေး စောင့်ရှောက်ပေး	၁၁၄
၄၉။	ဘွဲ့တံဆိပ်တော် ကပ်ပူဇော်	၁၁၄

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၀။	အနေကစာတင်လျှို့ ဂုဏ်သိလ်ယူ	၁၂၃
၅၁။	ကဏ္ဍူစေတီ ဦးတင်ခိုဏ်	၁၃၀
၅၂။	ဒုလ္လဘခံပွဲ ဆင်ယင်ခန့်	၁၃၄
၅၃။	ဂျဒိုင်ပြည်နယ် လှမ်းရှုတစ်သွယ်	၁၄၁
၅၄။	သံယာတစ်သောင်း ဆွမ်းကြီးဝေတင်း	၁၄၇
၅၅။	ပိဋကတ်သုံးပုံ လျှုဒါန်းအစုံ	၁၅၄
၅၆။	မွေတော်ကဏ္ဍူစေတီ ပြုပြုပြင်ပြီ	၁၅၈
၅၇။	ဗင်ကာပူ-ပီနန် ခရီးထွက်တန်	၁၆၇
၅၈။	ဗောဓိပွဲပရိတ် အတင်းသင်ကား	၁၆၂
၅၉။	တက်ပြုတ်ပူးကော် ကုဋေပိုင်းသား	၁၇၃
၆၀။	အဝေမွှအနှစ်ပွဲ ပူဇော်ခဲ့	၁၀၇
၆၁။	လျှုဒါန်းပွဲတော် အတင်ပြုပုံ	၁၉၃
၆၂။	သိပ်ကောင်းတဲ့ကိုးကား ပြုတ်ပူးကော်	၁၉၀
၆၃။	အဝေမွှအနှစ်ပွဲ ပူဇော်ခဲ့	၂၀၄
၆၄။	ပုထိုးကိုးသောင်း လျှုဒါန်းပြုကြောင်း	၂၁၄
၆၅။	တတ်တော်ပူဇော် အရာတော်	၂၁၄
၆၆။	မွေးနေ့အလှူ ဂုဏ်သိလ်ယူ	၂၁၀
၆၇။	ရွှေကျောင်းကုသိုလ် ခွန်းဆက်ကြို	၂၂၃
၆၀။	ပေါ်ကွန်းတင်ပူဇော် အရာတော်	၂၃၃

ရွှေဘုရားကျောင်းသုံးတော်

(၁)

စင်ကာပူမှောက်ရောက်ကြောင်းသတင်းတော်ရှိဟုတဲ့

စင်ကာပူရွှေဘုရားကြီးဆရာတော်ရှိဟောတော

(၇)

လုတောသနာ့ကြည်ကိုက
သာဆနာ့ကော်ကန်းကားပြုခဲ့ပွားရေးပီးမီခဲ့ကာ
ကမ္ဘာ့အေး ရန်ကုန်

ရွှေတိဂုံစေတီတော်ဘုံ(၁)

မဟာမုနိ ပုံ(၂)

ဗုဒ္ဓဘုရားရှင် ပွင့်တော်မူရာ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော် ပုံ(၂)



တရားဦး ဓမ္မစက္ကြာ ဟောတော်မူရာ မိဂဓာဝုန်ဥယျာဉ်ရှိ ဓမ္မေခစေတီတော်၌

ရှေကျောင်းဆရာတော် ဖူးမြော်နေပုံ ပုံ(၄)

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗန်ဝင်စံရာ ကုသိနာရုံ၌
ရွှေကျောင်းဆရာတော် ဖူးမြော်နေစဉ် ပုံ(၅)

စင်ကာပူရွှေကျောင်းဆရာတော် ရွှေတိဂုံစေတီတော်၌
ရွှေလည်ဆွဲ(၁)ကုံးလှူ ဒါန်းနေပုံ ပုံ(၆)

စင်ကာပူရွှေကျောင်းဆရာတော်၏ တပည့် ဒါယကာများ
ရွှေတိဂုံစေတီတော်အတွက် ရွှေစင်ရွှေပြားများ လှူဒါန်းနေပုံ ပုံ(၇)

မန္တလေးအမရပူရမြို့ရှိ မဟာဂန္ဓာရုံစာသင်တိုက် ရဟန်းတော်များကို
ရွှေကျောင်းဆရာတော်နှင့်ဘုရားဖူးအဖွဲ့ဝင်များ ဆွမ်းလောင်းလှူနေစဉ် ပုံ(၈)

တောင်ဒဂုံ နိကာယ်စာသင်တိုက်၌ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တသောဘိတ ကို ရှေကျောင်းဆရာတော်နှင့်အဖွဲ့ ဖူးမြော်စဉ် ပုံ(၉)

Singapore Golden Pagoda
Buddhist Temple

ရန်ကုန် ၊ မန္တလေး ၊ ပုဂံညောင်ဦး ရှိ
သံဃာတော် (၅၂၂၀) ပါး တို့အား
ဆွမ်း၊ သင်္ကန်း၊ ဓါတုဝတ္ထု
စလောင်းလှူပူဇော်မည့်
သာသနာပြုအောင်ပွဲမင်္ဂလာ
ပဉ္စလျှောက်လှာ

၁၃. ၁၂. ၉၈ တနင်္ဂနွေနေ့
မဟာမြတ်မုနိရုပ်ရှင်တော်ဂန္ဓကုဋီတိုက်

မန္တလေးမြို့
မဟာမြတ်မုနိ
ဂန္ဓကုဋီတိုက်၌
ကျင်းပပြုလုပ်မည့်
သာသနာပြုအောင်ပွဲမင်္ဂလာ
ပဉ္စလျှောက်လှာ
ပုံ(၁၀)

ကမ္ဘာအေးကုန်းမြေ
မဟာပါသာဏ
လိုဏ်ဂူတော်အတွင်း
ကျင်းပပြုလုပ်မည့်
သာသနာပြုအောင်ပွဲမင်္ဂလာ
ဖိတ်ကြားစာ
ပုံ(၁၁)

Singapore Golden Pagoda
Buddhist Temple

ရန်ကုန် နှင့် မန္တလေးမြို့ နှိ
သံယာတော် (၁၀၀၀၀) ပါးတို့စား
ဆွမ်း၊ သင်္ကန်း၊ စေတနာတော်
လောင်းလှူပူဇော်သည့်
သာသနာပြုအောင်ပွဲမင်္ဂလာ
ဖိတ်ကြားလွှာ

၁၄. ၁၂. ၂၀၀၀၊ ကြာသပတေးနေ့
မဟာပါသာဏလိုဏ်ဂူတော်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့

(၁၄-၁၂-၂၀၀၀)ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း
ကျင်းပပြုလုပ်မည့် သာသနာပြုအောင်ပွဲမင်္ဂလာ အခမ်းအနားကျင်းပနေပုံ ပုံ(၁၂)

ကျိုက်ထီးရိုးဆံတော်ရှင် ၌ ရွှေကျောင်းဆရာတော်နှင့်ကုမ္ပဏီမိသားစုများ
ဖူးမြော်မှုရောက်ရှိစဉ် ပုံ(၁၃)

ရွှေဘုရားကျောင်းဆရာတော် ပုဂံယဉ်ကျေးမှုဒေသ
ပုဂံဘုရားများလှည့်လည်ဖူးမြော်နေပုံ ပုံ(၁၄)

ကမ္ဘာအေး သာသနာတော်ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ၌
ရွှေကျောင်းဆရာတော်လက်ခံရယူစဉ် ပုံ(၁၅)

သာသနာတော်ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲ၌ရွှေကျောင်းဆရာတော်
နှင့် ဒါယကာဦးလှသိန်း ဦးစံမောင်တို့နှင့်အတူတွေ့မြင်ရစဉ် ပုံ(၁۶)

သာသနာတော်ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ၌ရွှေကျောင်းဆရာတော်နှင့်
ဆရာတော်များ၊ကုမ္ပဏီ ဒါရိုက်တာမိသားစုနှင့်ရုံးအဖွဲ့ဝင်များစုပေါင်းရိုက်ကူးထားသောပုံ ပုံ(၁၇)

ရွှေတိဂုံစေတီ ထီးတော်သစ်ကြီး
တင်လှူပူဇော်နိုင်ရန်ပြုပြင်မွမ်းမံနေစဉ်
ရွှေတိဂုံစေတီ စိန်ဖူးတော်ကြီးအား
စာရေးသူကိုယ်တိုင်တက်ရောက်၍
အနီးကပ်ဖူးမြော်ကြည်ညိုနေပုံ ပုံ(၁၈)

မန္တလေးမြို့ ပြဟိုရ်လှမ္မာကူညီရေးအသင်းသို့ လှူဒါန်းထားသည့်မော်တော်ယာဉ် ပုံ(၁၉)

မန္တလေးမြို့ မေတ္တာကရုဏာရှင်များ လှူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ သို့ လှူဒါန်းခဲ့သည့် မော်တော်ယာဉ် ပုံ(၂၀)

ရန်ကုန်မြို့ သိမ်တောင်တိုက်သစ် ဓာတ်တော်တိုက်ရောက်
ရွှေကျောင်းဆရာတော်နှင့် ဓာတ်တော်တိုက်ဆရာတော် ပုံ(၂၁)

ရန်ကုန်မြို့ သိမ်တောင်တိုက်သစ်ဆရာတော်မှ ရွှေကျောင်းဆရာတော်အား
ဓာတ်တော်များ ချီးမြှင့်လှူဒါန်းနေပုံ ပုံ(၂၂)

စင်ကာပူ ဗုဒ္ဓဘာသာရှေဘုရားကျောင်း
(၁၀)နှစ်မြောက် နှစ်ပတ်လည်
"ကြည်ညိုဖွယ်ရာဗုဒ္ဓအမွေအနှစ်"
အထူးပြပွဲ ဖိတ်စာ ပုံ(၂၃)

ကြည်ညိုဖွယ်ရာဗုဒ္ဓအမွေအနှစ်ပွဲ
မတိုင်မီ ဗုဒ္ဓဘာသာဝင်နိုင်ငံများသို့
ဖြန့်ဝေသည့် ပန်းဖလက် ပုံ(၂၄)

ဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲကြီးအတွက် မဟာဗောဓိတစ်ထောင် ဓာတ်တော်တိုက်ကြီးမှ
ဓာတ်တော်များကိုလွှဲအပ်စဉ် ပုံ(၂၅)

ဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲကြီးသို့ ပင့်ဆောင်ရန် . မဟာဗောဓိတစ်ထောင်
ဓာတ်တော်တိုက်မှ စွယ်တော်မြတ်ကိုလွှဲအပ်နေစဉ် ပုံ(၂၆)

ရွှေကျောင်းဆရာတော်နှင့် ဆရာတော်များ မြင်းခြံမြို့၊ စွယ်တော်နှင့်ဓာတ်တော်များကို
စင်ကာပူနိုင်ငံ၌ ပင့်ဆောင်ကြစဉ် ပုံ(၂၇)

ပထမအကြိမ် "ဗုဒ္ဓအမွေအနှစ်ပြပွဲ"သို့ ကြွရောက်ဖွင့်လှစ်ပေးခဲ့ကြသည့်
ဆရာတော်ကြီးများပုံ ပုံ(၂၈)

စင်ကာပူနိုင်ငံဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲ၌ ဆရာတော်ကြီးများ၊ညွှန်ကြားရေးမှူးချုပ်ဦးစံလွင်
ပအိုဝ်တိုင်းရင်းသားခေါင်းဆောင်ဦးအောင်ခမ်းထီ တို့ဆက်လက်ဖွင့်လှစ်ပေးစဉ် ပုံ(၂၉)

စင်ကာပူနိုင်ငံ ပထမအကြိမ်ဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲကြီး၏
မြင်ကွင်းဓာတ်ပုံ ပုံ(၃၀)

ဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲရောက် ဆရာတော်များနှင့် ဘုရားဖူးများ ပုံ(၃၃)

ဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲကြီး၌
ရွှေကျောင်းဆရာတော်နှင့်စာရေးသူတို့ကိုတွေ့မြင်ရပုံ ပုံ(၃၄)



ဒုတိယအကြိမ် "ဗုဒ္ဓအမွေအနှစ်ပြပွဲ" တွင်ဓာတ်တော်မွေတော်များခင်းကျင်းပြသရန် ပြာသာဒ်ကျောင်းဆောင်ကြီးကို ကမ္ဘာအေးကုန်းမြေ၌မြန်မာအင်ဂျင်နီယာများနှင့် လက်မှုပညာရှင်များတည်ဆောက်နေကြပုံ ပုံ(၃၅)



ဒုတိယအကြိမ်ဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲ၌ စွယ်တော်မြတ်ကိန်းဝပ်ပူဇော်မှုခံယူသည့် ဂန္ဓကုဋိပြာသာဒ်ဆောင်နှင့် ပူဇော်နေကြသူများ(ရန်ကုန်ပညာရှင်များလက်ရာ) ပုံ(၃၆)

ဒုတိယအကြိမ် "ဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲ" မှခ်ဦးကြီးရှေ့ရှိ နိုင်ငံတော်သံယောဇဉ်ကအဖွဲ့.
အတွင်းရေးမှူးဘဒ္ဒန္တကုမာရနှင့်ဆရာတော်များ ဒါယကာများ ပုံ(၃၇)



ဒုတိယအကြိမ်ဗုဒ္ဓအမွေအနှစ်ပြပွဲကြီးကို နိုင်ငံတော်သံယောဇဉ်ကဆရာတော်ကြီး
ဘဒ္ဒန္တကုမာရနှင့် ဆရာတော်ကြီးများဖဲကြိုးဖြတ်၍ အခမ်းအနားဖွင့်လှစ်ပေးနေပုံ ပုံ(၃၈)

ဒုတိယအကြိမ် ဗုဒ္ဓအမွေအနှစ်ပြပွဲကြီးတွင် စွယ်တော်မြတ်များ
ကိန်းဝပ်ပူဇော်မှုခံယူသည့် ဂန္ဓကုဋိပြာသာဒ်ဆောင် ပုံ(၃၉)

ဒုတိယအကြိမ်ဗုဒ္ဓအမွေအနှစ်ပြပွဲတွင်
ခင်းကျင်းပြသထားသည့်
ကွမ်ယင်မယ်တော်ရုပ်တု ပုံ(၄၀)

ဒုတိယအကြိမ် ဗုဒ္ဓအမွေအနှစ်ပြပွဲကြီးရောက်
တိပိဋကဆရာတော်နှစ်ပါး နှင့် စာရေးသူ ပုံ(၄၁)

ရခိုင်ပြည်နယ်မြောက်ဦးဒေသရှိ ထုတ္တန်သိမ်ပုထိုးတော်ကြီး ပုံ(၄၀)

အင်းလေးရေပြင်၌သံယာအပါး(၁၀၀၀)ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၌
ရွှေကျောင်းဆရာတော်ဖေါင်တော်ဖြင့်ကြွရောက်စဉ် ပုံ(၄၃)

အင်းလေးဒေသ ဘုရားပေါက်ဓာတုစေတီရှိဗုဒ္ဓရုပ်ပွားတော်(၂)ဆူ၌
တန်ဆာဆင်လှူဒါန်းမည့်ရွှေစင်ရွှေပြားနဖူးသင်းကျစ်တော်(၂)ဆူကို
ရွှေကျောင်းဆရာတော်နှင့်တပည့်များပင့်ဆောင်လာကြပုံ ပုံ(၄၄)

သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓဓာတ်တော်မွေတော်နှင့်ဗေါဓိပင်ကို ပင့်ဆောင်ကြမည့် ရွှေဘုရားကျောင်းဆရာတော်အမှူးပြုသော ဒေသခံဆရာတော်များ ဒေသခံဒါယကာများပါဝင်သည့် ပင့်ဆောင်ရေးအဖွဲ့ဝင်များပုံ ပုံ(၄၅)

မွေတော်ဂဏ္ဍုရေစေတီဆူများကို ပြုပြင်မွမ်းမံအပြီးဖူးတွေ့ရစဉ် ပုံ(၄၆)

သမိုင်းဝင်မွေတော်ကဂ္ဂ||စေတီတော်၌ သီရိလင်္ကာဆရာတော်၊ ရှေကျောင်းဆရာတော်နှင့် ဆရာတော်များ၊ ဒါယကာများဖူးမြော်နေကြစဉ် ပုံ(၄၈)

မွေတော်ကဂ္ဂ||ဆုတောင်းပြည့် စေတီတော်မှခဲ့ဦးတွင်ရှိသော ရေးဟောင်းရုပ်ပွားတော် ဥဏ္ဏလုံမွေရှင်တော်ကို စိန်ကျောက်(၁)ပွင့်ဖြင့် ရောင်ခြည်တော်ဖွင့်ပေးစဉ် ပုံ(၄၉)



သမိုင်းဝင်မွေတော်ကက္ကူစေတီရောက် ရွှေကျောင်းဆရာတော် ရိုဟာဇော့နှင့် ဒါယကာများ ပုံ(၅၀)

သမိုင်းဝင်မွေတော်ကက္ကူစေတီပူဇော်မှုကြွရောက်စဉ် ရွှေကျောင်းဆရာတော်နှင့် ဆရာတော်များကိုနယ်သူနယ်သားများကကြိုဆိုဖူးမြော်မှုပြုကြစဉ် ပုံ(၅၁)



သမိုင်းဝင်မွေတော်ကကျူးစေတီတော်
ပူဇော်ပွဲ၌ ရှေကျောင်းဆရာတော်နှင့်
ဆရာတော်များကို သီရိလင်္ကာ
ယဉ်ကျေးမှုအကအဖွဲ့က
ပူဇော်မှုပြုစဉ် ပုံ(၅၂)



ကျိုက်ထီးရိုးဆံတော်ရှင်သို့တက်ရောက်ဖူးမြော်ခဲ့ကြသော ရှေဘုရားကျောင်းဆရာတော်နှင့်
စင်ကာပူနိုင်ငံမှ တပည့်ဒုလ္လဘရဟန်းတော်များ ပုံ(၅၃)

ကျိုက်ထိုမြို့ဆိပ်ဖူးတောင်လူငယ်ဖွဲ့.ဖြိုးရေးပရဟိတဂေဟာရှေ.ဦးရွှေကျောင်းဆရာတော်နှင့်သာသနာရေးဝန်ကြီးဌာန
ကုမ္ပဏီအဖွဲ့.ဝင်များ ကျောင်းသားကျောင်းသူများအမှတ်တရ ဓာတ်ပုံမှတ်တမ်း ပုံ(၅၄)



စင်ကာပူနိုင်ငံ၊ဘုန်းတော်ယက်တော် နှင့် ဗုဒ္ဓယဉ်ကျေးမှုပြတိုက်ကြီး ပုံ(၅၅)



စင်ကာပူနိုင်ငံ "ဗုဒ္ဓစွယ်တော်နှင့်ဗုဒ္ဓယဉ်ကျေးမှုပြတိုက်" အတွင်း
စွယ်တော်မွေတော်ဓါတ်တော်တိုက်ထားရှိသည့်ပြခန်းဆောင် ပုံ(၅၆)

စင်ကာပူနိုင်ငံရှေကျောင်းဆရာတော် ဦးဆောင်တည်ထားသည့် "ဗုဒ္ဓမြတ်စွယ်တော် နှင့်
ဗုဒ္ဓယဉ်ကျေးမှုပြတိုက်ကြီး" ဖွင့်လှစ်ပွဲ၌ ရှေကျောင်းဆရာတော်နှင့်ရန်ကုန်မြို့သိမ်တောင်
တိုက်သစ်ဆရာတော် ဒါယကာများကိုတွေ့မြင်ရပုံ ပုံ(၅၇)



မလေးရှားနိုင်ငံ၊ ပီနန်ကျွန်းမြို့
ဓမ္မိကာရာမ မြန်မာကျောင်းရောက်
စာရေးသူ ပုံ(၅၈)



မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တော်
ကေအမ်စီစီ အမြွှာမျှော်စင်ရောက်
စာရေးသူ (၅၉)

မြင်းခြံမြို့ ၊ မဟာဗောဓိတစ်ထောင်ဓါတ်တော်တိုက်
စကြီ လမ်းတည်ဆောက်မှုပြုနေစဉ် ပုံ(၆၀)



စင်ကာပူနှင့်မလေးရှားခရီးစဉ်၌ ဆရာတော်များကို
ဆွမ်းဆက်ကပ်မှုပြုနေသည့် ကပ္ပိယစာရေးသူ (၆၀)



မလေးရှားနိုင်ငံ၊ မလ္လကာမြို့ရောက် စာရေးသူ ပုံ(၆၂)

ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်အမှတ်(၃)ဝိုင်းရိသိမ်တောင်တိုက်သစ်ဓါတ်တော်တိုက် (၆၃)

ကျိုက်ထိုမြို့, ဆိပ်ဖူးတောင်လူငယ်ဖွဲ့, ဖြိုးရေးပရဟိတဂေဟာ၌ကျောင်းသားကျောင်းသူများကိုအနွေးထည်နှင့် ကျောင်းသုံးပစ္စည်းများ ဝေငှပေးအပ်နေကြသည့် ရွှေကျောင်းဆရာတော်နှင့်ဘုရားဖူးအဖွဲ့သားများ ပုံ(၆၃)

ကျိုက်ထိုမြို့, ဆိပ်ဖူးတောင်လူငယ်ဖွဲ့, ဖြိုးရေးပရဟိတဂေဟာရှေ့၌ ရွှေဘုရားကျောင်းဆရာတော်၊ဆိပ်ဖူးတောင် နာယကဆရာတော်၊သာသနာရေးဝန်ကြီးဌာနနှင့်ကုမ္ပဏီမှဒေသခံ ဒါယကာများအမှတ်တရမှတ်တမ်း ပုံ(၆၄)

ရွှေကျောင်းဆရာတော်ထံ
ဓာတ်တော်တိုက်ဆရာတော်
ဘဒ္ဒန္တကိုတ္တိရမ္ပကြည်ညိုပူဇော်ရန်
ဓမ္မပဏ္ဏာများပေးအပ်နေစဉ် ပုံ(၆၅)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ ရင်ပြင်တော် ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြ
ပြည်ပဘုရားဖူးများနှင့်လက်တွဲလျှက် ပြည်တွင်းဒေသခံများက [illegible]
လောင်းလှူဆက်ကပ်နေကြပုံ ပုံ(၆၆)



အင်းလေးဒေသရှေးဟောင်းဘုရားပေါက်မဟာဓာတုစေတီတော်အနီးရှိ အင်းလေးရေပြင်ဦးဆရာတော်
သံဃာတော်များကို ရွှေကျောင်းဆရာတော်၏ တပည့်များမှ ရေပေါ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲဖြင့်
လောင်းလှူပူဇော်နေကြစဉ် ပုံ(၆၇)

မွေတော်ကကြူစေတီစုများသို့ ရောက်ရှိလာသည့် ရွှေကျောင်းဆရာတော်ကို ဒေသခံတိုင်းရင်းသားတို့က
ကြိုဆိုဖူးမြော်ကြသည်ကို နေကြစဉ် ပုံ(၆၈)

ကမ္ဘာအေးဝီဇယမမ္မသဘင်ခန်းမဆောင်၌ ရှေကျောင်းဆရာတော်၏
တပည့်ဒါယကာများကဝန်ကြီးဌာနများသို့ အလှူတော်ငွေ ပေးအပ်လှူဒါန်းနေစဉ် ပုံ(၆၉)

(၁၈-၁၂-၉၆)ရက်နေ့တွင် ခရီးသွားလုပ်ငန်းအဖွဲ့တစ်ဖွဲ့၏ ခရီးစဉ်ကိုမြန်မာနိုင်ငံသို့ခရီးသည်(၁၀၇)ဦးတို့ဖြင့်
မင်္ဂလာဒုံလေဆိပ်သို့ရောက်ရှိလာသည် ရှေကျောင်းဆရာတော်ဦးဆောင်သည့်အဖွဲ့ကို
အမှတ်မထင်မြန်မာ့အလင်းသတင်းစာ၌တွေ့မြင်ရစဉ် ပုံ(၇၀)

စာရေးသူ၏ ပြတ်တောနာမွန်

စင်ကာပူနိုင်ငံ "ရွှေဘုရားကျောင်း ဆရာတော်ကြီး ရိုဖာဇော့ သာသနာပြု မော်ကွန်းတင်" စာအုပ်အမှာစာရေးမည့်သူဟု ဆိုလိုက်သည်နှင့် သတိရမိသည်။ သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ထုတ်ဝေသည့် "ဗုဒ္ဓဂယာမြေမြတ် မဟာဘုရားဖူးမှတ်တမ်းလွှာ" စာအုပ်ကို အမှာစာချီးမြှင့်ပေးခဲ့သည့် ဆရာကြီးပါရဂူကို ချက်ချင်းသတိရမိသည်။ ယခုတော့ အချိန်မရနိုင်တော့။ ဆရာနှင့် မဆုံကြတာနှစ်ကြာခဲ့ပါပြီ။ သက်တမ်းရှည်သည့် ဆရာကြီးပါရဂူကို ရည်မှန်း၍ ကန်တော့လိုက်ရပါသည်။

ယခု စာရေးသူ ရေးသားခွင့်ရရှိသည့် ရွှေကျောင်းဆရာတော်ကြီးကား "ကမ္ဘာ့သာသနာပြုဆရာတော်ကြီး" ဖြစ်သည်။ စတင်တွေ့ဆုံကြစဉ်က ဆရာတော်၏ အရွယ်ကငယ်သည်။ အရွယ်ထက် ဂုဏ်ဒြပ်က ကြီးသည်ဟု ဆိုရမည်။ ဆရာတော်၏ ခရီးစဉ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခွင့် ရရှိသည်နှင့် ပြည်ပနိုင်ငံသား ဆရာတော်ကြီးတစ်ပါး၏ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံ၏ ခရီးစဉ်နှင့် လှူဒါန်းမှုကို ကြည်ညိုမှုသဒ္ဓါစိတ်ဖြင့် စာအုပ်တစ်အုပ်ကို မဖြစ်မနေ ရေးသားပူဇော်ရန် စိတ်ဌ ဆုံးဖြတ်ချက်ချခဲ့သည်။

မိမိတို့ မြန်မာပြည်သားများက ရန်ကုန်မြို့ရှိ ရွှေတိုဏ်စေတီတော်နှင့် မန္တလေးမြို့ရှိ မဟာမုနိရပ်ရှင်တော်မြတ်တို့ကို အခြေပြုလျက် ရွှေငွေရတနာများ၊ ရွှေလည်ဆွဲများ၊ ရွှေဆွဲကြိုးကြီးများ၊ ငွေပဒေသာပင်များနှင့် ရေးပောင်းဘုရားကြီးများ ပြုပြင်မွမ်းမံ လှူဒါန်းပေးအပ်ပုံများအပေါ် မှုတည်လျက် ကြည်ညိုမှုတို့ဖြင့် ရွှေကျောင်းဆရာတော်ကို "ရွှေကျောင်းဆရာတော်" "ရွှေကျောင်းဆရာတော်" မည်သော ဘွဲ့အမည်သစ်ဖြင့် ထင်ရှားစေလေသည်။

ခရစ် ၁၉၉၄ ခုနှစ်မှ စတင်လျက် ယနေ့အချိန်အထိ ရွှေကျောင်းဆရာတော်၏ ပေးအပ်လှူဒါန်းပူဇော်ခဲ့မှုအစုစုတို့ကိုမူ ပြည့်ပြည့်စုံစုံ ရှိသူများနည်းနိုင်သည်။ တကယ်တော့ ဗုဒ္ဓဘာသာဝင်အများစုအားလုံးတို့ သိရှိသင့်သည့် ကြည်ညိုဖွယ်ရာများ ဖြစ်၍ပင်ဖြစ်ပါသည်။ ပြည့်စုံသမျှကိုသာ သိရှိရပါလျှင် ကြည်ညိုသဒ္ဓါတရားများကား ပိုမိုတိုးပွားမဆုံးဟု ဖွင့်ဆိုရပေမည်။ သို့တွက်

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သာသနာပြုနေကြသည့် ဆရာတော်ဘုရားကြီးများ သံယာတော်အရှင်မြတ်များနှင့် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့အား ပိုမိုသိရှိစိမ့်သောဎာ "ရွှေကျောင်းဆရာတော်ကြီး၏ သာသနာပြုမော်ကွန်းတင် ခရီးစဉ်နှင့် ပေးအပ်လျှုဒါန်းမှု" တို့ကို အနီးကပ် ကုသိုလ်တော်ယူနေသည့် ဒါယကာအဖြစ် စာအုပ်တစ်အုပ်အဖြစ် ရေးသားပူဇော်အပ်ပါသည်။

ရွှေကျောင်းဆရာတော်ကြီးအပေါ် စာရေးသူ၏ ကြည်ညိုသိမြင်ရမှုမှာ

၁။ ခရစ် ၁၉၉၄ ခုနှစ်မှ စတင်လျက် နှစ်စဉ်မပျက်၊ အချို့နှစ်များ၌ နှစ်လသုံးလပင် မခြားဟုပင် တင်စားလောက်သည့် နှစ်စဉ်နှစ်တိုင်း ကြွရောက်လျက် ပေးအပ်လျှုဒါန်းနေသူ ဆရာတော်။

၂။ ဘာသာရေး၊ သာသနာရေး ယဉ်ကျေးမှု၊ လူမှုရေး စသည်နှင့် ကြုံတောင့်ကြုံခဲ နာဂစ်မုန်တိုင်းဒဏ် ခံစားကြရသည့် ရောဝတီတိုင်းအတွင်းရှိ ဆရာတော်၊ သံယာတော်နှင့် မိသားစုများအတွက် နေအိမ်အလုံး (၁၅၀) ကျော်၊ အဝတ်အစား၊ စားသောက်ပစ္စည်းများနှင့် ငွေကြေးများကို ခရီးစဉ်တစ်လျှောက် သဘော်ဖြင့်တစ်မျိုး၊ လေကြီးများဖြင့် တစ်ဖုံ ဖြစ်ပွားရာ ဒေသအထိ ကြွရောက်ပေးအပ်လျှုဒါန်းမှု ပြုခဲ့သူ ဆရာတော်။

၃။ ရွှေကျောင်းဆရာတော်က မြန်မာနိုင်ငံမှ ဆရာတော်ဘုရားကြီးများအား "မြန်မာနိုင်ငံရှိ မြန်မာလူမျိုးများထံ ရောက်ရှိသည့်အခါ မိမိမွေးရပ်မြေရှိ သားချင်းရင်းခြာများနှင့် တွေ့ဆုံရသလိုပဲ ခံစားရပါတယ်" ဟု ပွင့်လင်းစွာ လျှောက်ထားခဲ့သူ ဆရာတော်။

၄။ စင်ကာပူနိုင်ငံသား ခရီးသွားတပည့်များ မြန်မာနိုင်ငံသို့ ရောက်ရှိသည်နှင့် မြန်မာနိုင်ငံအကြောင်း၊ မြန်မာလူမျိုးအကြောင်းနှင့် မြန်မာတို့၏ လုပ်ငန်းများအကြောင်းတို့ကို လက်တွေ့လေ့လာသိရှိမှုမှ တစ်ဆင့် ဗုဒ္ဓသာသနာတော်ကြီးကို ပိုမိုသိရှိခွင့်ရရှိစေကာ ကြည်ညိုသဒ္ဓါစိတ်ဖြင့် ပေးအပ်လျှုဒါန်း ပူဇော်မှုပြုနိုင်ကြရေးအတွက် ဦးဆောင်ကြိုးပမ်းမှုပြုနေသူ ဆရာတော်။

၅။ စင်ကာပူနိုင်ငံ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းကြီး၌ တာဝန်ယူဆောင်ရွက်ခဲ့သည့်အပြင် ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်နေသည့် စီးပွားရေး လုပ်ငန်းဆိုင်ရာများကို နှစ်ဖက်နိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားတို့ ချစ်ကြည်ရင်းနှီးကာ တိုးတက်ကြီးပွားစေချင်သူ ဆရာတော်။

၆။ ပြည်ပနိုင်ငံသား ဆရာတော်ကြီးအဖြစ် ယုဉ်ပြိုဖွယ်ရာမရှိနိုင်ဟု ဖွင့်ဆိုလောက်သူ ဆရာတော်ဟု အမွှမ်းတင်ရသည်များက များလှပါ ဘိဟုသာ တင်ပြပါရစေ။

ရွှေကျောင်းဆရာတော်၏ သာသနာပြုမော်ကွန်းတင်စာအုပ်ကို ရေးသားမှုပြုရာ၌ အဘက်ဘက်မှ ဝိုင်းဝန်းကူညီမှုပြုကြသည့် စာရေးသူတာဝန်ယူဆောင်ရွက်ခွင့် ရရှိခဲ့သော ဆရာအေးရှခရီးသွားလုပ်ငန်းကုမ္ပဏီနှင့် ရန်ကုန် ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းကုမ္ပဏီလုပ်ငန်းများ၏ မိခင်ကြီးအစ်မကြီး ဒေါ်လှကြည်၊ တူသားများဖြစ်ကြသည့် ဒါရိုက်တာများဖြစ်ကြသော ဦးလှသိန်း၊ ဦးထိန်ဝင်း၊ ဦးထိန်လင်း၊ ဦးထိန်မင်း၊ ဦးထိန်တင်တို့နှင့် ဇနီး၊ ညီအစ်ကိုမောင်နမ သားသမီးများနှင့် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပခရီးစဉ်များ၌ ဓာတ်ပုံများ ရိုက်ကူးလျက် သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်များတွင် အသုံးပြုခွင့်ပြုခဲ့သော ဦးသန်းဇော်နှင့် မိသားစုများ၊ စာအုပ်တစ်အုပ်ဖြစ်မြောက်ရေးအတွက် ရွှေကျောင်းဆရာတော်ကြီးကို မူလကပင် ကြည်ညြိုသဒ္ဓါစိတ်ကြီးမားသူ အများပြည်သူများ ကြည်ညြိုဖွယ်အဖြစ် ရွှေကျောင်းဆရာတော်နှင့် တပည့်များ၏ ခရီးစဉ်များကို ရောင်ပြန်မဂ္ဂဇင်း၌ ထည့်သွင်းပေးရာက စုပေါင်းရေးသားကာ စာအုပ်တစ်အုပ် ထုတ်ဝေနိုင်ရန် အဓိကပံ့ပိုးမှုပြုသည့် ရောင်ပြန်မဂ္ဂဇင်းပိုင်ရှင် ဆရာဦးမောင်မောင်မြင့်အေးနှင့် ဇနီး ဗေဒင်ပညာရှင် ဆရာမဒေါ်စောယုန္နယ်၊ အထူးအားဖြင့် စာအုပ်ရေးသားပေါက်ဖွားလာသည်အထိ ပါရမီဖြည့်ပေးသော ချစ်ဇနီးဒေါ်အုန်းကြည်နှင့် သားသမီးများ၊ အနီးကပ်အကြံပြု၊ ဆွေးနွေးကာ စာမူကို လက်ရေးဖြင့် ကြိုးပမ်းရေးသားကာ ပါရမီဖြည့်ပေးခဲ့သူ၊ စာရေးသူ၏ ဘိုးဘွား၊မိဘတို့၏ ဘုရားစေတီ၊ သိမ်ဇရပ်များ ပြုပြင်မွမ်းမံမှုကို ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးနေသူ ညီတော်ရဟန်းအရှင်ကေလာသတို့နှင့် ရေးပြီးသော လက်နှိပ်စက်စာမူကို သန့်စင်တည်းဖြတ်ပေးသော ဘုန်းရောင်ဂျာနယ်မှ အယ်ဒီတာ ဦးသန်းဝင်း(မင်းယဉ်စု)အား လည်းကောင်း၊ ကျေးဇူးတင်ရှိထိုက်သူ အပေါင်းတို့အား အထူးကျေးဇူးတင်ရပါကြောင်း မြတ်မွန်စေတနာဖြင့် ကျေးဇူးပဏ္ဏာပြုရပါတော့သည်။

မေတ္တာတော်အနန္တဖြင့်
မြတ်စျာန်

* တိုင်းမင္ရြမ၊ အိန္ဒိယဟု
ဗုဒ္ဓမြတ်စွာ၊ ဖွားနေရာကား
သာယာလှသည်၊ လုမ္ဗိနီဟု
စုံညီတင့်ဆန်း အင်ကြင်းပန်းတို့
ပွင့်လန်းဝေဆာ၊ ဥယျာဉ်သာ။
* ဗုဒ္ဓဂယာ၊ မြေမဟာကား
မြတ်စွာဗုဒ္ဓ၊ ပွင့်ထွန်းကြ၍
ကမ္ဘာအလယ်၊ ဂုဏ်ဝင့်ဖွယ်ရာ
မြေမဟာ။
* နေဝင်လထွက်၊ ဓမ္မစက်ဟု
ဟောမြွက်ဖော်ကျူး တရားဦးကို
ကြည်နူးချမ်းမြ၊ နာယူကြသည်
မိဂဒါဝုန်
ရဂုံသာမော စုံမြိုင်တော။
* သေခြင်းတရား ဆင်ခြင်ဖွားလျှင်
ဘုရားသော်မှ၊ ရောင်မရဟု
ဖြစ်ကြပျက်ပြန်၊ လောကဓံပြ
သခါရကို၊ ညွှန်ပြဆိုရာ
ကုသိနာရုံ
လွမ်းဖွယ်ကြုံသော၊ အင်ကြင်းတော။
* စေတီထိုက်ပေ၊ မှားဝေနေတွက်
သံဝေဇနီယ၊ လေးဌာနကား
ဗုဒ္ဓဘုရား မရိုကြားလည်း
တရားရကြောင်း သူတော်ကောင်းတို့
ခိုအောင်ညွှတ်တွား သံဝေပွားလျက်
တရားကျင့်ကြံ၊ အဓိဋ္ဌာန်သည်
နိဗ္ဗာန်ဝင်ဖို့ ကြိုးစားစို့ ။ ။

မြတ်စွာန်

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းရာ

လူသုံးပါးတို့၏သခင်ကျေးဇူးတော်ရှင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရား သခင်သည် မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့ပြီး မဇ္ဈိမဒေသရှိ ဘူမိနက်သန် နေရာမှန်ဖြစ်သည့် မဟာဗောဓိပင်၌ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘုရားရှင်ပွင့်ထွန်းတော်မူရာ မဟာဗောဓိပင်ဌာနသည်ကား ဂယာမြို့တောင်ဘက် ၆ မိုင်အကွာ၌ တည်ရှိသည်။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာအရပ်ဖြစ်သောကြောင့် (BODHIA (GAYA) ဗုဒ္ဓဂယာဟူသော ဘွဲ့အမည်ဖြင့် ဗုဒ္ဓဘာသာဝင်များ၏အထွတ်အမြတ် ထားရာ ဌာနအဖြစ် ယခုအခါ ကမ္ဘာတစ်ဝန်း၌ ထင်ရှားလျက်ရှိသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့တွင် မိုတင်းနေထိုင်လျက်ရှိကြသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် မိမိတို့ကြည်ညို အားထားကိုးကွယ်ရာဖြစ်သည့် ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူခဲ့ရာ "ဗုဒ္ဓဂယာမြေမြတ်မဟာ"သို့ အထွတ်အမြတ်ပြုရာ နေရာမြတ်အဖြစ် ရှေးယခင်ခေတ်အဆက်ဆက်မှ ယနေ့ခေတ်ကာလ အထိ စဉ်ဆက်မပြတ် သွားရောက်ဖူးမြော်ကြည်ညိုလျက် ရှိကြပေသည်။

မြတ်စွာန်

ဘုရားဖူးခရီးစဉ်၌ အဓိကဖူးမြော်ကာ သံဝေဂပြုကြရမည့် "သံဝေဇနီယ" လေးဌာနတို့မှာ -

- မဟာသက္ကရာဇ် ၆၈၃ (ဘီစီ ၃၆၂) ကဆုန်လပြည့်၊ သောကြာနေ့တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ကို ခမည်းတော် သုဒ္ဓေါဒနမင်း၏ မိဖုရား မယ်တော်မာယာဒေဝီမှ ဖွားမြင်တော်မူခဲ့ရာ "လုမ္ဗိနီသာမော အင်ကြင်းတော" (လုမ္ဗိနီဒေသ၊ နီပေါနိုင်ငံ) (ဗုဒ္ဓလောင်းလျှာ ဖွားမြင်ရာ) (LUMBINI - NEPAL)
- မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဂေါတမဗုဒ္ဓ ဘုရားရင်အဖြစ်သို့ ရောက်ရှိတော်မူခဲ့ရာ ဗုဒ္ဓဂယာ (ဗုဒ္ဓဂယာ၊ ဗီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ) (BODHAGAYA, BIHHAR STATE, INDIA) (ဘုရားရတနာ ပွင့်တော်မူရာ)
- မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလပြည့်၊ စနေနေ့တွင် ဗုဒ္ဓဘုရားရှင်ကတရားဦး ဓမ္မစက္ကြာ ဟောကြားတော်မူခဲ့ ရာ မိဂဒါဝုန်ဥယျာဉ် (ဆာရာနတ်သမဂ္ဂတောပရာဒေ့ရပြည်နယ်၊ အိန္ဒိယနိုင်ငံ)(SARNATH, UTTAPRADESH STATE, INDIA) (ဟောကြားအထူးတရားဦး) (တရားရတနာပွင့်ထွန်းရာ၊ သံဃာရတနာပွင့်ထွန်းရာ)
- မဟာသက္ကရာဇ် ၁၄၇ ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူရာ ကုသိနာရုံ(ကုသိနဂါ၏ ဥတာပရာဒေ့ရပြည်နယ်၊ အိန္ဒိယနိုင်ငံ) (KUSHINAGAR, UTTAPRADESH STATE, INDIA) (ပြတ်နိဗ္ဗာန်နန်းစံပြန်းရာ) တို့ ဖြစ်သည်။ ထိုသို့ထူးမြတ်လှသည့် "သံဝေဇနီယလေးဌာန" တို့ကို အဓိကပြု၍ ခရီးစဉ်တစ်လျှောက် တည်ရှိနေသည့် ဗုဒ္ဓဝင်တော်နေရာမြတ်များကို လှည့်လည်ဖူးမြော်ကာ သံဝေဂပြုလေ့ရှိကြသည်။ ယင်းသို့လျှင် "သံဝေဇနီယလေးဌာန" တို့ကို လှည့်လည်ကြသည်၊ သံဝေဂပြုကြသော ပုဂ္ဂိုလ်တို့သည် ကောင်းရာသုဂတိသို့ လားရာ၏ဟု ပရိနိဗ္ဗာနသုတ်၌ ဘုရားရှင် ဟောကြားတော်မူခဲ့လေသည်။

ဗုဒ္ဓဘုရားရှင် ဓမ္မစက္ကြာတရားဦးကို ဟောကြားမှုအဆုံးဌ ပဉ္စဝဂ္ဂီ (၅) ဦးတို့သည် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူကြသည်။ ဓမ္မစက္ကြာတရားဦးကို အစပြုလျက် ဗုဒ္ဓဘုရားရှင်သည် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့ကို ဝါတော် ၄၅ ဝါ၊ သက်တော် ၈၀ အထိ ကာလပတ်လုံး တရားဒေသနာတော်များအား ဒုက္ခခပ်သိမ်းအေးငြိမ်းရာ မြတ်သောနိဗ္ဗာန်သို့ ရောက်ရှိကြရန် အကျင့်ကောင်း၊ အကျင့်မြတ်တို့ကို ဟောကြားကာ ရှေ့ဆောင်လမ်းပြတော် မူခဲ့သည်။ ဗုဒ္ဓဘုရားရှင်သည် ကိုယ့်အားကိုယ်ကိုး ကျင့်ကြံပွားများအားထုတ်ပါက မိမိနည်းတူ ပါရမီအဆင့်ဆင့်ဟို့ကို ဖြည့်ဆည်းလျက် ဘုရားအဖြစ်သို့ပင် ရောက်ရှိနိုင်ကြောင်း လက်တွေ့ညွှန်ပြတော်မူခဲ့သည်။ ယခုခေတ်ကာလအနေဖြင့်မူ ဗုဒ္ဓဘုရားရှင်သည် "ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်မြတ်" ကို စတင်တည်ထောင်ခဲ့သူ "မဟာလူသား ဗုဒ္ဓ" ဟု တင်စား ဖွင့်ဆိုရမည် ဖြစ်ပေသည်။

အုံ့ချိုးမကုန် ရှေတိုဂုံ

မဇ္ဈိမဒေသ (ဗုဒ္ဓဂယာ)မဟာဗောဓိပင်ဌာနဌ ဗုဒ္ဓဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး "ပလ္လင်္ကသတ္တာဟ" ဟု ခေါ်တွင်သည့် မဟာဗောဓိပင်နှင့် ရှေပလ္လင်နေရာမြတ်မှအစပြု၍ သတ္တဌာနအဖြစ် နေရာဌာန (၇) ဌာနတို့ဌ ၇ ရက်စီ လှည့်လည်သီတင်းသုံးနေတော်မူသည်။ ထိုစဉ် ရာဇာယတန သတ္တာဟဖြစ်သည့် လင်းလွန်းပင်ရင်းဌ စံတော်မူပြီးသည့် နောက်ဆုံးနေ့ဖြစ်သော ၄၉ ရက်စေ့ရောက်သည့် မဟာသင်္ကြာရာဇ် ၁၀၃ ခု၊ ဝါဆိုလဆန်း ၅ ရက်နေ့တွင် ဥက္ကလာပ(ဒဂုံတိုင်း) (ယခုရန်ကုန်မြို့၊ မြန်မာနိုင်ငံ)မှ တပုဿနှင့်ဘလိ ကကုန်သည်ညီနောင်တို့သည် ဆွေမျိုးတော်စပ်ခဲ့ဖူးသော နတ် တစ်ပါး၏ ညွှန်ပြမှုဖြင့် ဘုရားရှင်ကို ဦးစွာဖူးမြော်ခွင့် ရရှိကြသည်။

ဗုဒ္ဓဘုရားရှင်သည် ၄၉ ရက်တာ ကာလသတ္တဌာနအဖြစ် လှည့်လည်သီတင်းသုံးနေတော်မူစဉ် မည်သည့်ဆွမ်း ရေချမ်းကိုမျှ ဘုဉ်းပေးတော်မူခဲ့ခြင်းမရှိခဲ့ချေ။ ကုန်သည်ညီနောင်တို့သည် ဗုဒ္ဓဘုရားရှင်ကို မိမိတို့ထံတွင် ပါရှိလာ

သည့် ပျားမုန့်ဆုပ်၊ မုန့်ကြွေပ်ကျစ်စသည့် မုန့်ခဲဖွယ်တို့ကို မုန့်ဆွမ်းအဖြစ် ဆက်ကပ်လျှောဒါန်းသည်။ ဤကား ဗုဒ္ဓဘုရားရှင်ကို ဦးစွာ ဖူးမြော်ခွင့်ရရှိကြသူ၊ ဗုဒ္ဓဘုရားရှင်ကို ဆွမ်းဦးကပ်လှူခွင့်ရရှိကြသူများသည် မြန်မာလူမျိုးများ ဖြစ်ကြသည်ကို "ဦးစွာဖူးမြင် ဘုရားရှင် ဆွမ်းဦးအလှူရှင် မြန်မာပင်"ဟု တင်စားဂုဏ်ပြုရလောက်အောင်ပင် ဗုဒ္ဓဝင်၌ စာတင်ကြရသည့် မြန်မာတို့၏ ဘာသာရေးဆိုင်ရာ ထူးခြားမှုပင် ဖြစ်ပေသည်။

ဗုဒ္ဓဘုရားရှင်သည် ကုန်သည်ညီနောင်တို့၏ လျှောက်ထားတောင်းပန်မှုကြောင့် "မြန်မာတို့၏ နောင်အနာဂတ် သာသနာတော်ကြီးသည် အရှည်တည်တဲ့ ထွန်းကားပြန့်ပွားတော်မူမည်" ကို မြင်တော်မူ၍ အစဉ်ကိုးကွယ်ဆည်းကပ်နိုင်ရန် အလို့ငှာ ဆံတော်မြတ် ၈ ဆူကို ခြီးမြှင့်တော်မူလေသည်။ ထိုဆံတော်မြတ်များကို ဌာပနာပြုကာ မဟာသက္ကရာဇ် ၁၀၃ ခု၊ တပေါင်းလပြည့်နေ့တွင် ဥက္ကလာပမင်းကြီး အမှူးပြု၍ မင်းနှင့်ပြည်သူတို့ စုပေါင်းတည်ထားအပ်သော ရွှေတိဂုံစေတီတော်ကြီးသည် ယခုအခါ ရန်ကုန်မြို့ရှိ သိရိဂုတ္တရကုန်းတော်မြတ်ထက်၌ "စေတီအစရွှေတိဂုံက" ဟု ဂုဏ်ယူဝင့်ကြွား တင်စားကြရမည့် တဝင်းဝင်းတပြောင်ပြောင် ရွှေသားရွှေတောင်ကြီးအလား ကြည်ညိုဖွယ်ကမ္ဘာအံ့ခြီးဖွယ်တစ်ပါးအဖြစ် ထင်ရှားလျက် ရှိနေပေသည်။ အထူးအားဖြင့် စေတီတော်ကြီး၏ ဌာပနာတိုက်အတွင်း၌ ဂေါတမဗုဒ္ဓဘုရားရှင်၏ ဆံတော်မြတ်များ ကိန်းဝပ်ပူဇော်ထားအပ်သည့် ပတ္တမြားပြာသာဒ်တော်နှင့်အတူ ဤဘဒ္ဒကမ္ဘာကြီး၌ ပွင့်ထွန်းတော်မူပြီးဖြစ်သည့် အခြားသောဘုရားရှင် သုံးဆူတို့၏ ပရိဘောဂဓာတ်မြတ်များဖြစ်သည့် ကကုသန်ဘုရားရှင်၏ တောင်ဝေးတော်၊ ကောဏာဂုံ ဘုရားရှင်၏ ရေစစ်တော်နှင့် ကဿပဘုရားရှင်၏ ရောနှပ်တော်တို့ကို ပတ္တမြားပြာသာဒ်ဆောင်တစ်ဆူစီတွင် ထည့်သွင်း ပူဇော်ခဲ့ကြခြင်းကြောင့် "လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီ" ဟူသော ဘွဲ့အမည်ဖြင့်လည်း တစ်နည်း ထင်ရှားလေသည်။

ထွန်းတင့်ဝေဖြာ သာသနာ

ပြည်ထောင်စုမြန်မာနိုင်ငံ၌ တည်ရှိထွန်းကားလျက်ရှိသည့် ဗုဒ္ဓသာသနာတော်ကြီးသည် ရေးယခင်အဆက်ဆက်တို့မှ အစပြု၍ ယခုခေတ် ကာလအချိန်အောင်ပင် ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူခဲ့သော ထေရဝါဒဗုဒ္ဓ ဘာသာတရားတော်များနှင့်အညီ လိုက်နာစောင့်ထိန်းကာ ကြိုးပမ်းအားထုတ်လျက်ရှိကြပေသည်။ မြန်မာနိုင်ငံတော်တွင် သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားရေးနှင့် ဂုဏ်းပေါင်းစုံတို့ ညီညွတ်ရေးရရှိခြင်း အထိမ်းအမှတ်အဖြစ် ဖွဲ့စည်းထားရှိသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဩဝါဒနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် ဆရာ၊ ဒါယကာ၊ ပြည်သူတို့ ညီညွတ်စွာ လက်တွဲလျက် များပြားလှစွာသော သာသနာ့တာဝန်များကို အားသွန်ခွန်စိုက် ဆောင်ရွက်ချက်များကား ကြီးမားလှပါပေသည်။

အထက်တွင်တင်ပြခဲ့သည့်အတိုင်း ဗုဒ္ဓသာသနာဝင်၊ မြန်မာ့သာသနာဝင်တို့၌ သမိုင်းအစဉ်အလာ ကြီးမားခဲ့သည့် "ဗုဒ္ဓဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်ကြီးများ အမြင်တော်ရှိသည်နှင့်အညီ" ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဗုဒ္ဓဘာသာဝင်နိုင်ငံအသီးသီးတို့၏အလယ်၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး၏ ရှေ့တန်းနိုင်ငံအဖြစ် ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တံ့ထွန်းကားပြန့်ပွားလျက် ရှိသည်ကို "သာသနာတော်ကြီး အထွန်းကားဆုံးကာလ" အဖြစ် တင်စားဖွင့်ဆိုကြရမည် ဖြစ်ပေသည်။

ထိုသို့ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ထွန်းကားမှုကြောင့် ပြည်ပနိုင်ငံအသီးသီးတို့မှ ဆရာတော်၊ သံဃာတော်များ ဦးဆောင်လျက် ဘုရားဖူးအဖွဲ့များသည် ဘုရားဖူးခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ လာရောက်လျက် ရှိကြသည်။ မြန်မာနိုင်ငံသို့ရောက်ရှိသည့်အခါ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို လေ့လာကြည်ညှိကြသည်၊ ဆရာတော်၊ သံဃာတော်ကြီးများ၏ ဘုန်းတော်ကြီးကျောင်းများ၊ ဝိပဿနာရိပ်သာများကို လေ့လာကြည်ညှိကြသည်။ လက်တွေ့ကျင့်ကြံအားထုတ်ကြသည်။ ဘုရားဖူးခရီးစဉ်ဖြင့် တစ်ကြိမ်တစ်ခါ ရောက်ရှိကြရုံနှင့်

ဖူးမြော်ကြည်ညိုမှု၊ မဝကြ၊ ဘုရား၊ စေတီ၊ ပုထိုးများကို လေ့လာကြည့်ရှုနှင့် အားမရကြ၊ အခန့်ကား တစ်ကြိမ်နှစ်ကြိမ်မသည့် အကြိမ်ကြိမ် လာရောက်လေ့ရှိကြသည်။ ထိုသို့သော ပြည်ပဘုရားဖူးအဖွဲ့များအနက် စင်ကာပူနိုင်ငံသား ဗုဒ္ဓဘာသာဝင်ဘုရားဖူးများ၏ အကြီးအမှူးဖြစ်သော "စင်ကာပူ ရှော့ဘုရားကျောင်း ဆရာတော် ရီဟာဇော့"၏ ဘုရားဖူးခရီးစဉ်များနှင့် လှူဒါန်းပူဇော်မှု ကုသိုလ်တော် သမိုင်းဝင်သာသနာပြု မော်ကွန်းတင်ကို ဖော်ညွှန်းကြည်ညိုပြု တင်ပြအပ်ပါသည်။

ထူးမြတ်ပါရမီ ဆုံကြပြီ

စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရှော့ဘုရားကျောင်း ဆရာတော်ကြီး ရီဟာဇော့သည် ပြည်တွင်းပြည်ပနှစ်ဌာနတို့တွင် လှည့်လည်ကြွခိုကာ သာသနာပြုနေသည့် (မဟာယာန)ဗုဒ္ဓဘာသာဂိုဏ်းဝင်သာသနာပြု ဆရာတော်ကြီး ဖြစ်သည်။ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူခဲ့ရာ အိန္ဒိယနိုင်ငံ "ဗုဒ္ဓဂယာ မြေမြတ် မဟာ"ကို အစပြု၍ ဗုဒ္ဓဘာသာဝင်နိုင်ငံများဖြစ်ကြသော သီရိလင်္ကာနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ စသည့်နိုင်ငံများသို့ လှည့်လည်သာသနာပြုလျက် ရှိသည်။ တပည့်ဒါယကာ၊ ဒါယိကာမများကို ဦးဆောင်၍ ရောက်ရှိရာနိုင်ငံတို့၌ ဘုရား စေတီများကို ပြုပြင်မွမ်းမံ လှူဒါန်းပူဇော်ခြင်း၊ ဗုဒ္ဓဘာသာဆိုင်ရာများ၌ လေ့လာကြည်ညိုလှူဒါန်းခြင်းတို့ဖြင့် သာသနာပြုကာ ကုသိုလ်တော်များ ယူလျက်ရှိသည့် ဆရာတော်ကြီး ဖြစ်သည်။

သာသနာတော်ကြီး ထွန်းလင်းတောက်ပနေသည့် ပြည်ထောင်စု မြန်မာနိုင်ငံသို့ ရှော့ဘုရားကျောင်းဆရာတော်နှင့် ရင်းနှီးအကျွမ်းဝင်မှု ရှိသည့် သီရိလင်္ကာနိုင်ငံ ဆရာတော် ဂနေဆာရာ၏ လိုက်ပါပို့ဆောင်မှုဖြင့် ခရစ်နှစ် ၁၉၉၄ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ ယင်းနှစ်မှစတင်လျက် ဆရာတော်သည် မြန်မာနိုင်ငံသို့ ဘုရားဖူးခရီးစဉ်များဖြင့် မကြာခဏ လာရောက်လေ့ရှိသည်။ ခရစ်နှစ် ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ရှော့ဘုရား ကျောင်းဆရာတော် ဦးဆောင်သော ဘုရားဖူးအဖွဲ့ဝင် ၁၀၇ ဦးတို့သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသည်။

ထိုစဉ်က သာသနာရေးဝန်ကြီးဌာန၏ ပံ့ပိုးစီစဉ်မှုဖြင့် ၁၉-၁၂-၉၆ ရက်နေ့တွင် ကမ္ဘာအေးစေတီ ကုန်းမြေရှိ ဆွမ်းစားဆောင်ကြီး၌ သံဃာတော် အရှင်မြတ် အပေါင်း ၁၀၀၀ တို့ကို သင်္ကန်း၊ ပရိက္ခရာအစုံ ၁၀၀၀ နှင့် ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ သာသနာရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုရန် မော်တော်ယာဉ် ၅ စီး လှူဒါန်းခြင်း၊ ရွှေတိဂုံ စေတီတော်မြတ်ကြီး၌ အလေးချိန် ၂ ကျပ်သားစီရှိ ရွှေစင်ရွှေပြား အချပ် ၁၈၀ လှူဒါန်းခြင်းတို့ဖြင့် ကုသိုလ်တော်ပွဲကြီး ဆင်နွှဲခဲ့သည်။

ယင်းကာလများက ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင် များသည် စာရေးသူတို့၏ ခရီးသွားလုပ်ငန်းကုမ္ပဏီဖြင့် ဆက်သွယ်လာရောက် ခဲ့ခြင်း မဟုတ်သဖြင့် ဤမျှသာ လေ့လာသိရှိခဲ့ရပါသည်။

မြန်တိုင်းဌာန ရောက်ကြရ

ခရစ်နှစ် ၁၉၉၇ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် စင်ကာပူနိုင်ငံ ရွှေဘုရား ကျောင်းဆရာတော်ထံမှ ဘုရားဖူးအဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်လိုကြသဖြင့်၊ ဘုရားဖူးခရီးစဉ်ကို တာဝန်ယူစီစဉ်ဆောင်ရွက်ပေးရန် မိမိတို့၏ ဆရာ့အေးရှ ခရီးသွားလုပ်ငန်း ကုမ္ပဏီသို့ ဆက်သွယ်ကမ်းလှမ်းမှု ပြုခဲ့သည်။ ထိုစဉ်က အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သည့် စာရေးသူသည်လည်း ခရီးသွားကုမ္ပဏီ၌ ဝင်ရောက်တာဝန်ယူဆောင်ရွက်စဉ်ကာလဖြစ်သည်။ ပါရမီတော် ကုသိုလ်အဟုန် ဖြင့် ရွှေဘုရားကျောင်းဆရာတော်ကြီးနှင့် ကြုံဆုံခွင့်ရရှိခဲ့ခြင်းပင် ဖြစ်သည်။ ဆရာတော်၏ဘုရားဖူးခရီးစဉ်ကို အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်ကြရသည်။

ထို့ကြောင့်ပင် ၁၈-၁၂-၉၇ ရက်နေ့ ၂:၅၅ နာရီအချိန်တွင် အမ်အေအိုင်လေကြောင်းလိုင်း လေယာဉ်ကြီးဖြင့် မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည့် ရွှေဘုရားကျောင်းဆရာတော်ကြီး အမှူးပြု သော ဘုရားဖူးအဖွဲ့ကို စည်ကားသိုက်မြိုက်စွာ ကြိုဆိုနိုင်ခဲ့ကြသည်။

"ရှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်များအား လိုက်လဲစွာ ကြိုဆိုပါသည်" ဟူသော စာသားများကို တရုတ်-မြန်မာ နှစ်ဘာသာဖြင့် ရေးထားသည့် အောက်ခံပိတ်သားအနီရောင်ပေါ်တွင် အဖြူရောင်စာလုံးဖောက် နဖူးစီးစာတန်းကို ကိုင်ဆောင်ထားကြသော ကြိုဆိုရေးအဖွဲ့နှင့် တီးမှုတ်ညည့်ခံမည့် အိုးစည်၊ ဒိုးပတ်အဖွဲ့တို့က လေဆိပ်ခန်းမဆောင်ရှေ့မှ ကြိုဆိုကြသည်။ ရှေဝါရောင်သက်နှံးကို ဝတ်ရုံထားသော ရှေဘုရားကျောင်းဆရာတော်ဦးဆောင်သည့် သံယာတော် ၄၄ ပါး အဖွဲ့ငယ်အလိုက် အပြာရောင်၊ အဝါရောင်နှင့် အနီရောင်စသည့် အရောင်ကွဲ တူညီဝတ်စုံများ ဝတ်ဆင်ထားကြသော ဘုရားဖူးအဖွဲ့ဝင် ၆၀ ဦးအပါအဝင်၊ ဘုရားဖူးအဖွဲ့ဝင်ပေါင်း ၁၀၄ ဦးတို့ လေဆိပ်ခန်းမဆောင်ရှေ့သို့ ရောက်ရှိသည်နှင့် စိန်ချစ်လိုင် အိုးစည်ဒိုးပတ်အဖွဲ့၏ အနုပညာမြောက်သည့် ဦးရွှေရိုး ဒေါ်မိုးနှင့် သူငယ်တော်အကများကို သဘောကျနှစ်ခြိုက်မဆုံး ပျော်တပြုံးပြုံးဖြင့် အားပေးကြသည့် ကြည်နူးဖွယ် မြင်ကွင်းအလှပါပေ။

စာရေးသူက ဘုရားဖူးအဖွဲ့၏ အကြီးအမှူးဖြစ်သော ရှေဘုရားကျောင်းဆရာတော်ကြီးကို ဂါဝရပြု ကန်တော့ရင်း အနီးကပ် ကြည်ညိုမိသည်။ ရှေဘုရားကျောင်း ဆရာတော်ကြီး၏ တည်ငြိမ်အေးချမ်းသည့်မျက်နှာတော်ကို ပထမဆုံးအကြိမ်အဖြစ် စတင်ဖူးမြော်ခွင့်ရရှိသော စာရေးသူ၏ ရင်ဝယ် ချမ်းမြေ့လှသည်။ သက်တော် ၄၀ ကျော်မျှရှိမည်ဟု ခန့်မှန်းမိသည်။ ပြည့်ဖြိုးသည်ဆိုရုံမျှသော ခန္ဓာကိုယ်နှင့် နွဲ့နှောင်းသည့် အရပ်အမောင်းက ကောင်းသည်ဟု ဆိုရမည်။ တည်ငြိမ်အေးချမ်းသည့် မျက်နှာတော်၊ အပြုံးနှင့် ယှဉ်တွဲနေသော ချိုသာသိမ်မွေ့သည့် မြွက်ဟစကား၊ ဖြူဝင်းသော အသားအရေနှင့် ရှေဝါရောင်သက်နှံးတို့ဖြင့် လိုက်ဖက်တင့်တယ်ကြည်ညိုဖွယ်အသွင်နှင့် ပြည့်စုံနေသည်ကို ဖူးတွေ့ရသည်။

ခရီးရောက်မဆိုက်ဆိုဘိသကဲ့သို့ပင် ဘုရားဖူးအဖွဲ့ဝင်များသည် ခရီးသွားလုပ်ငန်းသုံး မော်တော်ယာဉ်ကြီးများဖြင့် လေယာဉ်ကွင်းမှ ရန်ကုန်မြစ်ဆိပ် ဗိုလ်တထောင်ဆံတော်ဦးစေတီတော်သို့ ဆက်လက်သွားရောက်ကြသည်။ စေတီတော် ဆံတော်တွင်းဌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓဘုရားရှင်၏

ဆံတော်မြတ်ကို အနီးကပ်ဖူးမြော်ကြည်ညိုကြသည်။ ထူးထူးခြားခြား ဗုဒ္ဓဘုရားရှင်၏ ဆံတော်မြတ်အား ဖူးမြော်ခွင့်ရရှိကြသဖြင့် အံ့သြဝမ်းသာ ခံစားမှုများ ဖြစ်ပေါ်နေကြသည်။ ရွှေဘုရားကျောင်းဆရာတော်ကြီးက ကြည်ညိုသဒ္ဓါစိတ်ဖြင့် အလေးချိန် (၄) သား ခန့်ရှိ ရွှေလည်ဆွဲဘယက်တစ်ကုံးနှင့် အလှူတော်ငွေများကို ထည့်ဝင်လှူဒါန်းသည်။

ည ၈ နာရီအချိန်တွင် ရွှေဘုရားကျောင်းဆရာတော်နှင့် သံဃာတော်များ၊ ဘုရားဖူးအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော် တန်ဆောင်း၌ ကျင်းပသည့် ကုသိုလ်တော်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဆရာအေးရှား ခရီးသွားကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင် မိသားစုများ၊ ဝန်ထမ်းမိသားစုများ စုံညီစွာ ရောက်ရှိကြသည်။ အခမ်းအနား၌ သာသနာရေးဝန်ကြီးဌာနဝန်ကြီးထံ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်များက အလေးချိန် (၂) သားစီရှိ ရွှေစင်ရွှေပြား အချပ် ၂၀ နှင့် အလေးချိန် (၄-၄) သားခန့်ရှိ ရွှေလည်ဆွဲတစ်ကုံးတို့ကို ပေးအပ်လှူဒါန်းသည်။ ဝန်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ရင်ပြင်တော် အောင်မြေနေရာ၌ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပန်း၊ ဆီမီး၊ သစ်သီး၊ အမွှေးတိုင်၊ တံခွန်ကုက္ကား အောင်သပြေပန်းစသည်များဖြင့် ဆက်ကပ်ပူဇော်ကြသည်။ ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့သားများက မိမိတို့ဘာသာဖြင့် ရွတ်ဆိုပူဇော်ကြသည်။ အေးချမ်းလှသည့် ညဉ့်ဦးယံချိန်ခါ၌ မတိုးမကျယ် ရွတ်ဆိုပူဇော်နေကြသော တရားခမ္မ ရွတ်ဆိုပူဇော်သံသည် နာကြားရသူအပေါင်းတို့၏ စိတ်ဝယ် တစ်မူထူးခြား၍ ကြည်နူးချမ်းမြေ့ဖွယ် ဖြစ်ကြရသည်။

၁၉-၁၂-၉၇ ရက်နေ့ နံနက်တွင် ဆရာတော်နှင့်ဘုရားဖူးများသည် ရန်ကုန် အဲယားဝေးလေကြောင်းခရီးစဉ်ဖြင့် ရေးဟောင်း ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးဆက်ကြသည်။ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနော်

ရထာမင်းကြီး ထီးနန်းစိုက်ခဲ့ရာ ပေါက္ကံရာမ(ခေါ်) ပုဂံယဉ်ကျေးမှုဒေသရှိ ဘုရား စေတီပုထိုးများ ပြတိုက်၊ ကျောင်းတိုက်ကြီးများကို လှည့်လည်ဖူးမြော် လှူဒါန်း ပူဇော်ကြသည်။ အထူးအားဖြင့် စေတီပုထိုး တည်ထားကိုးကွယ်မှု မထွန်းကား သည့် စင်ကာပူကျွန်းနိုင်ငံမှ ဘုရားဖူးများသည် နေရာဒေသတစ်ခုတည်း၌ ဤမျှများပြားလှသည့်ဘုရားစေတီပုထိုးနှင့် သာသနိက အဆောက်အအုံများကို ဖူးမြော်ကြရ၍ အံ့သြမှုဖြင့် ကြည်ညိုမဝ ဖြစ်ကြရသည်။ တည်းခိုကြသည့် ပုဂံဟိုတယ် ပရိဝုဏ်နှင့် အဆောက်အဦးအတွင်း၌ပင် ရေးခေတ်စေတီပုထိုးနှင့် ရုပ်ပွားတော်များကို ဖူးမြော်ကြရသည်။ အဝေးဆီက နောက်ခံတောင်တန်းများ တသွင်သွင် စီးဆင်းနေသည့် ရောဝတီမြစ်ကြီး၊ နေဝင်ဆည်းဆာနှင့်အတူ ဘုရား၊ စေတီများကို ဖူးမြော်ကြရသည့် ရှုခင်းအလှသဘာဝကို မေ့မရနိုင်ကြ တော့ဟု ဘုရားဖူးများက ဝမ်းမြောက်စကား ပြောကြားမကုန်နိုင် ဖြစ်နေကြ သည်။

၂၀-၁၂-၉၇ ရက်နေ့ နံနက်၌ ပုဂံယဉ်ကျေးမှုဒေသမှ မန္တလေးမြို့သို့ ပြည်တွင်း လေကြောင်းလေယာဉ်ဖြင့် ခရီး ဆက်ကြသည်။ တန်ခိုးကြီးဘုရား စေတီများကို လှည့်လည်ဖူးမြော် လှူဒါန်းကြသည်။ ရေးခေတ်ကာလ ဘိုးဘေး စဉ်ဆက်ကပင် ကိုယ့်ထီးကိုယ့်နန်းဖြင့် သမိုင်းအစဉ်အလာ ကြီးမားစွာ တည်ရှိ ခဲ့သော မြန်မာတို့၏နောက်ဆုံးမင်းဆက် သီပေါဘုရင် ထီးနန်းအုပ်ချုပ် မင်း လုပ်ခဲ့သည့် မန္တလေးရတနာပုံနေပြည်တော်ရှိ "မြနန်းစံကျော် ရွှေနန်းတော် ကြီး"ကို ကျူး မြို့ရိုးတို့ ပတ်လည်ဝန်းရံလျက် အံ့သြဖွယ်ရာများအဖြစ် လေ့လာ ခွင့် ရရှိကြသည်။

၂၁-၁၂-၉၇ ရက်နေ့ နံနက် ၄ နာရီအချိန်ကပင် ရွှေဘုရားကျောင်း ဆရာတော်နှင့်တပည့်ဒါယကာ၊ ဒါယိကာမများ သည် မဟာမုနိရုပ်ရှင်တော်မြတ် ကြီး၏ ရှေ့မှောက်သို့ စုဝေးရောက်ရှိကာ ကြည်ညိုမှု ပြုနေကြပြီ ဖြစ်သည်။ ဘုရားဖူးအဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ဘာသာရေးဆိုင်ရာ အခမ်းအနားဖြင့် ရေတော်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဗဟု ဝံသက မျက်နှာသစ်တော်ရေ ဆက်ကပ်နေပုံကို ကြည်ညိုရင်း ကုသိုလ်တော် စိတ်များ တစိမ့်စိမ့်ပွားများကြရသည်။

ဆက်လက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးရှေ့မှောက်၌ လှူဒါန်းပွဲ အခမ်းအနား ကျင်းပရာ ရွှေဘုရားကျောင်းဆရာတော် ရိုဟာဇော့က အလေးချိန် ၂ ကီလို (အလေးချိန် တစ်ပိသာနှင့် နှစ်ဆယ့်ငါးကျပ်သားခန့်)ရှိ ရွှေဒင်္ဂါးပြား (၁၅၀) တစ်ရာ့ငါးဆယ်တို့ဖြင့် သီကုံးထားသော အရှည် ၁၀ ပေခန့် ရှိ ရွှေဆွဲကြိုးကြီးနှစ်ကုံး (တန်ဖိုး ကျပ်ခြောက်ဆယ့်နှစ်သိန်းခန့်)၊ ကျန်တပည့်ဒါယကာ၊ ဒါယိကာမများက အလေးချိန် (၃/)သားစီရှိ ရွှေစင်ရွှေပြားအချပ် ၁၂၀၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုရသူအပေါင်းတို့ ပိုမိုကြည်ညိုဖွယ်ဖြစ်စေရန် ရည်သန်လျက် ဝပ် ၁၀၀၀ အားရှိ ဆိုဒီယမ်လျှပ်စစ်မီးလုံး ၈ စုံ (တန်ဖိုး တစ်ဆယ့်ခြောက်သိန်း) တို့ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးထံ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက်ရွှေဘုရားကျောင်း ဆရာတော်ကြီးကို တိုင်းမှူးက မဟာမုနိ ရုပ်ရှင်တော် မြတ် ရွှေချည်ထိုး ပန်းချီကားချပ်ကို ဝမ္မလက်ဆောင်အဖြစ် ဆက်ကပ်သည်။ မန်းမြို့တော်၏ အရှေ့ဘီးဌ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ရေတော်ဆရာတော် ဘုရား၊ ရွှေဘုရားကျောင်းဆရာတော်နှင့် နောက်ပါသံယာတော် ၆ ပါး တိုင်းမှူး တို့ကိုယ်တိုင် ရွှေဒင်္ဂါးပြားတို့ဖြင့် တန်ဆာဆင် သီကုံးထားအပ်သော ရွှေဆွဲကြိုးကြီးများကို ဆင်မြန်းဆက်ကပ်နေကြသည့် မြင်ကွင်းသည်ကား မြင်ရသူအပေါင်းတို့ အားကျဖွယ်၊ ကြည်နူးဝမ်းမြောက်ဖွယ် ပီတိသဒ္ဓါများကို ဖြစ်ပေါ်စေလေသည်။ ဤကုသိုလ်တော်ပွဲကို အရှေ့ဘီးတွင် လာရောက် ဖူးမြော်ကြည်ညိုကြသူ မြန်မာဗုဒ္ဓဘာသာဝင်များ၏ ဝိုင်းဝိုင်းလည်ကာ ကြည်ညိုသဒ္ဓါ ပွားနေကြပုံမှာ လည်း မမေ့ဖွယ်ရာကုသိုလ်တော်မြင်ကွင်းတစ်ရပ်ပင် ဖြစ်ပေသည်။

ယင်းနောက် ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့သည် မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ မဟာဂန္ဓာရုံဘုန်းတော်ကြီးကျောင်း စာသင်တိုက်သို့ ဆက်လက်သွားရောက်ကြသည်။ စာသင်တိုက်ကြီးကို အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသမှ တည်ထောင်တော်မူခဲ့ပြီး ရဟန်း

တော်များ၏ ဝိနည်းသိက္ခာအရလည်းကောင်း ဆရာတော်ကြီး ချမှတ်ထားသော စည်းကမ်းအရလည်းကောင်း ထင်ပေါ်ကျော်ကြားလှသည့် ကျောင်းတိုက်ကြီး ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး၌ ပရိယတ္တိသာသနာတော်ကြီးသည် အဓိကကျသည့်အလျောက် သာသနာတော်ကြီး ရေရှည်တည်တံ့ ထွန်းကားရေးအတွက် နာယကဆရာတော် အမှူးပြုသော စာချဆရာတော်များ၊ စာသင်သား ရဟန်းတော်များသည် စည်းကမ်းတကျ ပရိယတ္တိစာပေများကို ကြိုးပမ်းဆည်းပူးသင်ကြား ပို့ချလျက်ရှိကြသည်။ ဘုရားဖူးအဖွဲ့သည် ဆရာတော် သံဃာတော်များ၏ ဝိနည်းတော်နှင့်အညီ စည်းကမ်းတကျ သီတင်းသုံး နေထိုင်ကြပုံကို အနီးကပ်ကြည့်ရှုခွင့် ရရှိကြသည်။ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်များသည် မူလက ကျောင်းတိုက်ကြီး၌ ငွေပဒေသာပင်အဖြစ် ငွေကျပ် ၁၀ သိန်း စိုက်ထူလှူဒါန်းရန် ရည်မှန်းခဲ့သော်လည်း သဒ္ဓါတိုး၍ ငွေကျပ် သိန်း ၅၀ ကို ငွေပဒေသာပင် စိုက်ထူလှူဒါန်းကြသည်။ နာယကဆရာတော်နှင့် စာသင် သား ရဟန်းတော် အပါး ၁၀၀၀ တို့အတွက် တစ်နေ့တာအရေးယူဆွမ်းနှင့်နေ့ဆွမ်းအလှူတော်ငွေ ၁၇၀၀၀၀/ ကို ဆက်ကပ်လှူဒါန်းကြသည်။ ကျောင်းတိုက်ရှိ ရဟန်းတော်တစ်ပါးလျှင် အလှူတော်ငွေ ကျပ် ၂၀၀ ဖြင့် အပါး ၁၀၀၀ အတွက် အလှူတော်ငွေ ၂၀၀၀၀၀/ ကို ကျောင်းတိုက်အတွင်းရှိ သီတင်းသုံးရာကျောင်းဆောင်များဆီမှ ဆွမ်းစားကျောင်းဆောင်သို့ စနစ်တကျ တန်းစီကာ ကြည်ညိုဖွယ် ကြွရောက်လာကြသည့် ရဟန်းတော်တစ်ပါးချင်းအား ဘုရားဖူးအဖွဲ့ဝင် တစ်ဦးချင်းက တန်းစီ၍ အလှူငွေနှင့်ဆွမ်းတို့ကို ကိုယ်တိုင် ကိုယ်ကျ လောင်းလှူဆက်ကပ်ကြသည်။ ပရိယတ္တိသာသနာတော်ကြီးအတွက် ကြိုးပမ်းအားထုတ်တော်မူနေကြသည့် ဆရာတော် သံဃာတော်များအတွက် အားတက်ဖွယ်ရာ ကုသိုလ်တော် လှူဒါန်းမှု ဖြစ်ပေသည်။

ဆက်လက်၍ ဘုရားဖူးအဖွဲ့သည် သာသနာ့နယ်မြေအဖြစ် ထင်ရှားသည့် စစ်ကိုင်းတောင်ရိုးရှိ တန်ခိုးကြီးဘုရား စေတီများကို လှည့်လည်ဖူးမြော်ကြသည်။ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ရသေ့၊ ယောဂီသူတော်စင်ထောင်ပေါင်းများစွာတို့၏ စာသင်တိုက်ကြီးများ၊

ဓမ္မရိပ်သာများ တည်ထောင်ကာ ဘာသာသာသနာအတွက် ကြိုးပမ်းအားထုတ်နေကြပုံကို တွေ့မြင်ကြရသော စင်ကာပူနိုင်ငံသား ဘုရားဖူးအဖွဲ့ဝင်များ ထူးခြားအံ့သြမှုများ ဖြစ်ကြရသည်။ ရွှေဘုရားကျောင်းဆရာတော်က ယခုကဲ့သို့ ရက်တို ဘုရားဖူးခရီးစဉ်၌ပင် ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ထွန်းကားမှုကို ဤမျှတွေ့မြင်ကြည်ညိုခင့် ရရိုပါလျှင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပိုမိုတွေ့မြင်ကြည်ညိုနိုင်ကြမည်ဖြစ်ကြောင်း ဘုရားဖူးအဖွဲ့ဝင်များအား အနီးကပ်ရှင်းလင်းမိန့်ကြားမှုပြုခဲ့သည်။

၂၂-၁၂-၉၇ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။ ယင်းနေ့ ၂း၃၀ နာရီအချိန်ခန့်တွင် ဘုရားဖူးများသည် မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကျိုက်မော်ဝန်းရေလယ်ဘုရားသို့ ရောက်ရှိကြသည်။ ရေပတ်လည်ဝန်းရံ စီးဆင်းနေသည့်ကျွန်းပေါ်၌ တည်ရှိနေသော ရေလယ်ဘုရားသို့ ဆိပ်ကမ်းမှ စက်လှေများဖြင့် ဘုရားဖူးများသည် ဖြတ်သန်းကူးကြရသည်။ ရွှေကျောင်းဆရာတော်နှင့် ဘုရားဖူးများသည် ဂေါပကအဖွဲ့က စီစဉ်ခင်းကျင်းပေးထားသည့် "ငါးစပ်ရပ်ရှင်တော်မြတ်" ၏ ဂန္ဓကုဋိဆောင်၌ စုဝေးရှိ ပူဇော်ကန်တော့ကြသည်။ ဆရာတော်သည် ကြည်ညိုသဒ္ဓါစိတ်ဖြင့် အလှူရှင် ကျပ် ၄ သိန်းနှင့် စိန်၊ ကျောက်၊ နီလာ ကျောက်တို့ဖြင့် စီခြယ်ထားသည့် အလေးချိန် (၉ - ၄) သားရှိ ရွှေလည်ဆွဲဘယက်တစ်ကုံးကို ဆုတောင်းပြည့် ငါးစပ်ရပ်ရှင်တော်မြတ်၌ ဆက်ကပ်လှူဒါန်းကြသည်။ ဘုရားဖူး တစ်ဦးချင်းတို့ကလည်း အလှူတော်ငွေ ၅၀၀၀/၊ ၃၀၀၀/၊ ၁၀၀၀/ စသည်ဖြင့် ထည့်ဝင်လှူဒါန်းကြပုံမှာ မြင်ရသူအပေါင်းတို့ အားကျကြည်နူးဖွယ် ဖြစ်ကြရသည်။

ယင်းနေ့ညပိုင်း၌ တည်းခိုရာဟိုတယ်တွင် ရွှေကျောင်းဆရာတော်နှင့် ဒါယကာရင်းများ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဘုရားဖူးခရီးစဉ်၏ အောင်မြင်မှုကို ဝမ်းမြောက်ဖွယ်စကားများ ပြောကြားကြသည်။ ရွှေကျောင်းဆရာတော်ကြီးက "မိမိသည် မြန်မာနိုင်ငံသို့ ၁၉၉၄ ခုနှစ်မှ စတင်ရောက်ရှိခဲ့ရာ ယခု ဂ ကြိမ်မြောက် ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ ယခုခရီးစဉ်

တွင် သာသနာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်း အသီးသီးတို့က ပံ့ပိုးကူညီမှု၊ ဆရာအေးရှားခရီးသွား လုပ်ငန်းကုမ္ပဏီလိမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်များ ဝန်ထမ်းများ၏ တာဝန်ယူဆောင်ရွက်ပေးမှုတို့ကို အားရ ကျေနပ်မှု ရှိပါကြောင်းနှင့် ကျေးဇူးတင်ရှိကြောင်း ဝမ်းမြောက်စကား မိန့်ကြားခဲ့သည်။ ဆရာတော်၏ ဝမ်းမြောက်စကားသည်ပင်လျှင် ဆက်လက်၍ ပေါ်ပေါက်လာမည့် ဘုရားဖူးခရီးစဉ်များကို တာဝန်ယူဆောင်ရွက်ခွင့်ရရှိနိုင်ရန် "ရွှေဘုရားကျောင်းတော်၏ ရွှေတံခါးကြီး" ဖွင့်လှစ်လိုက်ခြင်း မင်္ဂလာဟု မှတ်ယူမိကြပါသည်။ ထိုမှတစ်ဆင့် ၂၃-၁၂-၉၇ ရက်နေ့တွင် မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ဘုရားဖူးအဖွဲ့ကြီး၏ အပြန်ခရီးသည်လည်း "သွားလမ်းသာကာ လာလမ်းခရီးကောင်း၍ ပြန်လမ်းသာသော အောင်ပန်းပွင့်သည့် ခရီးစဉ်ကြီး" အဖြစ် တင်ပြရပါတော့သည်။

ကြိုးပမ်းလျှောက်လှမ်း ကုသိုလ်ပန်း

စင်ကာပူရွှေဘုရားကျောင်းကြီး၏ ပွင့်နေသည့်ရွှေတံခါးကို လျှောက်လှမ်းကာ ဆရာတော်ကြီးသည် မြန်မာတို့၏ ပုဂ်ရှေ့ပြည်သို့ လျှောက်လှမ်းခဲ့ပြန်ပါသည်။ နိုင်ငံတော်အစိုးရက ဦးဆောင်လျက် ရေးဟောင်းဘုရား၊ စေတီ၊ ပုထိုးတော်များကို ရေးခေတ်လက်ရာမယှက် သမိုင်းစဉ်ကို လေ့လာ၍ ဖော်ထုတ်ပြုပြင်နေကြပုံ၊ ပြည်သူအပေါင်းတို့ကလည်း ကြည်ညိုသဒ္ဓါ စိတ်ဖြင့် မိသားစုအလိုက်၊ အဖွဲ့အစည်းအလိုက်၊ ဌာနအလိုက် အင်တိုက်အားတိုက် လှူးဒါန်းနေကြပုံတို့ကို မျက်မြင်ကိုယ်တွေ့ မြင်နေရသည်။ ဤတွင် ကုသိုလ်တော်လှူဒါန်းမှုဌ သဒ္ဓါတရား ကြီးမားသည့်ရွှေကျောင်းဆရာတော်သည် တပည့်ဒါယကာ ဒါယိကာမများ၏ သဒ္ဓါအားကို ဦးဆောင်လျက် "စင်ကာပူနိုင်ငံသား ဗုဒ္ဓဘာသာဝင်များ၏ ကောင်းမှုကုသိုလ်တော်" အဖြစ် ပါဝင်လှူဒါန်းနိုင်ရန် စတင် ကြိုးပမ်းတော့သည်။

ရွှေကျောင်းဆရာတော်သည် ဆရာအေးရှာခရီးသွားလုပ်ငန်း ကုမ္ပဏီလိမိတက်ဒါရိုက်တာအဖွဲ့ဝင်များ၏ စီစဉ်ဆက်သွယ် ဆောင်ရွက်မှုဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးကြသည်။ ဝန်ကြီးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမှုပြုသည်။ ဆရာတော်သည် တာဝန်ရှိသူများနှင့် ဘာသာရေး ယဉ်ကျေးမှု

ဆိုင်ရာကိစ္စများကို ရင်းရင်းနှီးနှီး ညှိနှိုင်းကြသည်။ ပုဂံယဉ်ကျေးမှုဌာနခွဲ ညွှန်ကြား ရေးမှူးက ပြုပြင်မွမ်းမံသင့်သည့်ဘုရား ၆ ဆူကို ဘုရားတစ်ဆူချင်း၏ ခန့်မှန်း ကုန်ကျစရိတ်နှင့်တကွ စာရင်းပြုစု တင်ပြခဲ့သည်။ ဆရာတော်သည် နောက်ပါ ဒါယကာရင်းအချို့ဖြင့် ပုဂံယဉ်ကျေးမှုဒေသသို့ ကွင်းဆင်းကာ လေ့လာကြည့် ညှိမှု ပြုကြသည်။ သက်ဆိုင်ရာက ပြုစုတင်ပြသည့် ပြုပြင်မွမ်းမံသင့်သော ဘုရား ၆ ဆူအနက်မှ ဘုရားအမှတ် ၇၄၄ ပုံသဏ္ဌာန်မဟာထေရ်ဘုရား ပြုပြင်မွမ်းမံ ရန် သတ်မှတ်ချက် ငွေကျပ် သိန်း ၅၀ နှင့် ဘုရားအမှတ် ၈၀၃ ပြာသာဒ်ကြီး ဘုရား ပြုပြင်မွမ်းမံရန် သတ်မှတ်ချက် ငွေကျပ် သိန်း ၁၀၀ တို့ကို ဆရာတော်က ရွေးချယ်ခဲ့သည်။ ဆက်လက်၍ ဘုရားကြီး နှစ်ဆူကို ပြုပြင် မွမ်းမံပြုပြင်နိုင်ရန်အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။ သက်ဆိုင်ရာတို့ကလည်း လုပ်ငန်းပိုင်းများကို စိမ်ဆောင်ရွက်မှု ပြုကြတော့သည်။

ဒေသဒါယကာ ဖြစ်ကြပါ

ရွှေကျောင်းဆရာတော်သည် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ် ရောက်ရှိ လာသည်နှင့်အမျှ လိုအပ်သမျှသော ကိစ္စအဝဝတို့ကို ခရီးသွားကုမ္ပဏီ လီမိတက်၏ ဒါရိုက်တာအဖွဲ့နှင့် မိသားစုများ၊ စာရေးသူနှင့် ဝန်ထမ်းများက အနီးကပ် ပါရမီဖြည့်ဆည်းပေးကြရသည်။ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဦးနှင့် တစ်ဦးဆိုသည့်ပမာ ပိုမိုအကျွမ်းဝင် နားလည်သိရှိလာကြသည်။ ဆရာတော်၏ ယုံကြည်စွာ တာဝန်ပေးအပ်မှုအပေါ် စေတနာသဒ္ဓါအပြည့်ဖြင့် စွမ်းဆောင် ကြိုးပမ်း ဆောင်ရွက်ပေးလျက် ရှိသည့်အလျောက် လုပ်ငန်ပိုင်း ဆက်ဆံမှုမှ တစ်ဆင့် ပုဂ္ဂိုလ်ရေးယုံကြည်မှုဖြင့် ဒါရိုက်တာအဖွဲ့နှင့် မိသားစုများသည် ဆရာတော်၏ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ပေးခြင်းခံရသော ဒေသခံ ဒါယကာ ရင်းများအဖြစ်သို့ ရောက်ရှိလာခဲ့တော့သည်။

အထူးအားဖြင့် ဘာသာရေးဆိုင်ရာနှင့် ပတ်သက်၍ ခရီးသွားကုမ္ပဏီ၏ အကြီးအမှူးဖြစ်သော မိခင်ကြီး ဒေါ်လှကြည်သည် ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံတော်သံယမဟာနာယကအဖွဲ့. ဥက္ကဋ္ဌအဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာ သဒ္ဓမ္မဇောတိက ဘဒန္တသောဘိတ ဆရာတော်ဘုရားကြီး (ယခု ဘဝ

နတ်ထံ ပ(ုလွန်)နှင့် ဆရာ၊ ဒကာများဖြစ်ကြသည်။ ဆရာတော်ကြီး၏ နေ့စဉ်ဆွမ်းဝတ်မှုအစ၊ ပစ္စည်းလေးပါးအဝဝတို့ကို လှူဒါန်းဖြည့်ဆည်းပေးနေသည့် ကျောင်းအစ်မကြီး တစ်ဦးလည်း ဖြစ်သည်။ ဒေါ်လှကြည်၏အကြောင်းဆက်မှုဖြင့် ရွှေကျောင်းဆရာတော်သည် ဥက္ကဋ္ဌဆရာတော်ကြီးကို အနီးကပ်တွေ့ဆုံမှုမြောက်ခွင့် ရရှိခဲ့သည်။ ပါရမီအကြောင်းဆက်က ရှေးရေစက်ဟု ဆိုရချေမည်။ ဆရာတော်နှစ်ပါးတို့၏ ဖူးမြော်ကြဲဆုံမှုက တစ်ကြိမ်တစ်ခါသာ ကြဲဆုံမှုးမြော်ခွင့် ရခြင်းမဟုတ်ပါချေ။ သာသနာ့အကျိုးကို ရင်းရင်းနှီးနှီး လျှောက်ထား ဆွေးနွေးကြသည်။ ဓမ္မပဏ္ဍာတော်များကို အပြန်အလှန် ဆက်ကပ်မှု ပြုကြသည်။ ဆရာတော်နှစ်ပါး၏ တစ်ပါးနှင့်တစ်ပါး အရွယ်တော်ကို နှိုင်းစာမှု ပြုမည်ဆိုပါက သက်တော်ရည် ဥက္ကဋ္ဌဆရာတော်ဘုရားကြီးက ဖခင်အရွယ်၊ စင်ကာပူရွှေကျောင်း ဆရာတော်က သားအရွယ်ပမာ ဖြစ်နေသည်။ နောင်တွင် သီတင်းသုံးဖော် အရင်းအချာများပမာ ရင်းနှီးမှုမေတ္တာ၊ စေတနာများက ကြီးမားကြသည်။ ဤသို့ဖြင့် ရွှေကျောင်းဆရာတော်သည် မြန်မာနိုင်ငံသို့ ဘုရားဖူးခရီးစဉ်ဖြင့် ရောက်ရှိသည်နှင့် ဥက္ကဋ္ဌဆရာတော်ဘုရားကြီးထံ ဝင်ရောက်ဖူးမြော်လှူဒါန်းမြဲ ဖြစ်ခဲ့လေသည်။

မြန်မာ့အန ယဉ်ကျေးမှု

ရွှေကျောင်းဆရာတော်သည် မြန်မာနိုင်ငံအတွင်းရှိ ဘုရားဖူး ခရီးစဉ်တစ်လျှောက်တွင် တည်းခိုကြရသည့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၌ စီစဉ် တင်ဆက်ကြသော မြန်မာ့ရိုးရာအနပညာအကများကို တစ်ကွက်၊ နှစ်ကွက် ဆိုသကဲ့သို့ အကဲခတ်လေ့လာမိသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနပညာဦးစီးဌာနမှ စီစဉ်ကပြသည့်ကကွက်များကိုလည်း အခါအခွင့်သင့်သလို ကြည့်ရှုလေ့လာမိပြန်သည်။ မြန်မာတို့၏ ကပြမှုများအပေါ်တွင် စိတ်ပါဝင်စားမှု ဖြစ်ပေါ်လာသည်။ မြန်မာတို့သည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအနပညာဖြင့် "ယဉ်ကျေးမှုအနပညာများကို ထိန်းသိမ်းစောင့်ရှောက်ရန်" ဟူသော ကြိုးမားသည့် ရည်မှန်းချက်များဖြင့် ကကြိုးကကွက်မှအစ စနစ်တကျဖော်ဆောင်မှုကို အလေးထား ခံစားမိသည်။ ဤတွင် ရွှေကျောင်းဆရာတော်သည် မြန်မာတို့၏

အလေးထား ခံစားမိသည်။ ဤတွင် ရှေကျောင်းဆရာတော်သည် မြန်မာတို့၏ ယဉ်ကျေးမှုအနုပညာကို မိမိနည်းတူ စင်ကာပူနိုင်ငံသားများကိုလည်း မျှဝေခံစားလိုစိတ်များ ပေါ်ပေါက်လာသည်။ ထို့ကြောင့်ပင် ၁၉၉၈ ခုနှစ်အတွင်း၌ ရှော့ဘုရားကျောင်း ဆရာတော်ဦးဂဏ္ဍာအဖြစ် တာဝန်ယူဆောင်ရွက်သည့် မေတ္တာတော်အသင်းကြီး "METTA WELFARE ASSOCIATION" က ဦးဆောင်ကျင်းပမည့် "HEARTS DE LOTUS 98" ပွဲတော်ကြီးသို့ မြန်မာ့ယဉ်ကျေးမှုအနုပညာ အကအဖွဲ့ကို ဖိတ်ကြားတင်ဆက်နိုင်ရန် ကြိုးပမ်းခဲ့သည်။ ဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး အမှုဆောင်ပြုသော တာဝန်ရှိသူများနှင့် ကမ်းလှမ်းညှိနှိုင်းဆွေးနွေးကြသည်။ ၅-၃-၉၈ ရက်နေ့တွင် ရှော့ဘုရားကျောင်းဆရာတော်သည် နောက်ပါ ဒါယကာရင်းအချို့နှင့်အတူ အနုပညာအကအဖွဲ့ ဖိတ်ကြားရေးကိစ္စ ဆွေးနွေးရန် ရောက်ရှိလာပြန်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နှစ်ဦးနှစ်ဖက် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးမှုဖြင့် စင်ကာပူနိုင်ငံသို့ အနုပညာအကအဖွဲ့ ဖိတ်ကြားတင်ဆက်ရေးမှာ အဆင်ပြေ လမ်းပွင့်သွားတော့သည်။ ညပိုင်းတွင် ရှော့ဘုရားကျောင်းဆရာတော်နှင့်အဖွဲ့သည် အနုပညာအကအဖွဲ့၏ အထူးတင်ဆက်သော "အစမ်းကပြပွဲ"သို့ သွားရောက်အားပေးကြသည်။ ဆက်လက်၍ အနုပညာအကအဖွဲ့ ဖိတ်ကြားရေး မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့ စင်ကာပူနိုင်ငံသို့ သွားရောက်ကပြနိုင်ရေးဆိုင်ရာ အသေးစိတ်လုပ်ငန်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံဒါယကာများ ပူးပေါင်းညှိနှိုင်းကာ စတင်စီမံဆောင်ရွက်ကြလေသည်။

ဌာပနာသွင်း ပူဇော်ခြင်း

ထိုသို့သော ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများ များပြားသည့် အကြားမှပင် အချိန်လှ၍ ရှော့ဘုရားကျောင်းဆရာတော်သည် ပုဂံယဉ်ကျေးမှုဒေသသို့ အလျှဉ်းသင့်သလို ဝင်ရောက်သည်။ ပုံ့သဂ္ဂမဟာထေရ်ဘုရားနှင့် ပြာသာဒ်ကြီးဘုရားနှစ်ဆူ ပြုပြင်မွမ်းမံရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။ တာဝန်ယူဆောင်ရွက်နေကြသည့် အင်ဂျင်နီယာများနှင့် လုပ်သားကြီးများကို ကြည့်ရှုအားပေးသည်။ စေတနာသဒ္ဓါတရား ကုသိုလ်တော်အားဖြင့် စင်ကာပူ၊ ရန်ကုန်၊

ပုဂံယဉ်ကျေးမှုဒေသခရီးစဉ်ကို အိမ်ဦးနှင့်ကြမ်းပြင်ဆိုသည့်စကားရပ်ပမာ လာချင်လျှင် အနီးလေးခရီး ဖြစ်နေပေသည်။

၁၂-၅-၉၀ ရက်နေ့တွင် ရွှေဘုရားကျောင်းဆရာတော် ဦးဆောင်သော ဘုရားဖူးအဖွဲ့သည် ဘုရားဖူးခရီးစဉ်ဖြင့် ပုဂံယဉ်ကျေးမှုဒေသရှိ ဘုရားကြီးနှစ်ဆူပြုပြင်မွမ်းမံရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာကြသည်။ လုပ်ငန်းခွင်၌ တစ်ရာကျော်မျှ မကသော လုပ်သားကြီးများက အားကြီးမာန်တက်လုပ်ကိုင်နေကြသည်ကို အားရဖွယ် တွေ့မြင်ကြရသည်။ ရွှေဘုရားကျောင်း ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများသည် သဒ္ဓါတရား ထက်သန်စွာဖြင့် မိမိတို့၌ ကိုယ်စီဝတ်ဆင်လာကြသော ရွှေလော့ကက်သီး ရွှေဆွဲကြိုး ရွှေလက်စွပ်၊ ရွှေဟန်းချိန်းစသည့် လက်ဝတ်ရတနာပစ္စည်းများကို ချက်ချင်းချွတ်၍ ဌာပနာပစ္စည်းအဖြစ် လှူဒါန်းကြသည်။ရွှေဘုရားကျောင်းဆရာတော်သည် သက်ဆိုင်ရာ အင်ဂျင်နီယာများ၏အကူအညီဖြင့် ဘုရားကြီးနှစ်ဆူနှင့် ဂန္ဓကုဋီတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးများကို ဌာပနာသွင်း၍ လှူဒါန်းပူဇော်ကြသည်။ နောင်တွင် ပြုပြင်မွမ်းမံရေးကာလအတွင်း ၂၁-၁-၉၀ ရက်နေ့၌ ပြာသာဒ်ကြီးဘုရားတွင် ပုတီးရွှေကြိုတ်၊ ရွှေလက်စွပ်စသည့် ရတနာပစ္စည်းစုံပါ ဌာပနာပစ္စည်း ၃ ထုပ်၊ ယင်းနေ့၌ ပုံသဏ္ဌာန်မဟာထေရ်ဘုရားကြီးတွင် ရွှေပြား ရွှေလက်စွပ်စသည့် ရတနာပစ္စည်း ၂ ထုပ်၊ ၁၅-၁၀-၉၀ ရက်နေ့တွင် ပြာသာဒ်ကြီးဘုရားတွင် ရွှေဆွဲပြား ကြိုတ်ရွှေပြားနှင့် ရွှေလက်စွပ်စသည့် ရတနာပစ္စည်းစုံပါအထုပ် ၁၀ ထုပ်တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အင်ဂျင်နီယာများက စနစ်တကျ ဌာပနာသွင်းပူဇော်ခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။ နိဗ္ဗာနပစ္စယော ဟောတုမည်သော လှူဒါန်းပူဇော်မှုကြီးပါတကားဟု ဖွင့်ဆိုရပေမည်။

ရွှေဘုရားကျောင်းဆရာတော်သည် ဘုရားကြီးနှစ်ဆူ မွမ်းမံပြုပြင်ရေးလုပ်ငန်းခွင်၌ တာဝန်အသီးသီးကို တာဝန်ယူ လုပ်ကိုင်နေကြသည့် အင်ဂျင်နီယာများနှင့် ကာယ၊ ဉာဏလုပ်သားကြီးများကို တာဝန်အဆင့်အလိုက် အနည်းဆုံး ငွေကျပ် ၁၅၀၀၀/၊ ၂၀၀၀၀/၊ ၃၀၀၀၀/ စသည်ဖြင့် လုပ်အားဂုဏ်ပြုဆုအဖြစ် တစ်ဦးချင်းကို အားပေးချီးမြှင့်ခဲ့သည်။

၁၃-၅-၉၀ ရက်နေ့၌ ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူး

အဖွဲ့သည် ပုဂံယဉ်ကျေးမှုဒေသမှ မန္တလေးမြို့သို့ ပြည်တွင်းလေကြောင်း ခရီးစဉ်ဖြင့် ရောက်ရှိကြ၍ တန်ခိုးကြီးဘုရားစေတီများကို လှည့်လည်ဖူးမြော် လှူဒါန်းကြသည်။ ၁၄-၅-၉၀ ရက်နေ့ နံနက်ပိုင်း၌ မဟာမုနိရပ်ရှင်တော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်များက မဟာမုနိရပ်ရှင်တော်မြတ်၌ အလေးချိန် (၃/) သားစီရှိ ရွှေစင်ရွှေပြား အချပ် ၂၀ နှင့် အလေးချိန် (၃/) သားရှိ ရွှေဆွဲကြိုး ၂ ကုံးတို့ကို လှူဒါန်းပူဇော်ကြသည်။ ဆက်လက်၍ မန္တလေးမြို့ပေါ်နှင့် နီးစပ်ရာနေရာများကို လှည့်လည် လေ့လာကြည့်ရှုကြသည်။

စတင်ပြုပြင် လှူဒါန်းစဉ်

၁၅-၅-၉၀ ရက်နေ့ နံနက်ပိုင်းတွင် ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့သည် မန္တလေးမြို့မှ ရန်ကုန်မြို့ သို့ ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိကြသည်။ ယင်းနေ့ နေ့လယ် ၁း၃၀ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ညှိုခန်းမဆောင်၌ ကျင်းပပြုလုပ်သော အလှူငွေပေးအပ်လှူဒါန်းပွဲသို့ ရွှေဘုရားကျောင်းဆရာတော်နှင့် ဒါယကာရင်းများ၊ ဒေသခံဒါယကာများ စုံညီစွာ တက်ရောက်ကြသည်။ အခမ်းအနားတွင် ရွှေဘုရားကျောင်း ဆရာတော်က ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးထံ ပုဂံယဉ်ကျေးမှုဒေသရှိ ပြာသာဒ်ကြီးဘုရား ပြုပြင်မွမ်းမံရန်အတွက် အလှူငွေ ကျပ်သိန်း ၁၀၀၊ ပုံ့သက္ကမဟာထေရ်ဘုရားကြီးပြုပြင်မွမ်းမံရန်အတွက် အလှူငွေ ကျပ်သိန်း ၅၀၊ သာကေတမြို့နယ် ပထမ သီလရှင်များသင် ပညာရေးကျောင်း၊ ၄က်ပျောကျွန်း သီလရှင်စာသင်တိုက်ရှိ မိဘမဲ့ကလေးများအတွက် ထောက်ပံ့လှူဒါန်းငွေ ကျပ်သိန်း ၅၀ တို့ကို ပေးဒေါ်လှူဒါန်းရာ ဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်သည်။ ယခုပေးအပ်လှူဒါန်းသော ကုသိုလ်တော်လှူဒါန်းမှုက ရွှေဘုရားကျောင်း ဆရာတော်ကြီးသည် ဘာသာရေးဆိုင်ရာ လှူဒါန်းမှု သာမက၊ ဆက်နွယ်သော လူမှုရေးဆိုင်ရာ မိဘမဲ့ကလေးများ ပညာရေးနှင့် ပြုစုပျိုးထောင်ရေးကိုလည်း အလေးအနက် ဂရုထားလျက် လှူဒါန်းမှုပြုကြောင်း

ကို သိရှိရသည်။

အနုပညာ တင်ဆက်ရာ

၂၅-၅-၉၀ ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ခေါင်းဆောင်သော အဖွဲ့ဝင် ၂၀ ဦးပါဝင်ကြသည့် "မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့"သည် စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။ ခရီးစဉ်စတင်ထွက်ခွာသည့် ၂၅-၅-၉၀ ရက်နေ့မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည့် ၀ ရက်တာ "မြန်မာ့ ယဉ်ကျေးမှုအကအဖွဲ့"၏ အသွားအပြန် ကုန်ကျစရိတ်အဝဝတို့ကို ရှေ့ဘုရားကျောင်းဆရာတော် အမှူးပြုသော မေတ္တာတော်အသင်းကြီး "METTA WELFARE ASSOCIATON" က ကျခံ ဖိတ်ကြားခြင်း ဖြစ်သည်။ ရှေ့ဘုရားကျောင်းဆရာတော်အား အမှူးထား၍ ယူနိုက်တက်ခရီးသွား လုပ်ငန်းကုမ္ပဏီ (စင်ကာပူ)၊ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း၊ မြန်မာနိုင်ငံ ပြည်တွင်းမှ ဗိမိတို့ ဆရာအေးရှ ခရီးသွား ကုမ္ပဏီ လိမိတက်၊ အီကွေတိုးရီးယားဟိုတယ်နှင့် ဆီဒိုးနားဟိုတယ်တို့မှ ပူးပေါင်း ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည်။

၂၇-၅-၉၀ ရက်နေ့တွင် GOLDEN THEATRA တတိယထပ်တွင် မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့သည် ညပွဲ ကပြကြရသည်။ ည ၇:၃၀ နာရီအချိန်တွင် စင်ကာပူနိုင်ငံ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီး Mr YEO CHEOW TONG ရောက်ရှိလာပြီးနောက် အခမ်းအနားကို စတင်သည်။ အခမ်းအနား၌ ရှေ့ဘုရားကျောင်း ဆရာတော်ကြီးက "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ အေးချမ်းသာယာမှု ရှိပုံ၊ သာသနာတော်ကြီး စည်ပင်ထွန်းကား၍ တန်ခိုးကြီးဘုရားစေတီများကို ပူးမြော်ကြရပုံ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများက ဂရုတစိုက် ဦးဆောင်စီစဉ်ပံ့ပိုးပေးကြပုံ၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးသားမှုနှင့် အကူအညီပေးကြပုံ၊ ယဉ်ကျေးမှုအကအဖွဲ့ ဖိတ်ကြားရပုံ" တို့ကို အကျယ်တဝင့် ရှင်းလင်းမြွက်ကြားသည်။ ဆက်လက်၍ ဝန်ကြီး ရှေ့ဘုရားကျောင်းဆရာတော်နှင့် မြန်မာ့ယဉ်ကျေးမှုအက အဖွဲ့ ခေါင်း

ဆောင်တို့သည် ဂုဏ်ပြုလက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက်မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့က အဖွင့်တီးလုံးကို မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် တီးမှုတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မြိုင်မြိုင်ဆိုင်ဆိုင် သွက်သွက်လက်လက် ကပြရသည့် ပွဲဦးထွက် အပျိုတော်အက၊ နန်းဘုံသီဟာဗွေ အက၊ ကုန်းဘောင်ခေတ်နန်းတွင်းအက၊ ပုဂံနန်းတွင်းအက၊ မြူးမြူးကြွကြွ ဇော်အက စသည့်ကကွက်များကို တင်ဆက်ကပြကြသည်။ ခေတ္တနားခြိန်တွင် ဝန်ကြီးနှင့် ရွှေဘုရားကျောင်းဆရာတော်အဖွဲ့သည် ဇာတ်ခုံစင်မြင့်ပေါ်သို့ တက်ရောက်လာကြပြီး အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အဖွဲ့ဝင်များကို တစ်ဦးချင်း နှုတ်ဆက်၍ အားပေးမှု ပြုသည်။

ဒုတိယပိုင်းကို ဆက်လက်တင်ပြရာ ကျောက်ဆည် ဆင်အက ကကွက်များကို လက်ခုပ်သံတည်ညံဟု ဆိုရလောက်အောင် တစ်ခဲနက် အားပေးကြသည်။ အထူးအားဖြင့် မြန်မာတို့၏ နစ်သစ်ဦးအခါ မြန်မာ့ရိုးရာ သင်္ကြန်ပွဲနှင့် သင်္ကြန်နှစ်ဦးယိမ်းအကကို မြန်မာတို့နှုတ်ဖျားမှပင် ရေပန်းစား ကျော်ကြားသည့် "မြနန္ဒာ၊ တူးပို့ - တူးပို့" သီချင်းများဖြင့် တင်ဆက်ကပြရာ စင်ပေါ်စင်အောက် အပြန်အလှန် လက်ခုပ်သြဘာသံများဖြင့် မြန်မာ့ယဉ်ကျေးမှု အကအဖွဲ့၏ တစ်ညတာ ကပွဲကို အောင်မြင်စွာ တင်ဆက်ကပြနိုင်ခဲ့လေသည်။

ရွှေဘုရားကျောင်းဆရာတော် အမှူးပြုသော မေတ္တာတော်အသင်းကြီးကား အိမ်ရှင်၏ ဧည့်ဝတ်များကို ကျေပွန်လှသည်။ ယဉ်ကျေးမှုအကအဖွဲ့၏ ကပြတင်ဆက်မှု အပိုင်းဆိုင်ရာ လိုအပ်ချက်များကို အနီးကပ်ပံ့ပိုး ဖြည့်ဆည်းပေးသည်။ ကပွဲမရှိသည့်ကြားရက်များ၌ အချိန်ရရှိလျှင် ရရှိသကဲ့သို့ အကအဖွဲ့ဝင်များအား စင်ကာပူမြို့ရှိ လေ့လာကြည့်ရှုသင့်သည့် နေရာများကို ပို့ဆောင်၍ စားကောင်းသောက်ဖွယ်များဖြင့် ကျွေးမွေးဧည့်ခံခြင်းဖြင့် အထူးဂရုစိုက်ကြသည်။

၃၁-၅-၉၈ ရက်နေ့ နံနက်တွင် မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့သည် "HEARTS DE LOTUS'98" ပွဲတော်ကြီး ကျင်းပမည့် "WEST ENTRANCE PLAZA & SHORE GARDENAT NATIONAL STADIUM" သို့ ကြွတင်သွားရောက်ပြီး အသင့်စီစဉ်နေရာယူထားကြရ

သည်။ နံနက် ၇ နာရီအချိန်တွင် စင်ကာပူနိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု အနုပညာဝန်ကြီးနှင့် ကုန်သွယ်ရေးနှင့် စက်မှုဒုတိယဝန်ကြီး BG (Ns) GEORGE YEO ရောက်ရှိလာသည်။ ရွှေဘုရားကျောင်းဆရာတော်နှင့်အတူ ဂုဏ်ပြုစင်မြင့်ပေါ်မှ ဖွင့်ပွဲအလံတော်ကို ဝေ့ယမ်းကာ ပွဲတော်ကြီးကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဝန်ကြီး၊ ဆရာတော်နှင့် ညွှန်ကြားတော်များသည် ဥယျာဉ်မြို့တော်ပြခန်းကို ကြည့်ရှုကြသည်။ ဆက်လက်၍ ပြခန်းဆောင်အမှတ် (၂) ၌ ခင်းကျင်းပြသထားသော "MYANMAR MALL" ကို ကြည့်ရှုအားပေးကြသည်။ ပြခန်းဆောင်အတွင်း မြန်မာ့ယဉ်ကျေးမှုအကအမွှဲ့က စီစဉ်ခင်းကျင်းထားသည့် မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် ကျောက်ဆည် ဆင်ပြူတော်အကအမွှဲ့၊ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း ယူနိုက်တက်ခရီးသွားလုပ်ငန်း (စင်ကာပူ)၊ မြန်မာနိုင်ငံမှ ဆီဒိုးနားဟိုတယ်၊ အီကွေတိုးရီးယားဟိုတယ်နှင့် မိမိတို့၏ဆရာအေးရှခရီးသွားလုပ်ငန်းကမ္ဘာ့ကိလိမိတက်တို့မှ ခင်းကျင်းပြသထားသော လုပ်ငန်းဆိုင်ရာ ပြကွင်းပြကွက်များ၊ ရိုးရာပစ္စည်းများနှင့် ရိုးရာအစားအစာတည်ခင်းမှုတို့ကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ ယင်းနောက် အဆောင် (၉) ကပွဲ ခန်းမဆောင်၌ ပြန်လည်စုဝေးကြသည်။

ကပွဲခန်းမဆောင်အတွင်း၌ ဝန်ကြီး၊ ရွှေဘုရားကျောင်းဆရာတော်နှင့် ညွှန်ကြားတော်များ နေရာယူပြီးနောက် ဝန်ကြီးနှင့် ဆရာတော်တို့က စင်မြင့်ပေါ်ရှိ မင်္ဂလာမောင်းကို တီး၍ ကပွဲကို ဖွင့်လှစ်ပေးသည်။ ကပွဲ၌ တရုတ်ရိုးရာ နဂါးအက၊ ဓားသိုင်းအက၊ ပေကျင်းအော်ပရာအကနှင့် ဂျပန်ရိုးရာအကများကို ကပြတင်ဆက်ကြသကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအန ပညာ အကအမွှဲ့က ဦးရွှေရိုး-ဒေါ်မိုးအက၊ ပုဂံနန်းတွင်းအက၊ ကျောက်ဆည်ဆင်အက၊ မြန်မာ့ရိုးရာသင်္ကန်းပွဲတော်အကများဖြင့် မြူးမြူးကြွကြွ မြိုင်မြိုင်ဆိုင်ဆိုင် အကြိမ်ကြိမ်တင်ဆက်ကပြကြရသည်။ ပွဲတော်လာ ပရိသတ်အပေါင်းတို့က သြဘာလက်ခုပ် သဲ့တည့်ညံ့ဖြင့် သောင်းသောင်းဖြဖြ အားပေးကြသည်။ မြန်မာ့အနုပညာအကအမွှဲ့သည် အောင်မြင်စွာ ကပြတင်ဆက်ကြပြီး မြန်မာ့ဂုဏ်ကို ဆောင်နိုင်ခဲ့ကြ

သည်။ အကျိုးဆက်အဖြစ် စင်ကာပူနိုင်ငံသား ဦးပရိသတ်နှင့် ပွဲတော်လာ အနောက်နိုင်ငံသားများသည် မြန်မာ့ယဉ်ကျေးမှုအနုပညာကို လေ့လာကြည့်ရှုခွင့် ရရှိကြသည်။ ယဉ်ကျေးမှုအနုပညာအကအဖွဲ့၏ တင်ဆက်မှုကို ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်ပေးရှိ မြန်မာ့ယဉ်ကျေးမှုအနုပညာကို ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့် သိရှိခွင့်ရရှိကြသည်။ မြန်မာတို့၏ ဘာသာရေးနှင့် ယဉ်ကျေးမှု အနုပညာကိုသာမက မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကိုပါ အထောက်အကူပြုနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာ့ယဉ်ကျေးမှုအဖွဲ့၏ တင်ဆက်မှုကို ခြုံငုံလေ့လာသုံးသပ်ပါက "ထူးခြားအောင်မြင်သော ယဉ်ကျေးမှု အနုပညာ တင်ဆက်မှုခရီးစဉ်" ဟု ဂုဏ်ပြုမှတ်တမ်းတင်ကြရမည် ဖြစ်ပေသည်။

သာသနာပြုယာဉ် လှုံ့ဆော်နိုးအစဉ်

ယင်းသို့သော ကာလအတွင်းမှာပင် ရွှေဘုရားကျောင်းဆရာတော်သည် သီတင်းသုံးဖော် ညီနောင်ရင်းချာပမာ အကျွမ်းတဝင် လေးစားမှုပြုသည့် မန္တလေးမြို့၊ မဟာမုနိရုပ်ရှင်တော် ရေတော်ဆရာတော် ဘဒ္ဒန္တပညာဝံသ၏ သာသနာပြု လုပ်ငန်းတွင် အသုံးပြုနိုင်ရန်အတွက် မော်တော်ယာဉ်တစ်စီးကို စင်ကာပူနိုင်ငံမှ တင်ပို့လှူဒါန်းလိုကြောင်း ဆန္ဒပြုလာသည်။ ရွှေဘုရားကျောင်းဆရာတော်၏ ဆန္ဒနှင့်အညီ မိမိတို့ဒေသခံ ဒါယကာများက သက်ဆိုင်ရာဌာနအဖွဲ့အစည်းများထံ ဆက်သွယ်တင်ပြ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အလျောက် ရေတော် ဆရာတော်ဘုရားထံသို့ ငွေကျပ် သိန်း ၆၀ တန် မော်တော်ယာဉ်တစ်စီးကို အခ်ိန်မီ ပို့ဆောင်လှူဒါန်းနိုင်ခဲ့လေသည်။

ထပ်တိုးဒါန လှူခွင့်ရ

ရွှေဘုရားကျောင်းဆရာတော်သည် များပြားလှစွာသော လုပ်ငန်းများ အကြားမှပင် ပုဂံယဉ်ကျေးမှုဒေသရှိ ဘုရားကြီး နှစ်ဆူ မွမ်းမံပြုပြင်ရေးကို မျက်ခြည်မပြတ် အလေးဂရုထားသည်။ ထို့ကြောင့်ပင် ပြုပြင်မွမ်းမံနေဆဲ ပုံသဏ္ဌာန်မဟာထေရ်ဘုရား ကြီး၌ ထပ်တိုးလုပ်ငန်းတစ်ခု ပေါ်ပေါက်လာသည့်အခါ

"အလှူအတန်း လက်မနေးစတမ်း" ဆိုသည့်စကားရပ်ပမာ ဒါန ကုသိုလ်တော် ဆက်ပြန်သည်။ ၁၃-၈-၉၈ ရက်နေ့ ညနေပိုင်း၌ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးထံ ပုံသဏ္ဌာန်မဟာထေရ်ဘုရားကြီး ရင်ပြင်တော်နှင့် မဟာရံတံတိုင်း ပြုပြင်ရန် လိုအပ်ငွေကျပ် ၁၈ သိန်းကို ရွှေဘုရားကျောင်းဆရာတော်က ပေးအပ်လှူဒါန်းခဲ့လေသည်။ ရွှေဘုရားကျောင်းဆရာ တော်သည် လုပ်ငန်းတိုး၍ စေတနာတိုးကာ ထပ်တိုးဒါနအဖြစ် လှူဒါန်းရသည်ကိုပင် ရောင့်ရဲတင်းတိမ်နိုင်ခြင်း မရှိဘဲ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပုဂံယဉ်ကျေးမှုဒေသ၌ ထပ်မံ ပြုပြင်မွမ်းမံသင့်သည့်ဘုရားစေတီစာရင်းကို ထပ်မံပြုစုပေးရန် ဆန္ဒပြုပြန်သည်။ အလှူရေစက် လက်နဲ့မကွာဟု ဆိုရပါချေမည်။

အောင်ပွဲမင်္ဂလာ ရည်မှန်းကာ

ရွှေဘုရားကျောင်းဆရာတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို ကြည်ညိုသဒ္ဓါစိတ်ဖြင့် ကုသိုလ်တော်များ လှူဒါန်းမှုပြုရင်း မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်ပင် ရောက်ရှိနေသည်။ ထိုကြောင့်ပင် မြန်မာတို့၏ ဘာသာသာသနာရေး ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးထမ်းစဉ်လာများနှင့် အကျွမ်းဝင်စပြုနေပြီဖြစ်သည်။ ပုဂံယဉ်ကျေးမှုဒေသ၌ ပြုပြင်မွမ်းမံနေသည့် ဘုရားကြီးနှစ်ဆူ၏ လုပ်ငန်းများ မကြာမီကာလအတွင်း ပြီးစီးအောင်မြင်တော့မည် ဖြစ်သည်။ ယင်းဘုရားကြီးနှစ်ဆူ မွမ်းမံပြီးစီးပါက ဗုဒ္ဓဘာသာမြန်မာတို့၏ ထုံးထမ်းစဉ်လာနှင့် အညီ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ရန်ဟူသော ရည်မှန်းချက်ဖြင့် ဆရာတော်သည် ဆက်လက်ကြိုးပမ်းပြန်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပံ့ပိုးစီစဉ်မှု၊ သာသနာရေးဝန်ကြီးဌာန၏ ပေါင်းစပ်ကူညီမှုတို့ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးကြသည်။ ၁၉၉၈ ခုနှစ်၊ သြဂုတ်လအတွင်း၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံ၍ ဘုရားကြီးနှစ်ဆူ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲနှင့်အတူ "သာသနာပြုအောင်ပွဲမင်္ဂလာ" ပွဲကြီးအဖြစ် ထိုက်ထိုက်တန်တန် ကုသိုလ်တော်များ လှူဒါန်းပူဇော်နိုင်ရေးနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်နိုင်ရေး

အတွက် ညှိနှိုင်းဆွေးနွေးကြသည်။ တစ်ဖက်မှလည်း ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ပုဂံယဉ်ကျေးမှုဒေသတွင် အဓိက တာဝန်ယူ ဆောင်ရွက်ရမည့်လုပ်ငန်းကဏ္ဍများကို အချိန်မီ ကြိုတင်စီမံဆောင်ရွက်ပြီးစီးနိုင် ရေးအတွက် ညှိနှိုင်းမှု ပြုကြသည်။ "သာသနာပြုအောင်ပွဲမဂ်လာ" အဖြစ် ရွှေဘုရားကျောင်းဆရာတော်ကြီး၏ ကုသိုလ်တော် ရည်မှန်းချက်က ကြီးမားသကဲ့သို့ မျှားပြားလှသည်။ ဘုရားကြီးနှစ်ဆူ ဗုဒ္ဓါဘိသေကအနေကဇာ တင်လှူပူဇော်မည်။ သာသနာပြု အောင်ပွဲမဂ်လာအဖြစ် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ သံဃာတော်အရှင်မြတ်အပါး ၅၀၀၀ တို့ကို ဆွမ်းဆန်စိမ်း လောင်းလှူ ပူဇော်ကြမည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးကို မွန်မွန်မြတ်မြတ် ထိုက်ထိုက်တန်တန် လှူဒါန်းမည်။ သာသနာ့မှတ်တိုင်အဖြစ် စိုက်ထူဖွင့်လှစ်မည့် ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်ကြီး၌ ဦးဦးဖျားဖျား လှူဒါန်းမည် စသည် စသည်ဖြင့် ရည်မှန်းလှူဒါန်းကြမည့် ကုသိုလ်တော်များက များလှပါဘိ။ ရွှေဘုရားကျောင်းဆရာတော်ကြီး၏ သဒ္ဓါဆန္ဒများ ပြည့်ဝစေရန် မိမိတို့ ဒေသခံဒါယကာများက အနီးကပ် ပါရမီဖြည့်ဆည်းပေးကြရသည်။ တစ်ဖက်မှလည်း သာသနာပြု အောင်ပွဲမဂ်လာကုသိုလ်တော် လှူဒါန်းပွဲကြီးသို့ အားခဲတက်ရောက်လာကြမည့် ရွှေဘုရားကျောင်းဆရာတော် အမှူးပြုသော ဘုရားဖူးအဖွဲ့ကြီး၏ မြန်မာနိုင်ငံ ခရီးစဉ်အတွက် စီစဉ်ဆောင်ရွက်ပေးကြရမည့်လုပ်ငန်းများကလည်း မနည်းလှ ချေ။ လုပ်ငန်းများက ဝိုင်းဝိုင်း လည်နေသည်။ သို့သော် ကုသိုလ်စိတ်ဖြင့် မပင်မပန်း ရှင်လန်းစွာဖြင့် ဇောက်ချ ဆောင်ရွက်ကြရသည်။

ဘွဲ့ထူးဂုဏ်အင် မှတ်တမ်းတင်

၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဘုရားဖူးခရီးစဉ်ဖြင့် စတင်ရောက်ရှိခဲ့ပြီး ဘုရားဖူးအဖွဲ့များဖြင့် နှစ်စဉ်မပျက် အကြိမ်ကြိမ်လာရောက်လျက် ရှိသည့် သာသနာပြုပုဂ္ဂိုလ်၊ သက်ဆိုင်ရာများ၏ ပံ့ပိုးကူညီမှုဖြင့် တန်ခိုးကြီးဘုရားစေတီများနှင့် ဘာသာရေး သာသနာရေး လူမှုရေးစသည့်ကဏ္ဍများ၌ ငွေကျပ်သိန်းရာပေါင်းများစွာ လှူဒါန်းလျက်ရှိသော ပြည်ပသာသနာပြု ပုဂ္ဂိုလ်၊ ထိုသို့လျှင် ထင်ရှားသည့်ပုဂ္ဂိုလ်သည်ကား စင်ကာပူနိုင်ငံ၊ ဗုဒ္ဓဘာသာရွှေဘုရားကျောင်း

ဆရာတော်ကြီးပင် ဖြစ်ပေသည်။

ထို့ကြောင့်ပင် ပြည်ပသာသနာပြု အရှင်ရွှေဘုရားကျောင်း ဆရာတော်ကြီးလို ဂုဏ်ပြုပူဇော်ထိုက်သူအား ဂုဏ်ပြု ပူဇော်ခြင်းအဖြစ် သာသနာပြုဆိုင်ရာ ဂုဏ်ထူးဘွဲ့တံဆိပ်ဖြင့် ဆက်ကပ်နိုင်ရန် လိုအပ်လာသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် သာသနာရေး ဝန်ကြီးဌာနသို့ ရွှေကျောင်းဆရာတော်၏ ကိုယ်ရေးအချက်အလက်များ ပြုစုတင်ပြရန် အခွင့်အရေး ကြုံလာသည်။ ဤတွင် ဒါရိုက်တာအဖွဲ့၏ တာဝန်ပေးအပ်မှုဖြင့် ဆရာတော်ကြီး၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းကို အချိန်မီရေးသား ပြုစုလျက် ၂၂-၉-၉၈ ရက်နေ့တွင် သာသနာရေးဝန်ကြီးဌာနသို့ တင်ပြနိုင်ခဲ့သည်။ နောင်တွင် လိုအပ်သည့် အချက်များကို လေ့လာဖြည့်စွက်ပြီး ရွှေဘုရားကျောင်းဆရာတော်၏ ထေရပွတ္တိကို ဖတ်ရှုလိုသူများအတွက် ဆောင်းပါးအဖြစ် ရေးသားပူဇော်ခဲ့သည်။ ရွှေဘုရားကျောင်းဆရာတော်ကြီး၏ ထေရပွတ္တိအကျဉ်းကို လေ့လာကြည်ညိုနိုင်ရန် တင်ပြလိုက်ရပါသည်။

ကြည်ညိုဖွယ်ရှိ ထေရပွတ္တိ

ရွှေဘုရားကျောင်းဆရာတော်လောင်းလျှာ သတိုသားငယ်ကို ခမည်းဆက် MR. LAI BAO LONG နှင့် မယ်တော် MDM. LIMCAIJAIO တို့က ၂၂-၆-၁၉၅၉ ရက်နေ့တွင် အမှတ် ၉၁၂ (စီ)၊ အကွက် ၉၇၊ ကွင်းစ်တောင်း စင်ကာပူမြို့၌ ဖွားမြင်ခဲ့သည်။ ငယ်မည်ကား "လိုင်မင်ဝါ" (LAI MENG WAH) ဖြစ်သည်။ မွေးချင်းရင်းချာများအနေဖြင့် အစ်မ ၃ ဦးနှင့် အစ်ကို ၆ ဦးရှိကြရာ သတိုသားငယ် လိုင်မင်ဝါမှာ အထွေးဆုံး သားငယ်လေး အဖြစ် အစ်ကိုကြီး အစ်မကြီးတို့၏ အချစ်ဆုံးသား ရတနာလေး ဖြစ်သည်။ နောင်တွင် သားချင်းရင်းချာဦးရေ များပြားသည့် သတိုသားငယ် လိုင်မင်ဝါကို မွေးစားခမည်းတော် Mr. LAIGUHLONG နှင့် မွေးစား မယ်တော် MDM. THANCHOIPING တို့က ရယူမွေးစားခဲ့သဖြင့် မွေးစား ဗိဘနှစ်ပါး၏ ပြုစုပျိုးထောင် ယုယမှုကို ခံယူကာ အရွယ်ရောက်ခဲ့သည်။ ငယ်ရွယ်စဉ်အခါက

ပင် "တစ်မိပေါက် တစ်ယောက်ထွန်း" ဆိုသည့်စကားပမာ ထူးထူးခြားခြား ဘာသာ သာသနာတော်ကြီးကို ကြည်ညိုသဒ္ဓါစိတ်ဆန္ဒတော် ပြင်းပြ ကြီးမားလှသည်။ ဤသို့လျှင် ပါရမီတော်အဟုန်ဖြင့် ၁၀-၈-၁၉၇၉ ရက်နေ့တွင် စင်ကာပူမြို့၌ လုံစန်းဗုဒ္ဓဘာသာကျောင်းဆရာ တော် "မီယိုဟွာ" ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ရဟန်း တော်ဘွဲ့အမည်မှာ "ဗင်ရှီဖာဇော့ (ဝါ) ဖာဇော့ဇင်ကောင်း" (SHI FA ZHAO (a) FA ZHAOXING GUANG) ဖြစ်သည်။

သာသနာ့ဘောင်သို့ ရောက်ရှိစကာလမှာပင် ဗင်ရှီဖာဇော့သည် ဘာသာ သာသနာတော်ကို ကြည်ညိုစိတ်နှင့် ခေတ်ပညာတတ်အမြင်တို့ ပေါင်းစပ်လျက်၊ ဓမ္မစာပေအဆင့်ဆင့်တို့ကို လေ့လာသင်ယူခြင်း၊ ဓမ္မရေးရာအဖြာဖြာတို့ကို လေ့လာဆည်းပူးခြင်းဖြင့် ကြီးပမ်းအားထုတ်တော်မူလေ့ ရှိသည်။ ကြီးပမ်းအားထုတ်မှု၏ ရလဒ်အဖြစ် သံဃာတော်ဂိုဏ်းဆိုင်ရာ အကြီးအကဲ ထေရ်ကြီး၀ါကြီး ဆရာတော်ကြီးများ၏ ချီးမြှောက်ထောက်ပံ့မှုဖြင့် စင်ကာပူမြို့ စိုဂိုင်ဗုဒ္ဓဘာသာကျောင်းတော်၌ "ကြီးကြပ်အုပ်ချုပ်သူ ဆရာတော်" အဖြစ် တာ၀နေ်ပေးခန့်အပ်ခြင်း ခံရသည်။ ထိုသို့သော အချိန်ကာလများအတွင်းမှာပင် စင်ကာပူ၊ တရုတ်၊ သီရိလင်္ကာနှင့် တရုတ်(တိုင်ပေ)တို့၌ သီတင်းသုံးတော်မူလျက် ရှိကြသော ဓမ္မကျမ်းစာပေအရာ၌ ကျွမ်းကျင်တော်မူကြသည့် ဆရာတော်ကြီးများထံတော်၌ ဓမ္မစာပေများကို ကျမ်းပေါက် သင်ယူနိုင်ခဲ့သည်။

ဤသည်တို့၏အကျိုးဆက်နှင့် ဆရာတော်ကြီးများ၏ ချီးမြှောက်ထောက်ပံ့မှုတို့ဖြင့် "ဗုဒ္ဓဘာသာရွှေဘုရားကျောင်းတော်" (GOLDEN PAGODA BUDDHIST TEMPLE) ကို တည်ထောင်ရန် စီမံဆောင်ရွက်ခွင့် ရရှိခဲ့သည်။ ဆရာတော် ရှီဖာဇော့သည် ရည်မှန်းချက်ကြီးမားသော ပုဂ္ဂိုလ်ဖြစ်သည်။ "အကျိုးအမြတ်ကို မမျှော်ကိုး၊ သာသနာတော်ကြီး၏ အကျိုးကို သယ်ပိုးမည်" ဟု စိတ်ဝယ်ရည်သန်အဓိဋ္ဌာန်ဖြင့် လူမှုရေးနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းကြီးအဖြစ် ရွှေဘုရားကျောင်း တော်ကို တည်ထောင်ခြင်းဖြစ်ကြောင်း

ရွှေဘုရားကျောင်းဆရာတော်၏ မိန့်ကြားချက်အရ သိရှိမှတ်သားခဲ့ရပါသည်။

ရွှေဘုရားကျောင်းဆရာတော်သည် မွန်မြတ်သော ရည်မှန်းချက်ကြီး အောင်မြင်ရန်အလို့ငှာ အဓိကလုပ်ငန်းစဉ်များ အဖြစ် -

- ဓမ္မဒေသနာတော် ဗုဒ္ဓစာပေများ ပြန့်ပွားစေရန်၊
- လူမှုရေးနှင့်ပညာရေး တိုးတက်စေရန်၊
- ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာများ တိုးတက်လှုပ်ရှားမှု ရှိစေရေး အတွက် ဆောင်ရွက်ရန်၊
- လှူဒါန်းမှုနှင့် လူမှုရေးဆိုင်ရာ စည်းရုံးမှုများကို ထောက်ကူပေးရန်၊
- ဆင်းရဲသူများ၊ ကျန်းမာရေး ချို့တဲ့သူများ၏ သက်သာချောင်ချိရေးနှင့် ပြုစုရေးအတွက် ပါဝင်ဆောင်ရွက်ပေးရန်

ဟူ၍ အတိအကျ သတ်မှတ်ထားရှိသည်။ မဟာယာနဗုဒ္ဓဘာသာဝင်ဖြစ်သော ဆရာတော် ရှိဖာဇော့အဖို့ မိမိ၏ရည်မှန်းချက် လုပ်ငန်းစဉ်များ ပေါက်မြောက် အောင်မြင်အောင် ဆောင်ရွက်ရန် ဝိုမိုအခွင့်သာသည်ဟု ဆိုရပေမည်။

စင်ကာပူမြို့၊ အပြည်ပြည်ဆိုင်ရာ ချန်ဂီလေဆိပ်အနီးရှိ အမှတ် ၇၉၈၊ တိုင်ပိန်းလမ်း၊ စင်ကာပူ (၅၁၈၄၅၈) ၌ ၁-၁-၈၉ ရက်နေ့တွင် အုတ်မြစ်ချ၍ တည်ထောင်ဆောက်လုပ်သည့် "ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်း" လေးထပ် အဆောက်အအုံသစ်သည် အချိန်မီ ဆောက်လုပ်ပြီးစီးခဲ့သည်။ ရေကန်အသင့် ကြာအသင့်ဟု ဆိုရချေမည်။

၂၄-၇-၉၂ ရက်နေ့၌ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းတော်သစ်၏ ပင်မဂန္ဓကုဋိတိုက် ဝတ်ပြုဆောင်၌ "ဗုဒ္ဓရှယ်ပွားဆင်းတုတော်" တည်ထားပူဇော်ပွဲကို ကျင်းပသည့် နေ့ထူးနေ့မြတ်၌ပင် ဆရာတော် ရှိဖာဇော့ကို ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းတော်၏ ကျောင်းထိုင်နာယကဆရာတော်အဖြစ် အခမ်းအနား ဖြင့် တာဝန်အပ်နှင်းခဲ့သည်။

၁၉-၉-၉၂ ရက်နေ့၌ ဗုဒ္ဓဘာသာရွှေဘုရားကျောင်းတော်ကြီး ဖွင့်လှစ်ပွဲ အခမ်းအနားကို ဘာသာရေးထုံးထမ်း စဉ်လာများနှင့်အညီ စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ အခမ်းအနားသို့ ထိုင်း သီရိလင်္ကာ၊ တရုတ်၊ မလေးရှား၊ တရုတ် (တိုင်ပေ)၊ အိန္ဒိယ၊ နီပေါ စသော နိုင်ငံများမှ ထေရ်ကြီးဝါကြီး

သံယာတော်အပါး ၂၀၀ ကျော်တို့ ကြွရောက် ခီးမြှင့်တော်မူခဲ့ကြသည်။

ဤသို့သော ကောင်းမြတ်သည့် အခြေအနေအရပ်ရပ်တို့ကို အခွင့်ကောင်း ပြုလျက် ဆရာတော် ရီဖာဇော့သည် သာသနာရေးနှင့် ဘာသာရေးကို အခြေပြုသော လူမှုရေးပေါင်းစပ်သည့် လုပ်ငန်းစဉ်များကို ချမှတ်ကာ စတင် အကောင်အထည်ဖော် ဆောင်ရွက်တော်မူလေသည်။ ၁၈-၁၁-၉၂ ရက်နေ့တွင် ဗင်ရီဖာဇော့ကို "မေတ္တာတော်အသင်းကြီး" METTA WELFARE ASSOCIATION ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခန့်အပ်ခြင်း ခံခဲ့ရပြန်သည်။ ဤအသင်းကြီးသည် သက်ကြီး ရွယ်အိုများနှင့် ပိုလီယိုစသည့် မသန်စွမ်းသည့် ကလေးသူငယ်များကို လက်ခံစောင့်ရောက်ကျွေးမွေးပြုစု ကုသပေးနေသည့် ပရဟိတအသင်းကြီး ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဆရာတော်သည် ပြည်တွင်းပြည်ပသာသနာပြု ခရီးစဉ်ကို မြေစမ်းခရမ်းပျိုး ဆိုရိုးစကားပမာ ဓမ္မခရီးစဉ်ကို လျှောက်လှမ်းတော့သည်။ ဦးစွာဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူရာ ဗုဒ္ဓဂယာရှိ သံဝေဇနိယ လေးဌာနနှင့် ဗုဒ္ဓဝင်တော်လာ နေရာများကို လှည့်ကြည်ညိုပူဇော်သည်။ သာသနာပြုဓမ္မခရီးစဉ်ကို ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဦးခိုက်ပူဇော် ဖွင့်လှစ်ခြင်းဟု ဖွင့်ဆိုရပေမည်။ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံအပါအဝင် ဗုဒ္ဓဘာသာနိုင်ငံများသို့ အဆက်အစပ်ပြု၍ သာသနာပြု ခရီးကြွရောက်တော်မူသည်။ ခရီးစဉ်တစ်လျှောက်တွင်လည်း သာသနာတော်ကြီးကို အထောက်အပံ့အဖြစ် ကုသိုလ်တော်အစုစုတို့ဖြင့် လှူဒါန်းပူဇော်မြဲ ဖြစ်သည်။

ဆရာတော်သည် ကျောင်းထိုင်နာယကဆရာတော်ဟူသော တာဝန်နှင့် မိမိ၏ရှည်မှန်းချက်လုပ်ငန်းစဉ်များ ပေါက်ရောက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်မှုပြုရာ၌ သက်တော်က ငယ်ငယ်၊ လုပ်ငန်းတွေက အသွယ်သွယ် ဆိုသလို ဖြစ်နေသည်။ သို့သော် အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာ ကြိုးပမ်းဆောင်ရွက်မှု စွမ်းပကားဟု ဆိုရပေမည်။ အထူးသဖြင့် ဆရာတော်သည် ပင်ကိုဓာတ်ခံနှင့် ကျင့်ကြံပွားများ အားထုတ်မှုတို့၏ စရိုက်ပေါင်းစပ်မှု အင်အားဖြင့် မေတ္တာ၊ ကရုဏာတရား အင်အားကြီးမားသော ပုဂ္ဂိုလ်ဖြစ်သည်။ "မျက်နှာတော်မြင်လျှင် ချစ်ခင်ကြည်ညို၊ နိုင်ပါစေ" ဟူသော တောင်းဆုနှင့်ပြည့်စုံသူ ဖြစ်သည်။ ဆရာတော်၏ အစဉ်တည်ငြိမ်

အေးချမ်းနေသည့် မျက်နှာတော် အပြုံးနှင့် ယှဉ်တွဲနေသော ချိုသာသိမ်မွေ့သည့် မြွက်ဟာစကား၊ ဖြူဝင်းသော အသားအရေနှင့် ဝတ်ရုံဆင်မြန်းထားသော ရှေဝါရောင် သင်္ကန်းတို့သည် လိုက်ဖက်ညီ၍ ကြည်ညိုဖွယ်အသွင်နှင့် ပြည့်စုံနေသည်။ အပြောကောင်း၊ အဟောကောင်း၊ ပြောတတ်၊ ဆိုတတ်ဟူသော ခေတ်စကားနှင့် ညီသည်။ ဒါယကာ၊ ဒါယိကာမများ၏ စိတ်သဘောကို သိလွယ်သည်။ ဤကဲ့သို့သော ဂုဏ်အင်္ဂါတို့ကြောင့် ဆရာတော်၏အပါးတွင် ကြည်ညိုသူ ဒါယကာ၊ ဒါယိကာမတို့ဖြင့် ဝိုင်းနေသည်။ ယနေ့အချိန်အခါတွင် လူ့ဒါန်းရမည့် ကုသိုလ်တော်လုပ်ငန်းတစ်ခုအတွက် ဆရာတော်၏သြဝါဒပြု မိန့်သံကြားသည်နှင့် ကုသိုလ်ရယူလူ့ဒါန်းရန် အသင့်စောင့်ကြိုနေကြသော ဒါယကာ၊ ဒါယိကာမများက အနီးတွင် ရာဂဏန်းမက ရှိနေကြသည်။ ဤကား ရှေဘုရားကျောင်း ဆရာတော်မည်သော မြန်မာဗုဒ္ဓဘာသာဝင်များက "ရှေကျောင်းဆရာတော်၊ ရှေကျောင်းဆရာတော်" ဟူ၍ လူသိများ နှုတ်ဖျားတွင် တင်စားခေါ်ဆိုနေကြသည့် စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရှေဘုရားကျောင်းဆရာတော်၏ မရှိမဖြစ် ရှိနေပြီးဖြစ်သည့် ထူးခြားသည့် ဂုဏ်ရည်ဟု ဖော်ညွှန်းက လွန်အံ့မထင်မိပါခေ့။

ဆရာတော်၏ ပြည်ပသာသနာပြုခရီးစဉ်များကို နိုင်ငံအသီးသီးက ကြိုဆိုမှု ပြုကြသည်။ ဆရာတော်၏ လိုအင်ဆန္ဒ ဟူသမျှကို ကြိုးပမ်းဖြည့်ဆည်းပေးကြသည်။ သာသနာတော်ဆိုင်ရာ ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်များ၊ ဓမ္မလက်ဆောင်ပဏ္ဏာများကို ဆက်ကပ်၍ ဂုဏ်ပြုကြသည်။ ဒီမိုကရက်တစ်ဆိုရှယ်လစ် ရိပब्लလစ်သီရိလင်္ကာနိုင်ငံ သမ္မတကြီးက "သာသနာ့ ကီရာသီဆရီ" SASANA KEERTHI SRI ဘွဲ့တံဆိပ်တော်၊ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်က "စော်ခွန်းဗရားပစ်တီတမာနုစစ်" CHAOKUN PHRA VITHETHAMAMUSITH ဘွဲ့တံဆိပ်တော်၊ ထိုင်းဘုရင့်သမီးတော်က "ရှေဓမ္မစကြာဘီး 'DHARMA CAKARA GOLD WHEEL" ဘွဲ့တံဆိပ်တော်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက "မဟာသဒ္ဓမ္မဇောတိကဓဇ" MAHA SADDHM MA JOTIKA DHAJA ဘွဲ့တံဆိပ်တော် အပါအဝင် နိုင်ငံအသီးသီးရှိ နိုင်ငံအကြီးအကဲများ သံယောဇဉ်အစည်းများနှင့် ထင်ရှားသောဆရာတော်ကြီးများက ဘွဲ့တံဆိပ်တော်ပေါင်း မြောက်မြားစွာနှင့် ဂုဏ်ထူးဆောင်တာဝန် ခန့်အပ်ချီးမြှင့်မှုများကို ခံယူရရှိသည့် ဆရာတော်

အဖြစ် ထင်ရှားလျက် ရှိသည်။

မှတ်ချက်။ ။ ယခု ဤစာအုပ်ကို ထုတ်ဝေနိုင်ရန် စီစဉ်နေဆဲအချိန်မှာပင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၀ ဖြင့် စင်ကာပူနိုင်ငံ၊ ဗုဒ္ဓဘာသာ ရွှေကျောင်းဆရာတော် Ven. Shi Fa Zhao အား "အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်" ကို ဆက်သ လုပ်ခါနီးအပ်နှင်းလိုက်ကြောင်း ၄-၁-၂၀၁၀ ရက်နေ့ထုတ် သတင်းစာအသီးသီးတွင် ဖော်ပြပါရှိသည်။

ယခုအခါ ဆရာတော်၏ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များကို ရွှေဘုရားကျောင်း ဆရာတော်နှင့် သီတင်းသုံးဖော် ရဟန်းတော်များ၊ ကျွမ်းကျင်သူများ ဒါယကာ၊ ဒါယိကာမများအား တာဝန်ပေးအပ်ဖွဲ့စည်းထားရှိသည့် (၁) သံဃာနှင့် ဓမ္မရေးရာဆိုင်ရာ ကော်မတီ၊ (၂) အကြံပေးကော်မတီ၊ (၃) အမှုဆောင်ကော်မတီ၊ (၄) စီမံခန့်ခွဲရေး ကော်မတီ၊ (၅) ရွှေ ဘုရားကျောင်း သက်သာချောင်ချိရေး ဆေးခန်းကြီးကြပ်မှု ကော်မတီ၊ (၆) ဆေးခန်းဝန်ထမ်းအဖွဲ့ အပါအဝင် အဖွဲ့အစည်း ၆ ခုဖြင့် အဆင့်ဆင့်သော အချိန်ပြည့်ဝန်ထမ်း ၂၆ ဦးတို့က နေ့စဉ်နေ့တိုင်း ကျောင်းတော်ကြီး၏ အုပ်ချုပ်မှုလုပ်ငန်းအဝဝ တို့ကို စနစ်တကျ စီမံလုပ်ကိုင် ဆောင်ရွက်လျက် ရှိနေကြပြီ ဖြစ်သည်။ လုပ်ငန်းစဉ်များသည် အရိုန်အဟုန်ဖြင့် တိုးတက် အောင်မြင်လျက် ရှိနေသည်။ လုပ်ငန်းဆောင်ရွက်မှု၌ ခေတ်နှင့်အညီ ရင်ပေါင်တန်းလျက် ကွန်ပျူတာနှင့် အင်တာနက် ခေတ်နှင့်အပြိုင် နောက်ဆုံးပေါ် ပစ္စည်း နည်းပညာ၊ ကျွမ်းကျင်သူအပြည့်အစုံဖြင့် ကမ္ဘာနိုင်ငံအသီးသီးတို့နှင့် ဆက်သွယ်ကာ ကြိုးပမ်းဆောင်ရွက်နေသည်မှာ ဂုဏ်ယူဖွယ်ရာ တွေ့မြင်နေကြရသည်။

ရွှေဘုရားကျောင်းဆရာတော်သည် မျှားပြားလှသည့် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းခရီးစဉ်များအကြားမှပင် ဘာသာသာသနာအကျိုးနှင့် အများပြည်သူများအကျိုးအတွက် ပေါင်းစပ်ဆောင်ရွက်မှုကို ရောင့်ရဲတင်းတိမ်ခြင်းမရှိချေ။ ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ဗုဒ္ဓဘာသာပညာရေး ကျောင်းများ ဖွင့်လှစ်ခြင်း၊ ဗုဒ္ဓဘာသာ မဂ္ဂင်း ထုတ်ဝေခြင်း အပါအဝင် တိုးချဲ့လုပ်ငန်းစဉ်များကိုလည်း မလျှော့သော ဇွဲလုံ့လဖြင့် ဆောင်ရွက်

လျက် ရှိနေသည်ကို အစဉ်ကြည်ညို ဂုဏ်ပြုလိုက်ရပေသည်။

သဘာဝဘေး ထောက်ကူပေး

ရွှေဘုရားကျောင်းဆရာတော်၏ တစ်ခုသော မန္တလေးမြို့ ခရီးစဉ်တွင် မမျှော်လင့်ဘဲ သဘာဝဘေးတစ်ရပ်ကို မျက်မြင်တွေ့ကြုံခဲ့ရသည်။ အမရပူရ မြို့နယ်သို့ ဖြတ်သန်းစဉ် အမရပူရမြို့နယ် အနောက်ခြမ်းသို့ မြစ်ရေကြီး၍ ရေဝင်နေပုံ၊ ရေဝင်ဒေသမှ အိမ်ထောင်စုများကို သက်ဆိုင်ရာတို့၏ စီမံကွပ်ကဲမှု လူမှုရေးအဖွဲ့အစည်းများဖြစ်ကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လုပ်သားပြည်သူများက ရေလွတ်ရာသို့ ပြောင်းရွှေ့နေရာချပေးနေကြပုံ၊ ထမင်းထုပ်နှင့် သောက်ရေများ ပေးပို့ဝေငှနေကြပုံကို မျက်မြင်တွေ့ကြုံရသဖြင့် ကရုဏာပွားကာ ရွှေကျောင်းဆရာတော်က အနီးကပ် လိုက်ပါလာသူ ဒေသခံဒါယကာ ဒါရိုက်တာ ဦးထိန်မင်းကို မိန့်ကြားခဲ့သည်။ ဆရာတော်၏ ဆန္ဒနှင့်အညီ ဒေသခံ ဒါယကာ ဦးထိန်မင်းက သက်ဆိုင်ရာများနှင့် ညှိနှိုင်းကြသည်။ ၂၆-၉-၉၈ ရက်နေ့ နေ့လယ် ၁ နာရီအချိန်တွင် အမရပူရ မြို့နယ်၊ ဆင်ဖြူမယ်ကျောင်းတိုက်၌ မန္တလေးမြို့ မဟာမုနိရပ်ရှင်တော် ရေတော်ဆရာတော်ဘုရား၏ ဦးဆောင်မှုဖြင့် ရေဝင်ဒေသ အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့လှူဒါန်းပွဲတစ်ရပ်ကို ကျင်းပနိုင်ခဲ့သည်။ ထောက်ပံ့လှူဒါန်းပွဲ၌ အိမ်ထောင်စုဝင် ၂၅၀ ဦးတို့ကို တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်၊ ငွေကျပ် ငါးထောင်ကိုလည်းကောင်း၊ အမျိုးသမီးရေးရာ စေတနာ ညကျောင်း နေ့ကလေးထိန်းကျောင်းနှင့် မိဘမဲ့ဂေဟာစသည့် လူမှုရေးအဖွဲ့အစည်း ၅ ခုတို့ကို ၅၀၀၀/ မှ ၂၀၀၀/ စီကိုလည်းကောင်း ငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့လှူဒါန်းခဲ့သည်။

ဦးတင်ပူ၏ ကုသိုလ်တော်

ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူစ တဖုံသနှင့်ဘလိုက ကုန်သည် ညီနောင်တို့အား ဗုဒ္ဓဘုရားရှင် ခိုးမြှင့်တော်မူသော ဆံတော်မြတ်တို့ကို ဌာပနာ ပြုလျက် ဥက္ကလာပမင်း နေပြည်တော် (ယခု ရန်ကုန်မြို့ မြန်မာနိုင်ငံ)သို့ကွာရ ကုန်းတော်ထက်၌ တည်ထားကိုးကွယ်ခဲ့သော လေးဆူဓာတ်ပုံရွှေတိုဂုံ စေတီတော်မြတ်ကြီးကို ရှေးမင်းအဆက်ဆက်တို့က အစဉ်အဆက် ရွှေထီးတော်

တင်လျှောပူဇော်ခြင်း၊ ပြုပြင်မွမ်းမံလျှောဒါန်းခြင်းတို့ကို မင်းနှင့်ပြည်သူ ကြည်ဖြူလက်တွဲ ပူဇော်မြဲ ဖြစ်သည်။

၁၉၉၇ ခုနှစ်သည် လေးဆူဓာတ်ပုံ ရွှေတိုဂုံစေတီတော်မြတ်ကြီး၏ သာသနာ့သမိုင်းတစ်ခေတ်ကလွှာသစ်သို့ ရောက်ရှိချိန် ဖြစ်သည်။ ရွှေတိုဂုံစေတီတော်မြတ်ကြီးနှင့် စေတီရံများကို ရွှေသက်နီးတော် ကပ်လှူခြင်းနှင့်စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့ကို စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်သင့်သော အချိန်ကာလသို့ ရောက်ရှိခဲ့သည်။ ရွှေတိုဂုံစေတီတော်မြတ်ကြီး၌ မင်းတုန်းမင်းတရားကြီး တင်လှူပူဇော်ခဲ့သော ရွှေထီးတော်ကြီးမှာ သက်တမ်းအားဖြင့် ၁၂၇ နှစ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ဘာသာ သာသနာဆိုင်ရာ အထွတ်အမြတ်ထား ဆောင်ရွက်ကြရမည့် လုပ်ငန်းကြီးကို ကျွယ်ကျွယ်ပြန့်ပြန့် စနစ်တကျ တာဝန်ယူဆောင်ရွက်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ရွှေတိုဂုံစေတီတော် ဘက်စုံထာဝရမွမ်းမံ တည်ဆောက်ရေးကော်မတီသည် စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခဲ့သည်။ ၂၇-၁၀-၉۷ နေ့မှ စတင်လျက် ရွှေတိုဂုံစေတီတော် ရွှေထီးတော်ကြီး အခြေအနေကို ပဏာမ စစ်ဆေးလေ့လာမှုဖြင့် လုပ်ငန်းများကို ဆက်လက်စီစဉ် ဆောင်ရွက်ခဲ့ကြသည်။ ဤကာလတွင် စင်ကာပူရွှေဘုရားကျောင်းဆရာတော်သည် အလျှဉ်းသင့်သလို မြန်မာနိုင်ငံသို့ ရောက်ရှိလာလေ့ရှိသည်။ ရွှေကျောင်းဆရာတော်ကို ရွှေတိုဂုံစေတီတော်ကြီးသို့ ကုမ္ပဏီဒါရိုက်တာ၊ ဒေသခံဒါယကာများနှင့် စာရေးသူတို့က လိုက်ပါပို့ဆောင်လျက် ကုသိုလ်တော်များ ယူကြမြဲပင် ဖြစ်ကြသည်။

ပူဇော်လှူပွဲ ကြုံဆုံနွဲ့

စင်ကာပူ ရွှေဘုရားကျောင်းဆရာတော်ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံသို့ ရောက်ရှိသည်နှင့် ဦးစွာ လေးဆူ ဓာတ်ပုံရွှေတိုဂုံစေတီတော်မြတ်ကြီးကို ဝတ်မပျက် ဖူးမြော်လှူဒါန်း ပူဇော်လေ့ ရှိသည်။ ရွှေတိုဂုံစေတီတော်မြတ်

ကြီးသည် ရွှေကျောင်းဆရာတော်ကြီး၏ နလုံးသားပုံရိပ်၌ တံဆိပ်ခပ်နိပ်ထား သည့်ပမာ စွဲမြဲကြည်ညိုနေသည်။

၁၉၉၈ ခုနှစ်သည် သာသနာ့သမိုင်းတင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် စေတီရံများကို ရွှေသက်နီးတော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် စိန်ဖူးတော်၊ ငှက်မြတ်နှားတော်၊ ထီးတော် စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်ညွှန်မှု အရ နာယက၊ ဦးစီးကော်မတီ၊ ဆပ်ကော်မတီစသည့် အဖွဲ့အစည်းအသီးသီးတို့ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

အထူးသဖြင့် ရွှေတိဂုံစေတီတော်ကြီးမှာ သက်တမ်း ၁၂၇ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည့်အပြင် ယခင် ရွှေထီးတော်ကြီး ကြဲခိုင်ရေးအတွက် စစ်ဆေး ပြုပြင်ခဲ့သော အင်ဂျင်နီယာပညာရှင်လုပ်ငန်းအဖွဲ့များ၏ သုံးသပ်အကြံပြုချက်များ ကို အလေးဂရုထားလျက် ရွှေထီးတော်ကြီး ကြဲခိုင်ရေးနှင့် စစ်ဆေးပြုပြင်မှု အပိုင်းများကို ပညာရှင်များ ပါဝင်ကြသည့် အဖွဲ့ငယ်အသီးသီးတို့က တာဝန်ယူ ဆောင်ရွက်မှု ပြုကြသည်။ ဤတွင် ပညာရှင်များ၏ စစ်ဆေးတွေ့ရှိ ချက်အရ ထီးတော်ကြီးကို အကြီးစား ပြုပြင်ရန်ဟူသော ရည်မှန်းချက်ဖြင့် စစ်ဆေးပြုပြင်မှု လုပ်ငန်းများကို ဦးတည်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ စစ်ဆေးပြုပြင်မှု လုပ်ငန်း များကို လုပ်ငန်းအဖွဲ့အစည်းအလိုက် ရွှေတိဂုံစေတီတော်ကြီး၌ တာဝန်ယူ ကြီးပမ်း ဆောင်ရွက်နေမှုများကို တွေ့မြင်ခွင့် ရရှိခဲ့သည့် စင်ကာပူ ရွှေဘုရားကျောင်း ဆရာတော်သည် သဒ္ဓါတရား တိုးပွားကာ ပါရမီကုသိုလ်တော်အဟုန်ဖြင့် "တစ်သက် မှာ တစ်ခါ ကြဲဆုံခိုက် လှူလိုက်မဟဲ့" ဟု အားခဲကာ ကြိုးပမ်းတော့သည်။ အထူးသဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သာသနာ့သမိုင်းစဉ် ဖွင့်လှစ်သည့် ကာလသို့ ရောက်ရှိခိုန်သည် ရွှေဘုရားကျောင်း ဆရာတော်၏ မြန်မာနိုင်ငံတော် အတွင်း၌ လှူဒါန်းမှုတော်မည့် "သာသနာပြု အောင်ပွဲမင်္ဂလာ အခမ်းအနားကြီး" ကျင်းပမှုတော်မည့်ကာလနှင့်လည်း ထူးထူးခြားခြား ကြုံဆုံနေသည်။ ကုသိုလ်တော်ကံ တရားကား ကြီးမားလှပေစွတဲ့ ဆိုရပေမည်။ တစ်ဖက်မှလည်း ရွှေဘုရား

ကျောင်း ဆရာတော်ကြီး၏ "သာသနာပြုအောင်ပွဲ မင်္ဂလာ" ကုသိုလ်တော်ပူဇော်ပွဲကြီးအတွက် သာသနာရေးဝန်ကြီးဌာန၏ စီမံကွပ်ကဲမှု၊ ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်း အသီးသီးတို့၏ ပေါင်းစပ်ညှိနှိုင်း ကူညီမှုဖြင့် အချိန်မီ လုပ်ငန်းကိစ္စအဝဝတို့ကို စီမံပြီးစီးခဲ့၍ အသင့်အနေအထားသို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဖွင့်လှစ်ကြည်ညို သာသနာ့တက္ကသိုလ်

၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဖွင့်ပွဲအခမ်းအနားကြီးကို သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူကြီးတွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူ့အားလုံးတို့ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှု ရလဒ်အဖြစ်လည်းကောင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော်သမိုင်း၌ ထင်ရှားသော မှတ်တိုင်တစ်ရပ်အဖြစ်လည်းကောင်း အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ကြီးကို ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာသူကမ္ဘာသားတို့၏ နလုံးသားအတွင်း၌ တရားစစ်တရားမှန်များ ပျံ့နှံ့တည်ရှိပြီး ကမ္ဘာကြီး ငြိမ်းချမ်းသာယာစေလိုသော ဆန္ဒဖြင့် ၂၁ ရာစုနှစ်သစ်တွင် မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က ကမ္ဘာသူကမ္ဘာသားအပေါင်းတို့အား ဓမ္မလက်ဆောင်အဖြစ် "အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ကြီး"ကို ဖွင့်လှစ်ပေးခဲ့ခြင်းလည်း ဖြစ်ပေသည်။ ယင်းအခမ်းအနားကြီးသို့ ပြည်ပနိုင်ငံအသီးသီးမှ ကြွရောက်လာကြသည့် ဆရာတော်ကြီးများ၊ ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည် တော်ကြီးများသည် မြန်မာနိုင်ငံရှိ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး၏ စည်ပင်ထွန်းကားမှုကို ပိုမိုသိရှိခွင့် ရရှိကြလေသည်။ ထိုမှတစ်ဆင့် အမြင်ချင်းဖလှယ်လျက် ဗုဒ္ဓသာသနာတော်ကြီး အရည်တည်တံ့ထွန်းကားနိုင်ရေးအတွက် ဗုဒ္ဓဘာသာနိုင်ငံ တစ်ခုချင်း၊ ဗုဒ္ဓဘာသာနိုင်ငံအချင်းချင်း ကြီးပမ်းဆောင်ရွက်နိုင်ရေးကို ဦးတည်ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။ ဤသည်၏ အကျိုးဆက်ကြောင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဖွင့်ပွဲ

အခမ်းအနားကြီးသို့ အထူးဖိတ်ကြားအပ်သော ပြည်ပဆရာတော်တစ်ပါးအဖြစ် စင်ကာပူမှ ရွှေဘုရားကျောင်းဆရာတော် ရီဖာဇော့သည် တက်ရောက်ခွင့်ရရှိခဲ့လေသည်။

ရွှေကျောင်းဆရာတော်သည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရန်အတွက် သက်ဆိုင်ရာ၏ ဖိတ်ကြားချက်အရ ၈-၁၂-၉�># ရက်နေ့တွင် လေကြောင်းခရီးစဉ်ဖြင့် မင်္ဂလာဒုံအပြည် ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့သည်။ သာသနာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံဒါယကာများက ကြိုဆိုကြသည်။ ဆရာတော်နှင့်အတူ "သာသနာပြုအောင်ပွဲမင်္ဂလာ" ကုသိုလ်တော်ပွဲကြီး၌ ပါဝင်ပူဇော်ကြမည့်ဘုရားဖူးအဖွဲ့ဝင် ဦးရေ ၁၀၀ တိုသည်လည်း ပထမအသုတ်အဖြစ် လိုက်ပါလာခဲ့ကြသည်။

ပူဇော်အထူး ဘုရားဖူး

ရွှေကျောင်းဆရာတော်ကြီး၏ "သာသနာပြု အောင်ပွဲမင်္ဂလာ" ကုသိုလ်တော်ပွဲကြီးသို့ လှူဒါန်းပူဇော်ရန် ၈-၁၂-၉�># ရက်နေ့တွင် ရွှေဘုရားကျောင်းဆရာတော်နှင့်အတူ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် ဘုရားဖူးအဖွဲ့ဝင် ၁၀၀ ဦးတိုသည် ခရီးသွားလုပ်ငန်းကုမ္ပဏီဒါရိုက်တာအဖွဲ့၏ အစီအစဉ်ဖြင့် ကျောက်တန်းမြို့ ကျိုက်မော်ဝန်း ရေလယ်ဘုရားသို့ သွားရောက်ဖူးမြော်ကြစဉ် မတည်လှူဒါန်းငွေ ၂ သိန်း။ ဘုရားဖူးအဖွဲ့ဝင်တစ်ဦးချင်းတို့ စုပေါင်း လှူဒါန်းငွေကျပ် ၇၄၆၅၀ နှင့် အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာတို့ကို လှူဒါန်းခဲ့ကြသည်။ ၉-၁၂-၉�># ရက်နေ့ နံနက်တွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် ထပ်မံရောက်ရှိလာကြသည့် ဒုတိယအသုတ် ဘုရားဖူးအဖွဲ့ဝင် ၉၀ ဦးတိုသည် ပထမအဖွဲ့ဝင် ၁၀၀ ဦးတို့နှင့် ပူးပေါင်း၍ ဒေသခံ ဒါယကာများ၏ စီစဉ်ပေးမှုဖြင့် ရန်ကုန်မြို့အတွင်းရှိ သတ်မှတ်ထားသော ဘုရားစေတီများကို နေ့ပိုင်းအတိ ဆက်လက် ဖူးမြော်ကြသည်။ ယင်းနေ့ ညနေပိုင်းတွင် ဘုရားဖူးအဖွဲ့ ၂ ဖွဲ့ ပူးပေါင်းကာ ရွှေကျောင်းဆရာတော် ဦးဆောင်လျက် ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ ပုလဲ ရတနာလမ်းရှိ ဝိဇုကတ်သုံးပုံ နိကာယ် စာသင်တိုက်ကြီးသို့

သွားရောက်ကြသည်။

ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့. ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘဒ္ဒန္တသောဘိတဆရာတော်ဘုရားကြီးကို ဖူးမြော်ပူဇော်ကြသည်။ ဆရာတော်ဘုရားကြီးက ဟောကြားတော်မူသော သြဝါဒတရားများကို နာယူကြသည်။ ဘုရားဖူးအဖွဲ့က ဆရာတော်ဘုရားကြီးထံ အလှူတော်ငွေ ကျပ် ၁၄ သိန်းကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေကျောင်းဆရာတော်နှင့် ဒေသခံဒါယကာများသည် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အတူ "သာသနာပြု အောင်ပွဲ မဂ်လာ" အခမ်းအနား ကျင်းပပူဇော်မည့် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီးသို့ သွားရောက်ပြီး ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုကြသည်။ ဒေသခံ ဒါယကာများက အသက်လွတ်ဆွမ်း ချက်ပြုတ်ရေးအဖွဲ့၏ ကြိုတင်ပြင်ဆင်မှုနှင့် လှူဖွယ်ပစ္စည်းများ ပြင်ဆင်ထားရှိမှုတို့ကို လည့်လည် ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဦးစွာလှူဒါန်း ပူဇော်ခန်း

ယင်းနေ့ ညချမ်း ၈ နာရီအချိန်တွင် ရွှေကျောင်းဆရာတော်နှင့် ပြည်ပဆရာတော်များ၊ ဘုရားဖူးအဖွဲ့ဝင်များ၊ ဒေသခံ ဒါယကာများသည် ရွှေတိုဂုံ စေတီတော် တောင်ဘက်မှခ် ရေးဟောင်း ဗုဒ္ဓရုပ်ပွားတော်ကြီးတန်ဆောင်းဌ ကျင်းပပြုလုပ်မည့် ရွှေဆည်းလည်း (ခေါင်းလောင်း)နှင့် ရွှေဖလားလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ ရွှေကျောင်း ဆရာတော်နှင့် တပည့်များ သည် "သာသနာပြုအောင်ပွဲမဂ်လာ ပွဲတော်ကြီး"ကို ဦးစွာလှူဒါန်းပူဇော်ခြင်း ဖြစ်သည်။ ဆရာ တော်၊ သံဃာတော်များ ရေရှိ စားပွဲများထက်၌ ရွှေရောင်တို့ဖြင့် တပြောင်ပြောင် တလက်လက် တောက်ပနေသည့် ရွှေဆည်းလည်း (ခေါင်းလောင်း)များကို လုံးရေ ၁၀၀ ကျော်မျှမက များပြားစွာ တွေ့မြင်နေ ရသည်။

ယင်းအခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် နိုင်ငံတော် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒာဘိဝံသ ရွှေကျောင်းဆရာတော် ရိုဖာဇော့နှင့် ဘုန်းတော်ကြီးများ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဦးစီးကော်မတီ နာယကနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ ရွှေဘုရားကျောင်းဆရာတော်၏ တပည့်များ၊ ဆရိုအေးရှခရီးသွားလုပ်ငန်း ကုမ္ပဏီဒါရိုက်တာနှင့် မိသားစုများ ဝန်ထမ်းများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနား၌ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးက ရွှေတိဂုံစေတီတော် ဗုဒ္ဓသာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံမှု အခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် စင်ကာပူနိုင်ငံ ရွှေဘုရားကျောင်းဆရာတော် ရိုဖာဇော့က ရွှေဖလားနှင့် ရွှေဆည်းလည်း (ရွှေခေါင်း လောင်း)များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားတော်မူသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ထီးတော်သစ်ကြီး၌ တင်လှူပူဇော်ရန် အလေးချိန် (၁/ ၁၂) စီ ရှိ ရွှေဆည်းလည်း (ခေါင်းလောင်း) လုံးရေ ၁၂၀ ၊ ရွှေတိဂုံစေတီတော်အထက်ပစ္စယာန်၌ ကိန်းဝပ်စံပယ်တော် မူလျက်ရှိသော ပတ္တမြားမျက်ရှင် ရုပ်ရှင်တော်မြတ်၌ သောက်တော်ရေ ဆက်ကပ်ရန် အလေးချိန် (၃၆၇)သားရှိ သောက်တော်ရေ ရွှေဖလား ၁ လုံး မတည်အလှူတော်ငွေ ကျပ် ၁၈ သိန်းတို့ကို စင်ကာပူ ရွှေကျောင်းဆရာတော် ရိုဖာဇော့နှင့် ဒါယကာ၊ ဒါယိကာမများက ပေးအပ်လှူဒါန်းကြရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ နာယကက လက်ခံခဲ့သည်။ ဆက်လက်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိဂေါပကအဖွဲ့ဝင် ဦးသန့်ဇင်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်

နိုင်ငံတော် သံယမဟာနာယကအဖွဲ့. ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိန္ဒာ ဘိဝံသက လျှုဒါန်းမူအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့လေသည်။

ယင်းနောက် ရွှေကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် အောင်မြေနေရာ၌ ရွှေအုန်းငုတ်ပျောပွဲများ၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ တစ်လက်ကိုင်ပန်းများဖြင့် ပြင်ဆင်ထားအပ်သော နေရာမှ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဆက်ကပ်ပူဇော် ဖူးမြော်ဝတ်ပြုကြလေသည်။

အောင်ပွဲမင်္ဂလာ ပွဲမဟာ (ပထမပိုင်း)

ပြည်ထောင်စုမြန်မာနိုင်ငံ၊ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၌ မဟာပါသာဏလိုဏ်ဂူကြီးသည် ဆဋ္ဌသင်္ဂါယနာ တင်တော်မူခဲ့ရာ ဘူမိနက်သန်နေရာမှန် ဖြစ်သည်။ နိုင်ငံတော်က ဦးဆောင်ကျင်းပသည့် ဘာသာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပမြဲနေရာ ဖြစ်သဖြင့် သာသနာ့အောင်လံတံခွန်များ လွှင့်ထူရာနေရာမြတ်ကြီး ဖြစ်ပေသည်။ ဤသို့သော မဟာပါသာဏလိုဏ်ဂူကြီး၌ ရွှေဘုရားကျောင်းဆရာတော်ကြီး၏ "သာသနာပြုအောင်ပွဲမင်္ဂလာ အခမ်းအနားကြီး" ကို ကျင်းပပူဇော်ခွင့် ရရှိခြင်း ဖြစ်သည်။ နိုင်ငံရပ်ခြားမှ ပြည်တွင်းပြည်ပ သာသနာပြု ဆရာတော်ကြီးတစ်ပါးအနေဖြင့် နိုင်ငံတော်မှ ကျင်းပပြုလုပ်ခွင့် ပြုခြင်း ဖြစ်သည်။

ပြည်ပသာသနာပြု ဆရာတော်ကြီးတစ်ပါးအနေဖြင့် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပပူဇော်ခွင့် ရရှိခဲ့ခြင်းမှာ နိုင်ငံတော်၏စေတနာ၊ ရွှေဘုရားကျောင်းဆရာတော်ကြီး၏ သဒ္ဓါတရားကြီးမှဟု ညွှန်းဆိုရပေမည်။

၁၀-၁၂-၉၇ ရက်နေ့ နံနက်စောစောအချိန်ကပင် "သာသနာ့အောင်ပွဲမင်္ဂလာ အခမ်းအနားကြီး"သို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံယမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ အမျိုးပြုသည့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ ပင့်ဖိတ်ထားအပ်သော ဆရာတော်၊ သံယာတော်များသည် ကြိုဝိုရေးအဖွဲ့များက ကြိုဆိုပင့်ဆောင်သော မော်တော်ယာဉ်များဖြင့် ရောက်ရှိ

လာကြသည်။ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ကျဝန်ထမ်းအဖွဲ့ဝင်များက တာဝန်ကျရာ ကဏ္ဍာအလိုက် လစ်ဟာမှုမရှိစေရန် စနစ်တကျ စီမံဆောင်ရွက်လျက် ရှိကြသည်။

နံနက် ၇ နာရီအချိန်တွင် ရွှေကျောင်းဆရာတော်နှင့် နောက်ပါသံယာတော်များ၊ ဘုရားမူးအဖွဲ့ဝင်များသည် "သာသနာပြုအောင်ပွဲမင်္ဂလာ အခမ်းအနားကြီး" ကျင်းပရာ မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ရောက်ရှိလာကြပြီးနောက် နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘဒ္ဒန္တ သောဘိတဆရာတော် ဘုရားကြီးအမှူးပြုသော နိုင်ငံတော်သံယမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ဘုရားကြီး ၄၇ ပါးနှင့် ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်အသီးသီးတို့မှ ပင့်ဖိတ်ထားအပ်သော ဆရာတော် သံယာတော်အပါး ၂၅၀၀ အပါအဝင်၊ ဆရာတော် သံယာတော် အရှင်သူမြတ် ၂၅၄၇ ပါးကို မှူးမြော် ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာနတိုင်းရာ အကြီးအကဲများ၊ သာသနာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော် သံယမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဦးပရိသတ်များနှင့် အလှူရှင်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ဆရာတော်သံယာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူပါသည်။

ဆက်လက်၍ စင်ကာပူ ရွှေဘုရားကျောင်းဆရာတော် ရှိဖာဇော့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ "ကမ္ဘာကြီး ငြိမ်းချမ်းသာယာရေး စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့ အေးချမ်းသာယာ ကြီးပွားတိုးတက်ကာ နှစ်ပြည်ထောင်ရှိ ပြည်သူ

ပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ရည်သန်လျက် မိမိနှင့်တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ပုဂံ ယဉ်ကျေးမှုဒေသရှိ ပြာသာဒ်ကြီးနှင့် ပုံသဏ္ဌာန်မဟာထေရ်ဘုရားနှစ်ဆူကို အောင်မြင်စွာ ပြုပြင်မွမ်းမံပြီးစီးခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခုအခါ "သာသနာပြုအောင်ပွဲမင်္ဂလာ" အထိမ်းအမှတ်အဖြစ် ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီး၌ မော်တော်ယာဉ်၊ ပရိုဂျက်တာနှင့် ငွေပဒေသာပင်များ စိုက်ထူခြင်း၊ ရန်ကုန်-မန္တလေးနှင့် ပုဂံ-ညောင်ဦး ဒေသရှိ ဆရာတော်သံယာတော် အပါး ၇၂၂၀ တို့ကို ဆွမ်းသင်္ကန်း၊ ဒါနဝတ္ထု အစုစုတို့ကို လောင်းလှူပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်ခြင်းတို့ဖြင့် ကုသိုလ်တော်ယူခြင်း ဖြစ်ပါကြောင်း" ရှင်းလင်းမြွက်ကြားခဲ့သည်။

ဆက်လက်၍ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်သို့ ငွေကျပ် ၁၀၂ သိန်းတန်ဖိုးရှိ ၄၅ ယောက်စီး လေအေးစက်ပါ မော်တော်ယာဉ်ကြီး ၂ စီး၊ ငွေကျပ် ၂၀၅၀၀၀၀/ တန်ဖိုးရှိ သင်ကြားထောက် ကူပရိုက်ဂျက်တာ ၁ စုံ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဖွင့်ပွဲ ငွေပဒေသာပင်အတွက် ငွေကျပ် သိန်း ၅၀ နှင့် သဒ္ဓါတိုး၍ ထပ်မံလှူဒါန်းငွေ ၂၅ သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းရာ ဦးစီးကော်မတီနာယက,က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်များက နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးနှင့် နိုင်ငံတော်သံယမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက အလှူရှင် စင်ကာပူနိုင်ငံ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား ကျေးဇူးတင် ဝမ်းမြောက်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော် သံယမဟာနာယကအဖွဲ့. အကျိုးတော်ဆောင် မကွေးဆရာတော်ဘုရားထံမှ အနမောဒနာတရား နာယူကာ လှုံ့ဆိန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရှေဘုရားကျောင်းဆရာတော်နှင့် နောက်ပါ သံယာတော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများက မိမိတို့ဘာသာဖြင့် သံပြိုင်ရွတ်ဆို ဘုရားကန်တော့ ကာ ပူဇော်မှု ပြုကြလေသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်သံယ မဟာ နာယကအဖွဲ့. ဥက္ကဋ္ဌဆရာတော်ဘုရားကြီး အမှူးပြုသော အဖွဲ့ဝင်ဆရာတော် ကြီးများ၊ ပင့်သံယာတော်များအပါအဝင် ဆရာတော်၊ သံယာတော် ၂၅၄၇ပါး တို့အား မဟာပါသာဏလိုဏ်ဂူတော်ကြီးရှိ အဝင်အထွက် မှခ်ဦး လေးဖက် လေးတန်တို့တွင် ရှေကျောင်း ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ ဘုရားဖူးအဖွဲ့ဝင်များကိုလည်း အဆိုင်း ၄ ဆိုင်းခွဲလျက် အသက်လွတ် ဒံပေါက် ဆွမ်းပါ သပိတ်၊ သက်နှံ့ဒ္ဓိစုံ ၁ စုံနှင့် နဝကမ္မ အလှူငွေ (အန်ပေါင်းအိတ်)တို့ကို သံယာတော်တစ်ပါးချင်းအား ဘုရားဖူးအဖွဲ့ဝင်တစ်ဦးချင်းတို့က အလှည့်ကျ ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်လှူဒါန်းကြသည်။ ထိုသို့ အလှည့်ကျ လောင်းလှူ ကြရ၍ ဘုရားဖူးအဖွဲ့ဝင်များမှာ ဝမ်းသာမဆုံး ပျော်တပြုံးပြုံးဖြင့် လောင်းလှူ နေကြပုံမှာ ရှင်လန်းကြည်နူးဖွယ် မြင်ကွင်းအဖြစ် တွေ့မြင်ကြရသည်။ သာသနာ ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆရီအေးရှခရီးသွားလုပ်ငန်းကုမ္ပဏီ လိမိတက်မှ ဒေသခံ ဒါယကာများ၊ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အနီးကပ်ပံ့ပိုးကူညီမှုဖြင့် ကုသိုလ်တော်များ ရယူ ခဲ့ကြသည်။

ဤသို့ဖြင့် "သာသနာပြုအောင်ပွဲမဂ်လာ"၏ ပထမပိုင်းဖြစ်သော ရန်ကုန်မြို့တော်၌ ကျင်းပသည့် ကုသိုလ်တော် လှူဒါန်းပူဇော်ပွဲကြီးအား အောင်မြင်စွာ လှူဒါန်းပူဇော်နိုင်ခဲ့လေသည်။

အောင်ပွဲမဂ်လာ ပွဲမဟာ (ဒုတိယပိုင်း)

"သာသနာပြုအောင်ပွဲမဂ်လာ"၏ ဒုတိယပိုင်းဖြစ်သော ကုသိုလ်တော်

ခရီးစဉ်အတွက် လေကြောင်းခရီစဉ်ဖြင့် ပုဂံယဉ်ကျေးမှုဒေသသို့ ယင်းနေ့ ညနေပိုင်းအရောက် ခရီးဆက်ကြရသည်။ ပုဂံယဉ်ကျေးမှုဒေသရှိ ရှေဘုရားကျောင်း ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ ပြုပြင်မွမ်းမံလျှောဒါန်းသည့် ပြာသာဒ်ကြီးနှင့် ပုံသဏ္ဌာန်မဟာထေရ် ဘုရားကြီးနှစ်ဆူ၏ ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ပွဲကြီးသို့ ကြွရောက်တော်မူရန် ဆရာတော်ကြီး ၄၉ ပါးကို ပင့်လျှောက်ထားသည်။ ရန်ကုန်မြို့မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် ဘဒ္ဒန္တဂုမာရဒမျှားပြုသော ဆရာတော်ကြီး ၁၀ ပါး။ မန္တလေးမြို့မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အပါအဝင် ဆရာတော်ကြီး ၁၅ ပါး။ ပုဂံယဉ်ကျေးမှုဒေသမှ ဒေသခံထေရ်ကြီးဝါကြီး ဆရာတော်ကြီး ၂၄ ပါး ပါဝင်သည်။ ရန်ကုန်မြို့မှ ပင့်လျှောက်ထားသော ဆရာတော်ကြီး ၁၀ ပါးကို ၁၀-၁၂-၉၈ ရက်နေ့ ညနေပိုင်းတွင် ပြည်တွင်းလေကြောင်း ခရီးစဉ်ဖြင့် အချိန်မီ စီစဉ်ပင့်ဆောင်ရသည်။ ဆရာတော်ကြီးများ၊ ဘုရားဖူးအဖွဲ့ဝင်များသည် ကြိုတင်စီစဉ်ထားသည့် ဟိုတယ်များ၌ အဆင်ပြေစွာ တည်းခိုနိုင်ကြသည်။ မန္တလေးမြို့မှ ဆရာတော်ကြီး ၁၅ ပါးကို မန္တလေးမြို့ မဟာမုနိရပ်ရှင်တော် ရေတော်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဝံသက တာဝန်ယူ၍ အချိန်မီ ပင့်ဆောင်ရောက်ရှိမည် ဖြစ်ကြောင်း သိရှိရသည်။

ညပိုင်းတွင် စင်ကာပူနိုင်ငံ ရှေဘုရားကျောင်းဆရာတော်သည် ဒေသခံ ဒါယကာများနှင့်အတူ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုရင်း ပြုပြင်မွမ်းမံပြီး ဘုရားကြီးနှစ်ဆူကို ကြည်ညိုပူဇော်သည်။ ယင်းဘုရားကြီး နှစ်ဆူ၌ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဆိုပူဇော်တော်မူနေကြသည့် ဒေသခံဆရာတော်၊ သံယာတော် အပါး ၁၀၀ တို့ကို သံယာတော်တစ်ပါးလျှင် နဝကမ္မအလှူတော် ငွေ ၅၀၀၀/ ကျစီဖြင့် ငွေကျပ် ၅ သိန်းကို ရှေဘုရားကျောင်းဆရာတော်ကြီးက ပေးအပ်လှူဒါန်းခဲ့သည်။

ပုဂံယဉ်ကျေးမှုဒေသရှိ ပြာသာဒ်ကြီး ဘုရားနှင့် ပုံသဏ္ဌာန်မဟာထေရ် ဘုရားကြီးများ ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ပွဲအခမ်းအနားကြီးကား ပုဂံယဉ်ကျေးမှုဒေသရှိ သာသနာတော်ဆိုင်ရာ ထူးမြတ်သော နေ့ထူးနေ့မြတ်ဟု

ဖွင့်ဆိုရပေမည်။ ၁၁-၁၂-၉၈ ရက်နေ့နံနက်အရုဏ်ကျင်း အလင်းရောက်သည့် အချိန်မှစတင်လျက် ဗုဒ္ဓါဘိသေက အနေကဇာ တင်လျှူပူဇော်မည့် ဘုရားကြီး နှစ်ဆူရှိ မင်္ဂလာမဇ္ဈာပ်၌ သာသနာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ ပါဝင်ကူညီ ကုသိုလ်ယူကြမည့် အသင်းဝင်များ ကြည်ညိုပူဇော်ကြမည့် ဒေသခံပြည်သူများဖြင့် စည်ကားနေသည်။ နံနက် ၇ နာရီအချိန်တွင် ဘုရားကြီးနှစ်ဆူရှိ မင်္ဂလာမဇ္ဈာပ်၌ ကျင်းပမည့် "ဗုဒ္ဓါဘိသေက အနေကဇာတင်လျှူပူဇော်ပွဲ" အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော် ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မကွေးဆရာတော် ဘဒ္ဒန္တကုမာရဆရာတော်ဘုရား အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၄၉ ပါးတို့ကို ရှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၊ ညီပရိသတ်များက ကြည်ညိုပူဇော်ကြသည်။

အခမ်းအနား အစီအစဉ်အရ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးက ပြာသာဒ်ကြီးဘုရားနှင့် ပုံသက္ကမဟာထေရ်ဘုရားကြီး နှစ်ဆူ၏ ဗုဒ္ဓါဘိသေက အနေကဇာတင်လျှူပူဇော်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ လျှောက်ထားသည်။ ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော်ဘုရားထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံယာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် ရွတ်ဖတ်ပူဇော်၍ ပရိတ်တရားတော်များကို ချီးမြှင့်တော် မူကြသည်။ ဆက်လက်၍ ရှေဘုရားကျောင်း ဆရာတော်၊ ရိုးဘဇော့အမှူးပြုသော ပြည်ပဆရာတော်များက မိမိတို့ဘာသာဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် ရွတ်ဆိုပူဇော်ကြသည်။

ထိုနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ရှေဘုရားကျောင်းဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ တာဝန်ရှိသူများက ဆရာတော်ကြီးများအား သက်နီးဒွိစုံ၊ သိုးမွေးခြုံထည်၊ တရုတ်စောင်၊ နဝကမ္မအလှူငွေ (အန်ပေါင်းအိတ်) တို့ကို ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ

အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ မကွေးဆရာတော်၊ ဘဒ္ဒန္တကုမာရထံမှ သာဓု အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ဆက်လက်၍ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများသည် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဗုဒ္ဓါဘိသေကအနေကဇာ တင်လှူပူဇော်သည့် ဘုရားကြီးနှစ်ဆူကို လှည့်လည် ပူဇော်ကြသည်။ ယင်းနောက် ရွှေဘုရားကျောင်းဆရာတော်၏ ဆန္ဒတော်အရ ထပ်မံမွမ်းမံပြုပြင်မည့် ဆင်ဖြူရှင် သာသနိကအဆောက်အအုံများ ပြုပြင်ရေး လုပ်ငန်းခွင်ရုံးခွဲ ရေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြုပြင်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ရွှေဘုရားကျောင်းဆရာတော်က တပည့်ဒါယကာ၊ ဒါယိကာမများကို ဘုရားစေတီနှင့် သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံရန် လှူဒါန်းရာတွင် တစ်ဦးတစ်ယောက်တည်း လှူဒါန်းမှုထက် အများစုပေါင်း လှူဒါန်းမှုကို ပိုမိုလိုလားမှုရှိကြောင်း ရှင်းလင်းညွှန်ပြမိန့်ကြားသည်။ ထို့ကြောင့်ပင် သဒ္ဓါပေါက်၍ ဆင်ဖြူရှင် သာသနိကအဆောက်အအုံရှိ ထေရ်ကြီးကျောင်းတိုက် ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၅၀ ၊ ဘုရားအမှတ် ၈၂၀ ပြုပြင်ရန်အတွက် ငွေကျပ် သိန်း ၈၀ လှူဒါန်းရန် ဆန္ဒပြုမှုဖြင့် ပုဂ်ယဉ်ကျေးမှုဒေသ၌ ဒုတိယအကြိမ်အဖြစ် ဘုရားစေတီ၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံလှူဒါန်းမှုပြုရန် ဖော်ဆောင်နိုင်ကြသည်။ ထို့နည်းတူ ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် သီရိလင်္ကာဆရာတော် ရှင်ဉာဏိသရနှင့် အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမများက ဆင်ဖြူရှင် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရန်အတွက် မြန်မာငွေ ၆၁၄,၉၀၅ ကျပ်၊ စင်ကာပူဒေါ်လာ ၁,၅၅၀၊ အမေရိကန်ဒေါ်လာ ၉၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။ ဗုဒ္ဓါဘိသေက အနေကဇာတင် လှူပူဇော်ပြီးသော်လည်း ညှဉ့်ပရိသတ် ပြည်သူများဖြင့် ဘုရားကြီး နှစ်ဆူ၌ အထူးစည်ကားများပြားလျက် ရှိသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဘုရားနှင့် ဆရာတော်ကြီး ၄၉ ပါးတို့ကို ရောဟိုတယ်၌ နေ့ဆွမ်းဆက်ကပ်ကြသည်။ တစ်ဖက်မှလည်း ဘုရားဖူးအဖွဲ့ဝင်များ စားသောက်ရေးနှင့်

ဘုရား၊ စေတီများ လှည့်လည်ဖူးမြော်နိုင်ရေးကို အခွန်လွှဲ၍ စီစဉ်ဆောင်ရွက်ပေးကြသည်။ ယနေ့ ကျင်းပသည့် ပြာသာဒ်ကြီးနှင့် ပုံသဏ္ဌာန်မဟာထေရ်ဘုရားကြီးနှစ်ဆူ၏ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်ပွဲကြီးကို သာသနာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရေးဟောင်းသုတေသနဦးစီးဌာနတို့၏ ဦးဆောင်ပေါင်းစပ် စီစဉ်ဆောင်ရွက်ပေးမှု၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှု၊ ပြည်ထောင်စုကြွေးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ရွှေဘုရားကျောင်းဆရာတော် အမှူးပြုသော စင်ကာပူနိုင်ငံသား ဗုဒ္ဓဘာသာဝင် အပေါင်းတို့၏ ချစ်ကြည်ရင်းနှီးစွာ တူယှဉ်တွဲလျက် ကုသိုလ်တော်ပူဇော်ပွဲကြီးကို အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် မှတ်တမ်းပြုကြရမည် ဖြစ်ပေသည်။ ယနေ့ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်သည့် ပြာသာဒ်ကြီးဘုရားသည် ခရစ်နှစ် ၁၃ ရာစုဌ ပုဂံပြည့်ရှင် ကျစွာမင်းကြီး တည်ထားခဲ့သော ဘုရားဖြစ်သည်။ မြေငလျင်ဒဏ်ကြောင့် အပေါ်ထပ် ဂန္ဓကုဋိတိုက်နှင့် စိန်တောင်၊ အထွတ်စေတီ၊ ထောင့်စေတီများ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ ပုံသဏ္ဌာန်မဟာထေရ်ဘုရားသည် ခရစ်နှစ် ၁၃ ရာစုဌ ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီးကိုးကွယ်သည့် ပုံသဏ္ဌာ မဟာထေရ် ဆရာတော် တည်ထားကိုးကွယ်သည့် ဘုရားစေတီဖြစ်သည်။ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပြီးစီးသည့် ဘုရားကြီးနှစ်ဆူ၏ တည်ထားကိုးကွယ်မှု သမိုင်းစဉ်ကို အောက်ပါအတိုင်း လေ့လာကြည့်ညှိမိသည်။

ပြာသာဒ်ကြီးဘုရားသမိုင်းအကျဉ်း

ဘုရားအမှတ် - ဂဝ၃

ပြည်ထောင်စုမြန်မာနိုင်ငံ၊ ရေးဟောင်းယဉ်ကျေးမှုပြိုတော် ပုဂံတွင် တည်ရှိသည့် "ပြာသာဒ်ကြီးဘုရား"ကို သက္ကရာဇ် ၅၉၆ ခုနှစ် (ခရစ်နှစ် ၁၂၃၅ ခုနှစ်)တွင် နန်းတက်သော ကျစွာမင်းကြီးသည် သက္ကရာဇ် ၆၁၀ ခုနှစ်တွင် တည်တော်မူပြီး မိမိ၏ဆည်းကပ်ကိုးကွယ်ရာဖြစ်သော အနန္တသီရိမထေရ်ကို လှူဒါန်းကြောင်း အဆိုရှိလေသည်။ တစ်နည်းအားဖြင့် တည်ဆောက်

တော်မူပုံအကြောင်းရင်းကိုလည်း အနန္တသိရိမထေရ်ကို ကြည်ညိုပူဇော်ခြင်းအဖြစ် တည်ထားခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

သမိုင်းကြောင်းအရ ပြာသာဒ်ကြီးစေတီသည် ပုဂံယဉ်ကျေးမှုဒေသ၊ ဖွားစောရွာ၏ အနောက်မြောက်အရပ်တွင် တည်ရှိသည်။ လိုဏ်နှစ်ဆင့်ပါသော စေတီဖြစ်သည်။ အောက်ထပ်တွင် လိုဏ်ပတ်လမ်း ရှိသည်။ အရှေ့ဘက် အာရုံခံမှာ ဓမ္မရံကြီးဘုရားကဲ့သို့ တိုင်မကြီးလေးတိုင်ဖြင့် ဆောက်ထားသည်။ အပေါ်ထပ် အလယ်မလွှာ်ိုင်ပတ်လည်၌ ကျစွာမင်းကြီး လက်ထက် အုတ်ခွက်များကို မြှုပ်နှံလျက် တန်ဆာဆင်ထားသည်။

ဘုရားဒါယကာ ကျစွာမင်းကြီးသည် ပုဂံမင်းဆက်များ၌ ပိဋကတ်စာပေများကို နှံ့စပ်ကျွမ်းကျင်စွာ တတ်မြောက်ပြီး သံဃာတော်တို့အား ပိဋကတ်စာပေများကို ပို့ချပေးသည်။ ကျမ်းစာများကိုလည်း ပါဠိဘာသာဖြင့် ပြုစုခဲ့သည်။ တိုင်းပြည် ရေးရာများကို သားတော်နှင့် လွှဲအပ်ပြီး ဘာသာရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ကျမ်းစာတတ်ဆရာတော်များ ပေါ်ထွန်းခဲ့သည်။ သံပျင်ဦးကာ ကျမ်းပြုစုခဲ့သူ သံပျင်အမတ်ကြီးသည်ပညာရှင်အဖြစ် ထင်ရှားခဲ့သည်။

အထူးသဖြင့် အနော်ရထာမင်း၊ ကျန်စစ်သားမင်းနှင့် အလောင်းစည်သူမင်းတို့ကဲ့သို့ ထင်ရှားသည့် သာသနာပြု မင်းများနောက်ပိုင်း နန်းတက်ဆက်ခံသော ပုဂံမင်းဆက်များ၌ နရပတိစည်သူမင်းနှင့် မြေးတော် ကျစွာမင်းတို့သည် ဘေးဘိုး စဉ်ဆက်တို့၏ အစဉ်အလာကို ဆက်ခံလျက် သာသနာတော်ကြီး အရှည်တည်တံ့နိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော ထူးထူးခြားခြား မင်းနှစ်ပါး ဖြစ်သည်။

နှစ်ကာလ ကြာရှည်၍ ယိုယွင်းလာသည့် "ပြာသာဒ်ကြီးဘုရား"ကို စင်ကာပူနိုင်ငံ၊ ဗုဒ္ဓဘာသာ ရှောဘုရားကျောင်း ဆရာတော် ရှီဖာဇော့ VEN SHI FA ZHAO ဦးဆောင်သော ဒါယကာ၊ ဒါယိကာမများ၏ မတည်လှူဒါန်းငွေဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရေးဟောင်းသုတေသနဦးစီးဌာနက တာဝန်ယူ ပြုပြင်မွမ်းမံခဲ့သည်။ ၁၁-၁၂-၉၇ ရက်နေ့တွင် အနေကဇာတင်လှူ ပူဇော်ခဲ့သည်။

ပုံသဂ္ဂမဟာထေရ်ဘုရားသမိုင်းအကျဉ်း
ဘုရားအမှတ် - ၇၄၄

ပြည်ထောင်စုမြန်မာနိုင်ငံ၊ ရှေးဟောင်းယဉ်ကျေးမှု မြို့တော် ပုဂံတွင် တည်ရှိသည့် "ပုံသဂ္ဂမဟာထေရ်ဘုရား"ကို သက္ကရာဇ် ၅၃၅ ခုနှစ် (ခရစ်နှစ် ၁၁၇၄)တွင် နန်းတက်သော ပုဂံမင်းဆက် နရပတိစည်သူမင်းကြီး တည်ထားခဲ့သည်။ တည်တော်မူပုံမှာ နရပတိစည်သူမင်းကြီးသည် မိမိ၏ဘေးလောင်းတော်ဖြစ်သော အနော်ရထာမင်းကြီး တည်ထားခဲ့သည့် "တုံ့ဝပ်တောင်စွယ်တော်ရှင်စေတီ"ကို တစ်နေ့သောအခါ၌ သွားရောက်ဖူးမြော်သည်။ အပြန်ခရီး၌ ချောက်တစ်ခုအတွင်း၌ အလင်းရောင်များဖြင့် ဝင်းနေသည်ကို အတိတ်နိမိတ်ဆောင်လျက် ကောင်းမွန်ကုသိုလ် ပြုသင့်သောနေရာမြတ်အဖြစ် ချောက်ကိုမြေဖို၍ လိုဏ်နှစ်ဆင့်ပါရှိသော "စုဠာမဏိစေတီ"ကို တည်လေသည်။

"စူဠာမဏိစေတီ"တည်ပြီးသည့်အခါ နရပတိစည်သူမင်းကြီးသည် မိမိ၏ဆည်းကပ်ကိုးကွယ်ရာဖြစ်သော ကျမ်းတတ်အကျော်"ပုံသဂ္ဂမဟာထေရ်"ကို ကြည်ညိုမှုကော်ခြင်းအဖြစ် စူဠာမဏိစေတီတည်ရာမှ ပိုနေသော အုတ်များဖြင့် သက္ကရာဇ် ၅၄၈ ခုနှစ်တွင် စေတီတစ်ဆူ တည်ထားပြန်သည်။ ထိုစေတီကို "ပုံသဂ္ဂမဟာထေရ်ဘုရားစေတီ"ဟု ခေါ်တွင်ခဲ့ကြသည်။ "စူဠာမဏိစေတီ" အနီး အရှေ့မြောက်ထောင့်အရပ်တွင် ပုံစံတူအဖြစ် တည်ခဲ့သည်။

"ပုံသဂ္ဂမဟာထေရ်ဘုရား"သည် ဥာဏ်တော် အတောင် ၈၀ ခန့်မြင့်သည်။ နံရံများသည် ထုထည်ကြီးမားသည်။ နံရံကို ထွင်းဖောက်ထားသော လေကားမှ အပေါ်ထပ်သို့ တက်နိုင်သည်။ ပစ္စယာလေကားများမှတစ်ဆင့် ကွမ်းတောင်ပတ်လည်သို့ တက်ရောက်ကာ ပုဂံအလှမြင်ကွင်းကျယ်ကို ရှုမြင်ခံစားနိုင်သည်။ မဟာရံတံတိုင်းနှင့် ရင်ပြင်တော်များ ပါရှိသဖြင့် ဘုရားဖူးများ အေးချမ်းစွာ ကြည်ညိုနိုင်သည်။

ဘုရားဒါယကာ နရပတိစည်သူမင်းကြီးသည် ပုဂံမင်းဆက်များ၌ ပိဋကတ်ကျမ်းဂန်များကို လေ့လာလိုက်စားသော မင်းတစ်ပါးဖြစ်သည်။ ပုံသက္ကမဟာထေရ်၊ ရှင်သီလဗုဒ္ဓိ၊ ရှင်အဂ္ဂဝံသ စသည့်ဆရာတော်ကြီးများ၏ ကြိုးပမ်းအားထုတ်ပြုစုအပ်သော ကျမ်းများသည် သီဟိုဠ်ပညာရှင်များကပင် လေးစားခိုးကျူးကြရသည့် ကျမ်းစာတတ်ဆရာတော်ကြီးများ ဖြစ်ကြသည်။ ထိုမင်းလက်ထက်၌ ပုဂံသူ ပုဂံသားများပါ ပိဋကတ်စာပေများကို လေ့လာလိုက်စားကျွမ်းကျင် တတ်မြောက်ကြသည်။ အထူးသဖြင့် နရပတိစည်သူမင်းကြီးသည် ဘိုးဘေးစဉ်ဆက် သာသနာတော်ကြီးကို အရည်တည်တံ့စေရန်အတွက် ကြိုးပမ်းဆောင်ရွက်တော်မူသော သာသနာပြုမင်းတစ်ပါးဖြစ်သည်။

နစ်ကာလကြာရည်၍ ရေးဟောင်းစေတီအဖြစ် ယိုယွင်းမှု ဖြစ်လာသည့် "ပုံသက္ကမဟာထေရ်ဘုရား" ကို စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရှေဘုရားကျောင်း ဆရာတော် ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမများ၏ မတည်လျှုဒါန်းငွေဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရေးဟောင်းသုတေသန ဦးစီးဌာနက တာဝန်ယူပြုပြင်မွမ်းမံမှု ပြုခဲ့သည်။ ၁၁-၁၂-၉၈ ရက်နေ့တွင် အနေကဇာတင်လျှူ ပူဇော်ခဲ့သည်။

စာရေးသူတို့ ဒေသခံဒါယကာများက ပထမအသုတ်ဘုရားဖူးအဖွဲ့ဝင်များကို ယမန်နေ့က ပုဂံယဉ်ကျေးမှုဒေသတွင် လှည့်လည်ဖူးမြော်နိုင်ရန် စီစဉ်ပေးပြီး ကျန်ရှိသည့်ဘုရားစေတီများအား လေ့လာကြည့်ရှုနိုင်ရန် အချိန်မီပို့ဆောင်ပေးကာ နေ့လယ် ၁ နာရီအချိန်တွင် ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် မန္တလေးမြို့သို့ ခရီးစဉ်ဆက်ကြသည်။ ယမန်နေ့ ညနေပိုင်းက ရောက်ရှိလာကြသော ဒုတိယအသုတ်ဘုရားဖူးအဖွဲ့ဝင်များသည် ပုဂံယဉ်ကျေးမှုဒေသ၌ ဆက်လက်လေ့လာဖူးမြော်ကြပြီး ၁၂-၁၂-၉၈ ရက်နေ့တွင် ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် မန္တလေးမြို့သို့ ပို့ဆောင်နိုင်ရေးကို တာဝန်အသီးသီးခွဲဝေလျက် တာဝန်ယူ ဆောင်ရွက်ကြသည်။

၁၂-၁၂-၉၈ ရက်နေ့တွင် ပထမအသုတ်ဘုရားဖူးအဖွဲ့များသည် မန္တလေးမြို့ပေါ်ရှိ ဘုရားစေတီများကို လှည့်လည် ဖူးမြော်ကြသည့်နည်းတူ

ပုဂံယဉ်ကျေးမှုဒေသမှ မန္တလေးမြို့သို့ ယင်းနေ့ နေ့လယ် ၂ နာရီကျော်တွင် ရောက်ရှိလာကြသည့် ဒုတိယအသုတ် ဘုရားဖူးအဖွဲ့ဝင်များသည်လည်း ခရီးစဉ်တစ်လျှောက် လှည့်လည်လေ့လာဖူးမြော်ကြသည်။ ဒေသခံ ဒါယကာများသည် ရွှေဘုရားကျောင်းဆရာတော်နှင့်အတူ အနေကဇာတင်လှူပွဲတော်မည့် မဟာမုနိရုပ်ရှင်တော်မြတ်ကို သွားရောက်ကြည်ညို ဖူးမြော်၍ ကြိုတင်ပြင်ဆင်မှုများကို လေ့လာ ကြည့်ရှုကြသည်။ ဆက်လက်၍ အတုမရှိ ကျောင်းတော်ကြီးသို့ သွားရောက်ကြပြီး ကြိုတင်စီစဉ် ခင်းကျင်းဆောင်ရွက်ထားမှုများ၊ လောင်းလှူမည့် ဆွမ်းချက်ပြုတ်ရန် ကြိုတင်ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုကြသည်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေး ဖြည့်ဆည်းပေးရသည်။ ပြည်ပသာသနာပြုဆရာတော်ကြီးနှင့် ဘုရားဖူးများ၏ ကုသိုလ်တော်ကို ဒေသခံများက စေတနာအပြည့်ဖြင့် လုပ်အား ကုသိုလ်တော်များကို ရယူနေကြခြင်း ဖြစ်ပေသည်။

၁၃-၁၂-၉၈ ရက်နေ့သည် မန္တလေးမြို့၏ သာသနာ့ရေးရာ၌ ထူးခြားသည့် နေ့ထူးနေ့မြတ်ဟု ဖွင့်ဆိုရပေမည်။ နံနက် ၅ နာရီအချိန်တွင် မန္တလေးမြို့ ပေါ်ရှိ မြို့နယ် ၇ မြို့နယ်မှ နိုင်ငံတော် သြဝါဒါစရိယနှင့် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြီးမှူးသည့် ထေရ်ကြီး၀ါကြီး ဆရာတော်ကြီး ၁၀၈ ပါးတို့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြရာ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဘုရားဖူးများက အနီးကပ်ကြည်ညိုပူဇော်ကြသည်။ ပူဇော်ပွဲ၌ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်များက အလှူတော်ငွေ ကျပ် ၁၈ သိန်း၊ ပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီး ၁၀၈ ပါးတို့အတွက် သီးခြား လှူဒါန်းငွေ (၂၈၀၀၀ဝ/)၊ မဟာမုနိရုပ်ရှင်တော်မြတ်နှင့် အတုမရှိကျောင်းတော်ကြီးတို့၌ အစဉ် ထွန်းညှိပူဇော်နိုင်ရန် ကြာပန်းခိုင်လျှပ်စစ်မီးတိုင် ၁၆တိုင်၊ မဟာမုနိရုပ်ရှင်တော်အတွက် ဝိုမိုတင့်တယ်သပွာယ်စေနိုင်ရန် ရွှေ စိန်၊ နီလာ ကျောက်မျက်ပါ ရွှေဆွဲကြိုးတစ်ကုံးနှင့် သီးခြားရွှေဆွဲကြိုး ၁၀ ကုံး (ခန့်မှန်းတန်ဖိုး - ၁၅၆၀၀၀ဝ/)တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ပူဇော်ပွဲအပြီးတွင် ဆရာတော်ကြီးများကို အရှေ့ထွက်ဆွမ်းဆက်ကပ်ကြပြီး ဆရာတော်ကြီးများသည် အချိန်ပိုင်းမျှ မိုးကောင်းဓမ္မာရုံကြီး၌ အနားယူ သီတင်းသုံးကြသည်။ ရွှေဘုရားကျောင်းဆရာတော်နှင့်တပည့်များက အတုမရှိ ကျောင်းတော်ကြီး၌ နံနက် ၇ နာရီအချိန်တွင် ကျင်းပလောင်းလှူမည့် ဆွမ်းလောင်းလှူပွဲကြီးသို့ ဆက်လက်သွားရောက်ကြသည်။ ယင်းနောက် ဆွမ်းလောင်းလှူပွဲကြီးသို့ ကြွရောက်တော်မူလာကြသည့် မန္တလေးမြို့ရှိ မြို့နယ် ၇ မြို့နယ်မှ ဆရာတော် သံယာတော် အပါး ၂၅၀၀ တို့ကို အတုမရှိကျောင်းတော်ကြီး၌ သံယာတော်အပါင်း ၅၀၀ စီကို ၅ နေရာခွဲ၍ ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားမှူးအဖွဲ့ဝင်များကလည်း လောင်းလှူရေးအဖွဲ့. ၅ ဖွဲ့ခွဲကာ အလည့်ကျ စနစ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ အသက်လွတ် ဆွမ်းသပိတ်၊ သင်္ကန်းဒွိစုံ၊ နဝကမ္မ အလှူတော်ငွေ (အန်ပေါင်းအိတ်)တို့ဖြင့် ကုသိုလ်ရယူလောင်းလှူပူဇော်ကြသည်။ သာသနာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများက ဖွဲ့စည်းတာဝန်ပေးအပ်တားသော လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အနီးကပ်ပံ့ပိုးကူညီမှုဖြင့် ဆွမ်းလောင်းလှူပူဇော်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်နိုင်ကြသည်။

နံနက် ၉ နာရီအချိန်တွင် အတုမရှိကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်သည့် ရေစက်ချ အခမ်းအနားသို့ နံနက်အရုဏ်တက်ချိန်က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူခဲ့ကြသည့် ထေရ်ကြီးဝါကြီး ဆရာတော် ၁၀၈ ပါးတို့ ကြွရောက်တော်မူလာကြသည်။ အခမ်းအနားသို့ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးနှင့်ဇနီး ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌမြို့တော်ဝန်၊ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စင်ကာပူရွှေဘုရားကျောင်းဆရာတော်

နှင့် ဘုရားဖူးအဖွဲ့ဝင်များ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြား ထားသည့် ညေ့သည်တော်များ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနား၌ မြန်မာ့ဆိုင်းဝိုင်းကြီး၊ မြန်မာ့စောင်းတို့ဖြင့် အနုပညာရှင် စောင်း မှုမှုသိန်းနှင့်အဖွဲ့က သီချင်းကြီးသီချင်းခဲ့များဖြင့် သီဆိုပူဇော်ကြသည်။ ယင်းနောက် ပရိသတ်များက နိုင်ငံတော်သံယမဟာနာယကအဖွဲ့ အကျိုးတော် ဆောင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိ က ဘဒ္ဒန္တကုမာရ မကွေးဆရာတော်ဘုရားထံ မှ ငါးပါးသီလ ခံယူဆောက်တည် ကြပြီး အနုမောဒနာတရား နာယူကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်း ချ အမျှပေးဝေကြသည်။ ဆက်လက်၍ ဆရာတော်ကြီးများကို တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်များက သက်နှံ့ဒွိစုံ၊ သိုးမွေးခြုံထည်၊ တရုတ်စောင်၊ ယပ်၊ နဝကမ္မအလှူငွေ (အန်ပေါင်းအိတ်) စသည့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်ကြီးများကို နေ့ဆွမ်းဆက်ကပ်ကြသည်။ ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ကို အသက်လွတ်မှန့် သစ်သီးတို့ ဖြင့် ညေ့ဝတ်ပြုကြပြီး ညေ့ပရိသတ်များကို နံနက်စာဖြင့် ကျွေးမွေးညေ့ခံကြ သည်။

နေ့ဝိုင်းတွင် ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်များ သည် အမရပူရမဟာဂန္ဓာရုံကျောင်းသို့ သွားရောက်ဖူးမြော်ကြပြီး အလှူတော် ငွေ ကျပ် ၂၄ သိန်းကို ဆက်ကပ်လှူဒါန်းကြသည်။ ညနေ ၃ နာရီအချိန်တွင် မန္တလေး၊ ဟံဟိုး ရန်ကုန်ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် ပထမအသုတ် ဘုရားဖူးအဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။ ယင်း လေယာဉ်ဖြင့် အတူလိုက်ပါလာသော ရွှေဘုရားကျောင်းဆရာတော်သည် နောက်ပါ ဒါယကာရင်းအချို့နှင့် ဒေသခံဒါယကာတို့ လိုက်ပါလျက် ညောင်ရွှေ မြို့မှတစ်ဆင့် အင်းလေးဒေသသို့ ခရီးဆက်ကြသည်။

၁၄-၁၂-၉၈ ရက်နေ့တွင် ပထမအသုတ် ဘုရားဖူးအဖွဲ့သည် အပြည် ပြည်ဆိုင်ရာ လေကြောင်းဖြင့် စင်ကာပူနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနေ့တွင် ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် မန္တလေးမြို့မှ ရောက်ရှိလာကြသော ဒုတိယအသုတ်ဘုရားဖူးအဖွဲ့သည် ဆက်လက်၍ ကျောက်တန်း ရေလယ်ဘုရားသို့ သွားရောက်ကြပြီး စုပေါင်းအလှူငွေ ကျပ် (၂၉၀၀၀၀ဒီ/)ကို ပါဝင်လှူဒါန်းကြသည်။ ၁၅-၁၂-၉၀ ရက်နေ့တွင် ဒုတိယအသုတ်ဘုရားဖူးအဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ပြန်လည် ထွက်ခွာသွားကြသည်။

ရွှေဘုရားကျောင်းဆရာတော်၏ အင်းလေးဒေသခရီးစဉ်သည် မြန်မာတိုင်းရင်းသား သွေးချင်းတို့ဌာနေ မောရှမ်းမြေသို့ လျှောက်လှမ်းသည့် တိုးချဲ့ခရီးစဉ် ဖြစ်သည်။ ခရီးစဉ်၌ ရွှေတုံးရွှေခဲကြီးများပမာ တန်ခိုးကြီးမား ထင်ရှားလှသည့် ဖောင်တော်ဦးရုပ်ရှင်တော်များကို ဦးစွာဖူးမြော်လှူဒါန်းကြသည်။ ပုဂံအနော်ရထာမင်းကြီး၏ မြေးတော်အလောင်းစည်သူမင်း တည်ထားခဲ့သည့် အလိုတော်ပေါက် ဘုရားသည် ရွှေဘုရားကျောင်းဆရာတော်ကို ထူးထူးခြားခြားကြည်ညိုမှုသဒ္ဓါအားကို တိုးပွားစေခဲ့သည်။ ပြည်ပနိုင်ငံခြားသား ခရီးသွားများက "ကြောင်ခုန်ကျောင်း" ဟု အသိများကျော်ကြားသည့် ငဖယ်ချောင်ကျောင်းမှ လက်ရာပြောင်မြောက်လှသည့် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များက ရေးဟောင်းရွှေပိန်းချပလွင်၊ တံကဲတို့ဖြင့် တင့်တယ်ကြည်ညိုဖွယ် ဖူးမြင်ကြရသည်။ ရွှေဘုရားကျောင်းဆရာတော်သည် ငဖယ်ချောင်ကျောင်းတိုက်၌ ၄ ၂၃၇၀၀ ကျပ် လှူဒါန်းသည်။ အင်းလေးဒေသ ရေပြင်ပေါ်ရှိ ကျွန်းမျောများ၌ အိမ်ရာတည်ထောင်၍ သစ်သီး ဟင်းသီးဟင်းရွက်စိုက်ခင်းများဖြင့် ထူးခြားသည့် သဘာဝလုပ်ကိုင်စားသောက်မှုက တစ်မူခြားနား ထူးခြားသော မြင်ကွင်း ဖြစ်သည်။ ထိုမှတစ်ဆင့် အင်းရေပြင် ဖွေးဖွေး၌ မတ်တတ်ရပ်ကာ ခြေတစ်ဖက်ဖြင့် လှေလော်သွားလာနေသည့်မြင်ကွင်းကလည်း ကမ္ဘာတစ်လွှား၌ ရှားရှားပါးပါး ဤဒေသ၌သာ တွေ့မြင်နိုင်သည့် သဘာဝမြင်ကွင်းဖြစ်သည်။ ရေ၊ မြေ၊ တော၊ တောင် သဘာဝနှင့် လိုက်ဖက်ညီစွာ ရိုးသားဖြူစင်သည့် စိတ်ဓာတ်ဖြင့် ဘာသာရေးကို လေးစားကြည်ညိုကြသည့် တိုင်းရင်းသားတို့၏ သဘာဝက ပေါ်လွင်လှသည်။ ပင်းတယသဘာဝရှေ့မင်ကျောက်သားလိုဏ်ဂူကြီးနှင့် ခေတ်အဆက်ဆက် တည်ထားကိုးကွယ်ခဲ့ကြသော အကြီး၊ အသေး ပုံသဏ္ဌာန်

အမျိုးအစား ခြားနားလှသည့် မျှားပြားလှသော ရပ်တုရပ်ပွားဘုရားစေတီများသည် ဆရာတော်နှင့်အဖွဲ့ကို အံ့မခန်းလောက်အောင် ကြည်ညိုဖွယ် ဖြစ်ကြရပေသည်။

အင်းလေးဒေသမှ ရန်ကုန်ပြန်သို့ ပြန်လည်ရောက်ရှိသည်နှင့် ရွှေဘုရားကျောင်း ဆရာတော်သည် ဒေသခံဒါယကာများနှင့် ပြီးစီးအောင်မြင်စွာ ကျင်းပပူဇော်နိုင်ခဲ့သည့် "သာသနာပြုအောင်ပွဲမဂ်လာပွဲ" သတင်းများနှင့် စပ်လျဉ်း၍ ရန်ကုန်၊ ပုဂံယဉ်ကျေးမှုဒေသနှင့် မန္တလေးမြို့များတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဒေသခံအာဏာပိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဘာသာရေးနှင့်လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ဒေသခံပြည်သူများက သဒ္ဓါအပြည့်ဖြင့် ပါဝင်ကူညီမှုကို တုံ့ပြန်ဂုဏ်ပြုသောအားဖြင့် "သာသနာပြုအောင်ပွဲမဂ်လာကျေးဇူးတင်လွှာ" ခေါင်းစဉ်ဖြင့် နေ့စဉ်ထုတ် မြန်မာသတင်းစာများ၌ ထည့်သွင်းဂုဏ်ပြု ဖော်ပြခဲ့သည်။ တိုးချဲ့ခရီးစဉ်အတွေ့အကြုံအရ နောင်တွင် မျှော်မှန်းကုသိုလ်ပြုရမည့် ခရီးစဉ်များအတွက် သက်ဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးကြသည်။ အမြင်ချင်းဖလှယ်ကြသည်။ ထိုသို့ပြုဖွယ်ကိစ္စဟူသမျှကို မကျန်ရအောင် လုပ်ဆောင်ပြီးမှ ၂၂-၁၂-၉၈ ရက်နေ့တွင် ရွှေဘုရားကျောင်းဆရာတော်နှင့်အဖွဲ့သည် ကျောက်တန်းရေလယ်ဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။ စုပေါင်းအလှူတော်ငွေ ကျပ် ၄ သိန်းနှင့် ငါးစပ်ဆုတောင်းပြည့်ရပ်ရှင်တော်၌ အလေးခ်ိန် (၉/ ၇)သားရှိ ရွှေလည်ဆွဲဘယက် ၁ ကုံးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ ဤသို့လျှင် သာသနာပြုအောင်ပွဲမဂ်လာကုသိုလ်တော်ပွဲကြီးကို စိတ်သဒ္ဓါအပြည့် ဖြင့် အားရပါးရဆိုသကဲ့သို့ အပြည့်အဝ လှူဒါန်းပြီးမှ ၂၃-၁၂-၉၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်ဖြင့် စင်ကာပူနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ကမ္ဘာကြီး ငြိမ်းချမ်းသာယာရေး၊ စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့ အေးချမ်းသာယာ ကြီးပွားတိုးတက်ကာ နှစ်ပြည်ထောင်ရှိ ပြည်သူ့ပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ရည်သန်လျက် စင်ကာပူနိုင်ငံ၊ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းဆရာတော် ရှီဖာဇော့ (ဘွဲ့တော် စောင်ခွန်းဖရားဗစ်တီတမာနုစစ်)အမှူးပြုသော တပည့်ဒါယကာ၊ ဒါယိကာမများက ရန်ကုန်၊

မန္တလေး ပုဂံညောင်ဦးရှိ သံဃာတော် ၅၂၂၀ ပါးတို့အား ဆွမ်း သင်္ကန်းနှင့် နဝကမ္မအလှူငွေများ လောင်းလှူပူဇော်သည့် "သာသနာပြုအောင်ပွဲမင်္ဂလာ" ကုသိုလ်တော်ပွဲကြီးကို ၉-၁၂-၉၈ ရက်နေ့မှ ၁၃-၁၂-၉၈ ရက်နေ့ထိ လှူဒါန်းပူဇော်ခဲ့ကြလေသည်။ အရပ်ရပ်ကုသိုလ်တော်အလှူငွေပေါင်းမှာ ကျပ်သိန်း ၃၇၀ ဖြစ်သည်။ အထူးသဖြင့် စင်ကာပူရွှေဘုရားကျောင်းဆရာတော် ရှိဖာဇော့ အမှူးပြုသော တပည့်ဒါယကာ၊ ဒါယိကာမများ၏ "သာသနာပြုအောင်ပွဲမင်္ဂလာ" ပွဲကြီးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာရေးသူသည် ၉-၁၂-၉၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ "စင်ကာပူရွှေဘုရားကျောင်းမှ သာသနာပြုအောင်ပွဲမင်္ဂလာ" ဆောင်းပါးဖြင့် ရေးသားပူဇော်ခဲ့သည်။

ဓာတ်တော်မွေတော် မြတ်ပူဇော်

ဗုဒ္ဓဘုရားရှင်ပွင့်တော်မူပြီးနောက် သာသနာနှစ် ၅၀၀၀ ထားရှိခဲ့ရာ ယခုအချိန်အခါတွင် ဗုဒ္ဓဘုရားရှင်ကို ဖူးမြော်ပူဇော်ခွင့် မရရှိခဲ့ကြသော လူ၊ နတ်၊ သတ္တဝါ၊ ဝေနေယျအပေါင်းတို့သည် ဗုဒ္ဓဘုရားရှင်ကိုယ်စား ကိုယ်ပွားတော်အဖြစ် သက်တော်ထင်ရှား ဗုဒ္ဓဘုရားရှင်အလား မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို သာ ကြည်ညိုလေးစားစွာ ပူဇော်ကြကာ လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သော ချမ်းသာမှု အကျိုးကို ရယူခံစားကြရမည်သာ ဖြစ်ပေသည်။

ထိုသို့သော ယုံကြည်မှုသဒ္ဓါဖြင့် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်များ၊ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်မွေတော်များကို ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် အထွတ်အမြတ်ပြု၍ ဆည်းကပ်ကိုးကွယ်လေ့ ရှိကြသည်။ ဤသည်ကို စေတနာသဒ္ဓါတရား စွမ်းပကားနှင့် ပြည့်စုံတော်မူကြသည့် ပါရမီရှင်ဆရာတော်ကြီးများက ဗုဒ္ဓဘာသာဝင်သူတော်စင်များတို့အား ဓာတ်တော်မွေတော်များကို တစ်နေရာတည်း၌ တစ်စုတစ်ဝေးတည်း ဖူးမြော်ကြည်ညိုနိုင်ကြစိမ့်သောဇာ အနယ်နယ်အရပ်ရပ်မှ ဓာတ်တော်မွေတော်များကို ကြိုးပမ်းအားထုတ်ပင့်ဆောင်၍ ဓာတ်တော်တိုက်ကြီးများကို တည်ထောင်တော်မူခဲ့ကြသည်။ မန္တလေးမြို့ရှိ ရသေ့ကြီးဦးခန္ဓိဓာတ်တော်တိုက်၊ မြင်းခြံမြို့ရှိ မဟာဗောဓိဓာတ်တော်တိုက်၊

မိတ္ထီလာမြို့ရှိ ဝမ်းတော်ပြည့်ဓာတ်တော်တိုက်နှင့် မွန်ပြည်နယ်ရှိ ကမာကဝက် ဓာတ်တော်တိုက်တို့သည် ထင်ရှားသည့်ဓာတ်တော်တိုက်ကြီးများ ဖြစ်ကြသည်။

မဟာဗောဓိဓာတ်တော်တိုက်သည် မြင်းခြံမြို့ရှိ သာသနာ့ဇောတိကာရဲ့ ကျောင်းတိုက်ပရိဝုဏ်နှင့်ကပ်လျှက် တည်ရှိနေသည်။ တည်ထောင်သူမှာ ဓာတ်တော်တိုက်ဆရာတော် ဦးကောလ္လာည ဖြစ်သည်။ အရှင်သည် ထူးထူးခြားခြား ပါရမီပဋ္ဌာန်းဆက် ကြီးမားသည့်ပုဂ္ဂိုလ်ဖြစ်သည်ဟု ဆိုရပေမည်။ ဓာတ်တော်မွေတော်များကို စတင်စုဆောင်းမှုဖြင့် ရဟန်းဘဝကို စတင်ခဲ့သည့် ဘုရားသားတော်တစ်ပါး ဖြစ်သည်။ ရဟန်းဘောင်သို့ တက်ရောက်ပြီး ၂လ ခန့်အကြာ သက္ကရာဇ် ၁၃၀၉ ခုနှစ်၊ နတ်ဆော်လပြည့်နေ့တွင် တကောင်းဓာတ်တော် သုံးဆူ လက်ခံရရှိသည်မှ စတင်၍ ဓာတ်တော်မွေတော်များကို လေ့လာဖော်ထုတ်၍ ဓာတ်တော်များ စုဆောင်းပူဇော်မှုကို ပြုခဲ့သည်။ မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးများ ပြိုပျက်၍ ဘုရားစေတီများ ရေမြုပ်မျောပါလုဆဲ အခြေအနေတွင် ဓာတ်တော်မွေတော်များကို စွန့်စွန့်စားစား သွားရောက်၍ ကြိုးပမ်းပင့်ဆောင်ခဲ့ရသည်။ အရှင်၏ဓာတ်တော်မွေတော်များကို ပင့်ဆောင်စုဆောင်းမှုသတင်းကောင်းကို ကြားသိရ၍ လာရောက်လှူဒါန်းသူ များပြားလှသည်။ မပင့်ဆောင်ရဘဲ အလိုအလျောက် ကြွရောက်ပေါင်းစည်းလာသည့် ဓာတ်တော်များလည်းရှိသည်။ စုဆောင်းရရှိသည့်ဓာတ်တော်မွေတော်များကို ကျောင်းတိုက်အတွင်းရှိ သိမ်တော်ကြီး၌ ဓာတ်တော်တိုက်အဖြစ် ပူဇော်ထားရှိသည်။

ဗုဒ္ဓဘုရားရှင်၏ အံ့တော်မြတ်တစ်ဆူကို ဒါယကာတစ်ဦး၏ သားစဉ်မြေးဆက်များက ဆည်းကပ်ကိုးကွယ်ရာမှ လာရောက်လှူဒါန်း၍ လက်ခံရရှိသည်။ အံ့တော်မြတ်မှာ အချင်း ၁ လက်မ၊ အလျား ၃ လက်မခန့်ရှိ၍ တောက်ပသော ပုလဲရောင်အဆင်းရှိသည်။ ဗုဒ္ဓဘုရားရှင်၏ ဆံတော်မြတ်ကို ပြည်မြို့၊ ရွှေဆံတော်စေတီအနီးရှိ တောင်ကုန်းသုံးကုန်းပေါ်ရှိ စေတီတစ်ဆူ ထက်မှ ပေါ်တော်မူ ဆံတော်မြတ်အဖြစ် လက်ခံရရှိခဲ့သည်။ ဘုရားရှင်၏

ဆံတော်မှာ အလျားလက်နှစ်သစ်ခန့်ရှိ၍ လူပုဂ္ဂိုလ်တစ်ဦး၏ ပကတိဆံပင်ထက် ဂ ဆခန့် ရှိလေသည်။

ဆရာတော် ဦးကောဏ္ဍည၏ ဆရာတော်ကြီး သီဟိုဠ် (သီရိလင်္ကာ နိုင်ငံ)သို့ ရောက်ရှိစဉ် ကန္ဒီစွယ်တော်တိုက်မှ ဗုဒ္ဓဘုရားရှင်၏ စွယ်တော် အစစ်နှင့်အတူ ၇ ညတာ ရင်ငွေ့လုံ့ကိန်းဝပ်စံပယ်တော်မူခဲ့သည့် ဘုရားရှင်၏ စွယ်တော်ပွားကိုလည်း ပူဇော်ခွင့် ရရှိခဲ့သည်။ ဆရာတော်သည် စုဆောင်း ပူဇော်ခွင့်ရရှိထားသော ဆံတော်၊ အံ့တော်၊ ဓာတ်တော်များကို ဗောဓိပင် ၁၀၀၀ တို့ဖြင့် ဓာတ်တော်စေတီကြီးတစ်ဆူ တည်ထားရန် ရည်မှန်းခဲ့ သည်။ မြန်မာသက္ကရာဇ် ၁၃၄၅ ခုနှစ်တွင် မြင်းခြံမြို့နေ ဦးအောင်သန်း၏ နေအိမ်ခြံဝင်း အတွင်း၌ မစိုက်ပျိုးရဘဲ ထူးခြားစွာ အပင်ပေါက်လာသည့်ဗောဓိပင်ပျို့ ၁၅၀၀ ခန့်ကို ဆရာတော်အား လျှုဒါန်းသည့်အတွက် နှစ်စဉ် ဗောဓိပင်တွင် ဓာတ်တော် များ ဌာပနာပြု၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆရာတော်၏ ဓာတ်တော်တိုက်မှ ဗုဒ္ဓဘုရားရှင်၏ ဆံတော်၊ အံ့တော်၊ ဓာတ်တော်မွေတော်များနှင့် ရဟန္တာအရှင်မြတ်ဓာတ်တော်များကို အနီးကပ် ကြည်ညိုပူဇော်ခွင့်ရရှိနိုင်ရန် ၁၉၉၁ ခုနှစ်၊ ဇွန်လဆန်းမှ စတင်လျက် မြင်းခြံ မြို့မှ ရန်ကုန်မြို့သို့ လှည့်လည်ပူဇော်ပွဲ ပြုလုပ်ခဲ့ရာ ၂၅-၉-၉၁ ရက်နေ့တွင် မြင်းခြံမြို့ရှိ ဓာတ်တော်တိုက်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ယင်းသို့ နိုင်ငံတော်၏ ဦးဆောင်စီမံမှုဖြင့် ဓာတ်တော်ပူဇော်ပွဲများ၌ ဗုဒ္ဓဘာသာဝင်သူတော်စင်အများတို့ က သဒ္ဓါထက်သန်စွာ လျှုဒါန်းကြသည့်အလှူတော်ငွေများကို မတည်ကာ မဟာဗောဓိဓာတ်တော်တိုက်စေတီကို တည်ထားပူဇော်ခဲ့သည်။

ထိုစဉ်ကာလအတွင်း ရွှေဘုရားကျောင်းဆရာတော် ရှိဖာဇော့ (မဟာ သဒ္ဓမ္မဇောတိကဓဇ)နှင့် တပည့်ဒါယကာ၊ ဒါယိကာမများသည် မြင်းခြံမြို့ မဟာ ဗောဓိဓာတ်တော်တိုက်သို့ ရောက်ရှိကာ ဖူးမြော်ပူဇော်ခွင့် ရရှိကြသည်။ ရွှေကျောင်းဆရာတော်နှင့် တပည့်များသည် ဗုဒ္ဓဘုရားရှင်၏ ဆံတော်၊ အံ့တော်၊ ဓာတ်တော်မွေတော်များ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်များကို ဓာတ်တော် တိုက်ကြီးအဖြစ် တစ်နေရာတည်း၌ စုပေါင်းကြည်ညိုပူဇော်ခွင့် ရရှိကြ၍ အံ့

မခန်း ဖူးမြော်မဝဖြစ်ကြရသည်။ စေတနာထက်သန်စွာဖြင့် အလှူတော်ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

မြင်းခြံမြို့ မဟာဗောဓိဓာတ်တော်တိုက်ဆရာတော် ဘဒ္ဒန္တကောဏ္ဍည သည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့တိုင်အောင် ဓာတ်တော်မွေတော်များကို နှစ်ပေါင်း ၅၀ ကာလအတွင်း၌ ဖြန့်ဝေလှူဒါန်းခြင်းဖြင့် ဓာတ်တော်သာသနာတော်ကြီးကို ထွန်းလင်းတောက်ပစေခဲ့လေသည်။

ထိုသို့သာသနာ့အကျိုးကို ကြိုးပမ်းဆောင်ရွက်တော်မူရင်း ဆရာတော် ဘဒ္ဒန္တကောဏ္ဍညသည် သက္ကရာဇ် ၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ဂရက်၊ (၉-၁၁-၂၀၀၁) ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ယခုအခါ ဓာတ်တော်တိုက်ဆရာတော်များဖြစ်ကြသည့် ဆရာတော် ဘဒ္ဒန္တသူရိယနှင့် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသအရှင်မြတ်တို့ ဦးစီးဦးဆောင်ပြုလျက် မဟာဗောဓိဓာတ်တော်တိုက်သာသနာတော်ကြီးအကျိုးကို ဆက်လက်ကြိုးပမ်းသာသနာပြုလျက် ရှိကြလေသည်။

စင်ကာပူ ရှေဘုရားကျောင်းဆရာတော်နှင့် တပည့်များသည် မြင်းခြံမြို့ မဟာဗောဓိဓာတ်တော်တိုက်မှတစ်ဆင့် ဆက်နွယ်နေသည့် မိတ္တီလာမြို့၊ ဝမ်းတော်ပြည့်ဓာတ်တော်တိုက်သို့လည်း ဆက်လက်ရောက်ရှိ ဖူးမြော်ခွင့် ရရှိခဲ့သည်။ တည်ထောင်သူ ဆရာတော်ကြီးမှာ ဝမ်းတော်ပြည့် သာသနာ့ရိပ်သာ ပဓာန နာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တသူရိယ ဖြစ်သည်။ ဓာတ်တော်တိုက်ကြီးသည် မြန်မာပြည်တစ်လွှား၌ ထင်ပေါ်ကျော်ကြားလူသိများသည့် ဓာတ်တော်တိုက်ကြီး ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၁၈ ခု၊ တန်ခူးလဆုတ် ၁၁ ရက်နေ့တွင် ရန်ကုန်တိုင်း တွံတေးမြို့၊ ရွှေဆံတော်စေတီရှိ ပိဋကတ်တိုက်ကျောင်းမှ ဆရာတော် ဦးအာလောက ကိုးကွယ်ခဲ့သော (ဦးသဒ္ဓမ္မ ဒေဝကိတ္တိ - ရာကျော်ဆရာတော် သီဟိုဠ်မှ ပင့်ဆောင်လာသည့်) မှန်ညင်းစေ့ပမာဏရှိ ဓာတ်တော်များကို စတင် ပူဇော်ခွင့် ရရှိခဲ့သည်။ ဆရာတော်သည် ဓာတ်တော်စုဆောင်းမှု ဝါသနာကြီးမား၍ မြိုနယ်အရပ်ရပ်တို့သို့ ကြွရောက်ရင်း ဓာတ်တော်များ စုဆောင်းခဲ့

သည်။ ရဟန္တာဓာတ်တော်များ ရရှိခဲ့ပုံကို ဘဒ္ဒန္တသူရိယက "ဝမ်းတော်ပြည့် ဓာတ်တော် သမိုင်းစာအုပ်"၌ မေးမြန်းလျှောက်ထားသူ စာချဆရာတော် ဦးဇနိတနှင့် ဦးယောသိတ (တစ်ဘဝသာသနာကျမ်းပြု ဆရာတော်) တို့အား မြင်းခြံမြို့ ဇောတိကာရုံကျောင်း ဓာတ်တော်တိုက်မှ ရဟန္တာဓာတ်တော်များကို အချို့လင်ပန်းတွေနှင့် ထည့်၊ အချို့ကို ရေအိုးကြီးတွေနှင့် အပြည့်ရိုပ်၊ ဆရာတော်ကြီး ဘဒ္ဒန္တကောလ္လာည ဆရာတော်ကြီး တကောင်းဒေသ၌ ဓာတ်တော်မွေတော်များ ကြီးပမ်းရာဖွေ ပင့်ဆောင်ပုံသမိုင်းစဉ် မိန့်ကြားပုံကို ကြည်ညိုဖွယ် သိရှိခဲ့ရသည်။

မန္တလေးမြို့၊ ချမ်းသာရဆရာတော်ထံမှ စွယ်တော်ပွားတစ်ဆူကို ရရှိခဲ့သည်။ ကျောင်းတိုက်၌ ပူဇော်ထားရှိသော "ဘော်ကြီးဘုရား ရုပ်ပွားတော်ကြီး"၏ ရောင်ခြည်တော်ကွန်မြူးမှုဖြင့် တန်ခိုးကြီးမားလှသည်။ ကျောက်ဆည်မြို့နယ် ခင်လယ်တောင်တန်းမှ ရဟန္တာ ၅၀၀ ၏ လယ်တွင်းကိုးခရိုင်မှ ဓာတ်တော်များ စသည် စသည်ဖြင့် ဆရာတော်ကြီး ဘဒ္ဒန္တသူရိယ၏ ဓာတ်တော်တိုက်ကြီး၌ ဓာတ်တော်များကား များပြားလှပါဘိ၊ ကြည်ညိုမဆုံး ပူဇော်ကြရသည်။ ဆရာတော်ကြီး၏ ဝမ်းတော်ပြည့်ဓာတ်တော်တိုက်ကြီးသို့ ရောက်ရှိဖူးမြော်တော်မူခဲ့သည့် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရက တောင်တန်းတရား ပထမစာအုပ်စာမျက်နှာ-၂၂၄ တွင် အောက်ပါအတိုင်း ရေးသား ဖွင့်ဆိုခဲ့သည်။

"အညာမြေ ဟိုမိတ္ထီလာမြို့မှာ ဝမ်းတော်ပြည့်ဆိုတဲ့ ကျောင်းတိုက်ကြီး ရှိတယ်၊ ဒီဆရာတော်ကဓာတ်တော်တွေကို တည်ထားကိုးကွယ်ရတာ သူကပျော်လွန်းလို့၊ ဒီဆရာတော်ရဲ့ စေတနာက ဓာတ်တော်တွေ စုပေါင်းပြီး ပုလင်းတွေနဲ့ ဖန်ဘူးတွေနဲ့၊ ပီရိတွေနဲ့၊ ကြွတ်တွေနဲ့ အမျိုးမျိုးထားပြီးတော့ ကိုးကွယ်တာ။ သူကျောင်းမှာ ပေါလိုက်တဲ့ ဓာတ်တော်တွေ၊ ဘယ်နယ်က ဘယ်လောက်ကြာသောအခါမှန်က ဘယ်လိုကြီးစားရှာထားသလဲတော့ မသိဘူး။ အဲ့ဒြေလို့ မဆုံးနိုင်ဘူး။ စာတန်းလေးတွေ ထိုးလို့ ဘုရားဓာတ်တော်၊ ရှင်သီဝလိဓာတ်တော်၊ အရှင်မောဂ္ဂလာန်ဓာတ်တော် စသည်ဖြင့် စာတန်းတွေနဲ့။ အခြားသောအမည် မရေးနိုင်တဲ့ ဓာတ်တော်တွေလည်း အများကြီး ရှိတယ်။ အဲဒီကျောင်းထဲ

လျှောက်ပြီးတော့ ဓာတ်တော်တွေ ကြည့်မယ်၊ ကြည်ညိုမယ်ဆိုရင် တစ်နေကုန် လျှောက်ကြည့်တောင်မှ သူ့ရဲ့ဓာတ်တော်တွေ၊ ဓာတ်တော်ပုလင်းတွေ၊ ဖန်ဘူးတွေ၊ ဖန်ချောင်းတွေ ကြည့်မယ်ဆိုရင် ဆုံးနိုင်မှာ မဟုတ်ဘူး။ ဘုန်းကြီး ကြည့်ခဲ့တယ်။ အတော်အံ့ဩဖွယ် ကောင်းတဲ့ ဆရာတော်တစ်ပါး"

ဤကဲ့သို့လျှင် သာသနာပြုလုပ်ငန်းအရပ်ရပ်တို့ကို ကြိုးပမ်းအားထုတ်လျက် သာသနာပြုနေသူ ဘဒ္ဒန္တဥာဏိုးသူရိယသည် သက္ကရာဇ် ၁၃၆၃ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ဒုတိယဝမ်းတော်ပြည့် ဆရာတော် ဘဒ္ဒန္တဇနိတသည် မူလဝမ်းတော်ပြည့် ဆရာတော်ကြီး၏ ညီဝါဒနှင့်အညီ ဆရာတော်၊ တိုက်အုပ်ဆရာတော်နှင့် သံယာတော်အရှင်သူမြတ်အပေါင်းတို့သည် သာသနာ့တာဝန်များကို ဆက်လက်ကြိုးပမ်းသာသနာပြုလျက် ရှိပေသည်။

ကြိုးပမ်းညီတူ ထီးတော်သစ်အလှူ

ရွှေတိဂုံစေတီတော် အထက်ပစ္စယာရှိ စေတီတော်ကြီးအထွတ်တွင် ကြဲ့ခိုင်စစ်ဆေးပြုပြင်မှု လုပ်ငန်းများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ရွှေထီးတော်ကြီးမှ ရွှေပြားများကို ၁၃-၁-၉၈ ရက်နေ့မှ ၁၇-၁၁-၉၈ ရက်နေ့အထိလည်းကောင်း၊ ထီးတော်ဘုံဆင့်များမှ ကြေးဆည်းလည်းများကို ၇-၁၂-၉၈ ရက်နေ့မှ ၁၃-၁၂-၉၈ ရက်နေ့အထိ လည်းကောင်း သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များက ဖြုတ်ယူသိမ်းဆည်းခဲ့ကြသည်။ မူလက ရွှေထီးတော်ကြီး အကြီးစားပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ခဲ့ကြသော်လည်း ထပ်မံ စစ်ဆေးတွေ့ရှိချက်အရ ထီးတော် အစိတ်အပိုင်းအများစုသည် သံချေးတက်နေပြီး အချို့မှာ ပျက်စီးစပြုကာ၊ အချို့မှာ လုံးဝပျက်စီးလျက် ရှိနေသည်။ ထိုအခြေအနေပေါ် မူတည်လျက် ထီးတော်ကြီး ရေရှည်ခိုင်ခံ့မှုရှိစေရန် လိုအပ်ချက်နှင့်အညီ အစားထိုးလဲလှယ်မည့် ပစ္စည်းများကို သတ္တုစားခံနိုင်ရည်ရှိသော ပစ္စည်းများ နည်းပညာများဖြင့် လုပ်ဆောင်နိုင်ရန် မူလထီးတော်ကြီး၏ ထီးခရိုင်၊ ထီးချလက်၊ ဒေါက်တိုင်များအပါအဝင် အမာခံ အစိတ်အပိုင်းများကို အသစ်ပြုလုပ်ပြီး အစိတ်အပိုင်းအလိုက် အစားထိုးလျက် အသစ်တင်လျှ တပ်ဆင်မည့်

"ထီးတော်သစ် တင်လှူပူဇော်ရေး"သို့ ဦးတည်သော လုပ်ငန်းကြီးအဖြစ် ရောက်ရှိခဲ့သည်။

၂၀-၁-၉၉ ရက်နေ့မှ ၃၁-၃-၉۹ ရက်နေ့အထိ ကျင်းပပြုလုပ်သော ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်းဌ ကျင်းပပြုလုပ်သည့် "ရွှေတိဂုံ စေတီတော် ထီးတော်ပြုပြင်မွမ်းမံမှု ပြပွဲကြီး"ကိုလည်း ရွှေကျောင်းဆရာတော် သည် ကြည်ညိုပူဇော်နိုင်ခဲ့သည်။ ပြပွဲကြီးဌ စေတီတော်ကြီးအား လေးနှစ် တစ်ကြိမ် ရွှေသက်နီးကပ်လှူစဉ် ရွှေထီးတော်ကြီး ကြုံခိုင်ရေးလုပ်ငန်းများကို စစ်ဆေးကြည့်ရှုရာဌ ချွတ်ယွင်းမှုများစွာ ဖြစ်ပေါ်နေပုံ၊ ထီးတော်ကြီးနှင့်ပတ်သက် ၍ ပြင်သင့်ပြင်ထိုက်ချိန် ရောက်နေသဖြင့် ပြုပြင်ရပုံအခြေအနေများ၊ ပျက်စီးနေ သော ထီးတော်ကြီးအစိတ်အပိုင်းများ၊ ရတနာပစ္စည်းများ၊ ရွှေသက်နီးတော်များ အပါအဝင် ဓာတ်ပုံမှတ်တမ်းများကို ကိုယ်တွေ့မျက်မြင် တွေ့မြင်ကြည်ညိုခွင့် ရရှိလေသည်။ ရွှေထီးတော် မွမ်းမံပြုပြင်မှု ပြပွဲအခမ်းအနားကြီးအပြီးဌ အလှူရှင် များက အလှူငွေများ စတင်လှူဒါန်းပေးအပ်ကြသည်။ အထူးသဖြင့် ဖွင့်ပွဲနေ့က လာရောက်ဖူးမြော်ကြည်ညိုကြသော ပြည်တွင်းပြည်ပ နှစ်ဌာနတို့မှ စေတနာရှင် ဘုရားဖူးများ၊ နိုင်ငံခြားသားများက ဖွင့်ပွဲနေ့တစ်နေ့တာ လှူဒါန်းမှုကုသိုလ်တော် အစုစုတို့မှာ ငွေကျပ် သိန်း ၉၀၀ ခန့် ရှိခဲ့သည်။ ရွှေထီးတော် မွမ်းမံပြုပြင်မှု ပြပွဲဖွင့်လှစ်ပြီး သုံးလေးရက်အတွင်းဌပင် အလှူခံဌာနများ ရှေ့ဌလှူဒါန်းရန် အလှူရှင်များက တန်းစီနေကြသည်။ အလှူရှင်များက နေ့စဉ် လျှော့သည် မရှိ။ အလှူခံဌာနများကို တစ်ခုပြီးတစ်ခု တိုးချဲ့ဖွင့်လှစ်ခဲ့ရတော့သည်။

ဦးခိုက်ပူဇော် ရောင်ခြည်တော်

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး နာယကသည် ၁-၂-၉۹ ရက်နေ့၊ နံနက် ၅ နာရီ၊ မိနစ် ၄၀ တွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိလာပြီး ထီးတော်၊ စိန်ဖူးတော်နှင့် ၄က်မြတ် နားတော်တို့ကို တက်ရောက်ဖူးမြော် ကြည်ညိုရ၍ စိန်ဖူးမတော်နှင့် ၄က်မြတ်နား

တော်တို့ကို တရော်ကင်ပွန်။ အမ္မေးနံ့သာရည်တို့ဖြင့် ရောင်တော်ဖုင့် ပူဇော်ခဲ့သည်။

နောက်တစ်ရက်ဖြစ်သည့် ၂-၂-၉၉ ရက်နေ့ ၂ နာရီ ၄၀ မိနစ်အချိန်တွင် ၆ စက္ကန့်ကြာမျှ ရောင်ခြည်တော်များ ကွန်မြူးနေသည်ကို ထီးတော်တွင် လုပ်ငန်းများ လုပ်ဆောင်နေကြသည့် ပုဂ္ဂိုလ်များ မှုးမြင်ကြရလေသည်။ ထိုစဉ် လုပ်ငန်းတာဝန်ဆောင်ရွက်ရင်း မှုးမြင်ခွင့်ကြုံရသူ ဓာတ်ပုံပညာရှင် စိုင်းခမ်းလင်းက မိမိရရ ဓာတ်ပုံဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ဘုရားမှုးပြည်သူအများတို့သည်လည်း မှတ်တမ်းဓာတ်ပုံဖြင့် မှုးမြင်ခွင့် ကြုံကြရသည်။ ဤကား နိုင်ငံတော်တွင် မင်းနှင့်ပြည်သူ ကြည်ဖြူလက်တွဲ ဆောင်ရွက်ကြမည့် ရှေထီးတော် တင်လှူပူဇော်ပွဲအတွက် ကြိုးပမ်းဆောင်ရွက်နေမှုကို အသိအမှတ်ပြုသောအားဖြင့် ရောင်ခြည်တော် ကွန်မြူးသည့်အောင်နိမိတ်ဟု တင်စားရပေမည်။

ထပ်မံကွန်မြူး ရောင်ခြည်ထူး

ကာလအားဖြင့် လေးဆူဓာတ်ပုံ ရှေတိုဂုံစေတီတော်မြတ်ကြီး၏ ရှေထီးတော်သစ် တင်လှူပူဇော်နိုင်ရန်အတွက် ပြုပြင်မွမ်းမံမှု လုပ်ငန်းများကို အရိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်နေကြသည့် ၁၉-၃-၉၉ ရက်နေ့ နံနက်ပိုင်း၌ ဖြစ်သည်။ ရှေတိုဂုံစေတီတော် ဂေါပကအဖွဲ့ ဩဂါဒါ စရိယ အလယ်တောရ စံပြစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလာစာရိဝံသ မဟာထေရ်မြတ်၏ တပည့်ရင်း အရှင်ကာရုဏိကသည် ရှေ တိုဂုံစေတီတော်ကြီး၌ စောင့်ရှောက်ရေး သံယာတော်အဖြစ် တာဝန်ကျစဉ် အရှင်နန္ဒိမိတ္တာကနှင့်အတူ ရှေတိုဂုံစေတီတော်မြတ်ကြီး၏ ရှေထီးတော်ထက်ရှိ စိန်မှုးတော်နှင့် ငှက်မြတ်နားတော်တို့ကို စောင့်ရှောက်ရေးလုပ်ငန်းပိုင်း ဆောင်ရွက်ရင်း တက်ရောက်မှုးမြော်ကြည့်ကြသည်။ ထိုသို့ မှုးမြော်ကြည့်ကြစဉ် နံနက် ၉ နာရီခွဲအချိန်ခန့်တွင် ငှက်မြတ်နားတော်၌ ကိန်းဝပ်စံပယ်တော်မှလျှက်ရှိသော ပတ္တမြားရုပ်ပွားတော်မြတ်မှ ရောင်ခြည်တော်များ ကွန်မြူးနေသည်ကို မှုးမြင်ခွင့်ရရှိခဲ့ကြသည်။ ထိုစဉ် အရှင်နန္ဒိမိတ္တာက (အလယ်တောရ ကျောင်းတိုက်)

က အသင့်ပါလာသော ကင်မရာဖြင့် ဓာတ်ပုံမှတ်တမ်းတင်နိုင်ခဲ့ပြီး သက်ဆိုင်ရာ အကြီးအကဲများသို့ တင်ပြနိုင်ခဲ့လေသည်။

ပုံရိပ်တော်ထူး ဦးခိုက်ဖူး

စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာရွှေဘုရားကျောင်း ဆရာတော်သည် ဘုရားဖူး ခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိတိုင်း ဝတ်မပျက်တက်ရောက်ဖူးမြော်ကြည်ညိုလေ့ရှိသော စေတီတော်ကြီးမှာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးပင် ဖြစ်သည်။ ၁၅-၆-၉၉ နေ့ ညနေပိုင်းတွင်လည်း ရွှေဘုရားကျောင်းဆရာတော်သည် နောက်ပါတပည့်ဒါယကာ၊ ဒါယိကာမ ငါးဦး ဆရီအေးရှ ခရီးသွားကုမ္ပဏီဒါရိုက်တာနှင့် မန်နေဂျာတို့ လိုက်ပါလျက် ရွှေတိဂုံစေတီတော် ရာဟုထောင့်အောင်မြေရှေ့ ရင်ပြင်တော်မှ စေတီတော်ကြီးအား အချိန်ယူလျက် အနီးကပ်ဖူးမြော်နေကြသည်။ ည ၉ နာရီခွဲခန့်၌ မိုးသားတိမ်လိပ်များ တရိပ်ရိပ် တက်လာသဖြင့် တည်းခိုရာ ဟိုတယ်သို့ ပြန်ကြွရန်အတွက် ရွှေတိဂုံစေတီတော်ကြီးအား ဦးခိုက်ကြည်ညိုမှု ပြုနေကြစဉ် မိုးသားတိမ်ရိပ်ထက်၌ ရွှေတိဂုံစေတီတော်ကြီး၏ လုံးတော်ပြည့် ပုံရိပ်တော်ကို ပေါ်လာလိုက် ပျောက်ကွယ်သွားလိုက်ဖြင့် နှစ်ကြိမ်တိုင်တိုင် ရွှေတိဂုံစေတီတော်ပုံရိပ်တော်ကို လည်းကောင်း၊ ရွှေတိဂုံစေတီတော်ကြီး၏ ရွှေထီးတော်ကြီးပုံရိပ်တော်ကိုလည်းကောင်း ထူးထူးခြားခြား ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့ကြသည်။ ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများမှာ ဝမ်းသာကြည်နူးသဒ္ဓါထူးဖြင့် အံ့သြဝမ်းသာ ဖူးမြော်ကြည်ညိုမဝ ဖြစ်ခဲ့ကြရသည်။ ထိုနည်းတူ ဘုရားဖူးရဟန်းရင်လူပြည်သူအများတို့သည်လည်း ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့ကြသည်။ တဒဂ်ဌပင် ရင်ပြင်တော်တစ်ခုလုံးမှာပင် အုတ်အုတ်ကျက်ကျက်ဖြင့် ပြောမဆုံးကြ။ ဖူးမြော်ကြည်ညိုမဝ ဖြစ်ကြရလေသည်။

ဤတွင် ဘာသာရေးကြည်ညိုသဒ္ဓါစိတ်၊ စာပေစိတ် တိုးတက်ကြီးမားမှုဖြင့် စာရေးသူသည် ရွှေတိဂုံစေတီတော်ကြီး၏ ကုသိုလ်တော်လုပ်ငန်းကြီးများ

၌ ကုသိုလ်တော် ရယူနိုင်ရန် ကြိုးပမ်းသည်။ ဆက်လက်၍ ရွှေတိဂုံစေတီတော်လုပ်ငန်း ကော်မတီဥက္ကဋ္ဌထံ စာဖြင့် ခွင့်ပြုချက်ရရှိနိုင်ရန် တရားဝင် လျှောက်ထားပါသည်။ ကုသိုလ်တော်အကျိုးဆက်ဖြင့် ၂၄-၂-၉၉ ရက်နေ့စွဲပါ စာဖြင့် ဥက္ကဋ္ဌက စာရေးသူကို မှတ်တမ်းပြုစုရေး ကော်မတီဝင်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ဤသို့ဖြင့် စာရေးသူသည် ဗုဒ္ဓဘုရားရှင်တော်မြတ်ကြီးကို ကြည်ညိုပူဇော်မှုအဖြစ် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အချိန်ပြည့် တာဝန်ယူလျက် သာသနာဝင်မှတ်တမ်းတစ်ရပ်ကို ပူဇော်ရေးသားခွင့် ရရှိခဲ့လေသည်။

"အုံ့ခိုးမကုန် မြတ်ရွှေတိဂုံ"မည်သော နိုင်ငံနှင့်ပြည်သူသဒ္ဓါကြည်ဖြူလျူဒါန်းမှုသာသနာဝင်မှတ်တမ်းစဉ်ကို ရွှေတိဂုံစေတီ ရွှေထီးတော်ပြုပြင်မွမ်းမံမှုနှင့် ရွှေထီးတော်တင်လှူပွဲများတွင် ပါဝင်ကုသိုလ်ယူခဲ့ကြသော စာပေပညာရှင်များဖြစ်သည့် စာရေးသူ ဦးစံမောင် (မြတ်စွာန်)နှင့် ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးဝင်းကြိုင် (မောင်ယဉ်မင်း - ရွှေတိဂုံ)တို့က မိမိတို့၏ ဆန္ဒစေတနာမြတ်သဒ္ဓါဖြင့် အခန်းကဏ္ဍအလိုက် တာဝန်ခွဲဝေလျက် ရေးသားပူဇော်ခဲ့သည်။ ရေးသားပူဇော်ခဲ့သည့် သမိုင်းစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဦးမျိုးသန့် (မောင်ဆုရှင်)နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးချစ်နိုင် (ချစ်နိုင် - စိတ်ပညာ) တို့က စိစစ်တည်းဖြတ်လျက် ကုသိုလ်တော် ရယူခဲ့ကြသည်။ ၁၉၉၉ ခုနှစ်၌ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီက စာအုပ်အဖြစ် ထုတ်ဝေခဲ့လေသည်။

လူမှုရေးအတွက် လှူဒါန်းလျက်

၁၉၉၉ ခုနှစ်၊ မတ်လအတွင်း ရွှေကျောင်းဆရာတော်ဘုရား၏ တစ်ခုသော ခရီးစဉ်၌ မန္တလေးမြို့တော်အတွင်း လှည့်လည်သွားလာနေစဉ် မြန်မာတို့၏ နာရေးပို့ဆောင်မှု ယာဉ်တန်းတစ်ခုနှင့် အမှတ်မထင် ဆုံခဲ့ရသည်။ မြန်မာတို့၏ ဓလေ့ထုံးစံအတိုင်း ယာဉ်တန်းရှေ့ဆုံး၌ ဝတ်ရွတ်စဉ် ဝတ်အသင်းယာဉ်၊ ရုပ်ကလာပ်တင်ယာဉ်၊ နောက်မှ အသုဘရှု လိုက်ပါပို့ဆောင်သူများ၏ ယာဉ်

တန်းများက တန်းစီရပ်နေကြသည်။ ရွှေကျောင်းဆရာတော်က မေးမြန်းသဖြင့် အတူလိုက်ပါလာသည့် ကုမ္ပဏီဒါရိုက်တာ ဒေသခံ ဒါယကာဖြစ်သူ ဦးထိန်မင်းက ကွယ်လွန်သွားသူတစ်ဦး၏ နာရေးကို လိုက်ပါပို့ဆောင်ကြပုံ၊ ရပ်ကလာပ် မော်တော်ယာဉ်ကို နာရေးကူညီမှုအသင်းများက တာဝန်ယူကူညီဆောင်ရွက်ပေးပုံ တို့ကို ရှင်းလင်းလျှောက်ထားသည်။ ရွှေကျောင်းဆရာတော်က မြန်မာလူမျိုးတို့၏ အချင်းချင်း ရိုင်းပင်းကူညီမှုကို ပါဝင်ပံ့ပိုးကူသိုလ်ရယူလိုစိတ်များ ပေါက်ဖွားလာပုံ ရသည်။ ညှိနှိုင်းဆောင်ရွက်ပေးရန် ဒါယကာ ဦးထိန်မင်းကို တာဝန်ပေးသည်။

ဤသို့ဖြင့် ၂၃-၃-၉၉ ရက်နေ့တွင် မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာ မေတ္တာ ကရုဏာရှင်များ ကူညီစောင့်ရှောက်ရေးအဖွဲ့နှင့် ပြဟ္မာစိုရ်လူမှုကူညီရေးအသင်း တို့သို့ အစဉ်အသုံးပြုနိုင်ရန် မော်တော်ယာဉ် တစ်စီးစီဖြင့် ယာဉ် နှစ်စီးကို ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းအပြင် မန္တလေးမြို့ မဟာမုနိ ရေတော်ဆရာတော် အဂ္ဂမဟာ ဇောတိက ဘဒ္ဒန္တပညာဝံသ၏ စိမ်မှုဖြင့် မီးဘေးဆိုင်ရာ ထောက်ပံ့ရန် ငွေကျပ် သိန်း ၄၀၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ထောက်ပံ့ကူညီမှုပြုနိုင်ရန် ငွေကျပ် သိန်း ၃၀ တို့ကိုပေးအပ်လှူဒါန်းခဲ့ပြန်သည်။ ထို့နည်းတူပင် ပုဂံယဉ်ကျေးမှုဒေသရှိ ဆင်ဖြူရှင် သာသနိုက အဆောက်အအုံ ပြုပြင်မွမ်းမံရန် ငွေကျပ် ၃၀ သိန်း၊ ပြုပြင်ပြီး ပြာသာဒ်ကြီးနှင့်ပံ့သကူမဟာ ထေရ်ဘုရားနှစ်ဆူကို စောင့်ရှောက်ကြမည့် အစောင့်နေအိမ် ၂ လုံး ဆောက်လုပ်နိုင်ရန် အလှူငွေ ၄ သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့လေသည်။

ရွှေဟောင်းဘုရား ပျက်ဟား

၉-၄-၉၉ ရက်နေ့တွင် ရွှေကျောင်းဆရာတော်သည် နောက်ပါ တပည့်ရင်းများဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး မန္တလေးမြို့နှင့်ရမ်းပြည်နယ်တို့သို့ လှည့်လည်ခဲ့သည်။ ၁၂-၄-၉၉ ရက်နေ့တွင် မန္တလေးမြို့ ပြည်ကြီးပျော်ဘွယ်ရပ် မီးဘေးသင့်အိမ်ထောင်စုဝင်များအတွက် ငွေကျပ် ၄၉ သိန်းဖိုးရှိ ပစ္စည်းများကို ရွှေကျောင်းဆရာတော်က လှူဒါန်းခဲ့သည်။ ဆက်လက်၍ ရမ်းပြည်နယ် တောင်ပိုင်းသို့ သွားရောက်ပြီး ပင်းတယ၊ ကုံလုံကျောင်းတိုက်ရှိ ပြည်ငြိမ်းအေး စေတီတော် တည်ဆောက်ရေးအတွက် ငွေကျပ် (၁၉၂၀၀၀/)နှင့် ကုံလုံဆရာ

တော်ဘုရားကြီးအား ဖူးမြော်စဉ် ငွေကျပ် (၅၁၈၆၉၀/)တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ အင်းလေးဒေသသို့ လှည့်လည် ဖူးမြော်လှူဒါန်းကြပြန်သည်။

အင်းလေးဒေသ နမ့်ပန်ကျေးရွာရှိ ရေပတ်လည် ဝန်းရံလျက်ရှိသော ရေလယ်ကျွန်းထက်၌ တည်ရှိနေသည့် ရေးဟောင်းဘုရား ပေါက်စာတုစေတီကြီးကို ဖူးမြော်ကြသည်။ စေတီတော်ကြီး၏ မူလဒါယကာမှာ ပါဋလိပုတ်ပြည့်ရှင် (ယခု ပတ္တနာမြို့၊ ဗီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ)သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်း (ဘီစီ-၁၂၇၂)ဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီပေါင်း ရှစ်သောင်းလေးထောင်တွင် ဘုရားပေါက်စေတီသည် တစ်ဆူအပါအဝင်ဖြစ်ပြီး ဓာတ်တော်နှစ်ဆူ ဌာပနာထားသည်။ နောင်တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းနှင့် ပုဂံမင်းဆက်များ လှည့်လည်ရောက်ရှိစဉ် စေတီဟောင်းကို ပြင်ဆင်လျက် ထီးတော်သစ် တင်လှူပူဇော်ခဲ့သည်။ စေတီတော်ကြီးမှာ နှစ်ကာလကြာညောင်းသည်နှင့်အမျှ သဘာဝအလျောက် ယိုယွင်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ ပါရမီပဌာန်းဆက်ဟု ဆိုရပါချေမည်။ ရွှေဘုရားကျောင်းဆရာတော်သည် တစ်ကြိမ်မှသည် နှစ်ကြိမ် ဆိုသကဲ့သို့ အကြိမ်ကြိမ် ဖူးမြော်ရသည်နှင့် စေတီတော်ကြီးကို ပြုပြင်မွမ်းမံလိုသည့်သဒ္ဓါဆန္ဒတရားများက ထူးထူးခြားခြား ပေါ်ပေါက်လာသည်။ ထို့ကြောင့်ပင် ဘုရားပေါက်စေတီတော် ဂေါပကအဖွဲ့ နာယက၊ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဘုရားသမိုင်းစဉ်နှင့် ပြုပြင်မွမ်းမံနိုင်ရေးအတွက် မေးမြန်းလေ့လာဆွေးနွေးမှုဖြင့် ကုသိုလ်တော် လှူဒါန်းနိုင်ရေးကို စတင်ပျိုးထောင်တော့သည်။ သဒ္ဓါဆန္ဒကြီးမားသည်နှင့်အမျှ မကြာမီကာလများ၌ပင် အကောင်အထည်ဖော်ရန် မဝေးနိုင်တော့ပြီဟု ဆိုရပါချေမည်။

ရွှေဆည်းလည်းတော် တင်ပူဇော်

ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေထီးတော် တင်လှူပူဇော်ပွဲကြီးအတွက် ကြိုတင်ဆောင်ရွက်တင်လှူမှု ပြုရာ၌ ရွှေဆည်းလည်းတင်လှူမှုကလွဏ်တစ်ရပ်

ပါဝင်၍ ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ နာယကကြီး သည် ရွှေထီးတော် ဘုံခုနစ်ဆင့်၌ ဘုံဆင့်တစ်ခုလျှင် ရွှေဆည်းလည်း လုံးရေ ၇၀ စတင်ပူဇော်ခြင်းဖြင့် ၁၉-၃-၉၉ ရက်နေ့တွင် ရွှေဆည်းလည်းတော် တင်လှူမှုကို ဖွင့်လှစ်နိုင်ခဲ့သည်။ ရွှေထီးတော်ကြီး ပထမဘုံအဆင့်နှင့် ဒုတိယ ဘုံအဆင့်တွင် ရွှေဆည်းလည်းငွေဆည်းလည်းများ ချိတ်ဆွဲပူဇော်ရာ၌ ထီးတော် ဒေါက်တွင် ချိတ်ဆွဲသော ရွှေဆည်းလည်းများတွင် စင်ကာပူ ရွှေဘုရားကျောင်း ဆရာတော် လှူဒါန်းသော ရွှေဆည်းလည်း လုံးရေ ၁၂၀ နှင့် ဆရီအေးရှား ခရီးသွားလုပ်ငန်းကုမ္ပဏီမီသားစုမှ လှူဒါန်းကြသော ရွှေဆည်းလည်း ၁၂ လုံး မှအပ အခြားဆည်းလည်းများမှာ မူလထီးတော် ဒေါက်များတွင် ချိတ်ဆွဲ ထားရှိသော ရွှေဆည်းလည်းကြီးများဖြစ်ကြောင်း သိရှိရသည်။

ဦးတင်ဆင်နဲ့ ထီးတင်ပွဲ

တစ်ဘဝမှာ တစ်ခါဆိုသကဲ့သို့ ကြုံဆုံခဲ့သည့် ရှေးမင်းကောင်းမင်းမြတ်တို့၏ အစဉ်အလာနည်းတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရနှင့်ပြည်သူ့ပြည်သားအပေါင်းတို့သည် မင်းနှင့်ပြည်သူ့ ကြည်ဖြူစွာလက်တွဲလျက် မြန်မာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်အလိုအရ "အောင်စစ်သည်တော် ထီးပူဇော်"ဟူသော ကိန်းခန်းတဘောင် အောင်နိမိတ်ကို ဆောင်ကာ ရွှေတိုဂုံစေတီတော် ရွှေထီးတော်တင်လှူပွဲကြီးကို ၁၉၉၉ ခုနှစ်၊ ဧပြီလ (၄) ရက်၊ (၅) ရက်နှင့် (၆) ရက်နေ့အထိ သုံးရက်တိုင်တိုင် မင်းနှင့်ပြည်သူ့ ကုသိုလ်ယူ ကြည်ဖြူဆင်နွဲ့ ထီးတင်ပွဲမဟာအောင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်နိုင်ခဲ့သည်။

၄-၄-၉၉ ရက်နေ့သည် လေးဆူဓာတ်ပုံ ရွှေတိုဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကြီး စတင်ကျင်းပသည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေသည်။ ရင်ပြင်တော် ရာဟုထောင့်အောင်မြေရှိ မင်္ဂလာမဏ္ဍပ်ကြီး၌ နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံယ

မဟာနာယကအဖွဲ့.ဥက္ကဋ္ဌ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတအမှူးပြုသော ဆရာတော်ကြီး များ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများ တိပိဋကဓရမဟာဝဇိရာဂါရိကဆရာတော်များနှင့် ပင့်သံယာတော် အရှင်မြတ်တို့ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ထိုအပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြင်ကြင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး(ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့်ဇနီး ဒေါ်မြမြစန်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ဝန်ထမ်းရွေးချယ်လှော့ချင့်ရေးအဖွဲ့.ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီး များ၊ သံတမန်များ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည် ဆောက်ရေးကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်ဒေသမှူးများ၊ ရွှေတိဂုံစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပရေးလုပ်ငန်း ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ မြန်မာ အင်ဂျင်နီယာပညာရှင်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်မှ သင်တန်းသား၊ သင်တန်းသူများ၊ ဘာသာရေး၊ လူမှုရေးအသင်း အဖွဲ့များနှင့် ဝတ်ရွတ်စဉ်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ရဟန်း ရှင်လူပြည်သူများ ထောင်သောင်းများစွာ တက်ရောက်ပူဇော် ကြည်ညိုကြသည်။

ဦးစွာ ရွှေထီးတော်တင်လှူ ပူဇော်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို နံနက် ၇ နာရီ ၆နာရီ ၂၀ တွင် နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ၍ ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့.ဥက္ကဋ္ဌ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိကမြင်းခြံဆရာတော်

ဘဒ္ဒန္တသောဘိတထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ဖွားချီးမြှင့်တော်မူသည်။ ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရည်မှန်းရှိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကမြင့်ခြုံဆရာတော် ဘဒ္ဒန္တသောဘိတထံသို့ ရွှေထီးတော် ပထမဘုံဆင့်၏ မှန်ကင်းတော်နှင့် စိန်တောင်တို့ကို ဆက်ကပ်လှူဒါန်းပြီး ဆက်လက်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အနုမောဒနာတရား ဟောကြားတော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ရွှေထီးတော်ကြီးကို ပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးကြိမ်လှည့်လည်၍ အပူဇော်ခံကြသည်။

ရွှေထီးတော်ကြီး၏ ပထမဘုံအဆင့်ကို ရာဟုထောင့်အောင်မြေရှိ မင်္ဂလာမဏ္ဍပ်မှ စတင်ပင့်ဆောင်ကြရာ မှန်ကင်းတော်နှင့် စိန်တောင်များ တင်ဆောင်ထားသည့် မင်္ဂလာဝေါယာဉ်ကို ပင့်ဆောင်ကြသည်။ ဆက်လက်၍ ထီးတော် ပထမဘုံအစိတ်အပိုင်းများ တင်ဆောင်ထားသည့် မင်္ဂလာဝေါယာဉ် အသီးသီးကို ပင့်ဆောင်ကြသည်။ လှည့်လည်ပူဇော်ခံသည့် မင်္ဂလာဝေါယာဉ်များ ပင့်ဆောင်သော စေတီတော်ကြီးပတ်လည် လျှောက်လမ်းသွယ်နေရာမှအပ သာသနိုက အဆောက်အဒုံများအပါအဝင် ရင်ပြင်တော်တစ်ခွင်လုံး၌ ထီးတော်

တင်လှူပူဇော်ပွဲသို့ လာရောက်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူအပေါင်း တို့က ဝမ်းမြောက် ဝမ်းသာ ပျော်ရွှင်စွာ ဦးတင်ဖူးမြော်လျက် ပူဇော်ကြသည်။ ပရိသတ် ထောင်သောင်းချီ၍ မျာနှင်းလှရာ တစ်နေရာမှတစ်နေရာ ရွှေပြောင်း ရန်ပင် မလွယ်ကူသဖြင့် ရောက်ရာနေရာမှပင် ဖူးမြော်ပူဇော်နေကြရသည်။ ရွှေထီးတော် ပထမဘုံအစိတ်အပိုင်းများ၊ မင်္ဂလာဝေါယာဉ်များ၊ မိမိတို့ရှေ့မှ ဖြတ်သန်းသွားသည့်အခါ ကြည်ညိုသဒ္ဓါစိတ်ဇောအဟုန်ဖြင့် ရွှေငွေ လက်ဝတ် ရတနာများ၊ အလှူငွေများကို ထက်သန်စွာ လှူဒါန်းလိုကြသည်။ သို့သော် လျှောက်လှမ်းနှင့် နီးကပ်သူများသာ ရှေ့သို့ တိုးဝှေ့၍ လှူဒါန်းနိုင်ကြသည်။

မင်္ဂလာဝေါယာဉ်များ တနင်္ဂနွေထောင့်သို့အရောက်တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ရွှေတိုဂုံစေတီတော်မြတ်ကြီး၏ရွှေထီးတော် ပထမဘုံဆင့်၊ မှန်ကင်းတော်နှင့် စိန်တောင်တော်တို့ကို မင်္ဂလာဝေါယာဉ်ပေါ်မှ ရထားပျံပေါ်သို့ ပင့်ဆောင်ကြကာ အမွှေးနံ့သာရည်များ ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊အလှူရှင်များနှင့် ရဟန်းရှင်လူပြည်သူတို့က ရထား ပျံ၏ကြိုးကို ပြိုင်တူဆွဲကြကာ ရွှေထီးတော်မြတ် ပထမဘုံနှင့် မှန်ကင်းတော်၊ စိန်တောင်တော်တို့ကို ရထားပျံဖြင့် (၁၁) ကြိမ်တိုင်အောင် စေတီတော်မြတ် ကြီးပေါ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ရွှေတိုဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာ တော်ကြီးများ၊ ဦးစီးကော်မတီနာယကနှင့်အဖွဲ့ဝင်များသည် ရွှေတိုဂုံစေတီ တော်ကြီး၏ ထီးတော်ပေါ်သို့ တက်ရောက်နေရာယူကြပြီး ရထားပျံဖြင့် အကြိမ်ကြိမ် ပင့်ဆောင်တင်ပို့လာသည့် ရွှေတိုဂုံစေတီတော်မြတ်ကြီး၏ ထီးတော်ပထမ ဘုံအစိတ်အပိုင်းများ၊ မှန်ကင်းတော်နှင့် စိန်တောင်တော်တို့ကို အစိတ်အပိုင်း အလိုက် နာယက က ဦးဆောင်ပြီး ပညာရှင်အင်ဂျင်နီယာများ ပါဝင်လျက် တပ်ဆင် တင်လှူ ပူဇော်ကြသည်။ ထိုသို့ရွှေထီးတော်ပထမဘုံအစိတ်အပိုင်း များကို အပိုင်း လိုက် တင်လှူရာတွင် တစ်ကြိမ်ပင့်ဆောင်တိုင်း အလှူရှင်များ

ရဟန်းရှင်လူ ပြည်သူအများက ရထားပျံကြီးကို ပြိုင်တူဆွဲကြကာ ပျော်ပျော်ရွှင်ရွှင် တင်လှူနေ ကြသည်။ ရှေတိုဂုံစေတီတော်မြတ်ကြီး၏ ထီးတော် အထက်ပိုင်း ငြမ်းစင်ကို နောက်ခံ ပြုလျက် တိမ်တောင်တိမ်လိပ်တို့နောက်ခံဖြင့် တရွှေ့ရွှေ့ တက်နေသည့် ရထားပျံ၏ မြင်ကွင်း ရှေထီးတော်တင်လှူပူဇော်မှုကို ကောင်းကင်သို့ မော်၍ စိတ်စောကာ အာရုံပြုနေကြသည့် ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ မြင်ကွင်း တို့နှင့်အတူ သီကျူးနေသော ဓမ္မတေးသံများဖြင့် ပေါင်းစပ်လိုက်သည့်အခါ ရှေထီးတော် တင်လှူပူဇော်မှုမြင်ကွင်းကျယ်ကြီးအဖြစ် အံ့မခန်း ရှုမြင်ကြရသည်။

ရထားပျံသည် မိုးသားတိမ်လိပ်အလယ်မှ ငြမ်းစင်တော်မှခ်ဦးသို့ ဦးစွာ ဆိုက်ရောက်သည်။ မှခ်ဦးနေရာတွင် အသင့်ရှိနေသော တာဝန်ကျအဖွဲ့က ရထားပျံထက်မှ ဆီးကြိုပင့်ဆောင်လျက် ဓာတ်လှေကားအသွင် စီစဉ်တပ်ဆင် ထားသော မြန်မာ့သင်္ဘောကျင်းတာဝန်ကျအဖွဲ့၏ ပင့်ဆောင်ရေးယာဉ်ပေါ်သို့ လက်တစ်ကမ်းအဖြစ် လက်ဆင့်ကမ်းရသည်။ တာဝန်ကျအဖွဲ့က ပင့်ဆောင်ရေး ယာဉ်တွင် ထပ်ဆင့်ချိတ်ဆွဲတပ်ဆင်လျက် အထက်ပေ ၆၀ ခန့် အမြင့်နေရာရှိ မူလထီးတော်ကြီးအနီး ယာဉ်ဆိုက်ရောက်ရာနေရာသို့ စက်သီးဖြင့် ပင့်ဆောင်ရ သည်။ သံမဏိအမာခံဖြင့် တည်ဆောက်ထားသော ထီးတော်ကြီးဌ အသင့် နေရာယူ စောင့်ဆိုင်းနေသည့် ရှေတိုဂုံစေတီတော် ထာဝရာဂက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာအင်ဂျင်နီယာပညာရှင်များက ပင့်ဆောင်ရေးယာဉ်ပေါ်မှ ထပ်ဆင့်ပင့်ဆောင်ရပြန်သည်။ ထိုသို့အဆင့်ဆင့် ပင့်ဆောင်ပြီးမှ ရှေထီးတော်ပထမဘုံအဆင့် သံမဏိခွေအား သတ်မှတ်ထား သောနေရာတွင် တပ်ဆင်တင်လှူပူဇော်ကြနိုင်လေသည်။

ထိုသို့ ပထမဘုံထီးတော်အစိတ်အပိုင်းတစ်ခုကို တပ်ဆင်ပြီးတိုင်း မင်္ဂလာအချိန်နာရီကို အသံချဲ့စက်ဖြင့် ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် "သာဓု၊ သာဓု၊ သာဓု" ဟူ၍ ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ သာဓုအန ဓောဒနာခေါ်ဆိုသံကြီးမှာ သိဂုံတွဲရကုန်းတော်ဝန်းကျင်မှ ရန်ကုန်ပြိုတစ်ခွင်နှင့် နိုင်ငံတစ်ဝန်းလုံးသို့ လေလိုင်းမှတစ်ဆင့် ဘဝဂ်လျှံမျှ မြည်ဟည်းပျံ့လွင့်သွား လေသည်။

ရှေထီးတော် ပထမဘုံကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ကွင်

အောင်မြင်စွာ တင်လှူပြီးစီးပါကြောင်း ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ သာဓုခေါ်ဆိုကြသည့်အသံသည် ဘဝက်လွှဲခဲ့ရပြန်သည်။

ယင်းနောက် ရွှေထီးတော်ပထမဘုံကို အောင်မြင်စွာ ကပ်လှူနိုင်ခဲ့ပြီး မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နာယကနှင့်အဖွဲ့ဝင်များက ရတနာ ရွှေမိုးငွေမိုး ရွာသွန်းကြသည်။ ထိုနောက် "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ မင်္ဂလာအခမ်းအနားကို ရပ်သိမ်းခဲ့လေသည်။

၅-၄-၉၉ ရက်နေ့သည် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကြီး ဒုတိယနေ့ဖြစ်သည်။

ရွှေထီးတော်တင်လှူပူဇော်ပွဲ ဒုတိယနေ့အဖြစ် ရွှေတိဂုံစေတီတော် ရင်ပြင် ရာဟုထောင့် အောင်မြေရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံယာတော်များ ကြွရောက်ခိုးမြင့်တော်မူကြသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးမောင်အေး(ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့် ၉နီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် အတူ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တရားသူကြီးချုပ်၊ ရေနေချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ တပ်မတော်အရာရှိကြီးများ စေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဦးသည်တော်များ ပညာရှင်များ ဘာသာရေး လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် ရဟန်းရှင်လူပြည်သူ ထောင်ပေါင်းများစွာ တက်ရောက်ကြသည်။

ရွှေထီးတော် ဒုတိယ၊ တတိယနှင့် စတုတ္ထဘုံတင်လှူပူဇော်ပွဲကို နံနက် ၇ နာရီ၊ မိနစ် ၂၀ တွင် "နမောတဿ" သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ သီရိမန္တစ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တရာဇိန္ဒာဘိဝံသထံမှ ဦးသည်တော်များ အလှူရှင်များနှင့် ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး နာယကသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရည်မှန်းလျက် နိုင်ငံတော်ဩဝါဒါစရိယ

သီရိမङ္ဂလာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒန္တရာဇိန္ဒာဘိဝံသထံသို့ မှန်ကင်းတော်နှင့်စိန်တောင်တော်တို့ကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ရွှေထီးတော် ဒုတိယ၊ တတိယနှင့် စတုတ္ထဘုံတို့ကို စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ်လှည့်လည် ပင့်ဆောင် အပူဇော်ခံရန် ရာဟုထောင့်အောင်မြေရှိ မင်္ဂလာမဏ္ဍပ်မှ စတင်ပင့်ဆောင်ကြရာ မှန်ကင်းတော်နှင့် စိန်တောင်တော်များ တင်ဆောင်ထားသည့် မင်္ဂလာဝေါယာဉ်ကို နာယကနှင့် အဖွဲ့ဝင်များက ပင့်ဆောင်ကြသည်။

ဆက်လက်၍ ရွှေထီးတော်တင် ပညာရှင်များ၊ ကြိုးကြပ်ကွပ်ကဲရေး အဖွဲ့နှင့် ပညာရှင်များ လုပ်ငန်းအဖွဲ့တို့က ထီးတော် ဒုတိယဘုံအစိတ်အပိုင်းများ တင် မင်္ဂလာဝေါယာဉ်၊ ဟံသာဝတီ သာသနာပြုအဖွဲ့နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် အင်ဂျင်နီယာအဖွဲ့တို့က ထီးတော်ဒုတိယအစိတ်အပိုင်းများ တင်ဆောင်ထားသည့် မင်္ဂလာဝေါယာဉ်၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ထီးတော် ဒုတိယဘုံအစိတ်အပိုင်းများ တင်ဆောင်ထားသည့်မင်္ဂလာဝေါယာဉ်၊ စည်သူကြေးပြားအဖွဲ့က ထီးတော်တတိယဘုံအစိတ်အပိုင်းများ တင်ဆောင်ထားသည့် မင်္ဂလာဝေါယာဉ်၊ ကုသိုလ်တော်ဖြစ်အဖွဲ့က စတုတ္ထဘုံအစိတ် အပိုင်းများ တင်ဆောင်ထားသည့် မင်္ဂလာဝေါယာဉ်အသီးသီးတို့ကို ကုသိုလ်ဖြစ်အဖွဲ့က ခရာသင်း၊ ကြေးမောင်း၊ စည်တော်များ ရိုက်ခတ်တီးမှုတ် လျက် စံပယ်ပန်းမြတ် စေတီတော် လေးဆူတို့ဖြင့် ပင့်ဆောင်သည်။

ရွှေထီးတော်ဘုံအသီးသီး၏ အစိတ်အပိုင်းများနှင့် စိန်တောင်တော်၊ မှန်ကင်းတော်တို့ လှည့်လည်ပူဇော်ခံသည့် မင်္ဂလာဝေါယာဉ်များ၏ ပတ်လည် လမ်းသွယ်နေရာများမှအပ ရင်ပြင်တစ်ခွင်ရှိ ရဟန်းရှင်လူပြည်သူအပေါင်းတို့က ဝမ်းမြောက်ပျော်ရွှင်စွာ ဦးတင်ပူဇော်ကြသည်။ မင်္ဂလာဝေါယာဉ်များ မိမိတို့ ရှေ့ဘက်သို့ ဖြတ်သန်းရောက်ရှိလာသည့်အခါ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား လက်ဝတ်ရတနာများနှင့် ငွေစက္ကူများကို ဝေါယာဉ်ထက်ရှိ ရွှေထီးတော်အစိတ် အပိုင်းများအတွင်းနှင့် အလှူခံငွေဖလားများအတွင်းသို့ အပြေးအလွှား သွားထက် ငါ လောင်းလှူနေကြသည်။ ဤသို့ဖြင့် လက်ယာရစ် သုံးပတ်လှည့်လည်

အပူကော်ခံပြီး ဝေါယာဉ်များ တနင်္ဂနွေထောင့်သို့ ရောက်ရှိသည့်အခါ ငွေဖလား အတွင်း၌ ပြည်သူတို့ လျှုဒါန်းသော လက်ဝတ်ရတနာများ အပြည့်အနှက် ဖြစ်နေတော့သည်။

ရွှေထီးတော်ဝေါယာဉ်များ ရောက်ရှိပြီးနောက် ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့်အဖွဲ့က မင်္ဂလာဝေါယာဉ်ပေါ်မှ ရထားပျံပေါ်သို့ ပင့်ဆောင်ကြပြီး အမှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် မင်္ဂလာရထားပျံဖြင့် ၉ ကြိမ်တိုင်တိုင် ရွှေတိဂုံ စေတီတော်မြတ်ကြီးပေါ်သို့ တင်လှူရမည့် အစိတ်အပိုင်းများကို ပင့်ဆောင်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ နာယကနှင့် အဖွဲ့ဝင်များသည် ထီးတော်ပေါ်သို့ တက်ရောက်နေရာယူကြသည်။ ရွှေထီးတော်ဒုတိယ၊ တတိယနှင့် စတုတ္ထဘုံတို့ကို နံနက် ၁၁ နာရီ၊ မိနစ် ၂၀ တွင် စေတီတော်မြတ်ကြီးသို့ အောင်မြင်စွာ တင်လှူပူဇော်ကြသည်။ ထီးတော်ဘုံအစိတ်အပိုင်းတစ်ခုကို တပ်ဆင်တင်လှူပြီးသည်နှင့် တစ်ပြိုင်နက် တင်လှူပူဇော် အောင်မြင်သည့် မင်္ဂလာအချိန်နာရီကို အသံခွဲစက်ဖြင့် ကြေညာသည်။ ထိုအခါ ယမန်နေ့နည်းတူ သာဓုအနမောဒနာ ခေါ်ဆိုသံများသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထက်အောက်ဝန်းကျင် ရန်ကုန်မြို့တော်တစ်ခွင်နှင့် နိုင်ငံတစ်ဝန်းလုံးသို့ ဘဝက်လွှဲမှု မြည်ဟည်း၍ လေလိုင်းမှတစ်ဆင့် ပျံ့နှံ့သွားလေသည်။

ရွှေထီးတော်ဘုံများကို အောင်မြင်စွာ တင်လှူနိုင်ခဲ့ခြင်းအထိမ်းအမှတ် အဖြစ် နာယကနှင့် အဖွဲ့ဝင်များသည် ရတနာရွှေမိုး ငွေမိုးရွာသွန်းကြသည်။ ထိုနောက် "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုကာ မင်္ဂလာအခမ်း အနားကို ရပ်သိမ်းခဲ့သည်။

၆-၄-၉၉ ရက်နေ့သည် ရွှေထီးတော်တင်လှူပူဇော်ပွဲကြီး၏ တတိယနေ့နှင့် နောက်ဆုံးနေ့ ဖြစ်သည်။

ရွှေထီးတော်တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကြီး တတိယနေ့အဖြစ်

ရာဟုထောင့်အောင်မြေရှိ မင်္ဂလာမဏ္ဍာပ်၌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး(ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့် ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်း ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စစ်ဒေသမှူးများ၊ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ပညာရှင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး လူမှုရေးအဖွဲ့များနှင့် ဝတ်ရွတ်စဉ်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ရဟန်းရှင်လူ ပြည်သူ့လူထု ထောင် ပေါင်းများစွာ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ရွှေထီးတော်တင်လှူပူဇော်ပွဲ ရေစက်ချအခမ်းအနားကို နံနက် ၇ နာရီ၊ မိနစ် ၂၀ အချိန်တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ သီရိမန္တစ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒန္တနာဂိန္ဒာဘိဝံသထံမှ ဗိုလ်ချုပ်ကြီးမောင်အေး(ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး)၊ ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး နာယကနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အလှူရှင်များနှင့် ရဟန်းရှင်လူ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ဆရာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရည်စူး၍ မှန်ကင်းတော်အားလည်းကောင်း၊ နာယကက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရည်စူး၍ စိန်တောင်တော်ကိုလည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယ သီရိမန္တစ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒန္တနာဂိန္ဒာဘိဝံသထံ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဧည့်သည်တော်များနှင့် အလှူရှင်များက သံယာ

တော်များအား လူ့ဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လူ့ဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ရှေထီးတော် ပဌမ၊ ဆဋ္ဌမနှင့် သတ္တမဘုံတို့ကို ရှေတိုဂုံစေတီတော်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပင့်ဆောင် အမှုတော်ခံရာတွင် ရေးနည်းအတိုင်း ရှေထီးတော်တင်မင်္ဂလာဝေါယာဉ်များဖြင့် ရင်ပြင်တော်ရာဟုထောင့် အောင်မြေရှိ မင်္ဂလာမဏ္ဍပ်မှ စတင်ပင့်ဆောင်ကြသည်။ နာယကက ဦးဆောင်လျက် အဖွဲ့ဝင်များ ပညာရှင်များနှင့် ဥပသကာအသင်းအဖွဲ့တို့သည် မုန်ကင်းတော်နှင့် စိန်တောင်တော် မင်္ဂလာဝေါယာဉ်တို့ကို လှည့်လည်အမှုတော်ခံသည်။

ယင်းအချိန်တွင် ရင်ပြင်တော်တစ်ခုလုံး၌ ပရိသတ်များဖြင့် ပြည့်ကျပ်နေသည်။ ရှေတိုဂုံစေတီတော်မြတ်ကြီး၏ ရှေထီးတော်တင်လှူပူဇော်ပွဲနောက်ဆုံးရက် ဖြစ်သဖြင့် ယခင်နေ့များထက်ပင် ဖူးမြော်ကြည်ညိုသူ များလှသည်။ စေတီတော်ကြီးအတွက် ရွှေ ငွေ၊ လက်ဝတ်ရတနာ၊ ကျောက်သံပတ္တမြားပစ္စည်းများကိုလည်း လူအများကြားမှ သူထက်ငါ တိုးဝှေ့လှူဒါန်းကြသည်။ တဒဂ်၌ သဒ္ဓါပေါက်သူများက လက်ဝတ်ရတနာများကို ချက်ချင်းချွတ်လျက် ရက်ရက်ရောရော လှူဒါန်းကြသည်။ အချို့က လက်ယာရစ် သုံးကြိမ်တွင် သုံးကြိမ်စလုံးထွက်၍ ဒါနပြုကြသည်။ လှူဒါန်းသောငွေစက္ကူများ ဖွေးဖွေးလှုပ် ပလူပျံနေသည်။ ရှေတိုဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး နာယကထံသို့ ကိုယ်ထိလက်ရောက် လှူဒါန်း ကြသည်။ သဒ္ဓါကြည်ညိုသော ပရိသတ်ထဲတွင် အရွယ်မျိုးစုံ စုံလင်လှသည်။ လှူဒါန်းသူရော၊ ရှမ်ပြင်သူများပါ ရှင်လန်းဝမ်းမြောက်စွာ သဒ္ဓါဆင့်ပွားကြရလေသည်။ ထီးတော်တင်လှူပွဲ နောက်ဆုံးနေ့ ဖြစ်သဖြင့် မလှူလိုက်ရ မရှိရလေအောင် သဒ္ဓါဆန္ဒကို လိုက်လျောပြည့်ဆည်းပေးခဲ့သည်။ ဤသို့ဖြင့် လက်ဝတ်ရတနာ ပစ္စည်းများကား ငွေဖလားကြီးငါးလုံးမက ရရှိခဲ့လေသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ရှေတိုဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး နာယကနှင့်အဖွဲ့က ရှေတိုဂုံစေတီတော်မြတ်ကြီး၏ ရှေထီးတော် ပဌမ၊ ဆဋ္ဌမနှင့်

သတ္တမဘုံ၊ မှန်ကင်းတော်နှင့် စိန်တောင်တော်တို့ကို မင်္ဂလာဝေါယာဉ်ပေါ်မှ ရထားပျံပေါ်သို့ ပင့်ဆောင်ကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

မင်္ဂလာအချိန် ကျရောက်သည်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်များ၊ ဘာသာရေးအသင်းများ၊ ဝတ်ရွတ်စဉ်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ရဟန်းရှင်လူပြည်သူများက မင်္ဂလာရထားပျံ၏ကြိုးကို ပြိုင်တူဆွဲကြကာ ရထားပျံဖြင့် ၇ ကြိမ်တိုင်တိုင် ရွှေတိဂုံစေတီတော်မြတ်ကြီးပေါ်သို့ တင်လှူပူဇော်ကြသည်။ ထိုအချိန်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာဆိုင်းအဖွဲ့က ကောင်းကင်ကြီး၊ ဘုန်းတော်ဘွဲ့သီချင်းကြီးများဖြင့် သီဆိုပူဇော်ကြရာ မြန်မာနိုင်ငံ သဘင်၊ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များနှင့် တိပိဋကနိကာယဥပဋ္ဌာက အနုပညာရှင်များက စာဆိုရှင်များ အထူးရေးသားပူဇော်အပ်သော ကြည်သိုးဖွယ် ဓမ္မတေးများဖြင့် သီကျူးပူဇော်ခဲ့ကြသည်။

ယင်းနောက် သြဝါဒါစရိယ ဆရာတော်ကြီးများ နာယကနှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထီးတော်ပေါ်သို့ တက်ရောက် နေရာယူကြသည်။ရွှေထီးတော် ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမဘုံနှင့် မှန်ကင်းတော်၊ စိန်တောင်တော်တို့ကို မွန်းလွဲ ၁၂ နာရီ၊ ၃၉ မိနစ်တွင် မြန်မာအင်ဂျင်နီယာများနှင့် အတူ စေတီတော်မြတ်ကြီးသို့ အောင်မြင်စွာ တင်လှူပူဇော်နိုင်ခဲ့ကြသည်။ တစ်ကြိမ်တင်လှူပြီးသည်နှင့်တစ်ပြိုင်နက် တင်လှူပူဇော်သည့် မင်္ဂလာအချိန် နာရီကို အသံခွဲစက်ဖြင့် ကြေညာလိုက်သည့်အခါ ရဟန်းရှင်လူပြည်သူ အပေါင်းတို့က သာဓုအနုမောဒနာ ခေါ်ဆိုကြသည့် အသံလိုင်းတို့သည် လောကဓာတ် တစ်ခုလုံးကို မြည်ဟည်းပဲ့တင်သံဖြင့် ဖုံးလွှမ်းသွားသည့်ပမာ ရှိလေသည်။

ထိုအချိန်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာဆိုင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များနှင့် တိပိဋကနိကာယဥပဋ္ဌာကအနုပညာရှင်များက အောင်စေပိုင်စေ သီချင်းဖြင့် သီကျူးပူဇော်ကာ ပရိသတ်များပါ ကခုန်ရွှင်မြူးကြည်နူးလျက် အပျော်ကြီး ပျော်ကြသည်။ မှခ်လေးမှခ်တို့မှ စည်တော်အဖွဲ့ ဆိုင်းအဖွဲ့များကလည်း

တီးမှုတ်ကခုန်လျက် ပျော်နေကြသည်။ ရွှေထီးတော်တင်လှူပွဲကြီးသို့ လာရောက် ဖူးမြော်ကြည်ညိုကြသော ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် ရှင်လန်း ဝမ်းမြောက်ကြည်နူးလျက် ရှိနေကြသည်။ ဤကသိုလ်ပွဲ၊ သဒ္ဓါပွဲ၊ နိဗ္ဗာန်ဆုယူပွဲကြီးကို ဆံတော်ရှင်စေတီရိပ်တွင် မင်းနှင့်ပြည်သူ ကြည်ဖြူလက်တွဲ ဆင်နွှဲနိုင်ခဲ့ခြင်းမှာ နိုင်ငံတော်အေးချမ်းစည်ပင်၍ သာသနာတော်အရည်ဖွံ့ဖြိုး တည်တံ့မည့် နိမိတ်ပင် ဖြစ်ပေတော့သည်။

ရွှေတိဂုံစေတီတော် ရွှေထီးတော်ကြီး တင်လှူပူဇော်ပြီးနောက် လနှင့်ချီလျက် ရွှေတိဂုံစေတီတော်ကြီး၌ ဘာသာရေးဆိုင်ရာများ ဆောင်ရွက်နေရာမှ အခြိန်လုလျက် ခရီးသွားလုပ်ငန်းတာဝန်ရှိရာသို့ ခေတ္တပြန်ရသည်။ အဓိကအားဖြင့် ဧပြီလတွင် ကျင်းပပြုလုပ်မည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန်နှင့် ဘုရားဖူးခရီးစဉ်ဖြင့် စင်ကာပူနိုင်ငံမှ ရောက်ရှိလာမည့် ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့အတွက် လုပ်ငန်းများကို ဆောင်ရွက်ရပြန်သည်။

၁၉၉၉ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် လေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသည့် ရွှေကျောင်းဆရာတော် အမှူးပြုသော ဘုရားဖူးအဖွဲ့ဝင် ၈၀ ဦးတို့သည် ည ၉ နာရီအခြိန်တွင် ရွှေတိဂုံစေတီတော် ရင်ပြင်ပြတိုက်ဟောင်း တန်ဆောင်း၌ ကျင်းပသည့် လှူဖွယ်ပစ္စည်းနှင့် အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်သံယမဟာနာယကအဖွဲ့. ဥက္ကင္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်ခြံဆရာတော် ဘဒ္ဒန္တသောဘိတ၊ ရွှေကျောင်းဆရာတော် ရိုဖာဇော့နှင့် စင်ကာပူနိုင်ငံသား သံယာတော်များ ကြွရောက်တော် မူကြသည်။

ရွှေတိဂုံစေတီတော် ထာဝရာဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီနာယကနှင့် အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ စင်ကာပူ ရွှေဘုရားကျောင်းဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ရွှေဘုရားကျောင်းဆရာတော် ရှိဖာဇော့က လျှုဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရွှေဘုရားကျောင်းဆရာတော်က ရွှေတိဂုံစေတီတော် ထာဝရာဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ (စီဒီ)အမျိုးအစားဆလိုက်တစ်စုံကို လည်းကောင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ နိုင်ငံတော် သံယမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးအတွက် ငွေကျပ် သိန်း ၂၀၀ တို့ကိုလည်းကောင်း ပေးအပ်လှုဒါန်းရာ နာယက က လက်ခံရယူခဲ့သည်။

ဆက်လက်၍ နာယက က ရွှေဘုရားကျောင်းဆရာတော်အား "ရွှေတိဂုံစေတီတော် ရွှေထီးတော် တင်လှူပွဲမှတ်တမ်း တိပ်ခွေ" များကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည် ဆက်ကပ်လှုဒါန်းသည်။

ယင်းနောက် ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်များသည် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေနေရာမှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ သောက်တော်ရေချမ်းတို့ဖြင့် ဆက်ကပ်လှုဒါန်းဝတ်ပြု ပူဇော်ကြသည်။

အနေကဇာ တင်လှူရာ

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အသစ်တင်လှူပူဇော်သည့် ရွှေထီးတော်သစ်ကြီးနှင့် တင်လှူပူဇော်အပ်သော ရတနာအမျိုးမျိုးတို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တစ်ဆက်တစ်စပ်တည်း၊ တစ်သားတည်း ဖြစ်သွား၍ အပူဇော်ခံထိုက်သည့် ဥဒ္ဒိသစေတီအဖြစ်သို့ ရောက်ရှိသွားစေရန် "ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကြီး"ကို မြန်မာသက္ကရာဇ် ၁၃၆၁ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ (ဗုဒ္ဓနေ့) (၂၉-၄-၉၉)ရက်နေ့ နံနက် ၅ နာရီအချိန်တွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် အောင်မြေရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော်သံယမဟာနာယကအဖွဲ့. ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တ ဃောဘိတ အမှုဆောင်သော အဖွဲ့ဝင်ဆရာတော်များ၊ ရှေတိဂုံစေတီတော် ဂေါပက အဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်ဖိတ်ထားသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သံယာတော်အရှင်သူမြတ်အပေါင်း ၁၀၀ ၊ စင်ကာပူနိုင်ငံ ရှောဘုရားကျောင်းဆရာတော်နှင့် ရဟန်းတော် ၇ ပါးတို့ ကြွရောက်တော်မူကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က ဂေါတမမြတ်စွာဘုရားအား ရွှေကြာသက်နန်းတော်ကပ်လှူသည်။ ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီနာယက က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ယင်းအပြင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အထူး ဖိတ်ကြားထားသူများ၊ ရှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူးနှင့် စစ်ဒေသမှူးများ၊ ပညာရှင်များ၊ ရှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး လူမှုရေး အသင်းအဖွဲ့နှင့် ဝတ်ရွတ်စဉ်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ရဟန်းရှင်လူ ပြည်သူများ သိုက်မြိုက် စုံညီစွာ တက်ရောက်ကြည်ညိုကြသည်။

ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ရေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုကန်တော့၍ ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့က မင်္ဂလာဌေခရုနှင့် အောင်စည်အောင်မောင်းကိုးချက် တီးမှုတ်ရိုက်ခတ် ပူဇော်ကာ ဖွင့်လှစ်သည်။

ယင်းနောက် ရှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးနာယက က မင်္ဂလာအခမ်းအနားနှင့် ပတ်သက်၍ ဆရာတော် သံယာတော်တို့အား လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံယမဟာနာယကအဖွဲ. ဥက္ကဋ္ဌ အဘိဓဇ

မဟာရဋ္ဌဂုရ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တ ဘောဘိတအမှူးပြုသော ဆရာတော် သံဃာတော်အပါး ၁၈၀၀ တို့က လေးဆူ ဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြ သည်။

ထိုသို့ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့၏ ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူရာ၌ ရွတ်ဆိုပူဇော်ကြသည့် ကြည်ညိုဖွယ်အသံတော် တို့သည် စေတီတော်ကြီး၏ ထက်အောက်ဝန်းကျင် တစ်ခုလုံးနှင့် ရန်ကုန်မြို့. တော်တစ်ခွင် တပြင်မှ နိုင်ငံတော်တစ်ဝန်းရှိ အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့ပဲ့တင် ထပ်ခဲ့လေသည်။ ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပတ်လည်ရှိ ဆီမီးခုံများရှေ. တွင် သီတင်းသုံးလျက် ရွတ်ဆိုပူဇော်နေကြသော ဆရာတော် သံဃာတော်တို့ အား ပရိသတ်က တိတ်ဆိတ်ငြိမ်သက်စွာ ကြည်ညိုနေကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ. ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကမြင်းခြံဆရာတော် ဘဒ္ဒန္တ သောဘိတထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ထိုနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်အပါး ၁၈၀၀ တို့က ပရိတ် တရားတော်များ ရွတ်ဖွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင်က ရွှေတိဂုံစေတီတော် မြတ်ကြီး၏ မြောက်ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ဂေါတမမြတ်စွာဘုရားအား ရည်စူးလျက် ရွှေကြာသက်နန်းနှင့် လှူဖွယ်ပစ္စည်းတို့ကိုလည်းကောင်း၊ ဘက်စုံ ပြုပြင် မွမ်းမံတည်ဆောက်ရေး နာယက က တောင်ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ကောဏာဂုံမြတ်စွာဘုရားနှင့် အထက်ပစ္စယာရှိ ပတ္တာမြား မျက်ရှင်ဘုရား တို့ကို ရည်စူး၍ ရွှေကြာသက်နန်းနှင့် လှူဖွယ်ပစ္စည်း များကိုလည်းကောင်း ဆရာတော် ကြီးများအား ဆက်ကပ်လှူဒါန်းသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး က အနောက်ဘက်မုခ်အာရုံခံတန်ဆောင်းရှိ ကဿပမြတ်စွာဘုရားအား ရည်စူး

၍ ရွှေကြာသက်နန်းနှင့် လျှုဖွယ်ပစ္စည်းများကို လည်းကောင်း သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးက အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ကကုသန် မြတ်စွာဘုရားအား ရည်စူး၍ ရွှေကြာသက်နန်းနှင့် လျှုဖွယ်ပစ္စည်းများကိုလည်း ကောင်း ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းသည်။

အလားတူပင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီးမောင်အေး(ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး)၏ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆရာတော် သံယာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံယမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အနမောဒနာရေစက်ချတရား ဟောကြားတော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေရာ ပရိသတ်များက သာဓုသုံးကြိမ် ခေါ်ဆိုကြသည်။ အမျှပေးဝေသံနှင့် သာဓုခေါ်ဆိုသံများ ပဲ့တင်ထပ်စဉ်၊ မင်္ဂလာငွေခရုမှုတ်၍ အောင်စည်အောင်မောင်းကိုးချက် တီးခတ် ပူဇော်ကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်းလျက် အခမ်း အနားကို ရုပ်သိမ်းခဲ့သည်။ ထို့နောက် ဆရာတော် သံယာတော်များအား ရင်ပြင်တော်ပေါ်ရှိ ဇရပ်တန်ဆောင်းအသီးသီးတို့၌ အလှူရှင်များက အရာဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ရည်စူးလှူဒါန်းခဲ့ကြသော ရွှေကြာသက်နန်းတော်များကို ရွှေတိဂုံစေတီ တော် ရာဟုထောင့်အောင်မြေရှိ မင်္ဂလာမဏ္ဍပ်မှ စတင်၍ ဒေဝါဝင်း ရာဇာဝင်း အဖွဲ့များနှင့်အတူ လက်ယာရစ်လှည့်လည်အပူဇော်ခံရာ ရဟန်းရှင်လူပြည်သူ အပေါင်းတို့က ကြည်ညိုသဒ္ဓါ ဝမ်းမြောက်စွာ ဖူးမြော်ပူဇော်ကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့က

မြောက်ဘက်မုခ်အာရုံခံ တန်ဆောင်းရှိ ဂေါတမမြတ်စွာဘုရားအား ရွှေကြာသက်နေ့တော်မြတ်နှင့်တကွ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများကို ဆက်ကပ်လှူဒါန်းကြသည်။

ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး နာယကနှင့်အဖွဲ့သည် တောင်ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ကောဏာဂုံမြတ်စွာဘုရားအား ရွှေကြာသက်နေ့တော်မြတ်နှင့်တကွ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။ တစ်ဆက်တည်းတွင် စေတီတော်အထက်ပစ္စယံရှိ ပတ္တာမြားမျက်ရှင်တော်ဘုရားအား ရွှေကြာသက်နေ့တော်မြတ်နှင့်တကွ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။ အသင့်စီမံထားအပ်သော သာသနာပွဲများ၊ ခဲဖွယ်များ ဖြင့် သိကြားမင်း၊ ဗြဟ္မာမင်း၊ နတ်မင်းတို့အား ပူဇော်သည်။

အလားတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့်အဖွဲ့က အနောက်ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ကဿပမြတ်စွာဘုရားအား ရွှေကြာသက်နေ့တော်မြတ်နှင့် တကွ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။ တစ်ဆက်တည်းမှာပင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့က အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ကကုသန်မြတ်စွာဘုရားကို ရွှေကြာသက်နေ့တော်မြတ်နှင့် တကွ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

အနေကဇာတင်အခမ်းအနားအပြီး၌ စောင်းတန်းလေးသွယ်တို့မှ ပြန်လည် ထွက်ခွာတော်မူကြသည့် ဆရာတော် သံဃာတော်အရှင်သူမြတ် အပါး ၁၈၀၀ တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသောအဖွဲ့နှင့် ညှဉ်ပရိသတ်များ၊ ဘုရားဖူးပြည်သူများက သဒ္ဓါထက်သန်စွာ ဆွမ်းဆန်စိမ်းလောင်းလှူကြလေသည်။

ထို့အပြင် စင်ကာပူနိုင်ငံ ရွှေဘုရားကျောင်းဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမ ၇၀ ကျော်တို့က ဆရာ့အေးရှ ခရီးသွားကုမ္ပဏီ ဒါရိုက်တာအဖွဲ့နှင့် မိသားစုများ၊ ဝန်ထမ်းမိသားစုများနှင့်အတူ သံဃာတော် အရှင်မြတ်တစ်ပါးလျှင် နဝကမ္မအလှူတော်ငွေ (၁၀၀၀/)စီဖြင့် စုစုပေါင်း အလှူတော်ငွေ

ကျပ် ၁၈ သိန်းကို လောင်းလှူပူဇော်ကြသည်။

၁၃၆၁ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ ညောင်ရေသွန်းလောင်းပွဲအခမ်းအနားကို ရင်ပြင်တော် ရာဟုထောင့်ရှိ မဟာဗောဓိပင်၌ ကျင်းပသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီးဒေါ်ကြင်ကြင်နှင့်အဖွဲ့က မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ထိုနည်းတူ ရင်ပြင်တော်စနေထောင့်၊ ရာဟု ထောင့်နှင့် တနင်္ဂနွေထောင့်တို့ရှိ မဟာဗောဓိညောင်ပင်များကိုလည်း ဘာသာရေး အသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူများက ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ရွှေတိဂုံစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဇိဝိတဒါနဘေးမဲ့လွှတ်ပွဲအခမ်းအနားကို ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အောက်ပစ္စယာရှိ မြက်ခင်းပြင်နှင့် သွေးဆေးကန်တို့၌ ကျင်းပသည်။ အခမ်းအနား၌ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဗျာန ဒုတိယဝန်ကြီးက ဇိဝိတဒါနဘေးမဲ့လွှတ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဇိဝိတဒါန ဘေးမဲ့လွှတ်ပွဲ အခမ်းအနားကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြင်ကြင် နှင့် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးနာယကတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒေါ်ကြင်ကြင်နှင့်အဖွဲ့ဝင်များ အလှူရှင်များက ၄က်အမျိုးမျိုးကောင်ရေ ၂၇၀၀၊ နွား ၇၆ ကောင်၊ သိုးဆိတ် ၁၂၆ ကောင်၊ ငါးကောင်ရေ ၁၈၀၀၀ တို့ကို ဘေးမဲ့ လွှတ်ပေးကြပြီး အခမ်းအနားကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရပ်သိမ်းခဲ့သည်။

ဤသို့လျှင် ထောင်ပေါင်းများစွာသော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာ

မင်္ဂလာအခမ်းအနားကြီးအပြီးဌ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲနှင့် ဇီဝိတဒါနဘေးမဲ့လွှတ်ပွဲမည်သော ကုသိုလ်တော်အလှူပွဲများကို ပါဝင်ဆင်နွှဲလှူဒါန်းပူဇော်ခဲ့ကြလေသည်။

ကုသိုလ်အမျှ ပေးဝေကြ

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပူဇော်ပွဲသည် နှစ်ပေါင်းတစ်ရာကျော်မှ တစ်ကြိမ်သာ ကြုံဆုံခွင့်ရသည့် ကြုံခဲလှစွာ ကြုံကြရပါသော ကုသိုလ်ထူးကြီးကို ပူဇော်ခွင့်ရရှိကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အကြီးအကဲ၊ ခေါင်းဆောင်များနှင့် မြန်မာနိုင်ငံသူနိုင်ငံသားများသည် မိမိတို့၏လှူဒါန်းမှုကုသိုလ်တော်များကို အမျှပေးဝေကြသည်။

၁၉၉၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးဌ် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပူဇော်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ် ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင့်မြတ်ဆရာတော် ဘဒ္ဒန္တသောဘိတအမှူးပြုသော နိုင်ငံတော်ဗဟိုသံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံယာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ ဂိုဏ်းပေါင်းစုံမြို့နယ် သံယာ့နာယကဆရာတော်များ၊ ရန်ကုန်တိုင်းအတွင်းရှိ စာသင်တိုက်ကြီးများမှ စာချ၊ စာသင်ဆရာတော်များ အပါး ၅၀၀၀ နှင့်သက်ဆိုင်ရာမှ ပင့်လျှောက်အပ်သော စင်ကာပူနိုင်ငံ၊ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းဆရာတော် ရှိဖာဇော့တို့ ကြွရောက်ချီးမြှင့်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်

ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခုဒုတိယဗိုလ်ချုပ်မှူးကြီး)နှင့်ဇနီး ရွှေတိုဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး နာယကနှင့်ဇနီး နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များနှင့် ယင်းတို့၏ ဇနီးများ ဝန်ကြီးများ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်ဒုတိယဝန်ကြီးများ ရွှေတိုဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေး ဦးစီးကော်မတီ၊ လုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ စုံညီစွာ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် နိုင်ငံတော်သြဝါဒါစရိယရှေညောင်မြို့ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကရှေကျင်နိကာယသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရာဘဒ္ဒန္တ ဝိမလာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ပရိသတ်များက ဆရာတော်သံယာတော်အပါး ၅၀၀၀ တို့ ရွတ်ဖွားသရဇ္ဈာယ် တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက နိုင်ငံတော် သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ အမှူးပြုသော ဆရာတော် သံယာတော်များအား လှူဖွယ် ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနမောဒနာတရားတော်နှင့် ရေစက်ချတရားတော်တို့ကို နာကြားကာ ဗိုလ်ချုပ်မှူးကြီးနှင့်ဇနီး ပရိသတ်အပေါင်းတို့သည် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရပ်သိမ်းခဲ့လေသည်။

လေးဆူမာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ရွှေကျောင်းဆရာတော် ရိုဖာဇော့၏ နလုံးသားပုံရိပ်၌ တံဆိပ်ခတ်နိပ်ထားသည့်ပမာ စွဲမြဲကြည်ညိုနေသည်။ ဆရာတော်သည် ပြည်ထောင်စုမြန်မာနိုင်ငံသို့ ရောက်ရှိသည်နှင့် ဦးစွာလေးဆူမာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးကို ဝတ်မပျက် ဖူးမြော်လျှုဒါန်းပူဇော်မြဲ ဖြစ်သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သာသနာ့သမိုင်းတစ်ခေတ် ကလျာသစ်သို့ ရောက်ရှိချိန်ဖြစ်သော စေတီတော်မြတ်ကြီးနှင့် စေတီရံများကို ရွှေသင်္ကန်းတော် ကပ်လှူခြင်းနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်သစ်တင် လှူပူဇော်ရေးအတွက် လှူဒါန်းမှုများ ပြုခဲ့သည်။ ၂၉-၄-၉၉ ရက်နေ့ နံနက်နှင့်နေ့လယ်ပိုင်းတွင် နိုင်ငံတော်က ကျင်းပပြုလုပ်ခဲ့သည့် "ရွှေတိဂုံစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား" နှင့် "ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင် အောင်မြင်ခြင်းအထိမ်းအမှတ် ရေစက်ချ မင်္ဂလာအခမ်းအနား" များသို့ စင်ကာပူ ရွှေဘုရားကျောင်း ဆရာတော်အမှူးပြုသော သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမ ဂဝ ဦးတို့ တက်ရောက် လှူဒါန်းပူဇော်ခဲ့သည့်အပြင် ရေစက်သွန်းချကာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ကြလေသည်။

ဖူးမြော်မွမ်းမံ လှူဒါန်းပြန်

ရွှေတိဂုံစေတီတော်မြတ်ကြီး ရေစက်ချမင်္ဂလာအခမ်းအနား ပြီးဆုံးပြီးနောက် ၃၀-၄-၉၉ ရက်နေ့တွင် ရွှေဘုရားကျောင်းဆရာတော်နှင့်ဘုရားဖူးအဖွဲ့ဝင်များသည် ရှမ်းပြည်နယ်တောင်ပိုင်းသို့ လေကြောင်းခရီးစဉ်ဖြင့် သွားရောက်ကြသည်။ ရှမ်းပြည်နယ် မြို့တော် တောင်ကြီးမြို့ အင်းလေးဒေသနှင့် ပင်းတယဒေသများသို့ လှည့်လည်လေ့လာကာ ဘုရား၊ စေတီနှင့် ဆရာတော်ကြီးများအား ဖူးမြော်လှူဒါန်းပူဇော်မှု ပြုကြပြီး ၂-၅-၉၉ ရက်နေ့တွင် ရွှေဘုရားကျောင်းဆရာတော်သည် နောက်ပါဒါယကာရင်းအချို့နှင့်အတူ မန္တလေးမြို့သို့ ခရီးဆက်ကြသည်။ ကျန်ရှိသော ဘုရားဖူးအဖွဲ့ဝင်များသည် ရန်ကုန်မြို့မှ တစ်ဆင့် ၃-၅-

၉၉ ရက်နေ့တွင် လေကြောင်းခရီးစဉ်ဖြင့် စင်ကာပူနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

၇-၅-၉၉ ရက်နေ့တွင် ရှေကျောင်းဆရာတော်နှင့်အဖွဲ့သည် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိခဲ့ကြသည်။ ယင်းနေ့ ညနေဝိုင်းဌ် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ညေ့ခန်းမဆောင်၌ ကျင်းပပြုလုပ်သော အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ ဆရာတော်နှင့်ဒါယကာရင်းများ၊ ဒေသခံဒါယကာများ စုံညီစွာ တက်ရောက်ကြသည်။ အခမ်းအနား၌ ရှေကျောင်းဆရာတော်က ပုဂံယဉ်ကျေးမှုဒေသရှိ ဘုရားအမှတ် (၇၂၀) ပြုပြင်မွမ်းမံရန် အလှူငွေကျပ် သိန်း ၇၀ နှင့် မဟာထေရ်အုတ်ကျောင်း ပြုပြင်မွမ်းမံရန် အလှူငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးကလက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့လေသည်။

မြတ်ရှေတိုဂုံ ပြခန်းစုံ

စင်ကာပူနိုင်ငံ ရှေဘုရားကျောင်းဆရာတော် ရိုဖာဇော့သည် ထူးထူးခြားခြား ပြည်ပနိုင်ငံသား သာသနာပြုဆရာတော်အနေဖြင့် နောက်ပါသံဃာတော်များနှင့် ဘုရားဖူးအဖွဲ့ဝင်ဦးရေ ၇၀ တို့ကို ဦးဆောင်လျက် ရှေတိုဂုံစေတီတော် ရှေထီးတော်တင်လှူပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ် ရေစက်ချ အခမ်းအနားနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကြီးများသို့ တက်ရောက်၍ ကြည်ညိုပူဇော်ခွင့် ရရှိခဲ့သည်။ ရှေဘုရားကျောင်းဆရာတော်၏ ရှေတိုဂုံစေတီတော်မြတ်ကြီးအား ကြည်ညိုမှုသဒ္ဓါကား စဉ်ဆက်မပြတ်ပွားများနေပုံ ရသည်။ ၃၀-၅-၉၉ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ ရှေဘုရားကျောင်းတော်က ကြီးမှူးကျင်းပသည့် ဘာသာရေးဆိုင်ရာ ပွဲတော်ကြီး၌ ရှေတိုဂုံစေတီတော်ဆိုင်ရာ ပြခန်းတစ်ရပ်ကို ခင်းကျင်းပြသနိုင်ခဲ့သည်။ ရှေတိုဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ရက်ပေါင်းများစွာ ဖွင့်လှစ်ပြသခဲ့သည့် ရှေတိုဂုံစေတီတော် ပြုပြင်မွမ်းမံမှုပြပွဲကြီးတွင် ပြသခဲ့သော ရောင်စုံဓာတ်ပုံများကို စင်ကာပူနိုင်ငံသားများသည် အနီးကပ်ဖူးမြော်ကြည်ညိုလေ့လာခွင့် ရရှိခဲ့ကြသည်။ ရှေတိုဂုံ

စေတီတော်မြတ်ကြီး၏ ရွှေထီးတော်ထက်ရှိ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် အဆင့်ဆင့်သော ရွှေထီးတော်ဘုံဆင့်များမှ အောက်ခြေရင်ပြင်တော်အထိ အဆင့်ဆင့်ရိုက်ကူးထားသော ပုံတော်များသည် စင်ကာပူနိုင်ငံသားများနှင့် ပြပွဲလာ ပရိသတ်များအတွက် ထူးခြားအံ့သြဖွယ်၊ ကြည်ညိုဖွယ်အတို ရှိနေသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေထီးတော်သစ်ကြီး တင်လှူပူဇော်နေကြပုံ၊ ရွှေစင်ရွှေသားရွှေပြားများ ကပ်လှူပူဇော်နေကြပုံ၊ ရွှေတိဂုံစေတီတော်ရင်ပြင်တော်နှင့် အာရုံခံတန်ဆောင်းများရှိ ကြည်ညိုဖွယ်ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီရုံများ၊ သာသနိက အဆောက်အအုံများကို မှတ်တမ်းတင်ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ကြည်ညိုဖွယ်ပြသထားသည်။ ပြပွဲသို့ လာရောက်ကြသည့် စင်ကာပူနိုင်ငံသားများ၏ သိရှိလိုကြ၍ မေးမြန်းသမျှကို စေတနာရှင် ဦးပြုံးမောင်မောင်နှင့် ဦးဝင်းကြိုင် (ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ - ရုံးအဖွဲ့မှူး မောင်ယဉ်မင်း-ရွှေတိဂုံ) တို့က အသေးစိတ် စိတ်ရှည်လက်ရှည် ရှင်းလင်းပြောကြားပြသကြသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊ ပြည်တွင်းပြည်ပနှစ်ဌာန ပူးပေါင်း ဆောင်ရွက်မှု စေတနာစွမ်းအားကြောင့်လည်းကောင်း၊ ကောင်းမြတ်သော ရည်မှန်းချက်များကို ပေါက်မြောက်အောင်မြင်စေခဲ့သည်။ တိုမှတစ်ဆင့် မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူများ၊ စင်ကာပူနိုင်ငံ အစိုးရနှင့်ပြည်သူများသည် ဘာသာရေး ပေါင်းကူးတံတားကြီးဖြင့် ချစ်ကြည်ရေးခရီးလမ်းကို လျှောက်လှမ်းတိုးပွားစေသည်။ နောင်တွင် ရွှေဘုရားကျောင်းဆရာတော်သည် ရာဟုထောင့် အောင်မြေနေရာနောက်ဘက်ရှိ ရွှေတိဂုံစေတီတော်ဆိုင်ရာ ဓာတ်ပုံမှတ်တမ်းပြပွဲ၌ လိုအပ်သော ရောင်စုံဓာတ်ပုံကြီးများကို ပေးအပ်လှူဒါန်းခဲ့လေသည်။ လှူဒါန်း ရန် အခွင့်အရေးကြုံလေသမျှ လှူဒါန်းကြသည့် စေတနာရှင်များပါတကားဟု မှတ်ယူရပေသည်။

အရုပ်မျိုးစုံ လှူဒါန်းပုံ

၁၉၉၉ ခုနှစ်၊ မေလ စတုတ္ထပတ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်နေသည့်တိုင်းရင်းသားကလေးသူငယ်ကျောင်းများအတွက် ကလေးကစားစရာ အရုပ်မျိုးစုံ ၅၀၀၀၀ ကို ကွန်တိန်နာ ၅ လုံးဖြင့် ရွှေဘုရား

ကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပို့လျှောက်ထားခဲ့သည်။ ရန်ကုန်မြို့၌ ခေတ်နှင့်အပြိုင် ဖွင့်လှစ်ကြသည့် ကုန်တိုက်ကြီးများ၊ စီတီးမတ်များ၌ပင် ဤမျှမျှားပြားလှသည့် အရပ်များ ရရှိရန် မလွယ်ကူပါချေ။

၇-၇-၉၉ ရက်နေ့ နံနက် ၁၀ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီးက ငွေကျပ် သိန်း ၆၀ တန်ဖိုးရှိ ကလေးကစားစရာ အရပ်များကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)၏ အုပ်ချုပ်မှုအောက်ရှိ ကလေးထိန်းကျောင်းများ၌ အသုံးပြုနိုင်ရန် ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နည်းတူပင် ဂ-၇-၉၉ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးက ကလေးကစားစရာအရပ်များကို ပေးအပ်ရာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးက လက်ခံရယူသည်။

၁၂-၇-၉၉ ရက်နေ့တွင် ရှေဘုရားကျောင်း ဆရာတော်အမှူးပြုသော ဘုရားဖူးအဖွဲ့သည် ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိလာကြသည်။ ယင်းနေ့ ညပိုင်းတွင် လေးဆူဓာတ်ပုံရှေတိုဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်လှူဒါန်းပူဇော်ကြသည်။ ရှေကျောင်းဆရာတော်နှင့် ဘုရားဖူးများက အလှူတော် ငွေ ၁၁၀၆၂၀ ကျပ် စုပေါင်း လှူဒါန်းခဲ့ကြသည်။

အနေကဇာတင်ပွဲ ဆင်ယင်နွဲ

၁၃-၇-၉၉ ရက်နေ့ နံနက်တွင် ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် မန္တလေးမြို့သို့ ခရီးဆက်ကြသည်။ ၁၄-၇-၉၉ ရက်နေ့ ညနေပိုင်း၌ ရှေဘုရားကျောင်း ဆရာတော်သည် မဟာမုနိရုပ်ရှင်တော် ရေတော်ဆရာတော် ဘဒ္ဒန္တ ပညာဝံသ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက)၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျင်းပပူဇော်ကြမည့် "မဟာမုနိရုပ်ရှင်တော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနား" အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ဒေသခံဒါယကာများနှင့်အတူ လှည့်လည်ကြည့်ရှုကြသည်။

၁၅-၇-၉၉ ရက်နေ့ နံနက် ၅ နာရီအချိန်တွင် ကျင်းပပြုလုပ်သည့်

စင်ကာပူနိုင်ငံ ရွှေဘုရားကျောင်းဆရာတော် သာသနာပြုမော်ကွန်းတင်

"မဟာမုနိရုပ်ရှင်တော် ဗုဒ္ဓါဘိသေကအနေကဇာတင်" အခမ်းအနားသို့ မန္တလေး မြို့ရှိ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ စာသင်စာချ ပရိယတ္တိကျောင်းတိုက်များမှ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ တိုင်းခရိုင် မြို့နယ်သံဃနာယကဆရာတော်ကြီးများ အပါအဝင်၊ ဆရာတော် သံဃာတော်အရှင်သူမြတ် ၁၀၀ ပါးနှင့် စင်ကာပူရွှေကျောင်းဆရာတော်တို့ တက်ရောက်ကြပြီး သက်ဆိုင်ရာ အဖွဲ့အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် ရွှေဘုရားကျောင်းဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများလည်း စုံလင်စွာ တက်ရောက်ကြသည်။

ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီးနောက် ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော် ၁၀၀ ပါးတို့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။ ဆက်လက်၍ အလှူရှင် ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ထီး၊ ဖိနပ်၊ သင်္ကန်းစသည့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။ ဆရာတော်များက ပရိတ်တော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကာလတန်ဖိုး ငွေကျပ် ၁၃ သိန်းတန်ဖိုးရှိ ရွှေဆွဲကြိုး ၁၁ ကုံးကို ဆက်ကပ်ပူဇော်ကြသည်။ ဆက်လက်၍ မဟာမုနိရုပ်ရှင်တော်မြတ်၌ အစဉ်အသုံးပြုနိုင်ရန်အတွက် (စီစီတီဗီ)တစ်လုံးကို ပေးအပ်လှူဒါန်းကြသည်။ မဟာမုနိရုပ်ရှင်တော် ရေတော်ဆရာတော်အား အလှူတော်ငွေ ကျပ် ၂ သိန်း ဆက်ကပ်လှူးဒါန်းပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းပြု အခမ်းအနားကို ရုပ်သိမ်းခဲ့လေသည်။

ဗုဒ္ဓဆင်းတု လှူဒါန်းမှု

စင်ကာပူရှေဘုရားကျောင်းဆရာတော် ရိုဟာဇော့သည် ဘုရားဖူးအဖွဲ့ဝင်များကို ဦးဆောင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံသို့ အကြိမ်ကြိမ် လာရောက်ပြီး ရွှေတိဂုံစေတီတော်၊ ပုဂံယဉ်ကျေးမှုဒေသရှိ ရေးဟောင်းစေတီ ပုထိုးများနှင့် မဟာမုနိရုပ်ရှင်တော်အပါအဝင် တန်ခိုးကြီးဘုရားစေတီများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များသို့သာသနာတော်ကြီး အရှည်တည်တံ့ ထွန်းကားပြန့်ပွားရေးကို ရေးရှုကာ ငွေကျပ်သိန်းပေါင်းများစွာနှင့် ရွှေငွေရတနာပစ္စည်းများကို လှူဒါန်းပူဇော်ခဲ့သည်။ ထို့အပြင် ရွှေကျောင်းဆရာတော်ကြီးသည် စင်ကာပူနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များ ကိုးကွယ် ဆည်းကပ်မှု ပြုနိုင်ရန် ၁၉၉၉ ခုနှစ်၊ ဩဂုတ်လအတွင်း၌ သက်ဆိုင်ရာများ၏ ခွင့်ပြုချက်ဖြင့် အောက်ပါ စကျင်ကျောက်သား ဗုဒ္ဓဆင်းတုတော် ၆ ဆူကို စင်ကာပူနိုင်ငံသို့ ပင့်ဆောင်ကုသိုလ်တော် ယူခဲ့သည်။

			အမြင့်ပေ
(က)	စကျင်ကျောက်	ဆင်းတုတော်	(၉')
(ခ)	စကျင်ကျောက်	ဆင်းတုတော်	(၉')
(ဂ)	စကျင်ကျောက်	ဆင်းတုတော်	(၈½')
(ဃ)	စကျင်ကျောက်	ဆင်းတုတော်	(၃')
(c)	စကျင်ကျောက်	ဆင်းတုတော်	(၃')
(စ)	စကျင်ကျောက်	ဆင်းတုတော်	(၃½')

အရုပ်များစွာ လှူဒါန်းကာ

၁၅-၇-၉၉ ရက်နေ့ နံနက်ပိုင်းမှာပင် ဘုရားဖူးအဖွဲ့သည် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။ ယင်းနေ့ မွန်းလွဲ ၂ နာရီအချိန်တွင် ရွှေဘုရားကျောင်းဆရာတော်သည် နောက်ပါဒါယကာရင်းအချို့နှင့်အတူ ဒေသခံ ဒါယကာများ လိုက်ပါလျက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးအား ဝန်ကြီးရုံးညှိုခန်းမဆောင်၌ သွားရောက် တွေ့ဆုံသည်။ ညှိုခန်းမဆောင်အတွင်း

၌ ရွှေဘုရားကျောင်းဆရာတော်က ပေးအပ်လှူဒါန်းသည့် အကြီးအသေး အရုပ်မျိုးစုံကို အစီအရီခင်းကျင်းပြသထားသည်။ အရွယ်အစား စုံ၊ အရောင် အသွေးစုံ၊ ဒီဇိုင်းပုံစံအမျိုးမျိုးဖြင့် အရုပ်များက စုံလင်များပြားလှသည်။ ကလေး သူငယ်များအကြိုက် နှစ်သြိုက်မည့်အရုပ်များဖြစ်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးက "မိမိတာဝန်ယူ ကြီးကြပ်နေသည့် တိုင်းရင်းသား မိဘမဲ့ကလေး သူငယ် ကျောင်းများအတွက် ကလေးကစားစရာအရုပ်မျိုးစုံ ၅၀၀၀၀ ကျော်ကို ပေးပို့လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း" ကျေးဇူးတင်ဝမ်းမြောက် စကား လျှောက်ထားသည်။ နောင်တွင် ရွှေဘုရားကျောင်းဆရာတော်က လှူဒါန်းသည့်ကလေးကစားစရာ အရုပ်များသည် မြန်မာနိုင်ငံတစ်ဝန်း နယ်စပ် ဒေသများပါမကျန် ပျံ့နှံ့ရောက်ရှိသွားခဲ့သည်။ ရွှေဘုရားကျောင်းဆရာတော်ကြီး ၏ စေတနာကား ကလေးသူငယ်များအကြားသို့ စိမ့်ဝင်သွားခဲ့ချေပြီ။

ထို့နောက် ရွှေဘုရားကျောင်းဆရာတော်က ပုဂံယဉ်ကျေးမှုဒေသရှိ ရေးဟောင်းဘုရားအမှတ် (၈၂၀) ပြုပြင်မွမ်းမံရန် ထပ်မံလိုအပ်ငွေ ကျပ် ၄၁ သိန်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်၍ ပေးအပ်သည်။ ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့သို့ အလှူငွေ ကျပ် ၅ သိန်းကျစီဖြင့် အလှူငွေ ကျပ်သိန်း ၂၀ ကို ပေးအပ် လှူဒါန်းရာ သက်ဆိုင်ရာဝန်ကြီးများက လက်ခံယူကြပြီး လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မျိုးမည်စုံစွ လှူဒါန်းကြ

၁၉၉၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ရွှေဘုရားကျောင်းဆရာတော် သည် ဘုရားဖူးခရီးစဉ်ဖြင့် ရောက်ရှိလာသည်။ ယခုခရီးစဉ်တွင် မြန်မာနိုင်ငံ တစ်ဝန်းခွ ထင်ပေါ်ကျော်ကြားသည့် သာမည်ဆရာတော်ဘုရားကြီးအား

ကြည်ညိုမှုမြေနိုင်ရန် ဒါယကာရင်းအချို့ကို ဒေသခံ ဒါယကာများနှင့်အတူ ရေရှည်ပြီးအဖွဲ့အဖြစ် စေလွှတ်၍ မှုးမြော်မှု ပြုခဲ့သည်။ သာမည်ဆရာတော်ဘုရား ကြီးအား မှုးမြော်ကြပြီး အလှူငွေ ကျပ် ၂ သိန်း ဆက်ကပ်လှူဒါန်းကြသည်။

ရွှေဘုရားကျောင်းဆရာတော်သည် ခရီးစဉ်ဖြင့် လှည့်လည်စဉ် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူငယ်သင်တန်းကျောင်းသို့ သွားရောက်လေ့လာကြည့်ရှုပြီး အဆိုပါ လူငယ်သင်တန်းကျောင်းသို့ ငွေကျပ် ၅ သိန်း ပေးအပ်လှူဒါန်းသည်။ ထိုနည်းတူ ဒေါ်ဥာဏာစာရီ မြန်အောင်သီလရှင်စာသင်တိုက်သို့ အလှူငွေ (၁၀၀၀၀၀/) လှူဒါန်းသည်။

၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဘုရားမှုးခရီးစဉ်အဖြစ် ရောက်ရှိလာသော ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားမှုးအဖွဲ့သည် မဟာမုနိ ရုပ်ရှင်တော်၊ ရေတော်ဆရာတော်ဘုရား၏ဦးဆောင်စီစဉ်မှုဖြင့် ရေတော်ဆက်ရာ၌ အသုံးပြုမည့် ရွှေယပ်တောင်ပြုလုပ်ရန်အတွက် ရွှေစင်ရွှေသား (၁၀/)သားနှင့် အလှူတော်ငွေ ကျပ် (၂) သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ဌာပနာများ လှူဒါန်းထား

ရွှေဘုရားကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် စင်ကာပူနိုင်ငံသား တပည့်ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့၏ ကုသိုလ်တော် လှူဒါန်းမှုများကား များပြားလှသည်။ လှူဒါန်းမှုအဖုံဖုံ ဘက်စုံဟု ဆိုရပေမည်။ ပါရမီအကြောင်းဆက်ဖြင့် နှစ်စဉ်မပျက် လပေါင်းဆက်၍ စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်းကြမြဲ ဖြစ်သည်။ ထိုကြောင့်ပင် စေတနာမိုး သဒ္ဓါအကျိုး ပေးကား ထူးခြားလှပါပေသည်။ ရွှေဘုရားကျောင်းဆရာတော်၏ လှူဒါန်းငွေဖြင့် ပြုပြင်မွမ်းမံနေသည့် ပုဂံယဉ်ကျေးမှုဒေသရှိ ရေးဟောင်းဘုရားအမှတ် (၇၂၀)ကို ပြုပြင်မွမ်းမံရန် တူးဖော်ကြစဉ် အေဒီ ၁၁ ရာစုနှစ်က အင်္ဂေတကြာပန်းများ၊ မယ်တော်မာယာအဆင်တန်ဆာ အင်္ဂေတအိုင်းအစများ၊ သဲကျောက်ဆင်းတုများ ကြာနှစ်ထပ် အင်္ဂေတပန်းများ ဗုဒ္ဓပုံတော် အိုင်းအစများ အင်္ဂေတ

ခရေသီးများ နံ့ရံဆေးရေးပန်းချီများ တွေ့ရှိကြရသည်။

ထိုသို့ဗုဒ္ဓဝင်ဆိုင်ရာ ရုပ်ပွားတော်များ ထူးထူးခြားခြား တူးဖော်တွေ့ရှိရသည့် သတင်းကောင်းကို ကြားသိရသော ရှေကျောင်းဆရာတော်သည် ရေပြေးလေ့လာရေးအဖွဲ့ယယ်တစ်ဖွဲ့ကို ချက်ချင်း စေလွှတ်ခဲ့သည်။ ကြည်ညိုမှုစေတနာဖြင့် ၂၂-၉-၉၉ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် နီကာယ်ငါးရပ် ပိုင်ကတ်သုံးပုံစာသင်တိုက် လိုင်ရတနာကျောင်းတော်၌ ရေးဟောင်းဘုရားအမှတ်(၇၂၀)တွင် ဌာပနာပြု လျှုဒါန်းရန် ဌာပနာရွှေထည်ပစ္စည်းများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ထံ အခမ်းအနားဖြင့် လွှဲအပ်လှုဒါန်းခဲ့လေသည်။

ယင်းလှုဒါန်းပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကမြင့်ခြုံဆရာတော် ဘဒ္ဒန္တသောဘိတ ထံမှ အတွင်းရေးမှူး (၁)နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ အတွင်းရေးမှူး(၁)က ဆရာတော်ကြီးများအား သက်နှံးတော်များ ဆက်ကပ်လှုဒါန်းသည်။

ထို့နောက် ရှေဘုရားကျောင်းဆရာတော်က ဌာပနာပစ္စည်းများ လှုဒါန်းရခြင်းအကြောင်းနှင့်စပ်လျဉ်း၍ " ဘုန်းကြီးအနေဖြင့် ဗုဒ္ဓဘာသာ သာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးနဲ့ အရှည်တည်တံ့ခိုင်မြဲရေးတာဝန်ကို အစဉ်တစိုက် ကြိုးစားအားထုတ်လျက် ရှိပါတယ်။ ၎င်းအပြင် မြန်မာနိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ရှိ အစိုးရများနဲ့ ပြည်သူအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးအောင် ကြိုးပမ်းလျက် ရှိနေပါတယ်။ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြီး ရိုးသားဖြူစင်ပြောင်မတ်တဲ့ပြည်သူများ နေထိုင်လျက် ရှိကြတဲ့ မြန်မာနိုင်ငံကို ဘုရားဖူးခရီးစဉ်ဖြင့် လှည့်လည်ရောက်ရှိတဲ့ အကြိမ်တိုင်း မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အားသွန်ခွန်စိုက် လုပ်ကိုင်နေတာကို လေ့လာသိရှိနားလည်ခွင့် ရရှိခဲ့ပါတယ်။ ဒါကြောင့် ဘုန်းကြီးအနေဖြင့် အခွင့်အရေးပေးရင် ပေးသလို တတ်စွမ်းနိုင်တဲ့ နေရာကနေ၍ မျှားပြားစွာ ကူညီဆောင်ရွက်ပေးရန် ဆန္ဒရှိနေပါတယ်။ ယခုအခါ ဘုန်းကြီးအနေ

ဖြင့် မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းနဲ့ အချို့သောစီးပွားရေးလုပ်ငန်း အနည်းငယ်ကိုသာ ဆောင်ရွက်နိုင်ခဲ့ပါသေးတယ်။ မြန်မာနိုင်ငံရဲ့ ဘုရားကျောင်းကန်များ ပြုပြင်မွမ်းမံရေး ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားရေး လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများကို စိတ်ရောကိုယ်ပါ အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဘုန်းကြီးအနေဖြင့် မြန်မာနိုင်ငံအစိုးရနဲ့ တူညီသော ပါရမီရေစက်ရှိတဲ့အတွက် စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းရဲ့ ဒါယကာ၊ ဒါယိကာမများ၊ မြန်မာပြည်သူ့ပြည်သားများအနေဖြင့် ဘုရားစေတီများ ပြုပြင်မွမ်းမံရေး လုပ်ငန်းများ၌ ပိုမိုလှုံ့ဆော်ဆောင်ရွက်ပေးနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ယခုဆိုရင် ရွှေဘုရားကျောင်း ဒါယကာ၊ ဒါယိကာမများအနေဖြင့် ပုဂံယဉ်ကျေးမှု ဒေသရှိ ဘုရား ၆ ဆူအနက် အချို့ကို ပြုပြင်လှုံ့ဆော်ပြီးဖြစ်ပြီး အချို့ကို ပြုပြင်လှုံ့ဆော်ဆဲ ဖြစ်ပါတယ်။ အထူးသဖြင့် ရေးဟောင်းဘုရားအမှတ် (၇၂၀) ကို ပြုပြင်နေစဉ် မမျှော်လင့်ဘဲ အေဒီ ၁၁ ရာစုနှစ်က ထုလုပ်ခဲ့တဲ့ ရပ်တု၊ ရပ်ပွားတော်များကို တူးဖော်တွေ့ရှိ ခဲ့ကြပါတယ်။ ထူးထူးခြားခြား တွေ့ရှိမှုဟာ မြန်မာနိုင်ငံတော်ကြီးရဲ့ ရေးဟောင်းဗုဒ္ဓဘာသာ သာသနာတော်ကြီး အစဉ်အလာကြီးမားစွာထွန်းကားခဲ့မှုနှင့် ရေးဟောင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုကို လေ့လာရာ၌ ကြီးမားတဲ့ အထောက်အကူကို ပြုစေနိုင်မည်လို့ ယုံကြည်မိပါတယ်။ ဗုဒ္ဓဘာသာရွှေဘုရားကျောင်း ရဲ့ ဒါယကာ၊ ဒါယိကာမများအနေနဲ့ ဘုရားအမှတ် (၇၂၀) ရဲ့ ထူးခြားကြည်ညိုဖွယ် သတင်းကောင်းကို ကြားသိရတဲ့အတွက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် တိုတောင်းလှတဲ့ရက်သတ္တနှစ်ပတ်ကြာ ကာလအတွင်းမှာ စင်ကာပူဒေါ်လာ ၂၅၀၀၀ ကျော် တန်ဖိုးရှိ ရွှေထည်နဲ့ လက်ဝတ်ရတနာပစ္စည်းများကို ဌာပနာပစ္စည်းများအဖြစ် လှူဒါန်းပူဇော်ခြင်း ဖြစ်ပါတယ်" စသည်ဖြင့် ရှင်းလင်းပိန်ကြားခဲ့သည်။

ယင်းနောက် ရွှေဘုရားကျောင်းဆရာတော်က ပုဂံဘုရားအမှတ်(၇၂၀) တွင် ဌာပနာထည့်သွင်း လှူဒါန်းမည့်အလေးချိန် တစ်ပိဿာခန့်ရှိ ရွှေထည်နှင့် ရတနာပစ္စည်းများကို လည်းကောင်း ဖိမိတို့ ဆရာအေးရှ ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက် ဖိခင်ကြီး ဒေါ်လှကြည် ကုမ္ပဏီဒါရိုက်တာများ

(ဒေသခံဒါယကာများ) ဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးလှသိန်း၊ ဦးထိန်မင်းနှင့် ဦးထိန်တင်တို့က ဌာပနာ ရတနာပစ္စည်းများကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁)က လက်ခံရယူသည်။

ထိုနောက် ပေးအပ်လှူဒါန်းကြသော ရွှေထည်ပစ္စည်းများနှင့် ရတနာ ပစ္စည်းများကို အကွင်းရေးမှူး(၁)က ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးသို့ ထပ်ဆင့် လွှဲပြောင်းပေးအပ်သည်။

ထိုအပြင် ဆရာအေးရှခရီးသွားလုပ်ငန်းကုမ္ပဏီလိမိတက်မှ ဦးထိန်လင်း၊ ဦးလှသိန်း၊ ဦးထိန်မင်းနှင့် ဦးထိန်တင်တို့က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့.ဥက္ကဋ္ဌဆရာတော်ဘုရားကြီး မွေးနေ့အလှူတော်အတွက် ရွှေဘုရားကျောင်း ဆရာတော်ကိုယ်စား အလှူတော်ငွေ ကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး(၁) က လက်ခံသည်။

ဆက်လက်၍ စင်ကာပူရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့.ဥက္ကဋ္ဌ မြင်းခြံ ဆရာတော် ဘဒ္ဒန္တသောဘိတနှင့်အကျိုးတော်ဆောင် မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရတို့အား အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ.ဥက္ကဋ္ဌ မြင်းခြံဆရာ တော် ဘဒ္ဒန္တ သောဘိတက သြဝါဒကထာ ချီးမြှင့်တော်မူသည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက ရေစက်ချအနမောဒနာတရား ဟောကြားကာ အတွင်းရေးမှူး(၁) နှင့် ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြ ပြီး အခမ်းအနားကို ရပ်သိမ်းခဲ့သည်။

၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ စတုတ္ထအပတ်အတွင်း၌ ဘုရားဖူးခရီးစဉ် ဖြင့် ရောက်ရှိလာသော ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများသည် ၂၃-၉-၉၉ ရက်နေ့တွင် ပုဂံယဉ်ကျေးမှုဒေသရှိ ရေးယောင်း ဘုရားအမှတ် (၇၀၇)ပြုပြင်မွမ်းမံရန်အတွက် အလှူငွေ ကျပ် ၉ သိန်းကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးညှိုခန်းမ၌ ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှု

ဝန်ကြီးဌာန ဝန်ကြီးက လက်ခံရယူသည်။

၃၀-၉-၉၉ ရက်နေ့ နံနက် ၉ နာရီတွင် ရွှေဘုရားကျောင်းဆရာတော်၏ တပည့်များဖြစ်သည့် "Eng Seng Travel Co.Group" ဦးဆောင်သော ဘုရားဖူးအဖွဲ့က ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ ပုလဲရတနာလမ်းရှိ နိကာယ ငါးရပ် ဝိဋုကတ်သုံးပုံစာသင်တိုက်ကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့. ဥက္ကင္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင့်ခြုံဆရာတော် ဘဒ္ဒန္တသောဘိတ အမှူးပြုသော သံဃာတော် အရှင်သူမြတ်အပါး ၂၀၀ တို့ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် အရှင်သူမြတ်တို့အား အလှူတော်ငွေ ကျပ် ၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြလေသည်။

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ ညနေ ၃း၄၅ နာရီတွင် ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ နမ့်ပန်ကျေးရွာရှိ ရေးဟောင်းဘုရားပေါက် မဟာဓာတုစေတီတော်ပြုပြင်မွမ်းမံထိန်းသိမ်းရန်အတွက် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ပုလဲရတနာလမ်းရှိ ဝိဋုကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)က တက်ရောက်လက်ခံသည်။

အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့. ဥက္ကင္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကမြင့်ခြုံဆရာတော် ဘဒ္ဒန္တသောဘိတ၊ အကျိုးတော်ဆောင်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကမကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် ရွှေဘုရားကျောင်းဆရာတော် ရိုဟာဇော့နှင့်အဖွဲ့ဝင် သံဃာတော်များ ကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတိုင်းမှူး ဌာနဆိုင်ရာ အကြီးအကဲများ ရေးဟောင်းဘုရားပေါက်ဓာတုစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ရွှေဘုရားကျောင်းဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှင့်လှစ်ပြီးနောက် ရွှေဘုရားကျောင်းဆရာတော်

က ရေးဟောင်းဘုရားပေါက်မဟာတုစေတီ ပြုပြင်မွမ်းမံ ထိန်းသိမ်းရန်အတွက် အလှူငွေ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ရေးဟောင်းဘုရား ပေါက်စာတုစေတီတော် ပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေ ကျပ် ၂၁၂ သိန်းကို ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး (၁)က လက်ခံသည်။ ဆက်လက်ပြီး အတွင်းရေးမှူး(၁)က အဆိုပါ အလှူတော်ငွေ ကျပ် ၂၁၂ သိန်းကို ရေးဟောင်းဘုရားပေါက် မဟာတုစေတီတော် ဂေါပကအဖွဲ့. နာယက၊ ရမ်းပြည်နယ်တောင်ပိုင်း အထူးဒေသ (၆)မှ ပဒိုင့်တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထိန်နှင့် အဖွဲ့ဝင်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။ အတွင်းရေးမှူး(၁)နှင့် ဂေါပကအဖွဲ့နာယကတို့က ရွှေဘုရားကျောင်း ဆရာတော်အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့. အကျိုးတော်ဆောင် မကွေးဆရာတော် ဘဒ္ဒန္တဂုဏာရက အနုမောဒနာတရား ဟောကြားကာ အတွင်းရေးမှူး(၁)နှင့် ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရပ်သိမ်းခဲ့လေသည်။

ထို့နည်းတူပင် ယင်းနေ့ ၄-၁၂-၉၉ နေ့ နံနက် ၉:၁၅ နာရီတွင် စမ်းချောင်းမြို့နယ် သမိုင်ခေါ်ဒယ သုခီတာရာမ ဒေါ်ဥာဏာစာရီ မြန်အောင်သီလရှင်စာသင်တိုက်၌ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) က လက်ခံရယူသည်။

အခမ်းအနား ဖွင့်လှစ်ပြီးနောက် ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်များက ဒေါ်ဥာဏာစာရီ မြန်အောင်သီလရှင်စာသင်တိုက်အတွက် အလှူတော်ငွေ ကျပ် သိန်း၂၀ ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး (၂) က လက်ခံခဲ့သည်။

ဆက်လက်၍ မိခင်ကြီး ဒေါ်လှကြည်အား အမှူးထားပြီး ဆရာအေးရ

ခရီးသွားကုမ္ပဏီလီမိတက်က အလှူတော်ငွေ ကျပ် (၅၀၀၀၀/)ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး(၂)က လက်ခံရယူသည်။

ထိုနောက် ကျောင်းတိုက် နာယကသီလရှင်ဆရာကြီး အမှူးပြု၍ တိုက်အုပ်နှင့်သီလရှင်ဆရာကြီး ဆရာလေးများက မေတ္တာပို့များ စုပေါင်းရွတ်ဆို မေတ္တာပို့သကြားပြီး အခမ်းအနားကို ရပ်သိမ်းခဲ့သည်။

မိခင်ကလေး စောင့်ရှောက်ပေး

ယင်းနေ့ (၄-၁၂-၉၉) ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဘက်စုံအဆောက်အအုံခန်းမ ဆောင်၌ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အဝတ်အထည်များကို အခမ်းအနားဖြင့် ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနား၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) က ကြီးမှူးဖွင့်လှစ်ထားသည့် နေ့ကလေးထိန်းကျောင်းများမှ ကျောင်းသူကျောင်းသားများ အသုံးပြုနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ (၈၀၀၀) တန်ဖိုးရှိ ကလေးဝတ် (ပါဝါရိန်းဂျား)တီရှပ်ဘူး (၇၀၀၀)ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဒုတိယ ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ဆက်ကပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်လျှောက်ထားပြီး အခမ်းအနားကို ရပ်သိမ်းခဲ့လေသည်။

ဘွဲ့တံဆိပ်တော် ကပ်ပူဇော်

၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်၊ ထူးမြတ်လှသည့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် နှစ်သစ်မင်္ဂလာသတင်းအနေဖြင့် နေ့စဉ်ထုတ် သတင်းစာများ၌ မျက်နှာပုံးသတင်းအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၀)ဖြင့် "သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်

လှုံ့ဒါန်း"သည့် သတင်းကို ထုတ်ပြန်ခဲ့သည်။ ထိုသို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှုံ့ဒါန်းသည့် ပြည်ပဆရာတော်ကြီးများအနက် စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းဆရာတော် ရိုဟာဇော့အား "မဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှုံ့ဒါန်းကြောင်း သတင်းကောင်း ပါရှိသည်။

မဂ်လာသတင်းကောင်းကို ကြားသိရသည့် ရွှေဘုရားကျောင်းဆရာတော်ကြီးအနေဖြင့် စေတနာမှန်၊ အလုပ်မှန်၊ အကျိုးပေးမှန်အဖြစ် ထိုက်တန်စွာ ရရှိသော ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခြင်းဖြစ်သောကြောင့် ဂုဏ်ယူဝမ်းမြောက်ရာသက့ဲသို့၊ ဆရာတော်၏ သာသနာတော်ပြု လုပ်ငန်းကြီးကို အရိုန်အဟုန်တိုးမြှင့်ပေးရာ ရောက်စေခဲ့လေသည်။

မြန်မာနိုင်ငံမှ ဒေသခံ ဒါယကာများဖြစ်ကြသည့် ဆရီအေးရှခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်ဒါရိုက်တာများနှင့် ဆရာတော်၏ပြည်တွင်းပြည်ပခရီးစဉ်များ၌ အနီးကပ်သက်ဆိုင်ရာကဏ္ဍအလိုက်ပါရမီဖြည့်ဆည်းပေးလျက်ရှိကြသည့် လေကြောင်းကုမ္ပဏီများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များမှ တာဝန်ရှိသူများက စင်ကာပူနိုင်ငံထုတ် နေ့စဉ်သတင်းစာများ၌ တရုတ်အင်္ဂလိပ်နှစ်ဘာသာဖြင့် ရွှေဘုရားကျောင်းဆရာတော်ကြီး သာသနာတော်ဆိုင်ရာ ဘွဲ့ တံဆိပ်တော် ဆက်ကပ်အပ်နှင်းခြင်း ခံရသည့်အတွက် ဂုဏ်ပြုကြော်ငြာစာ ထည့်သွင်း၍ ဂုဏ်ပြုခဲ့ကြသည်။ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းပင် ဖြစ်ပေသည်။

မြတ်စွာန်

ဂုဏ်ပြုကြော်ငြာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



Sri Asia Tourism Service Co., Ltd

Myanmar Airways International

Air Mandalay

Yangon Airway

Oriental Restaurant

Summit Parkview Yangon

Hupin Hotel, Heho

Easyway Travel Serives Pte Ltd

Traders Hotel Yangon

Sedona Hotel Yangon

Hotel Equatorial Yangon

Hotel Nikko Royal Lake Yangon

Golden Island Cottage Hotel, Heho

Bagan Hotel, Bagan

စင်ကာပူ ရွှေဘုရားကျောင်းဆရာတော်သည် ဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းပွဲအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်မည့်အပြင် အခမ်းအနားကြီးသို့ ကြွရောက်တော်မူလာကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သက်တော်ရှည်ဆရာတော်ဘုရားကြီး အမျှားပြုသော အဖွဲ့ဝင် ဆရာတော်ကြီးများ ဘွဲ့ခံဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူ ကုသိုလ်ယူရန် ဆန္ဒရှိကြောင်း မိန့်ကြားသည်။ ရွှေဘုရားကျောင်းဆရာတော်၏ အလိုဆန္ဒတော်နှင့်အညီ ဒေသခံဒါယကာများသည် ဆွမ်းဆန်စိမ်းလောင်းလှူနိုင်ရန်အတွက် မဏ္ဍပ်နေရာရရှိရေး ဆန္ဒရှိသည့်လှူဖွယ်ပစ္စည်းများ စုဆောင်းရေး အပါအဝင် ကိစ္စအဝဝတို့ကို သက်ဆိုင်ရာများထံ တင်ပြလျက် စီစဉ်ဆောင်ရွက် ကြရသည်။

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဘုရားဖူးခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ရွှေဘုရားကျောင်းဆရာတော်သည် ဒေသခံဒါယကာ၊ ဒါယိကာမများ၏ ပံ့ပိုးဆောင်ရွက်ပေးမှုဖြင့် ဖြူးမြို့ စည်ပင်သာယာဈေးကြီးမှ မီးဘေးသင့်ဈေးဆိုင်များအတွက် ထောက်ပံ့အလှူငွေ ကျပ် ၁၀ သိန်းကို နှစ်သစ်ကုသိုလ်တော်အဖြစ် လှူဒါန်းနိုင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ မတ်လ ၁၇ ရက်နေ့တွင် လေကြောင်းခရီးစဉ်ဖြင့် ရွှေဘုရားကျောင်းဆရာတော်သည် နောက်ပါကပ္ပိယဒါယကာနှစ်ဦး၊ ဓာတ်ပုံဆရာတစ်ဦးတို့နှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။ ရွှေဘုရားကျောင်းဆရာတော်၏ ကောင်းမှုကုသိုလ်တော်အဖြစ် တင့်တယ်ခံ့ညားဖွယ် ပြင်ဆင်မွမ်းမံထားသည့် မဏ္ဍပ်အဆောက်အအုံ၊ အသင့်လောင်းလှူနိုင်ရန် စနစ်တကျ လှူဖွယ်ပစ္စည်းအမျိုးအစားအလိုက်၊ အရောင်အဆင်းအလိုက် အစီအရီ ပြင်ဆင်ထားသည့် လှူဖွယ်ပစ္စည်းများ ခင်းကျင်းထားရှိမှုကို ဒေသခံဒါယကာများနှင့်အတူ လှည့်လည်လေ့လာကြည့်ရှုကြသည်။ အထူးသဖြင့် နိုင်ငံတော်က ဦးဆောင်ကျင်းပသည့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းပွဲနှင့် ဆွမ်းဆန်စိမ်း လောင်း

လှူပွဲကြီးအတွက် နိုင်ငံတော်အဆင့်နှင့် အစိုးရဝန်ကြီးဌာနအလိုက် တိုင်းခရိုင်၊ မြို့နယ်အလိုက် တည်ဆောက်ထားကြသည့် မဏ္ဍပ်ကြီးများ ပြင်ဆင်ထားသည့် လှူဖွယ်ပစ္စည်းများကား အမျိုးအစားစုံ၊ အဆင်းအရောင်စုံ၊ အကြီးအသေးစုံစွာ များပြားလှပါဘိ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ စေတနာသဒ္ဓါတရားသည်ကား ကြီးမားလှပါဘိ။ ကိုယ်တွေ့မျက်မြင်တွေ့ရသည့် ရှေဘုရားကျောင်းဆရာတော်ကြီးက ဝမ်းမြောက်ပီတိသဒ္ဓါဖြစ်ရကြောင်း ဖွင့်ဟမိန့်ကြားတော်မူသည်။

"အမြတ်ဆုံးသောရတနာသုံးပါးဌာ အလှူဒါနကို ပူဇော်လှူဒါန်းကြသော လူအပေါင်းတို့အား အမြတ်ဆုံးသော ကုသိုလ်သည် တိုးပွားပါ၏။ အသက်၊ အဆင်း၊ အခြံအရံ၊အကျော်အစော၊ ချမ်းသာခွန်အား မြတ်သောအကျိုးတရားတို့သည် တိုးပွားပါ၏"ဟူသော ဘုရားဟောဒေသနာတော်နှင့်အညီ အမြတ်ဆုံးဖြစ်သော ရတနာသုံးပါးတို့တွင် အပါအဝင်ဖြစ်သည့် သာသနာ့အာဇာနည်မထေရ်အရှင်မြတ်တို့၏ ဆောင်ရွက်မှု ကျေးဇူးတော်ဂုဏ်တို့ကို အလေးအမြတ်ထား၍ ပူဇော်လှူဒါန်းသောအားဖြင့် ဝိဇုကတ္တယဆေက၊ ပရိယတ္တိဝိသာရဒသိက္ခာကာမ သီလဝန္တဖြစ်တော်မူကြသော သာသနာ့ဝန်ဆောင်၊ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ စာပေကျမ်းဂန်သင်ကြားပို့ချတော်မူကြသော ဆရာတော်များ၊ တရားဟောတရားပြဆရာတော်များ၊ သာသနာပြု ပုဂ္ဂိုလ်များအား ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၀) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းကြောင်း ထုတ်ပြန်ကြေညာချက်အရ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ပြည်တွင်းပြည်ပ ဆရာတော်ကြီးများ၊ သာသနာ့အနွယ်ဝင် သီလရှင်ကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကြီးကို ၁၃၆၁ ခုနှစ်၊ တပေါင်းလပြည့်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါဒိစရိယဆရာတော်ကြီးများ ဗဟို သံယဝန်ဆောင် ဆရာတော်ကြီးများ နိုင်ငံတော် သံယမဟာနာယကအဖွဲ့

ဥက္ကဋ္ဌဆရာတော်ဘုရားကြီးအမှူးပြုသော အဖွဲ့ဝင်ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ပြည်တွင်းပြည်ပ ဆရာတော်ကြီးများနှင့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ စုံညီစွာ တက်ရောက်ကြသည်။

နိုင်ငံတော်မှ ဦးဆောင်ကျင်းပ ပူဇော်အပ်သော သာသနာ့ပူဇော်ပွဲကြီးအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးမောင်အေး(ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များနှင့် စက်ဘက် နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ စုံညီစွာ တက်ရောက်ကြ သည်။

နံနက် ၁၁ နာရီမှ စတင်၍ ကြွရောက်လာကြသော ဧည့်ပရိသတ်များအား နိုင်ငံတော်ဆိုင်းအဖွဲ့က သီချင်းကြီး၊ သီချင်းခဲ့တို့ဖြင့် သီဆိုတီးမှုတ်ဧည့်ခံကြသည်။

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများကို သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြိုတင်ပင့်ဆောင်ကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဆရာတော်များ ဘွဲ့တံဆိပ်အလှူခံယူမည့် ဘွဲ့ခံဆရာတော်များနှင့် သီလရှင်ဆရာကြီးများအား အခမ်းအနားဖြင့် နတ်လမ်းအတိုင်း ပင့်ဆောင်ကြပြီး သတ်မှတ်ထားသော သီတင်းသုံးရမည့်နေရာ၌ နေရာချထားပေးသည်။ ထိုသို့ ပင့်ဆောင်ရာ၌ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၏ တောင်ဘက်မုခ်အဝင်မှ သီတင်းသုံးတော်မူမည့်နေရာသို့ ကနကဓဇာထီးပြူတော်များ ဖြန့်ကြက်အုပ်မိုးလျက် နိုင်ငံတော်ဆိုင်းအဖွဲ့မှ ရောင်ခြည်တော်ဘွဲ့သီချင်းကြီးဖြင့် ငြိမ့်ညောင်း

သာယာစွာ တီးမှုတ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော် သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘုရားကြီးကိုယ်စား ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတမဟာအောင်မြေဘုံစံကျောင်း ဆရာတော်ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ညွှန်ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။ ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှူးပြုလျက် ဘွဲ့တံဆိပ်တော်ရ ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကြသည်။ ယင်းနောက် သီလရှင်ဆရာကြီးများ အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြု သော တာဝန်ရှိပုဂ္ဂိုလ်များ၏ ဇနီးများက ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကြသည်။ ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များအား အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်များ ခီးမြှင့်အပ်နှင်း ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက သာသနာရေးဆိုင်ရာ များကို လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ၊ မန္တလေးတိုင်း၊ မဟာအောင်မြေ မြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဇေယျမေဒိနီဝါဆိုကျောင်းဆရာတော် အဘိ ဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယက သမ္မောဒဏီယ ဩဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် နိုင်ငံတော်သံယမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ မြွက်ကြားတော်မူသည့် အနုမောဒနာတရားတော်နှင့် ရေစက်ချ တရားတော်ကို နာယူကြပြီး လှူဒါန်းမူအစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့လေသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုလျက် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များသည် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမဏ္ဍပ်၊ ဝန်ကြီးဌာနအသီးသီးတို့၏ မဏ္ဍပ်များ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ခရိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အသီးသီးတို့၏မဏ္ဍပ်များနှင့် ဘာသာရေးအသင်းအဖွဲ့နှင့် စေတနာရှင်သဒ္ဓါရှင် ပြည်သူများ၏ မဏ္ဍပ်ပေါင်း (၁၀၀)ကျော်တို့မှ တန်ဖိုးငွေပမာဏ (၅၇၆၃ ၂၉ ၂၆) ကျပ်ရှိ လှူဖွယ်ဝတ္ထုအမျိုးမျိုးဟို့ ကို နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ ဗဟိုသံဃာဝန်ဆောင်ဆရာတော်များ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ တိပိဋကဆရာတော်နှင့် ပြည်တွင်းပြည်ပမှ ဘွဲ့ခံဆရာတော် သံဃာတော် အရှင်သူမြတ် ၆၁၁ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ကြသည်။ ဤကဲ့သို့ နိုင်ငံတော်က ဦးဆောင်ကျင်းပသည့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲကြီး၌ စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာရွှေဘုရားကျောင်းဆရာတော် ရိုဖာဇော့သည် ပြည်ပဘွဲ့ခံဆရာတော်တစ်ပါးအဖြစ် အခမ်းအနားသို့ တက်ရောက်၍ "မဟာသဒ္ဓမ္မ ဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို လက်ခံတော်မူပြီး ဆရာတော်၏အလှူဒါယကာ ဒါယိကာမ စင်ကာပူနိုင်ငံသား ဗုဒ္ဓဘာသာဝင်များ ကလည်း "စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာရွှေဘုရားကျောင်းတော်" မဏ္ဍပ်မှနေ၍ ပျော်ပျော်ရွှင်ရွှင် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ကြရာ ဆရာ့အေးရှခရီးသွား လုပ်ငန်းကုမ္ပဏီလီမိတက်မှ ဒေသခံ ဒါယကာများ မိသားစုများ ဝန်ထမ်းများက အနီးကပ်ပံ့ပိုးကူညီဖြည့်ဆည်းပေးကြသည်။ ဒါရိုက်တာအချို့နှင့် စာရေးသူတို့က ရွှေဘုရားကျောင်းဆရာတော်ကြီးနှင့်အတူ အနီးကပ်လိုက်ပါ၍ ဆရာတော်ကြီးကို လောင်းလှူကြသည့် လှူဖွယ်ပစ္စည်းများကို လက်ခံသယ်ဆောင်ပေးသည့် ကျောင်းသားအဖြစ် ပါဝင် ကူညီဆောင်ရွက်ပေးကြရသည်။ ခုံညားတင့်တယ်စွာ ဆန္ဒရှိသလို ပြင်ဆင်မွမ်းမံထားကြသည့် မဏ္ဍပ်များ၊ သံဃာတော်များကို သဒ္ဓါတရားထက်သန်စွာ လောင်းလှူနေကြသည့် ကုသိုလ်တော်မြင့်ကွင်းကား ပျော်ပျော်ရွှင်ရွှင် သဒ္ဓါတရား တိုးပွားဖွယ်ရာ ဖြစ်ပေတော့သည်။ ယနေ့ ဆွမ်း

ဆန်စိမ်းလောင်းလှူပွဲကြီး၌ ရှေဘုရားကျောင်းဆရာတော်နှင့်တပည့်များ၏ အရပ်ရပ်ကုသိုလ်တော်မှာ ငွေကျပ် ၁၇ သိန်းဖြစ်သည်။ ရှေကျောင်းဆရာတော် အလှူခံရရှိတော်မူသော လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်း မြန်မာဘုန်းတော်ကြီး ကျောင်းများသို့ ပြန်လည်ခွဲဝေ လှူဒါန်းခဲ့သည်။

၂၀-၃-၂၀၀၀ ရက်နေ့တွင် ရှေဘုရားကျောင်းဆရာတော်သည် ဒေသခံ ဒါယကာဦးထိန်မင်း လိုက်ပါလျက် ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် မန္တလေးမြို့သို့ တစ်ညအိပ်သွားရောက်သည်။ အကျွမ်းတဝင် ရင်းနှီးမှုနှင့် လေးစားမှုရှိသော မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်၊ ရေတော်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တပညာဝံသ၏ မွေးနေ့အကြိုအဖြစ် သွားရောက်ဂါဝရပြုခြင်းဖြစ်သည်။ သာသနာပြုပုဂ္ဂိုလ်ချင်း ရင်းနှီးကျွမ်းဝင်မှုအလျောက် ပြုသင့်သည့် လူမှုရေးတာဝန်ကို အလေးထားကြောင်း ပေါ်လွင်ပေသည်။

၂၁-၃-၂၀၀၀ ရက်နေ့တွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီး မွန်းလွဲ ၂:၅၅ တွင် စင်ကာပူနိုင်ငံမှ လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိလာကြသည့် ဒုတိယအသုတ်ဘုရားဖူးအဖွဲ့ဝင် ဦးရေ ၁၀၀ ကို မြန်မာ့ရိုးရာ အိုးစည်ဒိုးပတ်ဝိုင်းအဖွဲ့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြသည်။ နေ့ပိုင်းတွင် ဘုရားဖူးအဖွဲ့ဝင်များသည် ကြိုတင်ရေးဆွဲထားသော ခရီးစဉ်အတိုင်း လှည့်လည်လေ့လာဖူးမြော်လှူဒါန်းကြသည်။ ညပိုင်းတွင် ရှေတိုဂုံစေတီတော် ရာဟုထောင့်အောင်မြေနေရာမှ နေ၍ ရှေတိုဂုံစေတီတော်မြတ်ကြီးအား ရှေအုန်းသီး ရှေငှက်ပျောပွဲကြီးများ ပန်း ရေချမ်း အလင်းတိုင်စသည့် အထူးထူးသော လှူဒါန်းဖွယ်များဖြင့် စုပေါင်းဆက်ကပ် ဝတ်ပြု ပူဇော်ကြသည်။ ဒေသခံဒါယကာများ စာရေးသူနှင့်ဝန်ထမ်းများက ရှေတိုဂုံစေတီတော်မှ အလှည့်ကျဝန်ထမ်းများနှင့်အတူ အနီးကပ် ပါရမီပြည့်ဆည်း ကုသိုလ်ရယူကြသည်။

၂၂-၃-၂၀၀၀ ရက်နေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ နိကာယ်စာသင်တိုက်ကြီး၌ ကျင်းပပြုလုပ်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်ခြံ

ဆရာတော် ဘဒ္ဒန္တသောဘိတဆရာတော်ဘုရားကြီး၏ မွေးနေ့အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပူဇော်ကြသည်။ သက်တော်ရှည် ဆရာတော်ဘုရားကြီးအား ဂါဝရတရား အလေးထားကာ နောက်ပါ ဒါယကာ၊ ဒါယိကာမများ စုံစုံညီညီဖြင့် ဖူးမြော်ပူဇော်ခြင်း ဖြစ်ပေသည်။

၂၃-၃-၂၀၀၀ ရက်နေ့ နံနက်ပိုင်းတွင် အချိန်လုပ်၍ ဒေါ်ဥာဏာစာရီ မြန်အောင် သီလရှင်စာသင်တိုက်သို့ သွားရောက်လှူဒါန်းကြသည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းမိဘမဲ့ကလေးကျောင်း၊ ကြည်မြင့်တိုင် မျက်မမြင်ကျောင်းများသို့ လှည့်လည်လေ့လာ ကြည့်ရှုကြသည်။ တာဝန်ရှိသူများ ကိုယ်တိုင် ကြိုဆိုလျက် လိုက်လံပြသ ရှင်းလင်းပြောကြားကြသည်။ မျက်မမြင်များ၏ ဘဝကို အရှုံးမပေးဘဲ ကျောင်းပညာ၊ လက်မှုပညာနှင့် သီဆိုတင်ဆက်မှုများကို အားပေးကြည့်ရှု၍ အလှူတော်ငွေ ကျပ် (၃၅၅၅၅၀၀/)နှင့် အမေရိကန်ဒေါ်လာ (၂၀၁)ဒေါ်လာကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနေ့ နေ့လယ် ၁၂:၄၅ တွင် အဲယားမန္တလေး လေကြောင်းခရီးစဉ်ဖြင့် ဟဲဟိုးမှတစ်ဆင့် ညောင်ရွှေ၊ အင်းလေးသို့ လေယာဉ်၊ မော်တော်ယာဉ်၊ စက်လှေတို့ဖြင့် အဆင့်ဆင့်စီး၍ ခရီးဆက်ကြသည်။ အင်းလေးဒေသ၏ ညနေချမ်းက အေးချမ်းသာယာလှသည်။ ဘုရားဖူးအဖွဲ့များ လိုက်ပါလာကြသော လေယာဉ်များက အင်းလေးရေပြင်ပေါ်ဝယ် ရှုပ်တိုက်ပြေးလွှားနေသည်။ အင်းလေးရေပြင်တဖွေးဖွေး စက်လှေတွေက တပြေးပြေးဟု ဆိုရချေမည်။ တောတောင်နှင့် ရေပြင်ဝယ် ဆည်းဆာအလှဆင်နေသည်ကို ငေးမော ကြည့်ရှုကြရင်း ဘုရားဖူးများမှာ ရွှင်မြူးနေကြသည်။ ခရီးစဉ်၏ အဓိကဦးတည်ချက်မှာ ရွှေကျောင်းဆရာတော်နှင့် တပည့်များ လှူဒါန်းငွေဖြင့် ပြုပြင်မွမ်းမံပြီးစီးသည့် အင်းလေးဘုရား "ပေါက်ဓာတုစေတီတော်" ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ၌ ပါဝင်ဆင်နွှဲရန် ဖြစ်သည်။

အနေကဇာတင်လှူ ကုသိုလ်ယူ

ဘုရားဖူးများ တည်းခိုသည့် ရွှေကျွန်းမျှော ဟိုတယ်နှင့်ဘုရားပေါက်

မဟာဓာတုစေတီတော် တည်ရှိရာ ကျွန်းမှာ စက်လှေဖြင့် ၅ မိနစ်ခန့် သွားရသည့် ခရီးဖြစ်၍ အဆင်ပြေသည်။ ခရီးရောက်မဆိုက် ဘုရားပေါက် မဟာစေတီတော်သို့ သွားရောက်ဖူးမြော်ကြသည်။ စေတီတော်တည်ရှိရာကျွန်း၏ စောင်းတန်းဦး ဆိပ်ကမ်းထက်၌ ကမ္ဘည်းကျောက်စာတိုင်များ၊ တံခွန်တိုင်များ တည်ထားသည်။ ရေပြင်မှ ဆိပ်ကမ်းထက်သို့ ဆိုက်ကပ်တက်ရောက်နိုင်ရန် လှေကားထစ်များနှင့် ကြိုဆိုမှခ်ဦးက အသင့်ရှိနေသည်။ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားများက ကြိုဆိုကြသည်။ စောင်းတန်းထိပ် ဝဲယာ တစ်ဖက်တစ်ချက်၌ မြန်မာဘာသာ၊ တရုတ်ဘာသာတို့ဖြင့် ရေးသားထားသည့် ဘုရားပေါက်မဟာဓာတုစေတီ၏ ပြုပြင်မွမ်းမံပြီးစီးမှု ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်နှစ်ခုကို ဖွင့်လှစ်ရန် အသင့်အနေအထားအဖြစ် ပြင်ဆင်ထားသည်။ ပြုပြင်မွမ်းမံပြီးစီးမှု၏ သင်္ကေတအနေဖြင့် စောင်းတန်းသစ်ကြီးမှာ သစ်လွင် တောက်ပနေသည်။ ဘုရားဖူးအဖွဲ့သည် ဂန္ဓကုဋိတိုက်အတွင်းရှိ စောင်းတန်းဦးကို မျှော်နှာတော်မူထားသည့် ဗုဒ္ဓရုပ်ပွားတော်ကြီးကို ကြည်ညိုဖွယ် ဖူးမြော်ကြရသည်။ စောင်းတန်းတော်ကြီးတစ်ဖက်တစ်ချက်နှင့် စေတီတော်ရင်ပြင် ပတ်လည်၌ မလျှာပ်များ၊ ထမင်းချက်ရုံ၊ ရိုးရာယဉ်ကျေးမှုဇာတ်ခုံနှင့် စျေးတန်းများ၌ တိုင်းရင်းသားဘုရားဖူးများ အနေကဇာတင်လျှုပ်ပွဲကြီးအတွက် ပြင်ဆင်ချက်ပြုတ်သည့် လုပ်ငန်း လုပ်ကိုင်နေကြသူများဖြင့် စည်ကားနေသည်။ ဘုရားဖူး အဖွဲ့အင်အားကောင်း၍ ဟိုတယ်များ၌ ခွဲ၍တည်းခိုကြရသည်။ ဒေသခံဒါယကာ များဖြစ်ကြသည့် ကုမ္ပဏီဒါရိုက်တာ မိသားစုများနှင့် စာရေးသူတို့က ရွှေကျောင်းဆရာတော် တည်းခိုရာ ရွှေကျွန်းမျောဟိုတယ်၌ အနီးကပ်စုပေါင်း တည်းခိုကြရသည်။ မိသားစုဝင်များမှာ အသက်လွတ်ဆွမ်းကပ်ရမည့် ဆရာတော်နှင့် တပည့်များ အတွက် ဝိုင်းဝန်းချက်ပြုတ်ရန် အဓိကတာဝန်ယူထားကြရသည်။

၂၄-၃-၂၀၀၀ ရက်နေ့ နံနက် ၄ နာရီကျော်တွင် မောင်းသံတနောင်နောင်နှင့် ရှမ်းအိုးစည်ကြီး တီးသံကို ကြားရသည်။ နံနက်အရုဏ်၏ အေးချမ်းမှုနှင့်အတူ ထူးခြားသည့်ရှမ်းအိုးစည်နှင့် မောင်းသံက သာယာလှသည်။ အသံတမြည်းမြည်း နီးလာသဖြင့် အိပ်ရာမှ ခေါင်းပြုကြည့်လိုက်ရာ ရှမ်းတိုင်းရင်းသား

ဝတ်စုံ ခေါင်းပေါင်းတို့ ဝတ်ဆင်၍ ဘုရားဖူးအဖွဲ့သားများအား အိပ်ရာမှ ထရန် ရှမ်းအိုးစည်ဝိုင်းက အိုးစည်သံဖြင့် လှည့်လည်နှိုးဆော်နေကြောင်း သိရှိရသည်။ ဤသည်ကိုပင် ထူးခြားမှုတစ်ခုအဖြစ် ဘုရားဖူးများက နှစ်ခြိုက်မှု ရှိကြသည်။ ရှမ်းအိုးစည်သံနှင့် မောင်းသံက ဘုရားဖူးများကို ရှင်လန်းတက်ကြွစေသည်။ နံနက်စောစောစာ စားအပြီး၌ ရှေကျွန်းမျောဟိုတယ်တွင် တည်းခိုသော ဘုရားဖူးအဖွဲ့နှင့် ရှေအင်းသားဟိုတယ်တွင် တည်းခိုကြသော ဘုရားဖူးအဖွဲ့ နှစ်ဖွဲ့သည် ရေးဟောင်းဘုရား ပေါက်မဟာဓာတုစေတီကုန်းတော်၌ ဆုံကြသည်။

ယင်းနောက် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီး၊ ညောင်ရွှေနှင့် အင်းလေးဒေသရှိ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်၊ ဗဟိုဝန်ဆောင် ဆရာတော်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြီးမှူးလျှက် ဆရာတော် သံဃာတော်အရှင်မြတ် ၅၁ ပါးတို့က "အနေကဇာတိသံသာရံ" အစချီသော ဂါထာတော်ကို စုပေါင်းရွတ်ဆိုတော်မူကြပြီး ဘုရားပေါက်မဟာဓာတုစေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ ရှေဘုရားကျောင်းဆရာတော်အမှူးပြုသော သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများကလည်း မိမိတို့ဘာသာဖြင့် ပရိတ်တော်များကို စုပေါင်းရွတ်ဆို ပူဇော်ကြသည်။

ယင်းနောက် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်ပွဲကြီး၌ လှူဒါန်းမှု အစီအစဉ်တစ်ရပ်အဖြစ် ကျင်းပပူဇော်ကြမည့် သံဃာတော်အပါး (၁၀၀၀) ရေပေါ်ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကြီးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား စက်လှေပေါ်သို့ ကြိုဆိုပင့်ဆောင်မှု ပြုကြသည်။ ထိုနည်းတူ ရှေဘုရားကျောင်းဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ လောင်းလှူကြမည့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ ကော်မတီများက အသီးသီး တာဝန်ခွဲဝေပြီး သတ်မှတ်ထားသော စက်လှေများပေါ်သို့ တင်ဆောင်ကြသည်။

နံနက် ၉ နာရီခန့်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁)သည် တိုင်းမှူး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ

ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့်အတူ ရောက်ရှိလာကြသည်။ ယင်းနောက် စောင်းတန်းမှခ်ဉီး ရှေ့တွင် အတွင်းရေးမှူး(၁)နှင့် ရှေ့ဘုရားကျောင်း ဆရာတော်တို့က မြန်မာဘာသာနှင့်တရုတ်ဘာသာတို့ဖြင့် ရေးထိုးထားသော ရှေးဟောင်းဘုရားပေါက်မဟာဓာတုစေတီတော် အလှူမှတ်တမ်းကျောက်စာတိုင်နှစ်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဝင်၊ ညောင်ရှေ့မြို့ သာသနာ့ဝေယျလ ရှေ့ဂူ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒန္တဓိလာသာဘိဝံသ ဆရာတော်ထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံယာတော် အရှင်သူမြတ်တို့က ပရိတရားတော်များ ရွတ်ဖွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက်ဆရာတော် သံယာတော်များအား အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပဒိုဝ်တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထိနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရှေ့ဘုရားကျောင်းဆရာတော်က ဓမ္မလက်ဆောင်ကိုလည်းကောင်း၊ ပဒိုဝ်တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထိက အမှတ်တရလက်ဆောင်ကိုလည်းကောင်း အတွင်းရေးမှူး(၁)အား ပေးအပ်ကြသည်။ ယင်းနောက် ပဒိုဝ်တိုင်းရင်းသားခေါင်းဆောင်က တိုင်းမှူးနှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် ရှေ့ဘုရားကျောင်းဆရာတော်က လှူဒါန်းရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားချက်ကို ဒေသခံဒါယကာရင်းဖြစ်သော စာရေးသူက မြန်မာဘာသာဖြင့် ထပ်ဆင့်လျှောက်ထားပြီး ဗုဒ္ဓသာသနာ့စိရံတိဋ္ဌတု (၃)ကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ရပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားအပြီးတွင် အင်းလေးရေပြင်ပေါ်၌ သံယာတော်အယောက် (၁၀၀၀) ရေပေါ်ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကို လောင်းလှူပူဇော်ကြသည်။

မိမိတို့အရပ်ဒေသနှင့်မတူဘဲ ဤရေပေါ်မှာ မွေး၊ ဤရေပေါ်တွင် ကြီးပြင်း၊ ဤရေပေါ်တွင် လုပ်ကိုင်စားသောက်နေကြသော ဌာနေတိုင်းရင်းသားများနှင့် အတူ စက်လှေများဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူကြရသော ရွှေကျောင်း ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများမှာ ပျော်တပြုံးပြုံးဖြင့် ဝမ်းသာကြည်နူးမဆုံး လောင်းလှူပူဇော်နေကြသည်။ ဒေသခံတိုင်းရင်းသားတို့ကလည်း သဒ္ဓါတိုးပွား၍ လှူဖွယ်ပစ္စည်းစုံဖြင့် ပါဝင်လောင်းလှူကြသည်။

ဆက်လက်၍ ရွှေဘုရားကျောင်းဆရာတော်ကြီးသည် မွမ်းမံပြင်ဆင်ထားသည့် ကရဝိတ်ဖောင်တော်ဖြင့် ရေးဟောင်းဘုရားပေါက်မဟာဓာတုစေတီမှ ရွှေကျွန်းမျောဟိုတယ်အနီးရှိ "စင်ကာပူရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့အား လိုက်လဲစွာ ကြိုဆိုပါ၏" ဟူသော အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာတန်းဖော် ရေးသားထားသည့် ကြိုဆိုရေးမှခ်ဦးထိပ်အထိ အသွားအပြန် ခရီးစဉ်တစ်ပတ်ပတ်၍ ပူဇော်မှု ခံယူသည်။ ဆရာတော်နှင့်နောက်ပါ သံဃာတော် သုံးပါးတို့က ကရဝိတ်ဖောင်ထက်ရှိ ပလ္လင်မြင့်၌ ကိန်းဝပ်စံပယ်တော်မူလျက် ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ရှေ့၌ နေရာယူကြသည်။ ဒေသခံ ဒါယကာများနှင့် စာရေးသူတို့က အနီးကပ်လိုက်ပါဖြည့်ဆည်း ကူညီပေးကြသည်။ ဗုဒ္ဓရုပ်ပွားတော် ရှေ့ဘက်တွင် သစ်သီး၊ ပန်း၊ ရေချမ်း စသည်တို့ဖြင့် တင့်တယ်ကြည်ညိုဖွယ် ပြင်ဆင်ဆက်ကပ်ပူဇော်ထားသည်။ ကရဝိက်ဖောင်တော်ကို ရိုးရာတူညီဝတ်စုံများ ဝတ်ဆင်ထားကြသော တိုင်းရင်းသားများ ပါဝင်သည့် လှေတော်သားများက ရေမှ ကြိုးဖြင့်ချည်လျက် ခြေတစ်ဖက်ဖြင့် လှော်ခတ်ကာ ဆွဲယူလှည့်လည်ကြသည်။

ဒေသခံအင်ဃူအင်သားများ၊ ဘုရားဖူးအဖွဲ့ဝင်များ၊ အင်းလေးဒေသသို့ ရောက်ရှိနေကြသည့် ပြည်တွင်းပြည်ပ ဘုရားဖူးများနှင့် နိုင်ငံခြားသားညီညီသည်များက ကရဝိတ်ဖောင် ပတ်ပတ်လည်မှ စက်လှေများဖြင့် လည်းကောင်း၊ ရေပေါ်နေဒိန်းများပေါ်မှ လည်းကောင်း၊ ရေးဟောင်းဘုရား ပေါက်မဟာဓာတုစေတီတော် တည်ရှိရာ ကျွန်းပေါ်နှင့် ဘုန်းကြီးကျောင်းများပေါ်မှလည်းကောင်း ပူဇော်မှု ပြုကြသည်။ ကြံ့တောင့်ကြံ့ခဲကုသိုလ်တော် ပူဇော်ပွဲကြီးပင် ဖြစ်ပေ

သည်။

မွန်းလွဲ ၂ နာရီအချိန်တွင် ရွှေကျွန်းမျောဟိုတယ်အနီး အင်းလေးရေပြင်ကျယ်၌ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် အင်းလေးရိုးရာ အမျိုးသားအမျိုးသမီး လှေပြိုင်ပွဲကို ကျင်းပသည်။ တစ်နည်းအားဖြင့် ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့အား ရိုးရာလှေပြိုင်ပွဲဖြင့် တင်ဆက်ခြင်းလည်း မည်ပါပေသည်။ လှေပြိုင်ပွဲ၌ အမျိုးသားအမျိုးသမီးအသင်းများ အဖွဲ့လိုက် ပါဝင်ယှဉ်ပြိုင်ကြသည်။ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်၊ အင်းလေးဒေသတစ်ခုတည်း၌သာ တွေ့မြင်နိုင်သည့် ခြေထောက်တစ်ဖက်ဖြင့် မတ်တတ်ရပ် လှေလော်ခြင်း အတတ်ပညာဖြင့် ယှဉ်ပြိုင်သည့် လှေပြိုင်ပွဲကို ပြည်ပနိုင်ငံသား ဘုရားဖူးများ ထူးထူးခြားခြား တွေ့မြင်ကြရခြင်းဖြစ်သည်။ လှေပြိုင်ပွဲကို ဘုရားဖူးအဖွဲ့သားများက ရွှေကျွန်းမျောဟိုတယ်ရှိ ရေပေါ်စင်္ကြံ တံတားများထက်မှ လက်ခုပ်သြဘာသံ၊ အော်ဟစ်အားပေးသံ တည်ညံဖြင့် တစ်ခဏက် အားပေးကြသည်။ လှေပြိုင်ပွဲကြီးအပြီးတွင် ရွှေကျွန်းမျောဟိုတယ်အရှေ့ဘက် မျက်နှာစာဆိပ်ခံထက်၌ ရွှေဘုရားကျောင်းဆရာတော်ကိုယ်တိုင် အမျိုးသားအသင်း (၀)(၃)(တ)နှင့် အမျိုးသမီးအသင်း (၀) (၃)အသင်းများအား ဆုငွေနှင့်ဆုဖလားများကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်သည်။ ထိုသို့ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်သည့်အလျောက် ဆုရလေအသင်းများမှ အမျိုးသား အမျိုးသမီးများ၊ ဘုရားဖူးအဖွဲ့ဝင်များနှင့် ဒေသခံများသည် ဝမ်းသာအားရ ကခုန်ကြ၍ အားလုံးကို ပျော်ရွှင်စိတ်များ ကူးစက်ပြန့်ပွားသွားစေတော့သည်။

အင်းလေးဒေသ၏ နေဝင်ဆည်းဆာအလှက အင်းလေးရေပြင်ကို ထင်ဟပ်လျက် နေဝင်ချိန်ကို တန်ဖိုးထားကာ ကြည့်ကြသည့် ပြည်ပနိုင်ငံသားများအဖို့ ကြည့်မဝသည့် မေ့မရသော ဆည်းဆာအလှပင် ဖြစ်သည်။ ဤသို့သော ဆည်းဆာအလှ ရှန်းပြပြရှိနေချိန်တွင် ရွှေကျွန်းမျောဟိုတယ်ရှေ့ ရေပြင်ထက်ရှိ ဖောင်တောင်ပေါ်မှ မီးပုံးပျံလွှတ်ပွဲကို ကျင်းပကြပြန်သည်။ ဖောင်တော်ပေါ်မှ မီးပုံးပျံလွှတ်ရန် ကျွမ်းကျင်သူ တိုင်းရင်းသားများ ပြင်ဆင်နေကြသည်။

ဒေသခံဘာသာစကားနှင့် ပြောဆိုနေကြရာမှ မီးသတ်စက်လှေတွေ၊ မီးသတ်သမားတွေ အသင့်ရှိနေပါစေ၊ ညှဉ်သည်များ ညအိပ်တည်းခိုကြတဲ့ အဆောင်တွေကိုလည်း ဂရုစိုက်ကြပါဆိုသည့် မြန်မာစကားဖြင့် ပြောသံကိုလည်း ကြားလိုက်မိသည်။ မီးပုံးပျံလွှတ်မည့် ဖောင်ထက်မှ မီးပုံးပျံကို တဖြည်းဖြည်းချင်းအောက်မှ မီးတုတ်ဖြင့် မှိုင်းတိုက်ကြသည်။ မူလခေါက်ထားစဉ်က မီးပုံးပျံကြီးကို သိပ်ကြီးမည် မထင်ခဲ့။ မှိုင်းအရိန်ဖြင့် တဖြည်းဖြည်း ကြီးလာရာ မှိုင်းဝသည့် အခါ မထင်မှတ်လောက်အောင်ပင် ကြီးမားသည့် မီးပုံးပျံဖြစ်လာသည်။ မီးပုံးပျံပတ်လည်၌ "ရွှေဘုရားကျောင်း၏ အမှတ်တံဆိပ်ပုံ"ကို ရေးဆွဲထားသည်။ မီးပုံးပျံကြီး တဖြည်းဖြည်း တက်သွားသောအခါ အောက်မှ သီဆွဲထားသော ကြိုးတစ်လျှောက် မီးပုံးငယ်များ ခွဲတက်ဆွဲပါရှိသွားသည်။ မီးပုံးပျံကြီးနှင့် မီးပုံးရောင်စုံ ကလေးများ ကောင်းကင်သို့ တက်နေစဉ် ပါရှိသွားသည့် မီးရူးမီးပန်းများက ဗျောက်အိုးပေါက်ကွဲသံများနှင့်အတူ မီးပန်းများက ကောင်းကင်မှ ဖြာဆင်းလာသည်ကို မြင်ရသူအပေါင်းတို့မှာ ရှုမဆုံး ပျော်မဆုံး၊ လက်ခုပ်သြဘာသံများ ညံမဆုံး အော်ဟစ်အားပေးကြသည်။ နောက်တစ်လုံးတင်မှ မီးပုံးကြီးပတ်လည်တွင် "ရွှေဘုရားကျောင်းအဖွဲ့အား ကြိုဆိုပါ၏"ဟူသော စာတန်းကို ရေးဆွဲထားသည်။ မီးပုံးပျံကြီး တစ်လုံးနှစ်လုံးမှသည် သုံးလုံးအထိ လွှတ်တင်ရာ ရှုမဆုံးသည့် အလှမြင်ကွင်းကို မြင်တွေ့ကြရသော ဘုရားဖူးအဖွဲ့သားများမှာ ပျော်ရွှင်ကြည်နူးမှု အံ့သြဝမ်းမြောက်မှုတို့ဖြင့် ပျော်ရွှင်မှုအတိ ရှိနေတော့သည်။ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် နာမည်ကြီး တောင်ကြီးမီးပုံးပျံပွဲကြီး၌မှ ဤမှာထက် မီးပုံးအလုံးပေါင်းများစွာ သရုပ်ဖော်မီးပုံး ရုပ်လုံးပေါင်းများစွာ၊ ငွေကုန်ကြေးကျ အဆပေါင်းများစွာ ကုန်ကျမှုတို့ဖြင့် ကျင်းပရာ ပျော်ရွှင်ဖွယ်၊ စိတ်လှုပ်ရှားဖွယ်၊ ကြည်နူးဖွယ် မြင်ကွင်းကား အဆပေါင်းများစွာ ရှိချေမည်။ နာမည်ကျော်ကြားထိုက်ပါပေသည်ဟု မှတ်ယူမိသည်။

ညဦးတွင် ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများသည် စင်ကာပူနိုင်ငံမှ တစ်ပါတည်း သယ်ဆောင်လာကြသော

ဖန်သား ဖယောင်းဆီမီးခွက်များဖြင့် ဘုရားပေါက်မဟာဓာတုစေတီတော်၌ စုပေါင်းထွန်းညှိပူဇော်ကြသည်။

၂၅-၃-၂၀၀၀ ရက်နေ့တွင် ရှေကျွန်းမျောပိုတယ်မှ ထွက်ခွာလာကြပြီး ပြည်ပနိုင်ငံခြားသားများက ကြောင်ခုန်ကျောင်းဟု သိထားကြသည့် အင်းလေးဝဖယ်ချောင်ကျောင်းသို့ သွားရောက်လေ့လာကြသည်။ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ ရေးဟောင်းဘာသာရေးဆိုင်ရာ ပလွင်တံကဲများကို လေ့လာကြသည်။

ကက္ကူစေတီ ဦးတင်ချို

ရှေဘုရားကျောင်းဆရာတော်သည် ဒေသခံဒါယကာများ လိုက်ပါလျက် မွေတော်ကက္ကူဘုရားစေတီများကို ဖူးမြော်ကြည်ညိုရန် ဆက်လက်ထွက်ခွာသွားကြသည်။

စာရေးသူနှင့် ဘုရားဖူးများသည် ညှဉ့်လမ်းညွှန်များ လိုက်ပါလျက် အင်းလေးဒေသရှိ ရေပေါ်စိုက်ခင်းများ ရက်ကန်းရုံနှင့် ရိုးရာအဝတ်အထည်ဆိုင်များ လေ့လာသင့်သည်နေရာများကို လှည့်လည်လေ့လာ စေ့ဝယ်ကြသည်။ ဆက်လက်၍ အင်းလေးခေါင်တိုင်ရှိ ဟူပင်ဟိုတယ်ခွဲသို့ နံနက်စာအမီ သွားရောက်၍ ခေတ္တအနားယူကြသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ထွက်ခွာကြပြီး တောင်ကြီးမြို့ပေါ်ရှိ တန်ခိုးကြီး စုဌာမထိစေတီအား ဖူးမြော်လျှဒါန်းကြလျက် တောင်ကြီးမြို့ပေါ်၌ လှည့်လည်လေ့လာကြပြီး တည်းခိုကြမည့် ညောင်ရွှေမြို့ရှိ ဟူပင်ဟိုတယ်သို့ ပြန်လည်ထွက်ခွာကြသည်။

ပဒိုင်ဝိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီ ဦးဆောင် စီစဉ်ပေးမှုဖြင့် မွေတော်ကက္ကူ ဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညိုသည့် ရှေဘုရားကျောင်းဆရာတော်နှင့် အဖွဲ့သည် အတန်ငယ် မိုးချုပ်မှပြန်လည်ရောက်ရှိလာကြသည်။

ဤတွင် မွေတော်ကက္ကူဘုရားစေတီများအား ရှေဘုရားကျောင်း ဆရာတော်ကြီး ဆက်နွယ်ဖူးမြော်ရပုံကို ဆင်ခြင်မိသည်။ ရေးဟောင်းဘုရားပေါက်မဟာဓာတုစေတီတော် ပြုပြင်မွမ်းမံရန်အတွက် ရှေဘုရားကျောင်း ဆရာတော်

က အလျှုငွေ ပေးအပ်လျှုဒါန်းပွဲတွင် အတွင်းရေးမှူး(၁)မှတစ်ဆင့် ဂေါပကအဖွဲ့.နာယကကြီးဖြစ်သည့် အထူးဒေသ(၆)မှ ပဒိုင်ဝ်တိုင်းရင်းသားခေါင်းဆောင်က ဦးဆောင်၍ လက်ခံမှု ပြုခဲ့သည်။ စေတီတော်ကြီး ပြုပြင်မွမ်းမံရေးလုပ်ငန်းအဝဝတို့ကို ဦးအောင်ခမ်းထိ၏ ကွပ်ကဲမှုဖြင့် ဂေါပကအဖွဲ့.ဥက္ကဋ္ဌနှင့် ဂေါပကဖွဲ့ဝင်တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ ဒေသခံတိုင်းရင်းသားများက လုပ်အားဒါနပေးလှူကြသည်။ရွှေဘုရားကျောင်းဆရာတော်က အလျှဉ်းသင့်သလို ကြွရောက်၍ ရွှေကျွန်းမျောဟိုတယ်တွင် တည်းခိုကြသည်။ ဤသို့ဖြင့် ရွှေဘုရားကျောင်းဆရာတော်နှင့် ပဒိုင်ဝ်တိုင်းရင်းသားခေါင်းဆောင်တို့ အကြိမ်ကြိမ် တွေ့ဆုံကြသည်။ ဆရာဒကာ ရင်းနှီးအကျွမ်းဝင်ကြရာမှ တစ်ချိန်တစ်ခါက ပွင့်ထွန်းချိန်မတန်သေး၍ တိမ်မြုပ်နေသည့် မွေတော်ကကွ||ဘုရားစုများကို ရွှေဘုရားကျောင်းဆရာတော် စတင်ဖူးမြော်ကြည်ညြှခင့် ရရှိတော့သည်။ စာရေးသူ မှတ်မိသလောက် ယခုတစ်ကြိမ်ပါဆိုလျှင် အနည်းဆုံး နှစ်ကြိမ် သုံးကြိမ်မျှမက ရွှေဘုရားကျောင်းဆရာတော်သည် မွေတော်ကကွ||ဘုရားစုများကို ဖူးမြော်ခဲ့ရပြီဟု မှတ်သားမိပါသည်။

ရွှေဘုရားကျောင်းဆရာတော်ကြီး၏ မွေတော်ကကွ||ကို စတင်ဖူးမြော်ရသည့် ခရီးစဉ်နှင့် ပဒိုင်ဝ်တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထိတို့၏ ခမ်းနားစည်ကားစွာ အလေးထားကြိုဆိုမှုကို ဒေသခံ ဒါယကာများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးလှသိန်းနှင့် ဦးထိန်မင်းတို့က ယင်းတို့၏ အတွေ့အကြုံအားပြန်လည်ပြောကြားသမျှကို တွေးဆမြင်ယောင်မိပါသည်။ ဝမ်းမြောက်မိပါသည်။

"တပေါင်းသာခေါင် လများနောင်" ဟု ရေးစာဆိုရှင်တို့ ဖွဲ့ဆိုခဲ့ကြသည့် သာယာချမ်းမြေ နွေဦးကာလအခါသမယ ဖြစ်သည်။ သာသနာ့ဂုဏ်ဆောင် ဆရာတော်ကြီးအဖြစ် "ရွှေဘုရားကျောင်းဆရာတော်အား လိုက်လဲစွာ ကြိုဆိုပါ၏"ဟူသော စာတန်းရေးသားထားသည့် ကြိုဆိုရေးမှခ်ဦးကြီးက တင့်တယ်ခုံညားလှသည်။ ခရီးလမ်းတစ်လျှောက် သဲဖြူ||ခင်း၊ ရာဇမတ်ကာ၊ ငှက်ပျောပင်၊ ကြံပင် စိုက်၍ ရိုးရာဝလေ့ ထုံးစံနှင့်အညီ ဂါဝရပြု မွမ်းမံဖော်ဆောင်ထားသည်။ ဆရာတော် လျှောက်လှမ်းမည့် ခရီးလမ်းတစ်လျှောက်၌ ဒေသထွက် ပန်းဖူးပန်း

ပွင့်များကို ပန်းမွေ့ရာအလား ဖြန့်ကြဲကာ ခင်းထားသည်။ ရွှေဘုရားကျောင်းဆရာတော်ကြီးကို ပဒိုင့်တိုင်းရင်းသားခေါင်းဆောင် အမှူးပြုသော ပဒိုင့်တိုင်းရင်းသားတို့က လက်ဆယ်ဖြာထိပ်မှာ မိုးလျှက် ရိုကျိုးစွာ ရှိခိုးပူဇော်ကန်တော့ကြသည်။ မိမိတို့ အမြတ်တနိုးထားသော ဦးခေါင်းထက်မှ တဘက်ခေါင်းပေါင်းတို့ကို မြေ၌ ဖြန့်ခင်းလျှက် ရွှေကျောင်းဆရာတော် လျှောက်လှမ်းရန် သဒ္ဓါတရားထက်သန်စွာဖြင့် ရိုကျိုးနှိမ့်ချ ပူဇော်ကြသည်။ ရွှေဘုရားကျောင်းဆရာတော်ကြီးကို အနီးကပ် ရှေထီးအုပ်မိုးလျှက် ဂါဝရပြု ပင့်ဆောင်ကြသည်။ ယင်းအခိုန်တွင် ရိုးရာမောင်းဆိုင်းကြီးများက ကြည်နူးဖွယ် တီးမှုတ်ပြီး ပူဇော်ကြသည်။ ပန်းပေါက်ပေါက်များ ကြဲချပူဇော်ကြသည်။ ဒေသခံ သြဝါဒါစရိယဆရာတော်ကြီးများ၊ ပဒိုင့်တိုင်းရင်းသားခေါင်းဆောင်နှင့်အဖွဲ့ဝင်များ၊ စာပေနှင့် ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များနှင့် ဒေသခံကျေးရွာသူကျေးရွာသား ပဒိုင့်တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များက စုံစုံညီညီ လိုက်လိုက်လဲလဲ လေးလေးစားစားဖြင့် ကြိုဆိုကြသည်။ အထူးစည်ကားသိုက်မြိုက်သည့် ဘာသာရေးပွဲတော်ဟုပင် တင်စားသင့်သည်။ ရွှေဘုရားကျောင်းဆရာတော်သည် ဘုရားရင်ပြင်တော် အဝင်မှခ်ဦးနေရာမှ မွေတော်ကက္ကူဘုရားစေတီတော်များကို ဦးချဝတ်ပြု ရိုခိုးကန်တော့ပူဇော်မှုမှာ မြင်ရသူအပေါင်းတို့ကို ကြည်ညိုသဒ္ဓါပွားစေသည်။ မွေတော်ကက္ကူ၏ ဆုတောင်းပြည့်အသောကစေတီတော်အား ပန်း၊ ဆီမီး၊ ရေချမ်း သစ်သီးစသော လှူဖွယ်များဖြင့် ဆက်ကပ်ပူဇော်လေသည်။ ရွှေဘုရားကျောင်းဆရာတော်ကြီး၏ ပထမဆုံး မွေတော်ကက္ကူစေတီများအား ဖူးမြော်ပူဇော်မှု၊ ဦးအောင်ခမ်းထိ အမှူးပြုသော ဒေသခံတိုင်းရင်းသားတို့၏ ရွှေကျောင်းဆရာတော်အား ကြိုဆိုပင့်ဆောင်ပူဇော်မှု မြင်ကွင်းများကပင် နောင်ပွင့်ထွန်းလာတော့မည့် မွေတော်ကက္ကူသာသနာတော်ကြီး၏ နိမိတ်ပုံသွင်နိဒါန်းအစပင်ဟု ကြိုတင် ရှုမြင်မိပါတော့သည်။

၂၆-၃-၂၀၀၀ ရက်နေ့ နံနက် ၇:၃၀ တွင် ဘုရားဖူးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် အောင်ပန်းပြိုကို ဖြတ်သန်းပြီး နံနက် ၁၀ နာရီခန့်တွင်

ကုံလုံဆရာတော်ဘုရားကြီး၏ ကျောင်းသို့ ရောက်ရှိကြသည်။ ကုံလုံဆရာတော်ဘုရားကြီး တည်ထားသည့် ပြည်ငြိမ်းအေးစေတီတော်အတွက် အလှူတော်ငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းကြသည်။ ရွှေဘုရားကျောင်းဆရာတော် အမှူးပြုသော ဘုရားဖူးအဖွဲ့ဝင်တစ်ဦးချင်းက တန်းစီနေရာယူလျက် သက်နှိုးဒ္ဓိစုံ၊ နဝကမ္မအလှူငွေ (အန်ပေါင်းအိတ်)တို့ဖြင့် ကုံလုံဆရာတော်ဘုရားကြီးအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနေ့ မွန်းလွဲ ၁ နာရီကျော်တွင် ပင်းတယ ရွှေဥမင်ဘုရားသို့ ရောက်ရှိကြရာ မြိုနယ် သံယနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ဂေါပက အဖွဲ့ဝင်များက ကြိုဆိုကြသည်။ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာများက ရွှေဥမင်လိုဏ်ဂူအဝင်ဝရှိ ရွှေစေတီတော်၌ အလေးချိန် (၂/)သားရှိ ရွှေဆည်းလည်း (၅၈)လုံး၊ ငွေဆည်းလည်း (၁၇၃)လုံး၊ ကြေးဆည်းလည်း (၉၃) လုံးနှင့် ပုလဲနားကပ်၊ ကျောက်နီနားကပ်၊ ကျောက်စိမ်းနားကပ် (၆)စုံတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ညနေပိုင်းအမီ ဟဲဟိုးမှ ရန်ကုန်မြို့သို့ ပြည်တွင်းလေကြောင်းလေယာဉ် နှစ်စီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။ ယခုခရီးစဉ်ကဲ့သို့ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ လူအင်အား များပြားသည့်အပြင် ဒေသခံဒါယကာများဖြစ်ကြသည့် ကုမ္ပဏီဒါရိုက်တာနှင့်မိသားစုများ စာရေးသူနှင့် ရုံးအဖွဲ့သားများ ပါဝင်ကြ၍ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပြည်တွင်းလေကြောင်းတို့ ညှိနှိုင်းပံ့ပိုးမှုဖြင့် ပုံမှန်လေယာဉ်တစ်စီးအပြင်၊ သီးခြားလေယာဉ်တစ်စီး ပေါင်း နှစ်စီးနှင့် မူလသတ်မှတ်ချိန်လွန်၍ လေယာဉ်ဆင်းခွင့်၊ ထွက်ခွာခွင့်များကို သက်ဆိုင်ရာတို့က အထူးကိစ္စအဖြစ် စေတနာထားကာ စီစဉ်ပေးကြ၍ အဆင်ပြေမှု ရှိကြသည်။

ယခုခရီးစဉ်၌ ရွှေဘုရားကျောင်းဆရာတော်ကြီးသည် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲမှအစပြု၍ ရည်မှန်းထားသည့် ကုသိုလ်တော်များကို တပည့်ဒါယကာ၊ ဒါယိကာမများနှင့်အတူ ဆက်တိုက် ကုသိုလ်တော်ဆက်သည့် ကုသိုလ်တော်ခရီးစဉ်ကြီးကို အောင်မြင်စွာ ကျင်းပပူဇော်နိုင်ခြင်း ဖြစ်သည်။ ယခုကဲ့သို့ ရက်ရှည်ကုသိုလ်တော် လှူဒါန်းမှုခရီးစဉ်ကြီးတစ်ခု ပြီးမြောက်

အောင်မြင်ရေးမှာ လွယ်ကူသည့်လုပ်ငန်းရပ် မဟုတ်ပေ။ ရွှေဘုရားကျောင်းဆရာတော်ကဲ့သို့ ရေနွေဆောင်မည့် သာသနာပြုဟုဂ္ဂိုလ်ထူးများ လိုအပ်သကဲ့သို့ အနီးကပ် ဘက်စုံပါရမီဖြည့်ဆည်းပေးမည့် နောက်လိုက်ကောင်းများလည်း လိုအပ်ပေသည်။ ဆရာတော်၏ နောက်ပါးတွင် ကုသိုလ်တော်တစ်ခုအတွက် ဆရာတော်က ဦးဆောင်ရှင်းပြသည်နှင့် သဒ္ဓါပေါက်၍ လှူဒါန်းကြမည့် ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများက အသင့်ရှိနေကြသည်။ ယခုခရီးစဉ်ပါ အင်းလေးဒေသဘုရား ပေါက်ဓာတုစေတီတော်၏ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ၌ သံယာတော်အရှင်သူမြတ်အပါး (၁၀၀၀) တို့ကို ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် အရပ်ရပ်ကုသိုလ်တော်ငွေကျပ် ၉၁၀၄၇၉၃/- လှူဒါန်းမှုပြုခဲ့လေသည်။

၂၇-၃-၂၀၀၀ ရက်နေ့တွင် ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများသည် မြန်မာနိုင်ငံ ရက်ရည်ဘုရားဖူးခရီးစဉ်အတွင်း၌ လှူဒါန်းခဲ့ကြသည့် ကုသိုလ်တော်များကို ရင်ဝယ်ပိုက်လျက် သာသနာ့အောင်လံတံခွန် တလူလူ လွှင့်ထူကာ မိမိတို့ဌာနီ စင်ကာပူနိုင်ငံသို့ ပြန်လည် ထွက်ခွာသွားကြလေသည်။ ဒေသခံဒါယကာဖြစ်ကြသော မိမိတို့ကလည်း လုပ်ငန်းလက်စသတ်အဖြစ် ကုသိုလ်တော်ပွဲများတွင် အဘက်ဘက်မှ တာဝန်ယူ ပံ့ပိုးဦးဆောင်စီစဉ်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအတွက် "သာသနာ့ပြုအောင်ပွဲမင်္ဂလာ ကျေးဇူးတင်လွှာ"ကို နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်းဖြင့် လုပ်ငန်းတာဝန်တစ်ရပ်ကို နိဂုံးသတ် ဆောင်ရွက်နိုင်ခဲ့လေသည်။

ဒုလ္လဘခဲ့ပွဲ ဆင်ယင်နွဲ

"သာသနာပြုအောင်ပွဲမင်္ဂလာ"ကုသိုလ်တော်ပွဲကြီး နွဲ့ပျော်ပြီးသော်လည်း မြန်မာနိုင်ငံနှင့် ဝေးမသွား၊ လူကိုယ်တိုင် မရောက်နိုင်တော့ စာရောက်လာသည်။ နိုင်ငံတော် သံယမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇသဒ္ဓမ္မဇောတိက မြင်ခြံဆရာတော် ဘဒ္ဒန္တသောဘိတထံသို့ "ရွှေဘုရား

ကျောင်းတော်"တွင် ၂၀၀၀ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့မှ စတင်လျက် "ဒုလ္လဘရဟန်းခံပွဲအကြိုသင်တန်း"တစ်ရပ်ကို ဖွင့်လှစ်ရန် စီစဉ်ထားပါကြောင်း၊ ရဟန်းခံပွဲအတွက် ဗုဒ္ဓဘာသာ ထုံးထမ်းစဉ်လာပိုင်းကို ပို့ချပေးနိုင်မည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်သော ရဟန်းတော်တစ်ပါးကို ပင့်ဖိတ်လိုပါကြောင်း၊ ဆရာတော်ဘုရားကြီးက တာဝန်ပေး စေလွှတ်ပေးပါရန် ခွင့်ပန်လျှောက်ထားပါကြောင်း၊ မေလ ၂၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ ဆရာတော်ဘုရားကြီး၏ ကျောင်းတော်၌ သီတင်းသုံးနေထိုင်ကာ လေ့လာကျင့်ကြံပွားများ အားထုတ်ကြမည့် စင်ကာပူနိုင်ငံသား ဒုလ္လဘရဟန်းအပါး ၇၀ တို့အား ဘာသာရေးဆိုင်ရာ အစဉ်အလာကို သိရှိနိုင်ရန် ကြိုတင်ပြင်ဆင်မှုအဖြစ် ကူညီနိုင်ရန် ဖြစ်ပါကြောင်း၊ တာဝန်ပေးစေလွှတ်မည့် ရဟန်းတော်အတွက် လေယာဉ်လက်မှတ်၊ သယ်ယူပို့ဆောင်စရိတ်၊ စင်ကာပူနိုင်ငံတွင် သီတင်းသုံးနေထိုင်စဉ်ကာလအတွင်း ကုန်ကျစရိတ်များကို တပည့်တော်က တာဝန်ယူမည်ဖြစ်ပါ၍ ခွင့်ပြုပေးပါရန် လျှောက်ထားအပ်ပါကြောင်း" စသည့် ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့စွဲပါ ခွင့်ပန်လျှောက်ထားလွှာကို ဆက်ကပ်ခဲ့သည်။ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးက လျှောက်ထားမှုကို အလေးအနက်ထားကာ စင်ကာပူနိုင်ငံတွင် အကြိုသင်တန်းပို့ချရန် ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ကထိကဆရာတော် ဘဒ္ဒန္တ ဥတ္တရဉာဏာကို ရွေးချယ်တာဝန်ပေးခဲ့သည်။ ဘဒ္ဒန္တဥတ္တရဉာဏာသည် မိမိတို့ဒေသခံဒါယကာများ၏ နိုင်ငံကူးလက်မှတ်ကိစ္စ၊ လေယာဉ်လက်မှတ်ကိစ္စအပါအဝင် လိုအပ်ချက်များကို ပံ့ပိုးစီစဉ် ဆောင်ရွက်ပေးမှုဖြင့် စင်ကာပူနိုင်ငံသို့ အချိန်မီ သွားရောက်ကာ ဒုလ္လဘရဟန်းခံပွဲနှင့် အကြိုသင်တန်းကို အောင်မြင်စွာ ပို့ချပေးလေသည်။ တစ်ချိန်တည်းမှာပင် ဒေသခံဒါယကာများ ဖြစ်ကြသည့် ဒါရိုက်တာအဖွဲ့နှင့် စာရေးသူတို့က ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး၏ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၌ ရှေဘုရားကျောင်းဆရာတော်နှင့် ဒုလ္လဘရဟန်းတော်များ ၁၀ ရက်တာ သီတင်းသုံးကြရန်အတွက် ဖျာ၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးမှအစ ဆွမ်း၊ ကွမ်း ချက်ပြုတ်ဆက်ကပ်ရေးမှသည် ရေချိုးခန်းနှင့်

ကုဋိပါမကျန် လိုအပ်သော ကိစ္စအဝဝတို့ကို လစ်ဟာမှု မရှိစေရေးအတွက် အချိန်ယူပြင်ဆင်ကြရသည်။ ပြည်ပနိုင်ငံသားတို့၏ ဓလေ့ထုံးစံအလျောက် နေထိုင်မှုအဆင့်အလျောက် မိမိတို့၏ ထေရဝါဒဗုဒ္ဓဘာသာ ဝိနည်း သိက္ခာအရ သီတင်းသုံး နေထိုင်ရေးကျင့်ကြံပွားများရေးတို့အတွက် ဘယ်လိုနေမည် မသိဟူ၍ တွေးတောပူပန်မိသည်။ အေးလေ ဘုရားသားတော်တွေပဲဟုသာ မှတ်ယူမိသည်။

၂၀-၅-၂၀၀၀ ရက်နေ့တွင် ရှေဘုရားကျောင်းဆရာတော်အမှူးပြုသော ရဟန်းတော် အပါး ၇၀ တို့ ရောက်ရှိလာကြရာ လေဆိပ်မှနေ၍ သီတင်းသုံးမည့် ကျောင်းသို့ ပို့ဆောင်ပြီး နေရာချထားပေးသည်။ တည်းခိုရာ ကျောင်းဆောင်အနီး၌ မကြာခင်ကမှ အသစ်တည်ဆောက်ပြီးစီးသည့် အုတ်ရောက်နှင်းကြီးက ရေမွှေးမွှေးဖြင့် အသင့်ရှိနေသည်။ ကျောင်းဆောင်အနီးရှိ ကုဋိဆောင်များတွင် လဲလှယ်အသုံးပြုရန် ဖီနပ်၊ ဆပ်ပြာ၊ လက်သုတ်တဘက်ငယ်တို့ဖြင့် အစီအရီ စီစဉ်ပေးထားသည်။ ရဟန်းတော်များအတွက် ဘက်ပေါင်းစုံအသင့် ပြည့်စုံနေသဖြင့် ကျင့်ကြံပွားများ သီတင်းသုံးကြရန်သာ ရှိတော့သည်။

စင်ကာပူနိုင်ငံတွင် အကြိုသင်တန်းသွားရောက်ပို့ချခဲ့သော အကျိုးကျေးဇူးနှင့် ရှေဘုရားကျောင်းဆရာတော်၏ ဒုလ္လဘရဟန်းတော်များအား ဟောဖော်ညွှန်ပြ တရားဓမ္မတို့ကြောင့် ဒုလ္လဘရဟန်းတော်များသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ ဝိနည်းသိက္ခာကျင့်စဉ်အတိုင်း ကြိုးပမ်းကာ သီတင်းသုံးကြသည်။ ဆရာတော် ဦးဥတ္တရာဘာဝက အနီးကပ် အချိန်စာရင်းဖြင့် နံနက်အရုဏ်မှသည် ညဦးကျိန်းစက်ချိန်အထိ အချိန်နှင့်တစ်ပြေးညီ ကျင့်ကြံသီတင်းသုံးကြရသည်။ ထေရဝါဒဗုဒ္ဓသာသနာတော်ဝင် ရဟန်းတော်များနှင့် မဟာယာနဗုဒ္ဓသာသနာတော်ဝင် ရဟန်းတော်များအကြား သိသာသော ခြားနားမှုမှာ ထေရဝါဒဗုဒ္ဓဘာသာ၌ နေ့လွဲညစာ ဆွမ်းဘုဉ်းပေးခြင်းမရှိ။ မဟာယာနဗုဒ္ဓဘာသာ၌ နေ့လွဲညစာ ဘုဉ်းပေးကြသည်။ ယခု စင်ကာပူ ဒုလ္လဘရဟန်းတော်များက ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ ကျောင်းတော်တွင် ထေရဝါဒရဟန်းတော်များနည်းတူ နေ့လွဲညစာ ဘုဉ်းပေးခြင်း မပြုကြချေ။ ဆရာတော် ဦးဥတ္တရာဘာ

နှင့် ရွှေကျောင်းဆရာတော်ကြီး၏ သြဝါဒအတိုင်း ကြိုးစားလိုက်နာပွားများ အားထုတ်ကြသည်။ ဒါရိုက်တာအဖွဲ့နှင့် မိသားစုများ၊ စာရေးသူနှင့် အမျိုးသား ဝန်ထမ်းများက အလှည့်ကျ နေ့သည် အနီးကပ် တာဝန်ယူ စောင့်ရှောက်ဖြည့်ဆည်း ပေးကြရသည်။ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး၏ ဝိနည်း သိက္ခာနှင့်အညီ ကျင့်ကြံပွားများ အားထုတ်တော်မူကြသည့် ပြည်ပ ဒုလ္လဘရဟန်းတော်များအား အလိုက်တသိဖြင့် ကြိုးပမ်းဖြည့်ဆည်း ကုသိုလ်ယူရသည်ကိုပင် ဝမ်းသာပီတိ ဖြစ်ကြရသည်။ ထမင်းစားပွဲ၌ နေကထိုင်ခင်း၍ သပိတ်ကိုယ်စီဖြင့် ဆွမ်းဘုဉ်း ပေးနေပုံများကပင် ဆွမ်းဘုဉ်းကြသည့် ရဟန်းတော်များ၊ အနီးကပ်ဆွမ်းကပ် ဖြည့်ဆည်းနေကြသည့် ဒါယကာ၊ ဒါယိကာမများအဖို့ အသွင်ဆန်းဖြင့် ရှင်လန်း ပီတိဖြစ်ကြရသည်။ ဝိနည်းသိက္ခာ စောင့်စည်းမှုအပိုင်းကို နာယူကြရသည်။ ဂုဏ်တော်ပွားကြရသည်။ ဝိပဿနာဘာဝနာကိုလည်း အားထုတ်ကြရသည်။ ရဟန်းတော်များနှင့် ဆရာဒကာတို့၏ ကျေးဇူးကုသိုလ်တရားကား ကြီးမားကြပါ ပေသည်။ ဤမျှ အလုပ်များနေသည့်အကြားမှာပင် ရွှေဘုရားကျောင်း ဆရာ တော်သည် တိုးချဲ့ခရီးစဉ်အဖြစ် သွားရောက်ဖူးမြော်ခဲ့သည့် ရှမ်းပြည်နယ် တောင်ပိုင်း ကျောက်တစ်လုံးဒေသ မွေတော်ကဏ္ဍဘုရားစေတီများသို့ တစ်ည အိပ် ခရီးစဉ်အဖြစ် ပြည်တွင်းလေကြောင်းဖြင့် သွားရောက်၍ ဖူးမြော်ပူဇော် သည်။ ပဒုံ့ဝ်တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီ အမှူးပြုသော ဂေါ်ပကအဖွဲ့များနှင့် သာသနာရေးရာများကို ဆွေးနွေးကြသည်။ တစ်နည်းအားဖြင့် ကြည်ညိုသဒ္ဓါစိတ်ဖြင့် ရွှေဘုရားကျောင်းဆရာတော်သည် မွေတော်ကဏ္ဍ ဘုရားစေတီများကို ပြုပြင်မွမ်းမံမှုအတွက် လှူဒါန်းရန် ကြိုးပမ်းနေခြိန် "ကုသိုလ် တော် အကြိုကာလများ" ပင် ဖြစ်ပေသည်။

၂၆-၅-၂၀၀၀ ရက်နေ့တွင် စင်ကာပူနိုင်ငံမှ ရွှေဘုရားကျောင်းဆရာ တော်၏ နောက်ချန်ဘုရားဖူးအဖွဲ့ဝင် ၃၀ တို့သည် ရန်ကုန်မြို့သို့ ရောက်ရှိလာကြ သည်။

၂၇-၅-၂၀၀၀ ရက်နေ့ နံနက်အရုဏ်ဦးတွင် နိုကာယ်စာသင်တိုက်ကြီး အတွင်းရှိ လှိုင်ရတနာကျောင်းဆောင်ရှေ့ ရွှေဘုရားကျောင်းဆရာတော် အမှူး

ပြုသော ဒုလ္လဘရဟန်းတော်များကို စင်ကာပူနိုင်ငံသား တပည့်ဒါယကာ၊ ဒါယိကာမများက ကိုယ်တိုင်ကိုယ်ကျ ဆွမ်းများ လောင်းလှူကြသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့. ဥက္ကဋ္ဌ သက်တော်ရှည်မြင့်ခြံဆရာတော်ဘုရားကြီး အမှူးပြုသော ကျောင်းတိုက်ရှိ စာသင် စာချ ဆရာတော် သံယာတော်များနှင့် စင်ကာပူနိုင်ငံမှ ဒုလ္လဘရဟန်းတော်များကို ဒေသခံ ဒါယကာများဖြစ်ကြသည့် ဆရီအေးရှခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့မိသားစုများက မိခင်ကြီး ဒေါ်လှကြည်အား အမှူးထား၍ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနေ့ ၂၇-၅-၂၀၀၀ ရက်နေ့ ညနေ ၄:၄၅ နာရီအချိန်တွင် အဆိုပါ ကျောင်းဆောင်၌ ကျင်းပပြုလုပ်သည့် ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း လေအေးပေးလုပ်ငန်းနှင့် ပိဋကတ်သုံးပုံ ပါဠိတော် (မြန်မာပြန်) စီဒီလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) တက်ရောက်၍ အလှူငွေများကို လက်ခံရယူခဲ့သည်။ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့. ဥက္ကဋ္ဌအဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင့်ခြံဆရာတော် ဘဒ္ဒန္တသောဘိတအမှူးပြုသော ဆရာတော် သံယာတော်များ၊ စင်ကာပူရွှေဘုရားကျောင်းဆရာတော်နှင့် ဒုလ္လဘရဟန်းတော်များ ကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရွှေဘုရားကျောင်းဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားဖွင့်လှစ်ပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့. ဥက္ကဋ္ဌ၊ နိကာယ်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကမြင့်ခြံဆရာတော် ဘဒ္ဒန္တသောဘိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော် သံယာတော်များက ပရိတ်တရားများကို ရွတ်ဖွားကြသည်။ ယင်းနောက် အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများက ဆရာတော် သံယာတော်များအား

လူ့ဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူငွေ ပေးအပ်ကြရာ မဟာပါသာဏလိုဏ်ဂူတော်ကြီး လေအေးပေးလုပ်ငန်းအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၄၀၀၀၀ ကို ရှေကျောင်းဆရာတော်ကလည်းကောင်း၊ ပိဋကတ်သုံးပုံ ပါဠိ(မြန်မာပြန်) စိဒိလုပ်ငန်းအတွက် ဒုတိယအကြိမ် ငွေကျပ် (၁၀)သိန်းကို စင်ကာပူရဟန်းတော် ရိပူလွန့်ကလည်းကောင်း (ပထမအကြိမ်အဖြစ် အလှူတော်ငွေ ကျပ်သိန်း ၅၀ လှူဒါန်းခဲ့ပြီး)၊ နိကာယ်စာသင်တိုက်ရေကန်နှင့် ရေချိုးကန်အတွက် အလှူငွေကျပ် (၃၂၀၀၀၀ဝ/)ကို စင်ကာပူရဟန်းတော် လင်ဝိစိန်နှင့် ရဟန်းတော်ကွေစုရောင်တို့ကလည်းကောင်း၊ နိကာယ်ငါးရပ် စာသင်တိုက် သိမ်တော်ကြီးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းငွေ ငွေကျပ်သိန်း ၂၀၀ ကို မြို့တော်ဝန်ကလည်းကောင်း၊ နိကာယ်စာသင်တိုက် ပစ္စည်းလေးပါးအတွက် ဆရီအေးရှခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်မှ မိခင်ကြီးဒေါ်လှကြည် အမှူးထား၍ မိသားစုများက လှူဒါန်းငွေ ကျပ် ၁၀ သိန်းကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား ချီးမြှင့်၍ ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ပြီး အခမ်းအနားကို ရပ်သိမ်းခဲ့သည်။

၂၀-၅-၂၀၀၀ ရက်နေ့ နံနက်အရုဏ်ဆွမ်း ဘုဉ်းပေးပြီးနောက် ရှေကျောင်းဆရာတော်နှင့် ဒုလ္လဘရဟန်းတော်များ၊ ဒါယကာ၊ ဒါယိကာမများ၊ ဒေသခံဒါယကာနှင့် မိသားစုများသည် ကျိုက်ထီးရိုးဆံတော်ရှင်စေတီအားဖူးမြော်ရန်အတွက် မော်တော်ကားကြီးများဖြင့် ထွက်ခွာကြသည်။ သက်ဆိုင်ရာများနှင့် ဂေါပကအဖွဲ့၏ ပံ့ပိုးကူညီမှုအရ တောင်တက်မော်တော်ယာဉ်များဖြင့် ကျိုက်ထီးရိုးဆံတော်ရှင် တည်ရှိရာ စေတီနှင့်တကွ ပတ်ဝန်းကျင်ရှိ မုဆိုးတောင်၊ ကျီးကန်းပါးစပ် စသည့်နေရာများသို့ လှည့်လည်ဖူးမြော်လှူဒါန်းကြသည်။ တောတောင် ရှားပါးလှသည့် စင်ကာပူနိုင်ငံမှ ကြွရောက်တော်မူလာသည့် ရှေဘုရား

ကျောင်း ဆရာတော်နှင့် ဒုလ္လဘရဟန်းတော်များသည် ကျိုက်ထီးရိုးဆံတော်ရှင်မှ ကျီးကန်းပါးစပ်၊ ကျီးကန်းပါးစပ်မှ မုဆိုးတောင်စေတီသို့ မတ်စောက်သော တောင်ဆင်း တောင်တက်လမ်းများကို ကြိုးပမ်းတက်လှမ်း၍ ဖူးမြော်ကြသည်ကို တွေ့ရှိကြရသည်။ ညပိုင်းတွင် ဆရာတော်နှင့် ဒုလ္လဘရဟန်းတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများသည် ကျိုက်ထီးရိုးဆံတော်ရှင်အား စုပေါင်းဝတ်ပြု၍ ရှေသက်နှ၊ ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်ကြသည်။ ရှေသက်နှ်းတော်များကို ဒုလ္လဘရဟန်းတော်များ၊ ဘုရားဖူးအဖွဲ့ဝင်အမျိုးသားများက ကိုယ်တိုင်ကိုယ်ကျ ပျော်ပျော်ရွှင်ရွှင် ကပ်လှူပူဇော်ကြသည်။ ၂၉-၅-၂၀၀၀ ရက်နေ့ နံနက်တွင် ကျိုက်ထီးရိုးဆံတော်ရှင်အား စုပေါင်းဝတ်ပြုပူဇော်ကြပြီး ရန်ကုန်မြို့သို့ ပြန်လည် ထွက်ခွာလာကြသည်။

ဤတွင် မြန်မာနိုင်ငံ၌ ရှေဘုရားကျောင်းဆရာတော် ဦးဆောင်ကာ ကျင်းပပူဇော်သည့် ကုသိုလ်တော်ပွဲတစ်ပွဲ ပြီးဆုံးသည့် နိဂုံးဟု ဆိုရချေမည်။ သို့သော် ရှေဘုရားကျောင်းဆရာတော်ကြီးအဖို့မှာမူ ယခုကုသိုလ်တော်ပွဲ၏ နိဂုံးသည်ပင် နောင်ကျင်းပပူဇော်မည့် ကုသိုလ်တော်ပွဲ၏ နိဒါန်းအစဟု ဖွင့်ဆိုရပေမည်။ မြန်မာနိုင်ငံအတွင်း၌ နစ်စဉ် မပျက် လစဉ်ဆက်ဆိုသကဲ့သို့ ရှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းမှု ကုသိုလ်တော်များက မျှားပြားလှပါဘိ။ အလှူရေစက် လက်နှင့်မကွာဟု တင်စားရပေမည်။ မြန်မာနိုင်ငံနှင့် ရှေကျောင်းဆရာတော်၏ ပါရမီရေစက်က ဘဝအဆက်ဆက် ကြီးမားခဲ့ပုံရသည်။ ထိုသို့သော ပါရမီရေစက် ကုသိုလ်တော်အဟုန်ကြောင့်ပင် ရှေကျောင်းဆရာတော်၏ ခြေလှမ်းများက မြန်မာနိုင်ငံသို့သာ ဦးတည်လျှောက်လှမ်းလျက် ရှိသည်။

တစ်ကြိမ်မှသည် နစ်ကြိမ်မက ဖူးမြော်ကြည်ညှိခွင့် ရရှိခဲ့သည့် ရှမ်းပြည်နယ်မှ မွေတော်ကကျူးစေတီတော်ကို ပြုပြင်မွမ်းမံတည်ထားကာ ရောင်တော်ဖွင့်ခြင်းဖြင့် သာသနာ့ရောင်ဝါ ထွန်းလင်းဖြာမည့် ကုသိုလ်တော်လှူဒါန်းနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းရသည်။

ရခိုင်ပြည်နယ် လှမ်းကြွတစ်သွယ်

ယင်းသို့ မြန်မာနိုင်ငံသို့ အကြိမ်ကြိမ် ကြွလှမ်းရင်း ဒါယကာရင်းပမာ ခင်မင်အကျွမ်းဝင်သည့် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းမှ မန်နေဂျာ ဦးအောင်ကြီးက ရှေကျောင်းဆရာတော်၏ ဘာသာ-သာသနာအပေါ် ကြည်ညိုသဒ္ဓါစိတ်ကို နှစ်လိုမှုဖြင့် ရခိုင်ပြည်နယ်၏ ရေးဟောင်းမြို့တော် မြောက်ဦးရိုသမိုင်းဝင် စန္ဒမုနိရုပ်ရှင်တော်အပါအဝင် ရေးဟောင်းစေတီပုထိုးများအား ဖူးမြော်သင့်ကြောင်း ရှေကျောင်းဆရာတော်ကို လျှောက်ထားခဲ့သည်။ တန်ခိုးကြီးဘုရား စေတီ၊ ရုပ်ရှင်တော် ဟူသည့်အသံကို ကြားသည်နှင့် ရှေဘုရားကျောင်းဆရာတော်အတွက် မအားလပ်သည်ဟူ၍ မရှိ။ တပည့်ဒါယကာရင်းအချို့နှင့် ဒေသခံဒါယကာများနှင့်အတူ စစ်တွေမြို့မှတစ်ဆင့် မြောက်ဦးမြို့သို့ ကြွလှမ်းတော့သည်။ ပုဂံယဉ်ကျေးမှုဒေသအပါအဝင် ရောက်ရှိပြီးသမျှ ဒေသများ၌ ရှေဘုရားကျောင်းဆရာတော်သည် အုတ်နှင့်တည်သောဘုရား စေတီ၊ ပုထိုးများ သာသနာက အဆောက်အဦးများကို ဖူးမြော်ခဲ့ရသည်။ ယခု ရေးဟောင်းမြောက်ဦးမြို့၌ ကြီးမားသော ကျောက်ညှိတုံးများအား လက်ရာမြောက်စွာ ထုဆစ်ပြုလုပ်ထားသည့် ဘုရား၊ စေတီ၊ ပုထိုး ရုပ်တု၊ ရုပ်ပွားတော်တို့ကို ဖူးမြင်ကြည်ညိုရသည်။ ထင်ရှားကျော်ကြားသည့် ရန်အောင်ဇေယျသျှစ်သောင်းပုထိုးတော်ကြီး ကိုးသောင်းပုထိုးတော်ကြီး၊ ထုက္ကန်သိမ်ပုထိုးတော်ကြီးနှင့် အံတော်သိမ်ပုထိုးတော်ကြီးအပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများ ဝေသာလီဘုရားကြီး ရခိုင်မုနိရုပ်ရှင်တော်၊ စကြာမုနိရုပ်ရှင်တော်နှင့် စန္ဒမုနိရုပ်ရှင်တော်မြတ်တို့ကို ဦးခိုက်ဖူးမြော်ခွင့် ရရှိသည်။ ဗုဒ္ဓဘုရားရှင်၏ လက်ဝဲအံတော်မြတ်တစ်ဆူ၊ ဗုဒ္ဓဘုရားရှင်၏ သရီရဓာတ်တော်မွေတော်များ ရဟန္တာအရှင်မြတ်များ၏ ဓာတ်တော်များ မှခြာမျိုးစုံဖြင့် သွန်းလုပ်ထားသော ရေးဟောင်းရုပ်တု၊ ရုပ်ပွားများကို ပြတိုက်အဖြစ် စနစ်တကျ ပြသပူဇော်ထားသည့် သမိုင်းဝင် စန္ဒမုနိရုပ်ရှင်တော်မြတ် ကိန်းဝပ် စံပယ်တော်မူရာ ဗန္ဓုလကျောင်းတိုက်သို့ ရောက်ရှိပြန်သောအခါ လေ့လာကြည်ညိုမဝဖြစ်ရသည်။ တစ်ကြိမ်မှနစ်ကြိမ်ဆိုသကဲ့သို့ ဖူးမြော်ခွင့် ရရှိသည့်အခါတွင်

ဗန္ဓုလကျောင်းတိုက် ပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိ ကဓေ ဘဒ္ဒန္တစက္ကပါလနှင့် ခင်မင်ရင်းနှီးမှု ရှိလာသည်။ ကျောင်းတိုက်ရှိ စန္ဒမုနိရုပ်ရှင်တော်မြတ်၏ ထူးခြားသပ္ပါယ်ကြည်ညိုဖွယ်ပုံတော်က ရှေဘုရားကျောင်း ဆရာတော်၏ ကြည်ညိုမှုသဒ္ဓါတရားကို ဆွဲဆောင်နေသည့်အလား ခံစားနေရသည်။ ထို့ကြောင့်ပင် ရေးဟောင်းမြောက်ဦးမြို့သည် ကြည်ညိုအားထား ကိုးကွယ်ရာ သာသနာ့နယ်မြေ ဖြစ်ခဲ့သည်။ အကြိမ်ကြိမ် လှမ်းကြွရလေပြီ။

ပုဂံယဉ်ကျေးမှုဒေသသို့လည်း ဘုရားအမှတ် (၈၂၀) (၈၀၈) နှင့် မဟာထေရ်အုတ်ကျောင်း ပြုပြင်မွမ်းမံမှု လုပ်ငန်းခွင်သို့ အလျှဉ်းသင့်သလို ကြွရောက်၍ အားပေးရသည်။ ဘုရားအမှတ် (၈၀၈)နှင့် မဟာထေရ်အုတ်ကျောင်းတို့ အချိန်မီ ပြီးစီးနိုင်ခဲ့သည်။ ထိုသို့ ပြီးစီးအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်မည်။ "သာသနာပြုအောင်ပွဲမင်္ဂလာ"ကျင်းပပူဇော်မည်။ ပူဇော်ပွဲသို့ ရှေဘုရားကျောင်းဆရာတော် အမှူးပြု၍ ဘုရားဖူးအဖွဲ့ဝင် (၃၆၀)ဦးခန့် တက်ရောက်ရန် မျှော်မှန်းထားသည်။ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများက တန်းစီနေသည်။ ရှေဘုရားကျောင်း ဆရာတော်က စေတနာသဒ္ဓါဇောဖြင့် မမောနိုင် မပန်းနိုင် လျှောက်လှမ်းသော ခြေလှမ်းများက မြန်မာနိုင်ငံသို့သာ ဦးတည်လှမ်းကြွနေတော့သည်။

၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ကျင်းပပူဇော်မည့် "သာသနာပြုအောင်ပွဲမင်္ဂလာ"ပွဲမဟာဠ ရန်ကုန်၊ ပုဂံညောင်ဦး၊ မန္တလေးဒေသတို့တွင် သံယာတော် အရှင်သူမြတ် အပါး ၁၀၀၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ကြမည်။ ပထမအကြိမ် သံယာတော် အရှင်သူမြတ်အပါး ၅၀၀၀ ကျော် ဆွမ်းဆန်စိမ်း လောင်းလှူပွဲအတွေ့အကြုံအရ သဒ္ဓါခွန်အားနှစ်ဆတိုး၍ ကြိုးစားကြရမည်။

အထူးသဖြင့် ပထမအဆင့်အဖြစ် ဘုရားဖူးအဖွဲ့ဝင် (၃၆၀)ဦးတို့ အတွက် မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာအချိန်မီ ရရှိရေးနှင့် ဘုရားဖူးများအား အချိန်မီ အဆင့်ဆင့်လေယာဉ်ခရီးစဉ်များဖြင့် ပို့ဆောင်နိုင်ရေးတို့သည် အဓိက အဆင်ပြေဖို့ အရေးကြီးသည်။ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးက "စီးပွားရေး

လုပ်ငန်းဆိုင်ရာ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားကြသူများ ကိုသာ ၃ လ အတွင်း အသုံးပြုနိုင်သည့် ပြည်ဝင်ခွင့်ဗီဇာကို ထုတ်ပေးနိုင်သည်။ ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများမှာ ခရီးတိုဘုရားဖူးလေ့လာရေး သွားရောက်ကြမည့် ခရီးသည်များသာ ဖြစ်ကြသည်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူမှာ အနည်းစုအဖြစ်သာ ပါဝင်ကြသည်။ အများစုသော ဘုရားဖူးအဖွဲ့ဝင် (၃၀၀) ကျော်တို့အတွက် ရုံးလုပ်ငန်း ထုံးတမ်းစဉ်လာအရ အောက်တိုဘာလမှ စတင်၍ ပြည်ဝင်ခွင့်ဗီဇာကို လျှောက်ထားရယူနိုင်မှသာ ဒီဇင်ဘာလအမီ ပြည်ဝင်ခွင့်ဗီဇာ ရရှိနိုင်သည်။ သို့သော် အောက်တိုဘာလ စတင်ရယူထားသည့် ပြည်ဝင်ခွင့်ဗီဇာသက်တမ်းသည် ၃ လ သက်တမ်း မရသဖြင့် အမှန်တကယ် ဘုရားဖူးထွက်ကြရသည့် ဒီဇင်ဘာလတွင်မူ နေရင်းထိုင်ရင်း ဗီဇာသက်တမ်းကုန်မည်သာ ဖြစ်သည်။ ပြည်ဝင်ခွင့်ဗီဇာမရှိလျှင် ဘုရားဖူးခရီးစဉ်ဖြင့် လာရောက်ရန်လည်း မဖြစ်နိုင်တော့ချေ။ ဤကား ဘုရားဖူးအဖွဲ့အတွက် အခြိန်မီ ပြည်ဝင်ခွင့်ရရှိနိုင်ရန် အဓိက အရေးပါပုံ ဖြစ်သည်။

ဒုတိယအဆင့်အဖြစ် ဘုရားဖူးအဖွဲ့ဝင် (၃၆၀) ဦးကို လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ရေး၌ ရန်ကုန်-စင်ကာပူ-ရန်ကုန် နေ့စဉ်တစ်ကြိမ်နှုန်းဖြင့် ပျံသန်းနေသည့် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလေယာဉ်ဖြင့် နှစ်ရက်ခွဲလျှက် ပို့ဆောင်နိုင်လျှင် ဘုရားဖူး ၂၆၀ ဦးကိုသာ ပို့ဆောင်ပေးနိုင်မည်။ ၃ ရက်ခွဲပါက ကျင်းပမည့် ပူဇော်ပွဲရက်နှင့် အချိတ်အဆက်လွဲ၍ ပူဇော်ပွဲကို စုံစုံညီညီ တက်ရောက်နိုင်ကြမည် မဟုတ်ချေ။ နှစ်ရက်နှင့် ဘုရားဖူး ၃၆၀ ဦးကို ပို့ဆောင်ပေးနိုင်မှသာ အဆင်ပြေမည် ဖြစ်သည်။ ဘုရားဖူးများကို ဒုတိယရက်၌ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလေယာဉ်ခရီးစဉ်ကို "အထူးကိစ္စ"အဖြစ် သီးခြားလေယာဉ် ခရီးစဉ်တစ်ခေါက်တိုး၍ မဖြစ်မနေ ပို့ဆောင်ပေးမှ ဖြစ်ပေမည်။ အပြန်ခရီး၌လည်း တစ်ခေါက်တိုး၍ ပို့ဆောင်ပေးရန် လိုအပ်သည်။

ထို့နည်းတူ ရွှေဘုရားကျောင်းဆရာတော် အမှူးပြုသော ပြည်တွင်းခရီးစဉ်၌လည်း ရန်ကုန်-ပုဂံညောင်ဦး-မန္တလေး-ရန်ကုန် ခရီးစဉ်တွင် ရွှေဘုရား

ကျောင်း ဘုရားဖူးအဖွဲ့ဝင် (၃၆၀)၊ အနီးကပ်လိုက်ပါပဲ့ပိုးဆောင်ရွက်ပေးကြမည့် ဒါရိုက်တာအဖွဲ့နှင့် မိသားစု၊ ဝန်ထမ်းများကို သတ်မှတ်ရက်စဉ်အတိုင်း အချိန်မီ ပို့ဆောင်နိုင်ရန် ခရီးစဉ် (၁) ရက်လျှင် လေယာဉ်ပျံ (၇) စင်း (တစ်နည်း) လေယာဉ်ခရီးစဉ် (၇)ခေါက်ဖြင့် ပို့ဆောင်ပေးရမည်။ ရန်ကုန် အဲယားဝေး လေကြောင်းနှင့် အဲယားမန္တလေးလေကြောင်းမှ လေယာဉ်ပျံများဖြင့် စီစဉ်ပေးရမည်။

ယင်းအပြင် သာသနာပြု အောင်ပွဲမင်္ဂလာ ကျင်းပမှုဇော်မည့် ကာလသည် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ လေယာဉ်ပြေးလမ်းများ ပြုပြင်နေသည့် ကာလနှင့်ကြုံဆုံနေသည်။ ထို့ကြောင့် ည (၈) နာရီ ကျော်လွန်ပါက မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်လေယာဉ်ကွင်းသို့ လေယာဉ်ပျံများကို ဆင်းသက်ခွင့် မပြုကြောင်း သိရှိရသည်။ ရှေကျောင်းဆရာတော်၏ ဘုရားဖူးအဖွဲ့ကို သယ်ယူပို့ဆောင်ပေးမည့် လေယာဉ် (၇)စင်းအနက် နောက်ဆုံးလေယာဉ်သည် သက်ဆိုင်ရာက ခွင့်ပြုသည့် ည ၈ နာရီအချိန်ကို ကျော်လွန်နိုင်သည်။ မဖြစ်မနေ သတ်မှတ်ချိန်လွန် ဆင်းသက်ခွင့် ရရှိပါမှ အဆင်ပြေမည်။ ဝန်ကြီးဌာနများအပါအဝင် သက်ဆိုင်ရာများ၏ ပံ့ပိုးကူညီမှု၊ ခွင့်ပြုမှုများကို ကြိုတင်ရယူထားရန် လိုအပ်သည်။ "သာသနာပြု အောင်ပွဲမင်္ဂလာ" ပူဇော်ပွဲကြီး အောင်မြင်စွာ ပူဇော်နိုင်ရေး ဦးတည်ရည်မှန်းချက် ပေါက်မြောက်အောင်မြင်ရန် ဖြစ်ပေသည်။ ဦးစွာ ဒေသခံဒါယကာများဖြစ်သည့် ဒါရိုက်တာများက ရှေဘုရားကျောင်းဆရာတော်၏ကိုယ်စား သက်ဆိုင်ရာသာသနာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနစသည့် ဝန်ကြီးဌာနများသို့ စာဖြင့် တင်ပြသည်။ အချို့ဌာနများသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြသည်။ ပူဇော်ပွဲကြီး ဖြစ်မြောက်အောင်မြင်ရေး အတွက် သဒ္ဓါဇောစိတ်ဖြင့် ရှေဘုရားကျောင်း ဆရာတော်က သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ကိုယ်တိုင်တွေ့ဆုံလျက် ဆွေးနွေးမေတ္တာရပ်ခံသည်။ ဤသို့ဖြင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၏ အဓိက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် ပြည်ဝင်ခွင့်ဗီဇာကိစ္စ၊ ပြည်တွင်းပြည်ပ လေယာဉ်ခေါက်ရေ တိုးမြှင့် ပြေးဆွဲမှုအပါအဝင် ကိစ္စအဝဝတို့သည် သတ်မှတ်ရက်အဓိ

အောင်မြင်စွာ အသင့်အနေအထားသို့ ရောက်ရှိခဲ့လေသည်။ ဤကဲ့သို့ ဘာသာသာသနာရေးကို အလေးထားကာ ပူးပေါင်းဆောင်ရွက်မှုများသည် "သာသနာပြုအောင်ပွဲမင်္ဂလာ" အောင်မြင်စွာ ကျင်းပပူဇော်နိုင်ရေးကို ဦးတည်ခဲ့လေသည်။ နိုင်ငံတော်ခေါင်းဆောင်များ အမှုးပြု၍ အဆင့်ဆင့်သော ဝန်ကြီး ဌာနများ၏ ကျေးဇူးတရားကား ကြီးမားလှပါပေသည်။ ဤသို့လျှင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ အစပြု၍ အောက်ခြေပြည်သူများအဆင့်အထိ ရွှေဘုရားကျောင်း ဆရာတော်နှင့် ဘုရားဖူးအဖွဲ့၏ ကုသိုလ်တော်လှူဒါန်းပူဇော်ပွဲကြီးများ အောင်မြင်ရေးကို ပါဝင်လက်တွဲကာ အင်တိုက်အားတိုက် စေတနာသဒ္ဓါအားဖြင့် ပါဝင် ဆောင်ရွက်ပေးခြင်းကပင် မြန်မာနိုင်ငံတွင် သာသနာပြုနေသည့် ရွှေကျောင်းဆရာတော်၏ ကြည်ညိုသဒ္ဓါစိတ်ကို ပိုမိုတိုးပွားရင်သန်စေသည်။ မြန်မာတို့၏ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို ကြည်ညိုသဒ္ဓါစိတ်အပြည့်ဖြင့် မြန်မာနိုင်ငံသို့ ဦးတည်လာရောက်ကာ သာသနာပြုနေခြင်းဖြစ်သည်ဟု ယုံကြည်မိပါသည်။ ဤယုံကြည်ချက်ကို မြန်မာနိုင်ငံသို့ စတင်ကြွရောက်သည့် နှစ်မှစ၍ နှစ်စဉ်မပျက် လှူဒါန်းပူဇော်နေသည့် ရွှေကျောင်းဆရာတော်ကြီး၏ ကုသိုလ်တော်များက သက်သေပြလျက် ရှိနေလေသည်။

ရွှေဘုရားကျောင်းဆရာတော်သည် "သာသနာပြုအောင်ပွဲမင်္ဂလာ" ပူဇော်ပွဲကြီးအတွက် ဘက်ပေါင်းစုံ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ကြွရောက်စီမံဆောင်ရွက်ရင်း မြန်မာနိုင်ငံ မန္တလေး ပုဂံယဉ်ကျေးမှုဒေသ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်များသို့ အလျှင်းသင့်သလို တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အတူ ဘုရားဖူးခရီးစဉ်ဖြင့်လည်း ကြွရောက်ခဲ့သည်။ ယင်းသို့သော ဘုရားဖူးခရီးစဉ်၌ ဒေသခံ ဒါယကာတို့၏ ပြန်လည်ပြောကြားချက်အရ ၆-၉-၂၀၀၀ ရက်နေ့တွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ နိုင်ငံတော် သံယမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတဦးဆောင် တည်ထားမည့် "အောင်ဗောဓိစေတီတော်" အတွက် အလှူငွေ ကျပ်သိန်း ၅၀ ၊ ရန်ကုန်မြို့ မင်းဓမ္မကုန်းမြေထက်ရှိ

"အဘယလာဘမုနိရပ်ရှင်တော်"၌ အလှူတော်ငွေကျပ် ၁၅ သိန်း ၆-၁၁-၂၀၀၀ ရက်နေ့၌ လူမှုဝန်ထမ်းအမျိုးသမီးသင်တန်းကျောင်း (ရန်ကုန်)၌ အလှူငွေ ကျပ် (၃၉၅၀၀၀/)နှင့် ၁-၁၂-၂၀၀၀ ရက်နေ့၌ မန္တလေးမြို့ မဟာမုနိရပ်ရှင်တော် ရှေထီးတော်အတွက် အလှူငွေကျပ် (၁၆၅၉၀၀/)တို့ကို သက်ဆိုင်ရာများထံ အသီးသီး ပေးအပ်လှူဒါန်းခဲ့လေသည်။ အထူးသဖြင့် ခရီးစဉ်တစ်လျှောက် ရောက်ရှိရာ ဘုရား၊ စေတီ၊ ပုထိုးများ၌ ငွေကျပ် (၁၀၀၀၀/)၊ (၂၀၀၀/) မှသည် (၁၀၀၀၀၀/)၊ (၂၀၀၀၀/)စသည်ဖြင့် ထည့်ဝင်လှူဒါန်းလေ့ ရှိသည်။ သို့သော်လည်း ထိုသို့သော ငွေကြေးပမာဏမှအစ လှူဒါန်းငွေများကို စာရင်းပြုလုပ်ထားမည်ဆိုပါက ယင်းငွေကြေးပမာဏများကသည်ပင် ကြီးမားသော ငွေကြေးလှူဒါန်းငွေများ ဖြစ်လာနိုင်ပါသည်။ သို့သော် မှတ်တမ်းတင်ရမည့်အပိုင်းတွင် လွန်စွာ များပြားလာနိုင်သဖြင့် ငွေကြေးပမာဏ ကြီးမားသည့် ငွေကြေးကိန်းဂဏန်းနှင့်စတင်လှူဒါန်းမှုအဖြစ် သိရှိနိုင်ရန်သာ ထည့်သွင်းမှတ်တမ်းတင် ဖော်ပြရပါသည်။

ရှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများသည် "သာသနာပြုအောင်ပွဲမင်္ဂလာ"ကျင်းပမှုကြောင့်နိုင်ရန် (၁-၂-၂၀၀၀)ရက်နေ့တွင် ဆရာတော်နှင့် ရဟန်းတော် ၅ ပါးအပါအဝင် ဘုရားဖူးအဖွဲ့ဝင် ၁၂၀၊ ၁၃-၁-၂၀၀၀ ရက်နေ့တွင် ပုံမှန်လေယာဉ်ခရီးစဉ်ဖြင့် ဘုရားဖူးအဖွဲ့ဝင် ၁၀၀ နှင့် သီးခြားလေယာဉ်ပျံဖြင့် ဘုရားဖူးအဖွဲ့ဝင် ၁၄၀ တို့ အသီးသီးရောက်ရှိလာကြရာ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံဒါယကာများသည် လေဆိပ်မှ ကြိုဆိုကြပြီး လိုအပ်သမျှကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။ ကြိုဆိုပွဲများ၌ မြန်မာ့ရိုးရာ စိန်ချစ်လိုင်ဒိုးပတ်၊ အိုးစည်ဝိုင်းနှင့် အကအမွဲဖြင့် လာရောက်သူရော၊ ကြိုဆိုသူများပါ ပျော်ပျော်ပါးပါးဖြင့် အပြုံးကိုယ်စီ ရှိနေကြသည်။ ဘုရားဖူးများ ရောက်ရှိသည်နှင့် အချိန်လှ၍

အခြိန်ရလျှင် ရသလို ရန်ကုန်မြို့ပေါ်နှင့် ကျောက်တန်းရေလယ်ဘုရားသို့ ပို့ဆောင်ပေးကြရသည်။ ၁၂-၁၂-၂၀၀၀ ရက်နေ့တွင် ရောက်ရှိသည့် ဘုရားဖူးအဖွဲ့ဝင်များကို ၁၃-၁၂-၂၀၀၀ ရက်နေ့ နံနက်ပိုင်းတွင် ကျောက်တန်း ရေလယ်ဘုရားသို့ ပို့ဆောင်ပေးရာ ဘုရားဖူးများက စုပေါင်းအလှူတော်ငွေ ကျပ် (၁၄၃၂၂၇၀/)၊ အမေရိကန်ဒေါ်လာ (၁၂) ဒေါ်လာနှင့် ငါးစပ်ရှပ်ရှင်တော်မြတ်၌ အလေးချိန် ၂၅ ကီလိုဂရမ်ရှိ ရွှေစင်ရွှေပြား (၂) ချပ်ကို ပေးအပ်လှူဒါန်းကြသည်။ ဘုရားဖူးအဖွဲ့ဝင်တစ်ဦးချင်းက ငွေအလှူခံဌာနတွင် လှူဒါန်းနေကြသည်မှာ ရွှေကျောင်းဘုရားဖူးများဖြင့် စည်ကားနေတော့သည်။

သံယာတစ်သောင်း ဆွမ်းကြီးလောင်း

"သာသနာပြုအောင်ပွဲမင်္ဂလာ" ကျင်းပပူဇော်မည့် ကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် နံနက် ၇ နာရီမတိုင်မီကပင် သက်ဆိုင်ရာများ၏ ကြိုးပမ်းဆောင်ရွက်ပေးမှုဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဝိနည်းဓိရိဆရာတော်ကြီးများ၊ တိပိဋကသြဝါဒါစရိယဆရာတော်ကြီးများ၊ အဘိဓာန်ကျမ်းပြု ဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်များမှ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်းမှ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းအတွင်း မြို့နယ်အသီးသီးရှိ စာသင်တိုက်များမှ ဆရာတော် သံဃာတော်များနှင့် စင်ကာပူနိုင်ငံ ရှေဘုရားကျောင်း ဆရာတော် အမှူးပြုသော သံဃာတော်များ အသင့်ကြွရောက်တော်မူကြသည်။ နိုင်ငံတော်ပိုင်းမှ သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီး သာသနာရေးဝန်ကြီးဌာနနှင့် ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ

ရှေ့ ဘုရားကျောင်းဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမ ဘုရားဖူးအဖွဲ့ဝင်များ ဖိတ်ကြားထားသည့် ညေ့သည်တော်များ စုံညီစွာ အသင့်နေရာယူကြပြီး ဖြစ်သည်။

အခမ်းအနားဖွင့်လှစ်ပြီးနောက် နိုင်ငံတော်သံယမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိန္ဒါဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံယာတော်များက မေတ္တာသုတ် ပရိတ်တော်များ ရွတ်ဖွားသရဇ္ဈာယ် ခ၊ီးမြှင့်တော် မူကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ဆက်လက်၍ ရှေ့ဘုရားကျောင်းဆရာတော်က သာသနာပြု အောင်ပွဲမဂ်လာကျင်းပခြင်းနှင့် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။ ထို့နောက် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရှေ့ဘုရားကျောင်းဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှေ့ဘုရားကျောင်းဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမ အလှူရှင်များက ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီး ကျောက်တစ်လုံး ဒေသရှိ မွေတော်ကကျွန်းဘုရားစေတီများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေ ကျပ်သိန်း ၄၀၀၊ ရှမ်းပြည်နယ် ဝမ်ရပ်ဒေသဘုန်းတော်ကြီးကျောင်း တည်ဆောက်ရန်အတွက် အလှူငွေ ကျပ် သိန်း ၅၀၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ဗန္ဓုလကျောင်းတိုက်ရှိ စန္ဒာမုနိရပ်ရှင်တော် ဂန္ဓကုဋီတိုက် တည်ဆောက်ရန်အတွက် အလှူငွေ ကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီးက လက်ခံရယူပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များသို့ ထပ်ဆင့်လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် သံယမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အနမောဒနာတရား ဟောကြားကာ လှူဒါန်းမှု

အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

အခမ်းအနားပြီးဆုံးပြီးနောက် ဆရာတော် သံယာတော်အပါး ၅၀၀ တို့အား မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး မှခ်ပေါက် (၄)ပေါက်နှင့် ဝိဇယမဂ်လာဓမ္မသဘင်အရှေ့အနောက်တို့မှ အဖွဲ့လိုက်ခွဲ၍ ကြွလှမ်းလာကြသည့် ဆရာတော်များအထွက်တွင် အဖွဲ့ငယ်အလိုက် အုပ်စုခွဲ၍ အသင့်နေရာယူထား ကြသည့် ရွှေဘုရားကျောင်းဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမ ၃၅၀ ကျော်တို့က သက်နှင်းဒွိစုံ၊ အသတ်လွတ်ဆွမ်းဟင်းပါ သပိတ်၊ အချို့ရည်ဘူးနှင့် နဝကမ္မအလျှူငွေ (အန်ပေါင်းအိတ်)တို့ကို အလည့်ကျ ဆက်ကပ်လောင်းလျှူကြသည်။ ဆွမ်းဆန်စိမ်း လောင်းလျှူရာ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သာသနာရေး ဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဆရာအေးရှခရီးသွားကုမ္ပဏီဝန်ထမ်းများက အနီးကပ် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။ ဤသို့ဖြင့် ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ ပထမအဆင့်အနေဖြင့် ရန်ကုန်မြို့၌ ကျင်းပပူဇော်အပ်သော သာသနာပြုအောင်ပွဲမဂ်လာပွဲကြီးသည် ပျော်ပျော်ရွှင်ရွှင် အောင်အောင်မြင်မြင်ဖြင့် ပြီးဆုံးခဲ့လေသည်။

ဆက်လက်၍ ဆရာအေးရှခရီးသွားကုမ္ပဏီမှ ဒါရိုက်တာများ၊ စာရေးသူနှင့် ဝန်ထမ်းများက ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်များကို မူလစီစဉ်ရေးဆွဲထားသည့် ခရီးစဉ်အတိုင်း နံနက်ပိုင်းတွင် အချိန်လှ၍ လေ့လာဖူးမြော်ရေးကို ပို့ဆောင်ခြင်း၊ ညနေပိုင်းတွင် အချိန်မီ ပုဂံ-ညောင်ဦးသို့ ခရီးဆက်နိုင်ရန်အတွက် ကြိုတင်ဆောင်ရွက်မှု လုပ်ငန်းများကို တာဝန်အသီးသီးခွဲဝေ၍ ကြိုးပမ်းဆောင်ရွက်ကြရသည်။

၁၄-၁၂-၂၀၀၀ ရက်နေ့ ညနေ ၃:၃၀ အချိန်မှ စတင်လျက် ရွှေကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင် ၃၆၀၊ ကုမ္ပဏီဒါရိုက်တာနှင့် မိသားစုများ၊ စာရေးသူနှင့် တာဝန်ကျ ဝန်ထမ်း ၃ ဦးတို့သည် ရန်ကုန်အဲယားဝေးနှင့် အဲယားမန္တလေး လေယာဉ် ၇ စင်းဖြင့် အချိန်ခွဲ၊ လွှဲခွဲ၍ ပုဂံ-ညောင်ဦးသို့ ခရီးဆက်ကြသည်။ အချိန်စောရှ ကြိုတင်ရောက်ရှိသော စာရေးသူတို့အဖွဲ့က

လေဆိပ်မှနေ၍ ကြိုဆိုရေး ဟိုတယ်များ၌ နေရာချထားရေး စားသောက်ရေး ဖူးမြော်ကြည်ညိုရေးတို့ကို တာဝန်ခွဲဝေ ဆောင်ရွက်ကြရသည်။ လေဆိပ်မှ သာသနာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရေးဟောင်းသုတေသန ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ နောက်ဆုံး ၇ စင်းမြောက် လေယာဉ်ပျံသည် ပုဂံညောင်ဦး လေဆိပ်သို့ ည ၂၀း၅၀ အချိန်မှ ရောက်ရှိ ကြသည်။ ညဝိုင်းတွင် ဘုရားဖူးအဖွဲ့ဝင်များသည် ပြုပြင်မွမ်းမံပြီးစီးသည့် ဘုရား အမှတ် ၈၀၈ နှင့် မထေရ်ကြီး အုတ်ကျောင်းတို့ကို လှည့်လည်ဖူးမြော် လှူဒါန်းပူဇော်ကြသည်။

ရွှေဘုရားကျောင်းဆရာတော်၏ ဘုရားဖူးအဖွဲ့ကို အဝါရောင်၊ အပြာ ရောင်၊ အစိမ်းရောင်၊ အနီ+အပြူရောင်၊ လိမ္မော်ရောင်၊ ခရမ်းရောင်၊ ပန်းရောင်၊ အညို+မီးခိုးရောင် စသည်ဖြင့် အပေါ်ဖုံးအင်္ကျီအရောင်ခွဲ၍ အဖွဲ့ ၁၀ ဖွဲ့ခွဲပြီး ဖွဲ့စည်းပေးထားသဖြင့် အဖွဲ့အရောင်အလိုက် ဟိုတယ်၌ တည်းခိုနေရာချထားရေး စားသောက်ရေး၊ လေယာဉ် မော်တော်ယာဉ်ပို့ဆောင်ရေးတို့၌ စနစ်တကျ နေရာချထား ဆောင်ရွက်နိုင်၍ ဘုရားဖူးများအတွက် အဆင်ပြေမှု ရှိသည်။ အဓိကအားဖြင့် ရွှေဘုရားကျောင်းဆရာတော်ကြီးအား ကြည်ညိုလေးစားကြသူ များဖြစ်၍ ခရီးစဉ်တစ်လျှောက်လုံး ဆရာတော်၏ မိန့်မှာပြောကြားမှုအပေါ် လိုက်နာစောင့်ထိန်းကြသည်။ ရွှေကျောင်းဆရာတော်သည် စည်းရုံးဦးဆောင်မှု ပေးစွမ်းနိုင်သည့် ဘာသာရေးခေါင်းဆောင်တစ်ဦး ဖြစ်သည်။

၁၅-၁၂-၂၀၀၀ ရက်နေ့တွင် ဘုရားဖူးအဖွဲ့ကို အဖွဲ့လိုက်ခွဲ၍ ပုဂံ ယဉ်ကျေးမှုဒေသရှိ ဘုရားစေတီများ ဖူးမြော်လှူဒါန်းရန်နှင့် ဒေသဆိုင်ရာ စျေးများ၌ လေ့လာရေးတို့အတွက် ဈေးလမ်ညွှန်များ၊ ဒေသခံ ဒါယကာများ လိုက်ပါပြီး လှည့်လည်နိုင်ရန် စီစဉ်ပေးရသည်။ ညနေ ၄း၅၅ နာရီအချိန်မှ စတင်လျှက် ဘုရားဖူးအဖွဲ့ဝင်များသည် လေယာဉ်ပျံ ၇ စင်းဖြင့် အချိန်ခွဲ၊ အဖွဲ့ခွဲ၍ မန္တလေးမြို့သို့ ခရီးဆက်ကြသည်။ နောက်ဆုံး ၇ စင်းမြောက် လေယာဉ်ပျံသည် မန္တလေးလေဆိပ်သို့ ၂၀း၅၅ နာရီခန့်တွင် ဆိုက်ရောက်လာ သည်။

၁၆-၁၂-၂၀၀၀ ရက်နေ့ နံနက်စောစော အိပ်ရာမှ ထပြီး ရှမ်းပြည်နယ်

မြောက်ပိုင်း ဝက်ဝံမြို့လေးအနီးရှိ ပိတ်ချင်းမြောင်ဘုရားဖူးခရီးစဉ်အတွက် ပြင်ဆင်ကြရသည်။ နံနက် ၆း၁၅ အချိန်တွင် စတင်ထွက်ခွာကြရာ နံနက် ၉ နာရီအချိန်တွင် ပြင်ဦးလွင်မြို့သို့ ရောက်ရှိပြီး နံနက် ၉း၄၅ တွင် ပိတ်ချင်းမြောင်သို့ ရောက်ရှိကြသည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ စာရေးသူဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့သည် မဝေးကွာလှစွာ လုမ်းမျှော်ကြည့်ရှုပြီး သတိရမိသည်။ ဝက်ဝံမြို့လေးသည် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်း၏ ပြင်ဦးလွင်မြို့အနီးမှ နယ်စပ်မြို့လေး ဖြစ်သည်။ ထိုစဉ်က ပိတ်ချင်းမြောင်ဘုရားစေတီများ ထွန်းပေါ်မှု မရှိသေးပေ။ ယခုနောက်ပိုင်းကာလများတွင်မှ ပိတ်ချင်းမြောင်သဘာဝလိုဏ်ဂူနှင့် ဘုရားစေတီများကို တွေ့ရှိကြရပြီး တိုးချဲ့တည်ထားတော်မူသော စေတီ၊ ဘုရား၊ ရုပ်ပွားရုပ်တုများဖြင့် "ပိတ်ချင်းမြောင်ဘုရား" အဖြစ် ထင်ရှားလာကာ ဘုရားဖူးများဖြင့် စည်ကားလာခြင်းဖြစ်သည်။ လိုဏ်ဂူခေါင်မိုးပိုင်းမှ သဘာဝကျောက်ခက်၊ ကျောက်လက်များက ကျောက်ပန်းဆိုင်များသဖွယ် သွယ်တန်းကျနေသည်။ လိုဏ်ဂူအောက်ခြေရှိ သဘာဝစိမ့်စမ်းရေထွက်များမှ ထွက်ရှိသည့် ရေစင်များက ဖန်သားပြင်အလားမြင်ရသည်ကပင် စိတ်ဝယ်ကြည်လင်အေးချမ်းလှသည်။ ယင်းရေပြင်ပေါ်၌ အင်္ဂေပတ်လမ်းများကို သွယ်တန်းဖောက်လုပ်ထားသည်။ အင်္ဂေတလျှောက်လမ်းများမှနေ၍ လိုဏ်ဂူအတွင်းရှိ အုတ်ခုံမြင့်၊ ပလ္လင်တို့ဖြင့် တည်ထားသည့် ရုပ်ပွား၊ ရုပ်တု၊ စေတီများကို ရောင်စုံချယ်သထားသည့် ဗောဓိပင်တို့ဖြင့် ကြည်ညိုဖွယ် ဖူးမြော်ပူဇော်ကြရသည်။ လိုဏ်ဂူရှေ့တွင် အနားယူရန် အုတ်ခုံများ၊ ပိတ်ချင်းမြောင်လိုဏ်ဂူအတွင်း စိမ့်စမ်းရေထွက်မှ လျှံကျလာသည့် စမ်းရေများကလည်း တစ်ဆင့်နိမ့်စမ်းရေပြင်အဖြစ် မြင်တွေ့ရသည်။ တောရိပ်တောင်ရိပ်ဖြင့် အေးချမ်းသာယာသည့် သဘာဝသာသနာ့နယ်မြေအဖြစ် တည်ရှိနေလေပြီ။ ရှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့သည် ၁၁ နာရီခန့်တွင် ပိတ်ချင်းမြောင်မှ ပြန်လည်ထွက်ခွာကြပြီး ပြင်ဦးလွင်မြို့အဝင် ကုန်းတော်မြင့်ထက်မှ "မဟာအုံ့ထူးကံသာ" ရုပ်ရှင်တော်မြတ်ကြီးကို ဝင်ရောက်ဖူးမြော်ကြပြီး အလှူတော်ငွေ (၁၉၁၄ဝ/)ကျပ်ကို လှူဒါန်းပူဇော်ကြသည်။ စင်ကာပူ

ဘုရားဖူးအဖွဲ့နည်းတူ ပထမအကြိမ်အဖြစ် ဖူးမြော်ခွင့်ရရှိသည့်စာရေးသူအနေဖြင့် ရပ်ရှင်တော်မြတ်ကြီးကို ကြည်ညိုသဒ္ဓါစိတ်ဖြင့် ဖူးမြော်၍ ဆုမွန်ကောင်းများ တောင်းခဲ့သည်။ ပြင်ဦးလွင်မြို့တွင် နေ့လယ်စာ ထမင်းစားသောက်ကြပြီး ဆက်လက်ထွက်ခွာရာ မန္တလေးမြို့ မဟာမုနိရပ်ရှင်တော်သို့ ညနေ ၃ နာရီတွင် ပြန်လည်ရောက်ရှိကြသည်။

မဟာမုနိရပ်ရှင်တော်မြတ်ကြီး၌ စုပေါင်း၍ ဝတ်ပြုပူဇော်ကြပြီး မဟာမုနိရပ်ရှင်တော် ရှေထီးတော်ကြီးအတွက် ဘုရားဖူးအဖွဲ့ဝင် တစ်ဦးချင်းက တစ်ဦးလျှင် ရွှေစင်ရွှေပြား တစ်ချပ်၊ နှစ်ချပ်၊ သုံးချပ်၊ လေးချပ် စသည်ဖြင့် ကတ္တီပါအနီခင်းလင်ပန်းငယ်များပေါ်၌ တင်၍ ပေးအပ်လှူဒါန်းကြရာ မဟာမုနိရပ်ရှင်တော်၊ ရေတော်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တပညာဝံသ အမှူးပြုသော တာဝန်ရှိသူများက လက်ခံရယူကြသည်။ ရွှေဘုရားကျောင်းဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများက အလေးချိန် (၁၃၉၊ ၇၊ ၈ ရွေး) ရှိ ရွှေစင်ရွှေပြား ၆၆၁ ချပ်ကို ပေးအပ်လှူဒါန်းကြသည်။ ယင်းအပြင် ရွှေထည်ပစ္စည်းမျိုးစုံ ၄၄ ခု၊ ရွှေလက်စွပ် ၂ ကွင်းနှင့် ကျောက်စိမ်း ၁၉ကျပ်တို့ကိုလည်း ဆက်ကပ်လှူဒါန်းကြသည်။ ကြည်ညိုမှုသဒ္ဓါစွမ်းပကား ကြီးမားကြပေသည်။ ယင်းနောက် ရွှေဘုရားကျောင်းဆရာတော်နှင့် ဒေသခံဒါယကာများသည် ၁၇-၁၂-၂၀၀၀ ရက်နေ့ အရှေ့ထိုင်းတွင် ကျင်းပပူဇော်မည့် မဟာမုနိရပ်ရှင်တော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ရန် ကြိုတင်ခင်းကျင်းပြင်ဆင်ထားမှုများကို ရေတော်ဆရာတော်နှင့်အတူ လှည့်လည်ကြည့်ရှုကြသည်။ ထိုနည်းတူ ၁၇-၁၂-၂၀၀၀ ရက်နေ့ နံနက် ၇ နာရီတွင် မဟာအတုလဝေယန် အတုမရှိကျောင်းတော်ကြီးနှင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ကျင်းပမည့် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲအတွက် ကြိုတင်ခင်းကျင်းပြင်ဆင်ထားမှုများကိုလည်း သာသနာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုပြီး ဆွမ်း- ဆွမ်းဟင်းအတွက် ကြိုတင်ဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များနှင့် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်း အသီးသီးတို့မှ ပါဝင်ဆောင်ရွက်နေကြသူများအား အားပေးစကား

ပြောကြားခဲ့သည်။

၁၇-၁၂-၂၀၀၀ ရက်နေ့ အရှေ့ဘက်ဦးဌာ မန္တလေးမြို့မှ နိုင်ငံတော် သြဝါဒါ စရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ နှင့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ ပါဝင်သည့် သံဃာတော် အရှင်သူမြတ် ၁၀၀ ပါးတို့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် ဓမ္မသာဘင်သို့ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက စုပေါင်းကာ ဝတ်ပြု ကြည်ညိုကြသည်။ ယင်းနောက် မဟာအတုလ ဝေယန် အတုမရိုကျောင်းတော်ကြီးနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဝင်းအတွင်း နေရာများခွဲ၍ ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ် အပါး ၅၀၀၀ တို့အား ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အဖွဲ့ငယ်များ ခွဲကာ သက်နှံ၊ သံပိတ်၊ ဆွမ်း၊ ဆွမ်းဟင်း၊ အချိုရည်ဘူးနှင့် နဝကမ္မအလှူငွေ (အန်ပေါင်းအိတ်)တို့ကို အလှည့်ကျ လောင်းလှူ ဆက်ကပ်ကြသည်။ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များက အနီးကပ်ပံ့ပိုးကူညီ၍ ပါရမီဖြည့်ဆည်းပေးကြသည်။ ရွှေဘုရားကျောင်းဆရာတော်အမှူးပြုသော ဘုရားဖူးအဖွဲ့အား ညနေပိုင်း လေဆိပ်သို့ မဆင်းမီ အချိန်အတိ မန္တလေးမြို့၌ လေ့လာဖူးမြော်ရေးခရီးစဉ်အဖြစ် လှည့်လည်ပို့ဆောင်ပေးရသည်။ ညနေ ၃ နာရီအချိန်ခန့်မှ စတင်၍ လေယာဉ် ၇ စင်းဖြင့် အချိန်ခွဲ၊ အဖွဲ့ခွဲ၍ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။ ဒေသခံဒါယကာဒါရိုက်တာများ၊ စာရေးသူနှင့် ဝန်ထမ်းများက တာဝန်အသီးသီး ခွဲဝေလျက် ၇ စင်းမြောက် နောက်ဆုံးလေယာဉ်ပျံ ဆိုက်ရောက်လာသည့် ည ၉ နာရီအချိန်အထိ စောင့်ကြို၍ တာဝန်ယူဆောင်ရွက်ပေးကြရသည်။

၁၈-၁၂-၂၀၀၀ ရက်နေ့ နံနက်ပိုင်းတွင် စာရေးသူသည် ဒုတိယအသုတ်နှင့် တတိယအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ၁၃-၁၂-၂၀၀၀ ရက်နေ့တွင် ရောက်ရှိလာကြသည့် ရွှေဘုရားကျောင်းဘုရားဖူးအဖွဲ့ဝင်များ ကျောက်တန်း

ရေလယ်ဘုရားသို့ ဖူးမြော်နိုင်ရေးအတွက် ကြိုတင်သွားရောက်ပြီး လိုအပ်သည်များကို ဂေါပကအဖွဲ့နှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးရသည်။ ယနေ့ ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ၁၂-၁၂-၂၀၀၀ ရက်နေ့တွင် ပထမအသုတ်အဖြစ် ရောက်ရှိလာကြသော ဘုရားဖူးအဖွဲ့ဝင်များအား ဒေသခံ ဒါယကာဒါရိုက်တာများနှင့် တာဝန်ကျ ဝန်ထမ်းများက လှူခွဲ၍ ပို့ဆောင်ကြသည်။ ကျောက်တန်းရေလယ်ဘုရားမှအပြန်တွင် လေ့လာရေးခရီးစဉ်အရ ရန်ကုန်မြို့ပေါ်တွင် လှည့်လည်ကြည့်ရှုလေ့လာ ဖူးမြော်လှူဒါန်းမှု ပြုကြသည်။ ညဝိုင်းဌ်လေးဆူဓာတ်ပုံ ရွှေတိုဂုံစေတီတော်ရင်ပြင်၊ ရာဟုထောင့် အောင်မြေနေရာမှ ရွှေအုန်းကန်တော့ပွဲများ သစ်သီး၊ ပန်း၊ ရေချမ်း ဆီမီးတို့ဖြင့် ရွှေတိုဂုံစေတီတော်မြတ်ကြီးကို စုပေါင်းကာ ဝတ်ပြုပူဇော်ကြသည်။

၁၉-၁၂-၂၀၀၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းပုံမှန်လေယာဉ်ခရီးစဉ်နှင့် သီးခြားအပိုတစ်ခေါက်ခရီးစဉ်ဖြင့် ရွှေဘုရားကျောင်းဘုရားဖူးအဖွဲ့မှ ဒုတိယနှင့် တတိယအသုတ်ဘုရားဖူးများသည် စင်ကာပူနိုင်ငံသို့ ပြန်လည်ထွက်ခွာခြင်းဖြင့် သာသနာပြုအောင်ပွဲမင်္ဂလာ လှူဒါန်းပူဇော်ပွဲကြီးကို အောင်မြင်စွာ ပြီးဆုံးစေလေသည်။ ဒေသခံ ဒါယကာဒါရိုက်တာများနှင့် စာရေးသူတို့ကမူ ရွှေဘုရားကျောင်းဆရာတော်ကြီး၏ဆန္ဒနှင့် အညီ "သာသနာပြုအောင်ပွဲမင်္ဂလာ ကျေးဇူးတင်လွှာ"ဖြင့် ပူဇော်ပွဲကြီးနှင့် စပ်လျဉ်းသမျှ ကျေးဇူးတင်ထိုက်သူအပေါင်းတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းခြင်းဖြင့် ရွှေကျောင်းဆရာတော်၏ သာသနာပြုအောင်ပွဲမင်္ဂလာပွဲကြီးကို နိဂုံးကမ္ဘတ် အဆုံးသတ်နိုင်ခဲ့ကြလေသည်။

ပိဋကတ်သုံးပုံ လှူဒါန်းအစုံ

ရွှေဘုရားကျောင်းဆရာတော်သည် သာသနာပြုအောင်ပွဲမင်္ဂလာပူဇော်ပွဲကြီးသာ ပြီးဆုံးသွားသော်လည်း ခြေလှမ်းများ ဆက်လက်လှမ်းကြွဆဲ ဖြစ်သည်။ ၂၁-၁၂-၂၀၀၀ ရက်နေ့တွင်ပိဋကတ်သုံးပုံ ပါဠိမြန်မာပြန် စိဒိလုပ်ငန်းအတွက် တတိယအကြိမ်အဖြစ် ငွေကျပ် ၇၅ သိန်းကို ပေးအပ်လှူဒါန်းပြန်

သည်။ ပိုင်ရှင်ကတ်သုံးပုံပါဋ္ဌိတော် မြန်မာပြန်စီဒီလုပ်ငန်းအတွက် ၃ ကြိမ် စုစု ပေါင်း ပေးအပ်လှူဒါန်းငွေမှာ ငွေကျပ် ၁၃၅ သိန်း ဖြစ်သည်။ ယင်းနောက် ရွှေဘုရားကျောင်းဆရာတော်သည် ပြန်လည်ထွက်ခွာသွားပေသည်။

၂၅-၁၂-၂၀၀၀ ရက်နေ့မှ ၃၀-၁၂-၂၀၀၀ ရက်နေ့အတွင်း ဘုရားဖူး ခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော စင်ကာပူရွှေဘုရားကျောင်းဆရာတော် သည် ရခိုင်ပြည်နယ်၏ ရေးဟောင်းမြို့တော် မြောက်ဦးမြို့သို့ သွားရောက်ပြန် သည်။ ဗန္ဓုလကျောင်းတိုက်ရှိ စန္ဒမုနိရုပ်ရှင်တော်မြတ်နှင့် ဗုဒ္ဓဘုရားရှင်၏ စွယ်တော်ဓာတ်တော်များကို ဖူးမြော်ကြည်ညိုသည်။ မိမိတို့လှူဒါန်းငွေဖြင့် ဗိသုကာပညာရှင် ဦးထွန်းကျော်ဦးဆောင်သည့် ဆောက်လုပ်ရေးအဖွဲ့၏ စန္ဒမုနိ ဂန္ဓကုဋိတိုက်တည်ဆောက်ရန် စတင်ဆောင်ရွက်နိုင်မှုအခြေအနေကို ကြည့်ရှု အားပေးသည်။ ပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ စက္ကပါလအရှင်မြတ်နှင့် သာသနာရေးဆိုင်ရာများကို ဆွေးနွေးကြသည်။ ၂၀၀၀ ပြည့်နှစ် တစ်နှစ်တာ၏ နောက်ဆုံးကာလဖြစ်သည့် ဒီဇင်ဘာလ၌ ရွှေဘုရား ကျောင်း ဆရာတော်သည် တပည့်ဒါယကာ၊ ဒါယိကာမများကို ဦးဆောင်လျက် "သာသနာ့အောင်ပွဲမင်္ဂလာ" ပူဇော်ပွဲကြီးအပါအဝင် ကုသိုလ်ဒါနအဝဝတို့ကို အပြည့်အဝ လှူဒါန်းကာ နှစ်ဟောင်းကို နှုတ်ခွန်းဆက်၍ ၂၀၀၁ နှစ်သစ်ကို ကြိုဆိုခဲ့လေသည်။

မွေတော်ကက္ကူစေတီ ပြုပြင်ပြီ

ပြက္ခဒိန်နှစ်တစ်နှစ်သာ ကုန်ဆုံးကူးပြောင်းသွားသော်လည်း ရွှေကျောင်း ဆရာတော်၏ ကုသိုလ်တော်များမှာမူ နိဂုံးမှ နိဒါန်း နိဒါန်းမှသည် နိဂုံးစသည် ဖြင့် မကုန်ဆုံးနိုင်အောင်ပင် စဉ်ဆက်မပြတ် ရှိနေသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ကျောက်တစ်လုံးရှိ မွေတော်ကက္ကူ စေတီနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ရန် ပထမ အကြိမ် မတည်အလှူတော်ငွေကျပ် သိန်း ၄၀၀ ကို ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် အလှူငွေ ပေးအပ်ပွဲ ကျင်းပ၍ လှူဒါန်းခဲ့သည်။ သို့သော်

၂၀၀၀ ပြည့်နှစ်၊ မတ်လအတွင်း၌ မွေတော်ကဏ္ဍူဘုရားစေတီများကို စတင်ဖူးမြော်ခွင့်ရရှိသော ရွှေဘုရားကျောင်းဆရာတော်သည် ကြည်ညိုသဒ္ဓါစိတ်ဖြင့် နှစ်ကြိမ်မက ကြွရောက်ခဲ့သည်။

ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်များကို ဌာပနာ၍ ဘီစီ ၃၀၇ ခန့်က စတင်တည်ထားခဲ့သည့်ဘုရားစေတီများသည် ယခုအခါ နှစ်ပေါင်း ၂၀၀၀ ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ သဘာဝဘေးဒဏ်၊ လေဒဏ်တို့ကြောင့် ဘုရားစေတီများသည် ယိုင်လဲ ပြိုကွဲမှုများ ရှိခဲ့သည်။ သာသနိက အဆောက်အအုံများရှိ အမိုးသွပ်များ ဆွေးမြည့်ပျက်စီးလာသကဲ့သို့ သစ်သားထည်များသည်လည်း ဆွေးမြည့်လာသည်။ ဤအခြေအနေအတိုင်း ဆက်လက်ထားရှိမည်ဆိုပါက မကြာမီ ပြိုလဲနိုင်သည်။ သခင်ရသဘောတရားသည် မွေတော်ကဏ္ဍူဘုရားစေတီများကိုပင် လွတ်ငြိမ်းခွင့် မပေးနိုင်တော့ပါကလား။ မဖြစ်မနေ ပြုပြင်မွမ်းမံရန် လိုအပ်နေပြီ ဖြစ်သည်။ ဤသို့သော အခြေအနေကို မျက်မြင်ဖူးမြော်နေရသော ရွှေဘုရားကျောင်းဆရာတော်အဖို့ ပြုပြင်မွမ်းမံရန် သဒ္ဓါတရားများက ပြင်းပြစွာ ပေါက်ဖွားလာသည်။ ထို့ကြောင့်ပင် ဆရာဒကာပမာ ရင်းနှီးအကျွမ်းဝင်စပြုနေသည့်ပဒိုင်ုတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီအမှုပြုသော သက်ဆိုင်ရာ ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးကြသည်။ ဤသို့ဖြင့် ဆရာဒကာ ညီညွတ်စွာ အလှူငွေ ပေးအပ်ပွဲမကျင်းပသေးနိုင်ခင်ကပင် မွေတော်ကဏ္ဍူဘုရားစေတီများ၌ ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို စတင်နိုင်ခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ ညနေ ၅ နာရီအချိန်တွင် မွေတော်ကဏ္ဍူ၏ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ရန် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် တည်ဆောက်ရေးကော်မတီ နာယက အဘဦးအောင်ခမ်းထီ၏ ကွပ်ကဲဦးဆောင်မှုဖြင့် တည်ဆောက်ရေးကော်မတီသည် တည်ဆောက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြတော့သည်။ ထိုနည်းတူ ရွှေဘုရားကျောင်းဆရာတော်ကြီး၏ အလှူငွေဖြင့် ပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် ထပ်မံလှူဒါန်းနိုင်ရေးနှင့် မွမ်းမံပြီးစီးမည့်အချိန်ကာလ

ဆောင်ရွက်ရမည့် ကုသိုလ်တော်ပွဲများအတွက် ကြိုတင်စီမံဆောင်ရွက်မှုများကို စတင်ခဲ့တော့သည်။

စင်ကာပူ ပီနန် ခရီးတစ်တန်

၉-၄-၂၀၀၁ ရက်နေ့ နံနက် ၈ နာရီ အချိန်တွင် ရန်ကုန်မြို့. မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေယာဉ်ဖြင့် စာရေးသူတို့အဖွဲ့သည် စင်ကာပူနိုင်ငံသို့ ထွက်ခွာခဲ့သည်။ စင်ကာပူ ချန်ဂီလေဆိပ်သို့ ဒေသစံတော်ချိန် နေ့လယ် ၁း၄၁ အချိန်တွင် ရောက်ရှိကြသည်။ စာရေးသူတို့အဖွဲ့မှာ ညောင်ရွှေမြို့. နယ် အင်းလေးဒေသ ငါးဖယ်ချောင်ကျောင်းတိုက် ဆရာတော် (ကြောင်ခုန်ကျောင်း) ဘဒ္ဒန္တကိတ္တိမာဝံသ၊ ဘဒ္ဒန္တဝေပုလ္လ သီရိ အပါအဝင် ဆရာတော်သုံးပါး၊ ဆရီအေးရှ ခရီးသွားကုမ္ပဏီ ဒါရိုက်တာဦးလှသိန်း၊ မန်နေဂျာ စာရေးသူနှင့် ဘုရားဖူးအဖွဲ့ဝင်များ ပါဝင်ကြသည်။

ညနေ ၄ နာရီတွင် စင်ကာပူနိုင်ငံ မြန်မာကျောင်းတိုက် ဆရာတော် (ပြည်ပသာသနာပြု) ဘဒ္ဒန္တ ဦးပညာဝံသ၊ ဘဒ္ဒန္တ ဦးတိလောကနှင့် ရဟန်းတော်များကို သွားရောက်ဖူးမြော် လှူဒါန်းမှု ပြုကြသည်။

နောက်နေ့ နံနက် ၉ နာရီတွင် မော်တော်ယာဉ်ဖြင့် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံ နယ်စပ်ကို ထွက်ခွာကြသည်။ မလေးရှားနိုင်ငံမှ မော်တော်ယာဉ်ဖြင့် မလက္ကာမှတစ်ဆင့် ညနေ ၃း၃၀ အချိန်တွင် မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူမြို့သို့ ရောက်ရှိကြသည်။ ယင်းမြို့မှတစ်ဆင့် တောင်ပေါ်စခန်းမြို့. ဖြစ်သည့် "ဂျင်တင်းဟိုင်းလင်း" တောင်ပေါ်စခန်းသို့ "ကေဘယ်" ကားဖြင့် တက်ရောက်ကြသည်။ "ကာစီနိုလောင်းကစားဝိုင်းကြီး" ကို အဓိကပြုလျက် လူကြီးလူငယ်များအတွက် ကစားနည်းမျိုးစုံ၊ နိုက်ကလပ်၊ တေးဂီတ စသည့် စားသောက်ဆိုင်များဖြင့် အထူးစည်ကားနေသည်။ ညနှင့်နေ့ အိပ်သည်ပင် မရှိဟု ဆိုရပေမည်။

နောက်တစ်နေ့ ၈း၃၅ နာရီတွင် မြန်မာနိုင်ငံမှ လူသိများသည့် ပီနန်မြို့သို့ ခရီးဆက်ကြသည်။ ဦးစွာပီနန်မြို့ မြန်မာကျောင်းဆရာတော် ဦးခေမိန္ဒ

အား စုပေါင်းဖွဲ့မြောက်ကြသည်။ စင်ကာပူနိုင်ငံ မြန်မာကျောင်းဆရာတော် (ကမ္ဘာ သာသနာပြု)ဘဒ္ဒန္တပညာဝံသသည် မလေးရှားကျွန်း၌ ဗုဒ္ဓသာသနာတော်ကြီး ဆက်လက်တွန်းကားနိုင်ရေးအတွက် ပီနန်မမြို့ကာရာမကျောင်းတိုက် မျိုးစေ့မှ တစ်ဆင့် မျိုးပွားအောင်မြင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဆင်ကလေး နှစ်ကောင်ရပ်တုနှင့် မြန်မာဘုန်းတော်ကြီးကျောင်းကို အစဉ်ကြည်ညိုနေမည် ဖြစ်ပါတော့သည်။ တရုတ်ကျောင်းများ၊ တောင်ထိပ်ပိုင်းမှ ကြီးမားလှသည့် "ကွမ်ယင်မယ်တော်"ရုပ်တုတော်ကြီးကို မြင့်မြင့်မားမား အသွင်ဖြင့် တွေ့မြင်ရ သည်။

၁၃-၄-၂၀၀၁ ရက်နေ့သည် မြန်မာသင်္ကြန်အကြိုနေ့ ဖြစ်သည်။ ပီနန်မှ ပြန်လည်ထွက်ခွာခဲ့ရာ နေ့ဝ၂း၄၅ အချိန်မှာ ကွာလာလမ်ပူမြို့တော်သို့ ရောက်ရှိကြသည်။ နာမည်ကြီး "ကေအယ်စီစီ အမြှောမျှော်စင်"နှင့် စျေးကြီး များကိုလည်း လေ့လာကြသည်။ ၁၄-၄-၂၀၀၁ ၌ ကွာလာလမ်ပူမြို့ရှိ ဘုရင့် နန်းတော်၊ လွတ်လပ်ရေးပန်းခြံတို့ကို လှည့်လည်လေ့လာပြီး မလက္ကာမှတစ်ဆင့် စင်ကာပူနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။ ၁၅-၄-၂၀၀၁ ရက်နေ့ နံနက်ပိုင်း တွင် "ကျွန်ုပ်"ငှက်ဥယျာဉ်၊ စင်ကာပူ "မောင့်ဗေဘာ"မှတစ်ဆင့် ကေဘယ်ကား ဖြင့် "ဆန်တိုဆာ"ကျွန်းသို့ သွားရောက်လေ့လာရာ ညပိုင်းအချိန်ကျမှ ပြန်ခဲ့ကြ ရသည်။

၁၆-၄-၂၀၀၁ ရက်နေ့ နံနက်တွင် မြန်မာနိုင်ငံသားများနှင့် မြန်မာဆိုင် များ ရှိသည့် "ပင်နီဆူလာ ပလာဇာ"၊ "ဆီရန်ကုန် ပလာဇာ"စျေးကြီးများကို လှည့်လည် ကြသည်။ နေ့ပိုင်းတွင် ရှေ့ဘုရားကျောင်းတော်ကြီး၌ ဆရာတော် ရှိဖာဇော့ကို စုပေါင်းလှူဒါန်းပူဇော်မှု ပြုကြသည်။ ဆရာတော်က သြဝါဒစကား မိန့်ကြားသည်။ ဆရာတော်၏ကျောင်း၌ အသက်လွတ်နေ့လယ်စာကို ကျွေးမွေး သည်။ ရှေ့ကျောင်းခန်းမဆောင်ကြီး၏ နောက်ခံစင်မြင့်ပေါ်၌ မဟာယာန လက် ရာမြောက် ဗုဒ္ဓဘုရားရင် ရုပ်ပွားတော်မြတ်ကြီးတစ်ဆူကို ရှေ့ရောင်တဝင်းဝင်းဖြင့် ကြည်ညိုဖွယ် ဖူးမြော်ကြည်ညိုခဲ့ရပါသည်။ ဘုရားဖူးညှော့သည်အများစုက စျေးဝယ်ထွက်ကြသည်။ ရှေ့ကျောင်းဆရာတော် ဦးဆောင်လျက် မစ္စတာဆိုင်မွန်

နှင့် ငဖယ်ချောင်ကျောင်းဆရာတော် နှစ်ပါးတို့သည် ကားငယ်နှစ်စီးဖြင့် ဆရာတော်နှင့်အဖွဲ့က တည်ထောင်ထားသည့် "မေတ္တာတော် အသင်းကြီး" "METTA WELFARE ASSOCIATION" အဆောက်အအုံသို့သွားရောက်ကြသည်။ အဆောက်အအုံမှာ အထပ်မျှားပါရှိသည့် အုတ်တိုက်အဆောက်အဦးကြီး ဖြစ်သည်။ မီးဖိုခန်း၊ စားသောက်ခန်း၊ ညှဉ့်ခန်း၊ ကွန်ပျူတာခန်း၊ သင်ကြား ထောက်ကူအခန်း စသည်များကို ဆရာတော်က ဓာတ်လှေကားများဖြင့် ပို့ ဆောင် ပြသပေးသည်။ အဖက်ဖက်၌ လိုသေးသည် မရှိ စီစဉ်ထားမှုမှာ စနစ်ကျလှသည်။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ပိုလီယိုကလေးငယ် များကို အနီးကပ် ဆောင်ရွက်ပေးနေကြသည့် ပြုစုရေးလုပ်ငန်းများ၌ ဒေသခံ များနှင့်အတူ မြန်မာနိုင်ငံမှ အမျိုးသမီးငယ် နှစ်ဆယ်ခန့်ရှိပေသည်။ ခန်းမဆောင် တွင် ရွှေကျောင်းဆရာတော်နှင့် သံယာတော်များကို စုပေါင်းကန်တော့ကြသည်။ ယနေ့သည် မြန်မာသင်္ကြန်အတက်နေ့ဖြစ်ကြောင်း ရွှေကျောင်းဆရာ တော် သိရှိသွားသည်။ ဆရာတော်က လာမည့်နှစ်တွင် သင်္ကြန်ကဲ့သို့ ထူးခြားသည့်နေ့ များကို ကြိုတင်ပြောကြားရန်နှင့် ပါဝင်ဆင်နွှဲနိုင်အောင် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း မိန့်ကြားသည်။ ရွှေကျောင်းဆရာတော်ကြီးကို သက်ကြီးရွယ်အို မသန်စွမ်းသူများ၊ ပိုလီယိုလူငယ်များက ခင်မင်ရင်းနှီးမှုအပြည့်ဖြင့် နှုတ်ဆက် ဂါဝရပြုကြသည်။ ဆရာတော်ကလည်း ဖက်လဲတကင်းဖြင့် မေတ္တာပို့သပေးသည်။ ငွေကြေးလည်း တတ်နိုင်၊ စေတနာကလည်း အပြည့်မို့ ပြုစုခံရသူများအတွက် ကုသိုလ်ကံ ကြီးမားလှပေသည်ဟု ဆိုရပေမည်။

၁၇-၄-၂၀၀၀ ရက်နေ့တွင် အချိန်လှ၍ မြန်မာပြည်ပြန် ခရီးအတွက် ပြင်ဆင်ကြရသည်။ စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်မှ လေယာဉ်ထွက်ခွာခဲ့ရာ မြန်မာစံတော်ချိန် မွန်းလွဲ ၂၅၅၀တွင် မင်္ဂလာဒုံ လေဆိပ်သို့ ပြန်လည်ရောက်ရှိ၍ ၉ ရက်ကြာ ရန်ကုန်၊ စင်ကာပူ၊ မလေးရှားဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်ကြီး သည် အောင်မြင်စွာ ပြီးဆုံးခြင်းသို့ ရောက်ရှိခဲ့သည်။

ယင်းဘုရားဖူးခရီးစဉ်၌ ပါဝင်ခဲ့သည့် အင်းလေးဒေသ ငဖယ်ချောင်

ကျောင်း ဆရာတော်ကြီး အပါအဝင် ဆရာတော် သုံးပါးအတွက် အရပ်ရပ် ကုသိုလ်ကုန်ကျစရိတ် ယူအက်စ်ဒေါ်လာ ၂၅၀၀ ကို ရွှေကျောင်းဆရာတော်က ကုန်ကျခံပါသည်။

ထိုသို့သောကာလတာအတွင်း မြန်မာနိုင်ငံသို့ ဘုရားဖူးခရီးစဉ်ဖြင့် ကြွရောက်စဉ် ရွှေဘုရားကျောင်းဆရာတော်သည် ၅-၇-၂၀၀၁ ရက်နေ့၌ လွမ္ဘဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမျိုးသမီး အသက်မွေး အတတ်ပညာသင်ကျောင်းနှင့် အမျိုးသမီးလေးများ၌ လိုအပ်သော စက်ကြီး ပန်းထိုးစက်၊ သိုးမွေးထိုးစက်၊ မော်တာ၊ ကွန်ပျူတာ စသည့် စက်ပစ္စည်းများ ဝယ်ယူနိုင်ရန် အလှူငွေကျပ် သိန်း ၃၀ ၊ ၃၀-၅-၂၀၀၁ ရက်နေ့၌ ပြည်မြို့ ရွှေဆံတော်စေတီ၌ အလှူငွေကျပ် ၁၅ သိန်း၊ ၄-၆-၂၀၀၁ ရက်နေ့၌ ဇလွန်မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားတွင် အလှူငွေကျပ် ၁၀ သိန်း၊ နာဂ လိုဏ်ဂူကလေးဝကျောင်း၌ အလှူငွေကျပ် ၁၅ သိန်းနှင့် ၅-၆-၂၀၀၁ ရက်နေ့တွင် အမရပူရမဟာဂန္ဓာရုံကျောင်း၌ အလှူငွေကျပ် ၃ သိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းခဲ့သည်။

၂၀၀၁ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ပုလဲရတနာလမ်းရှိ နိကာယ်စာသင်တိုက်ကြီး၌ အလှူငွေ ပေးအပ်ပွဲအခမ်းအနား တစ်ရပ် ကျင်းပ၍ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့. ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကမြင့်ခြုံဆရာတော် ဘဒ္ဒန္တသောဘိတနှင့်ဆရာတော်ကြီး များ ရေးမှောက်၌ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမ များက နိကာယ်စာသင်တိုက်အတွင်း၌ တည်ဆောက်ဆဲ စင်ကာပူကျောင်းဆောင် ; သစ်အတွက် ဒုတိယအကြိမ် အလှူတော်ငွေ ကျပ်သိန်း ၇၀၊ မွေတော်ကက္ကူ ဘုရားနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရန်အတွက် ဒုတိယ အကြိမ် လှူဒါန်းငွေ ကျပ် သိန်း ၃၂၀ နှင့် ရှမ်းပြည်နယ်၊ အင်းလေးဒေသ

ငဖယ်ချောင်ကျောင်း လျှပ်စစ်မီးဆက်သွယ်နိုင်ရန်အတွက် အလျှင်ငွေ သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)က လက်ခံရယူပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များအား ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။ အထူးသဖြင့် မွေတော်ကဏ္ဍုဘုရားနှင့် သာသနိကအဆောက်အုံများ ပြုပြင်မွမ်းမံရေးအတွက် ဒုတိယအကြိမ် လှူဒါန်းငွေ ပေးအပ်နိုင်ခြင်းသည် ပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများကို အရိုန်အဟုန် တိုးတက်မြင့်မားစေသည်။ ရလဒ်အဖြစ် ၂၄-၉-၂၀၀၁ ရက်နေ့တွင် မွေတော်ကဏ္ဍုဆုတောင်းပြည့် အသောကစေတီ အာရုံခံတန်ဆောင်းလေးခု၌ အထွတ်တင် ရွှေထီးတော်ကို ကပ်လှူပူဇော်နိုင်ကြသည်။

ထိုနည်းတူ ရှေဘုရားကျောင်းဆရာတော်သည် မွေတော်ကဏ္ဍုစေတီများ ပြုပြင်မွမ်းမံတည်ဆောက်မှု "သာသနာပြုအောင်ပွဲမင်္ဂလာအခမ်းအနားကြီး" ကို အထူးထူးအဖုံဖုံသော အစီအစဉ်များ၊ ကုသိုလ်တော်များဖြင့် ထူးထူးကဲကဲ ခမ်းခမ်းနားနား စီစဉ်လှူဒါန်းလိုသည့်အလျောက် ပြုပြင်မွမ်းမံတည်ဆောက်မှု လုပ်ငန်းများနှင့်အပြိုင် ဆိုသကဲ့သို့ နိုင်ငံတော်အကြီးအကဲများထံ တင်ပြလျက် သာသနာရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနများ၊ တည်ဆောက်ရေးကော်မတီ နာယက အဘဘုံးအောင်ခမ်းထိန်နှင့် ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းလျက် ပူဇော်ပွဲကြီးဆိုင်ရာ အစီအမံများကို အချိန်မီ စီမံမှု ပြုသည်။ ဒေသခံဒါယကာများ ဖြစ်ကြသည့်ဒါရိုက်တာအဖွဲ့ဝင်များနှင့် စာရေးသူတို့ ကလည်း အနီးကပ်လိုအပ်သမျှကို ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ကြရသည်။ ရှေဘုရားကျောင်းဆရာတော်၏ ကုသိုလ်တော်အစီအမံများက လျှော့သွားသည်မရှိ တစ်စတစ်စတိုး၍နေသည်။ ဤသည်တို့ကို လစ်ဟာမှု မရှိအောင်ဘက်ပေါင်းစုံမှ အချိန်လုပ်၍ စီစဉ်ဆောင်ရွက်ကြရသည်။ လုပ်ငန်းတာဝန်တွေကများ၊ အချိန်နာရီတွေက အကုန်မြန်၊ ဆရာတော်၏ မြန်မာနိုင်ငံခရီးစဉ်များက လွန်းပျံ့ဟု တင်စားရပေမည်။ ထိုထိုသော လုပ်ငန်းများအကြားမှပင် (၂၂-၆-၂၀၀၁) ရက်နေ့၌ မိတ္ထီလာ၊ ဝမ်းတွင်းရှိ ရေဝင်ဒေသများအတွက် အလှူငွေကျပ် သိန်း(၂၀) ထောက်ပံ့လှူဒါန်းသည်။

မန္တလေးမြို့၊ မဟာမုနိရေတော်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဝံသ အမှူးပြုလျက် တည်ထားပူဇော်အပ်သည့် မဟာမုနိရပ်ရှင်တော် ဘုံမြင့်ရှေထီးတော်ကြီးအတွက် ရှေကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ရှေထီးတော်၊ စိန်ဖူးတော်၌ ပူဇော်ရန် (၇) ရတီရှိ စိန်တစ်ပွင့်၊ ချိတ်ဆွဲရန် ရွှေသားဘောင်ပါရှိသော အလေးချိန် (၁၆ ိ/ဂဲ/၁ရွေး)ရှိရွှေဒဂါး (၁၂)ပြား၊ ငွေဒဂါး (၁၂)ပြား အလေးချိန် (ို/ ့)သားရှိ ရွှေဆည်းလည်း (ခေါင်းလောင်း) (၂)လုံး၊ မြကျောက် (၁)ပွင့်နှင့် ကျောက် စိမ်းဆွဲပြား (၁)ခု တို့ကို ဆက်လက်လှူဒါန်းပူဇော်ကြသည်။

အောင်ပွဲမဂ်လာ ဆင်ယင်ကာ

ဤသို့ဖြင့် ယခင်နှစ်များနည်းတူ ၂၀၀၁ ခုနှစ်၏ နောက်ဆုံးလဖြစ်သော ဒီဇင်ဘာလတွင် မွေတော်ကဂ္ဂျာဘုရားစေတီနှင့် သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံပြီးစီးသည့်အထိမ်းအမှတ် "သာသနာပြု အောင်ပွဲမဂ်လာ" ပွဲကြီးကို (၁၅-၁၂-၂၀၀၁) ရက်နေ့တွင် ရွှေဘုရား ကျောင်းဆရာတော်အမှူးပြုသော ဒေသခံဆရာတော်များ၊ ကျောက်တစ်လုံး ဒေသ-ဒေသခံ ဒါယကာများပါဝင်သော ပင့်ဆောင်ရေးအဖွဲ့က စက်ပူနှိုင်ငံ မှတစ်ဆင့် သီရိလင်္ကာနိုင်ငံ ဓာတ်တော်တိုက်ဆရာတော်ကြီးများနှင့်အတူ ပင့်ဆောင်လာသည့် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်များအား မဂ်လာခုံ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလေယာဉ်ကြီးဖြင့် ပင့်ဆောင်ရောက်ရှိလာသည်ကို ကြိုဆိုပူဇော်မှုအခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့လေသည်။

၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့ နံနက်(၁၀း၃၀) အချိန်သည်ကား ဆောင်းရာသီကာလဖြစ်၍ အေးချမ်းသာယာနေသည်။ မဂ်လာခုံ အပြည်ပြည်ဆိုင်ရာလေဆိပ်ခန်းမဆောင်၌ ကြိုဆိုရေးအဖွဲ့ဝင်များဖြစ်ကြသည့် သာသနာတော်ထွန်းကားပြန့်ပွားရေဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ လောကချမ်းသာအဘယလာဘမှန် ရုပ်ပွားတော်ကြီး တည်ဆောက်ရေးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ ဝတ်အသင်းအဖွဲ့များ ပဒိုင်ုတိုင်းရင်းသားများ သီရိလင်္ကာနိုင်ငံမှ ရောက်ရှိနေကြသော ယဉ်ကျေးမှုအဖွဲ့ဝင်များ ဒေသခံ ဒါယကာဒါရိုက်တာများ

စာရေးသူနှင့် တာဝန်ကျဝန်ထမ်းများသည် သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်လာသည့် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်များကို ကြိုဆိုရန် ကြိုတင်၍ ရောက်ရှိနေကြသည်။

နံနက် (၁၁:၃၀)နာရီအချိန်တွင် လေယာဉ်ဆိုက်ရောက်လာသည်။ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်များကို လေယာဉ်ပေါ်မှ စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာရှေကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဗင်ရိဟာဇော့နှင့် မွေတော်ကက္ကူစေတီ တည်ဆောက်ရေးနာယက ပဒိုင့်တိုင်းရင်းသားခေါင်းဆောင် အာဘဦးအောင်ခမ်းထိတို့က ပင့်ဆောင်ကြသည်။ ကြိုဆိုရေးအဖွဲ့ဝင်များက ဆီးကြိုပူဇော်ကြသည်။ ဝတ်အသင်းအဖွဲ့များက လျှောက်လမ်း၏ ဝဲ-ယာနှစ်ဘက်မှ ဝတ်ရွတ်စဉ်များ ရွတ်ဆိုပူဇော်ကြသည်။ ဆက်လက်၍ ဓာတ်တော်များကို ပန်းရထားကြီးအသွင် မွမ်းမံပြင်ဆင်ထားအပ်သည့်ပင့် ဆောင်ရေးယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ယာဉ်ထိန်းရဲဆိုင်ကယ်၏ ဦးဆောင်လမ်းပြမှုဖြင့် ဆော်သြရေးယာဉ်၊ စည်တော်အဖွဲ့ယာဉ်၊ ဓာတ်တော်ပင့်ဆောင်ရေးယာဉ်၊ သီရိလင်္ကာနိုင်ငံမှ ယဉ်ကျေးမှုအတီးအမှုတ်အဖွဲ့၊ စင်ကာပူဒုလ္လဘရဟန်းတော်များ၊ သီရိလင်္ကာနှင့် နီပေါနိုင်ငံတို့မှ ဆရာတော်သံယာတော်များ၊ ညီသည်တော်များ လိုက်ပါလာကြသည့် မော်တော်ယာဉ်ကြီးများ၊ ဒါယကာ၊ ဒါယိကာမများ လိုက်ပါလာကြသည့် မော်တော်ယာဉ် စုစုပေါင်း (၁၁)စီးပါဝင်သည့် ယာဉ်တန်းဖြင့် ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်သို့ ပင့်ဆောင်ရာ လမ်းဘေးဝဲယာတစ်လျှောက်မှ ဝတ်အသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပြည်သူများက ကြည်ညိုဖူးမြော်ကြသည်။

မင်းဓမ္မကုန်းတော်ရှိ အာဘယလာဘမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိသို့ ဗုဒ္ဓဘုရားရှင်၏ဓာတ်တော်များ ပင့်ဆောင်ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် ပူဇော်ပွဲအခမ်းအနားကို စတင်ကျင်းပသည်။ ဦးစွာသီရိလင်္ကာနိုင်ငံ ဓာတ်တော်ပင့်ဆောင်ရေးအဖွဲ့က ဓမ္မတေးများဖြင့် ပူဇော်ကြသည်။ဆက်လက်၍ အာဘယလာဘမုနိရုပ်ရှင်တော်ရှေ့ပေါက အမှန်နာယကက

ဦးရိန်အောင်ဗိုလ်နှင့် ဝတ်အသင်းများက ပန်း ရေချမ်း ဆီမီးတို့ဖြင့် ဆက်ကပ်လျှောက်ထားပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား လျှောက်ထားပွဲယ်ပစ္စည်းများ ဆက်ကပ်လျှောက်ထားကြသည်။

ယင်းနောက် ရွှေဘုရားကျောင်းဆရာတော်က ဓာတ်တော်များ ပင့်ဆောင်ရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် "မြန်မာနိုင်ငံရှိ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး၏ သာသနာ့ဦးသျှောင်ဖြစ်တော်မူသော နိုင်ငံတော်သံယမဟာနာယကအဖွဲ့. ဥက္ကဋ္ဌဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများအား ဦးထိပ်ထားလျက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် သံယနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ သီရိလင်္ကာနိုင်ငံမှ ကြွရောက်တော်မူလာသည့် သာသနာပိုင်ဆရာတော်ဘုရားကြီးအမျိုးပြုသော ဆရာတော်များ၊ နီပေါနိုင်ငံမှ ကြွရောက်တော်မူလာကြသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ စင်ကာပူနိုင်ငံမှ ကြွရောက်တော်မူလာကြသော သီတင်းသုံးဖော်များ၊ စက်ပူနိုင်ငံမှ သာသနာ့ဘောင်သို့ ဝင်ရောက်တော်မူလာကြသော ရဟန်း ၊ ရှင်သာမဏေများ၊ သာသနာရေးဝန်ကြီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ ပဒေသာ်တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် ပဒေသာ်တိုင်းရင်းသားများ၊ ဗုဒ္ဓဘာသာဝင်အပေါင်းတို့နှင့် တွေ့ဆုံခွင့်ရရှိတဲ့အတွက် ဝမ်းမြောက်ဝမ်းစာ ပီတိအဖြာဖြာဖြစ်ပေါ်ရပါကြောင်း၊ ယနေ့ ကောင်းမြတ်သော မင်္ဂလာအချိန်မှာ ဆရာတော်သံယာတော်များနဲ့ ဗုဒ္ဓဘာသာဝင်သူ တော်စင်အပေါင်းတို့သည် လောကီ၊ လောကုတ္တရာနစ်ဖြာတို့ကို ကျင့်ကြံပွားများကာ ပါရမီတော်များ အတူတကွ ဖြည့်ဆည်းခဲ့ကြသည့် ကုသိုလ်တော်ရင် မျှားဖြစ်ကြ၍ ယခုကဲ့သို့ သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓဘုရားရင်၏ ဓာတ်တော်များကို အာဘယလာဘမုနိကျောက်တော်ကြီး ရုပ်ရှင်တော်မြတ်ကြီး၏ ရင်ဌေ့တော်ကို ခိုလှုံပူဇော်ခွင့်ရရှိခြင်းဖြစ်တယ်လို့ ယုံကြည်မိပါတယ်။ ဤအကျိုးဆက်ကြောင့် ကြည်လင်အေးမြသည့် မေတ္တာဓာတ်တို့သည် မြန်မာနိုင်ငံသား သူတော်စင်အများနှင့် နိုင်ငံတစ်ဝန်းသို့ လွှမ်းခြုံသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသို့ ရောက်ရှိခိုက် ဗုဒ္ဓဘာသာဝင် သူတော်

စင်များကို နေရာအနှံ့ဌ တွေ့မြင်ရတဲ့အတွက် ဘုန်းကြီးအနေဖြင့် မျှားစွာပီတိ သဒ္ဓါများ ဖြစ်ပေါ်ခဲ့စားရပါတယ်။ ယခုမျက်မှောက်ခေတ်ကာလမှာပင် မြန်မာနိုင်ငံသူနိုင်ငံသား အပေါင်းတို့သည် ထူးကဲတဲ့ဉာဏ်ပညာနှင့် စွမ်းဆောင်မှုတို့ကြောင့် တိုင်းပြည်၏ အခြေအနေအရပ်ရပ်တို့သည် တစ်နေ့တခြား တိုးတက်ကောင်းမွန်လာသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာ တွေ့မြင်ကြရပါတယ်။ ဆက်လက်ပြီး ဆထက်ထမ်းပိုး တိုးတက်ဖွံ့ဖြိုးပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ဘုရား ဟု ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနဝန်ကြီးကိုယ်စား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့လေသည်။

ယင်းနောက် ဗုဒ္ဓဘုရားရှင်၏ဓာတ်တော်များကို ခေတ္တကိန်းဝပ်စေတော်မူပြီး ဓာတ်တော်တစ်ဆူကို ပင့်ဆောင်ရေးယာဉ်ပေါ်သို့ ပြန်လည်ပင့်ဆောင်ကာ ယာဉ်တန်းဖွဲ့စည်းမှုအစဉ်အတိုင်း ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီးသို့ ဆက်လက်ပင့်ဆောင်ကြသည်။ နိကာယ်စာသင်တိုက်မှခဉ္စီးမှ ဝတ်အသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများက ဂါရဝပြုကြိုဆိုလျက် ဓာတ်တော်ကိန်းဝပ်စံပယ်တော်မှ မည့်သိမ်တော်ကြီးအတွင်းသို့ ရှေကျောင်းဆရာတော်က ပင့်ဆောင်တော်မူသည်။

ညနေ (၃) နာရီအချိန်တွင် ဓာတ်တော်ပူဇော်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယကနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတအမှူးပြုသော သံဃာတော်အရှင်သူမြတ်များ၊ ရှေဘုရားကျောင်းဆရာတော်နှင့် သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံတို့မှ ဆရာတော်သံဃာတော်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကြိုဆိုရေးအဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များနှင့်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားဖွင့်လှစ်ပြီးနောက် အဆိုတော်ဒေါ်ရီရီသန့်က ဓမ္မတေး ရတုပိုဒ်စုံဖြင့် သီဆိုပူဇော်သည်။ ဆက်လက်၍ ဆရာတော်များအား လှူဖွယ် ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ရှေကျောင်းဆရာတော်က ဥက္ကဋ္ဌဆရာ တော်ကြီးထံ မြတ်ဗုဒ္ဓ၏ ဓာတ်တော်တစ်ဆူကို ဆက်ကပ်လှူဒါန်းကာ အခမ်း အနားကို ရှုပ်သိမ်းခဲ့သည်။

မင်းဓမ္မကုန်းတော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓဘုရား ရှင်၏ ဆံတော်တစ်ဆူသည် မင်းဓမ္မကုန်းတော်၌ တစ်ညတာကိန်းဝပ်ကာ အဘယလာဘမုနိရုပ်ရှင်တော်မြတ်ကြီး၏ ရင်ငွေ့တော်ကို ခိုလှုံပြီး ဒီဇင်ဘာ လ (၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသမှ တစ်ဆင့် တောင်ကြီးမြို့နယ် မွေတော်ကကျွေးဘုရား၌ ပူဇော်ရန် လေကြောင်း ခရီးဖြင့် ပင့်ဆောင်ကြွချီတော်မူမည်ဖြစ်သည်။

ရှေဘုရားကျောင်းဆရာတော်သည် မိမိတို့လှူဒါန်းငွေကျပ်သိန်း (၇၂၀) ဖြင့် ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးသည့် မွေတော်ကကျွေးဘုရားနှင့် သာသနိက အဆောက်အအုံများ ဗုဒ္ဓါဘိသေက အနေကဇာတင်သာသနာပြု အောင်ပွဲ မင်္ဂလာပွဲကြီး၌ ထူးထူးကဲကဲ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်နှင့် မဟာ ဗောဓိပင်ကို ကိန်းဝပ်စံပျော်ပူဇော်ထားရှိရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်နှင့် မဟာဗောဓိပင်ကို ကျောက်တစ်လုံး ဒေသခံဆရာတော် ကြီး သုံးပါး၊ မန္တလေးကျားပျံ ပိဋကတ်တိုက်ကျောင်းမှ နှစ်ပါး၊ မွေတော်ကကျွေး ဘုရားပြုပြင်တည်ဆောက်ရေးကော်မတီနာယကနှင့် ဂေါပကအဖွဲ့ဝင် ငါးဦး သာသနာရေးဝန်ကြီးဌာနမှ နှစ်ဦး၊ ဒါယကာ၊ ဒါယိကာမ သုံးဦး အပါအဝင် ပင့်ဆောင်ရေးအဖွဲ့ဝင် (၂၀) ဦးတို့က ရှေဘုရားကျောင်းဆရာတော်ကြီး၏ ဦးဆောင်စီစဉ်မှုဖြင့် သီရိလင်္ကာနိုင်ငံသို့ သွားရောက်၍ ပင့်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။ ယင်းပင့်ဆောင်ရေးအဖွဲ့ဝင်များ၏ ကုန်ကျစရိတ်အဝဝကို ရှေကျောင်း ဆရာတော်က တာဝန်ယူ ကုသိုလ်ပြုခဲ့သည်။ ယင်းပင့်ဆောင်ရေးအဖွဲ့ဝင် ဆရာတော်သံယာတော် ငါးပါး အပါအဝင် ပုဂ္ဂိုလ် (၁၅) ဦး စုစုပေါင်း ပင့်ဆောင်ရေးအဖွဲ့ဝင် (၂၀) ဦးတို့၏ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ (၁၇၈၀၃) ဒေါ်လာ ဖြစ်ပါသည်။ ထိုနည်းတူ သီရိလင်္ကာနိုင်ငံမှ သာသနာပိုင်

ဆရာတော်အမှူးပြုသော သံယာတော်များ၊ ယဉ်ကျေးမှုအတီးအမှုတ်အဖွဲ့၊ နီပေါနိုင်ငံမှ ဘွဲ့တံဆိပ် တော်ရဆရာတော်များကိုလည်း မြန်မာနိုင်ငံသို့ တစ်ပါတည်းပင့်ဆောင်ခဲ့သည်။ ရှေကျောင်းဆရာတော်ကြီး၏ တာဝန်များက များပြားကြီးမားပါပေသည်။

(၁၆-၁၂-၂၀၀၁) ရက်နေ့ နံနက်ပိုင်းတွင် မင်းဓမ္မကုန်းတော်၌ အဘယလာဘမုနိရပ်ရှင်တော်မြတ်ကြီး၏ ရင်ငွေ့ကို တစ်ညတာခိုလှုံခဲ့သော ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်သည် မင်းဓမ္မကုန်းတော်၌ ဆက်လက်ကိန်းဝပ်စံပယ်လျက် ဘုရားဖူးများ၏ ပူဇော်မှုကိုခံယူလျက်ရှိသည်။ မွန်းလွဲ (၁၂း၁၅) နာရီတွင် ရှေဘုရားကျောင်းဆရာတော်အမှူးပြုသော သီရိလင်္ကာနှင့် နီပေါနိုင်ငံတို့မှ ဆရာတော်ကြီးများ၊ စင်ကာပူနိုင်ငံသား ရဟန်းသာမဏေများ၊ ဓာတ်တော်ပင့်ဆောင်ရေးအဖွဲ့ဝင်များသည် မင်းဓမ္မကုန်းတော်သို့ ရောက်ရှိလာကြပြီး ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်ကို စောင်းတန်းထိပ်မှ ပင့်ဆောင် ရေးယာဉ်ပေါ်သို့ ပင့်ဆောင်ကာ ယခင်နေ့က ယာဉ်တန်းဖွဲ့စည်းမှုအစဉ်အတိုင်း ဘာသာရေးထုံးတမ်းစဉ်လာများနှင့်အညီ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပင့်ဆောင်ကြသည်။ လမ်းဘေးဝဲ-ယာ တစ်လျှောက်မှ ဝတ်အသင်းအဖွဲ့များ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပြည်သူများက ဖူးမြော်ကြည်ညိုကြသည်။

ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်ကို မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်၌ ယာယီကိန်းဝပ်အပူဇော်ခံပြီး မွန်းလွဲ ၂ နာရီအချိန်တွင် ရန်ကုန်မြို့ မှ ဟဲဟိုးမြို့သို့ အဲယားမန္တလေး ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် ပင့်ဆောင်ကြသည်။ ညနေ ၄ နာရီခန့်တွင် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။ ဟဲဟိုးလေဆိပ်မှ ပင့်ဆောင် ကြိုဆိုရေးအဖွဲ့ကပင့်ဆောင်ရေးယာဉ်အပါအဝင် မော်တော်ယာဉ် ၅ စီးဖြင့် စီစဉ်ကြိုဆိုကြသည်။ ပင့်ဆောင်ရေးယာဉ်တန်းသည် ဆက်လက်ပင့်ဆောင် ထွက်ခွာကြပြီး ညောင်ရွှေမြို့သို့ ရောက်ရှိသည့်အခါတွင် လေဆိပ်မှစက်လေ ၁၁ စီးဖြင့် ဖွဲ့စည်း၍ ပင့်ဆောင်ရန်အသင့်ကြိုဆိုနေကြသည်။ ဓာတ်တော်ပင့်ဆောင်မည့်

စက်လှေတွင် ပလ္လင်၊ ထီးဖြူ။ ဂဠုန်တောင်တပ် မြန်မာမှုဖြင့် ခုံညားတင့်တယ်မှု ရှိစေရန် မွမ်းမံပြင်ဆင်ထားရှိသည်။ ထိုနောက် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်ကို အင်းလေးခေါင်တိုင်မှတစ်ဆင့် အင်းရေပြင်ကို ဖြတ်သန်းလျက် နမ့်ပန်ကျေးရွာ အလိုတော်ပေါက် မဟာဓာတုစေတီအာရုံခံတန်ဆောင်းသို့အရောက် ပင့်ဆောင်ရာ ညနေ ၆:၄၀ ခန့်တွင် ရောက်ရှိလာပြီး ဘာသာရေးထုံးတမ်း စဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ဆီးကြိုပူဇော်ကြသည်။ ဗုဒ္ဓဘုရားရှင်၏ 'ဓာတ်တော်မြတ်ကို (၂၁-၁၂-၂၀၀၁) ညပိုင်းအထိ ကိန်းဝပ်စံပယ်ကာ မြန်မာတိုင်းရင်းသားများ၏ ကြည်ညိုပူဇော်မှုကို ခံယူမည်ဖြစ်သည်။

ထိုနည်းတူပင် ဗုဒ္ဓဘုရားရှင်၏ဓာတ်တော်အား ပင့်ဆောင်လာသည့် စင်ကာပူရှေဘုရားကျောင်းဆရာတော်နှင့် စင်ကာပူနိုင်ငံသား ဒုလ္လဘ ရဟန်းသာမဏေများသည် (၁၇-၁၂-၂၀၀၁)ရက်နေ့မှ (၂၀-၁၂-၂၀၀၁) ရက်နေ့အထိ ရှေကျွန်းမျောဟိုတယ်တွင် သီတင်းသုံးလျက် ထေရဝါဒဗုဒ္ဓ ဝိနည်းသိက္ခာ အတိုင်းကျင့်ကြံပွားများအားထုတ်ကြမည်ဖြစ်သည်။

(၁၈-၁၂-၂၀၀၁) ရက်နေ့နှင့် (၁၉-၁၂-၂၀၀၁)ရက်နေ့များတွင် ရှေဘုရားကျောင်းဆရာတော်၏ ဒုတိယနှင့်တတိယအသုတ် ဘုရားဖူးအဖွဲ့ဝင် (၁၅၀) ကျော်တို့ကို နှစ်ရက်ခွဲ၍ ဒါရိုက်တာအဖွဲ့ဝင်များ၊ စာရေးသူနှင့် ဝန်ထမ်းများက တာဝန်များအသီးသီး ခွဲဝေကာ ကြိုဆိုကြပြီး သတ်မှတ်ထားသော ခရီးစဉ်အတိုင်း လေ့လာ ဖူးမြော်ရေးခရီးကို ပို့ဆောင်ပေးကြသည်။ တစ်ဖက်မှလည်း (၂၀-၁၂-၂၀၀၁) ရက်နေ့တွင် "သာသနာပြုအောင်ပွဲ မင်္ဂလာ" သို့ ဘုရားဖူးအဖွဲ့များနှင့်အတူ သွားရောက်နိုင်ရေးအတွက် လိုအပ်သမျှကို အချိန်လုံ၍ စီစဉ်ဆောက်ရွက်ကြရသည်။ ရှေကျောင်းဆရာတော်၏ ပထမနှင့် ဒုတိယအဖွဲ့. ဘုရားဖူးအဖွဲ့ဝင် (၁၅၀)ဦးတို့သည် လောကချမ်းသာ အဘယလာဘမှနိုရပ်ရှင်တော်၌ ပထမအဖွဲ့မှ အလှူငွေ (၁၀၇၆၀၀) ကျပ်နှင့် အမေရိကန်ဒေါ်လာ (၂၀)ကိုလည်းကောင်း၊ ဒုတိယအဖွဲ့မှ အလှူငွေ (၁၅၀၃၂၂၀)ကျပ်၊ အမေရိကန်ဒေါ်လာ (၅၀) နှင့် စင်ကာပူဒေါ်လာ (၉၅) ကိုလည်းကောင်း လှူဒါန်းခဲ့ကြသည်။

(၂၀-၁၂-၂၀၀၁) ရက်နေ့ လေဆိပ်သို့မဆင်းမီအချိန်အထိ ဘုရား

ဖူးအဖွဲ့များကို လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးကြရသည်။ မွန်းလွဲ (၂)နာရီ အချိန်မှစ၍ ရန်ကုန်အဲယားဝေးနှင့် အဲယားမန္တလေးပြည်တွင်းလေကြောင်း လေယာဉ် (၃)စီးဖြင့် ဘုရားဖူးအဖွဲ့ဝင်များ၊ ဒါရိုက်တာနှင့် မိသားစုများ၊ စာရေးသူနှင့် တာဝန်ကျဝန်ထမ်းများသည် ရန်ကုန်မှ ဟဲဟိုးသို့ ထွက်ခွာခဲ့ကြသည်။ ဟဲဟိုးမှတစ်ဆင့် ညောင်ရွှေကိုဖြတ်သန်းကာ ညနေဆည်းဆာချိန်တွင် သာယာလှပနေသည့် အင်းလေးရေပြင်ကို စက်လှေများနှင့် ဖြတ်သန်းပြီး ရွှေကျွန်းမျောဟိုတယ်အပါအဝင် တည်းခိုမည့်ဟိုတယ်များသို့ ရောက်ရှိကြသည်။ ညပိုင်းတွင် ရွှေဘုရားကျောင်းဆရာတော်အမှူးပြု၍ အလိုတော်ပေါက်မဟာဓာတုစေတီတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်ကို သွားရောက်ဖူးမြော် ကြည်ညိုကြသည်။ မြတ်ဗုဒ္ဓ၏ ဓာတ်တော်ကိန်းဝပ်စံပယ်တော်မူရာဒေသ၌ ဒေသခံတိုင်းရင်းသား ရဟန်းသံယာများ၊ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိနေသည်။

(၂၁-၁၂-၂၀၀၁) ရက်နေ့ နံနက်ပိုင်းတွင် ဒုလ္လဘာရဟန်းတော်များ၊ မိသားစုဝင်ဘုရားဖူးများသည် အင်းလေးဒေသရှိ ဖောင်တော်ဦးရုပ်ရှင်တော်များနှင့် ဘုရားစေတီများ၊ လေ့လာကြည့်ရှုဖွယ်ရာများကို လှည့်လည်လေ့လာကြည့်ရှုကြသည်။ မွန်းလွဲပိုင်း၌ ရွှေကျွန်းမျောဟိုတယ်အနီး အင်းလေးရေပြင်၌ အင်းသားအမျိုးသား အမျိုးသမီးတို့၏ ရိုးရာလှေပြိုင်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်သည်။ လှေပြိုင်ပွဲကို အမျိုးသား (၃)သင်းနှင့် အမျိုးသမီး (၃)သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ မြန်မာနိုင်ငံ ရှမ်းပြည်နယ် အင်းလေးဒေသ၌သာ တွေ့မြင်နိုင်သည့် ခြေထောက်တစ်ဖက်ဖြင့် လော်သည့်လှေပြိုင်ပွဲကို ရွှေကျွန်းမျောဟိုတယ်၏ စကြံ့လမ်းတစ်လျှောက်မှ လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် အော်ဟစ်ကာ အားပေးနေကြသည့် စင်ကာပူနိုင်ငံသားတို့၏ အားပေးသံများဖြင့် စီစီညံနေသည်။ အချို့က စကြံ့လမ်းပေါ်မှ အားပေးရသည်ကို အား မရသဖြင့် ပြိုင်ပွဲကျင်းပရာ ရေပြင်သို့ လှေဖြင့်သွား၍ အနီးကပ်အားပေးကြသည်။ လှေပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီးပထမနှင့် ဒုတိယရရှိသည့် ပြိုင်ပွဲဝင် အသင်းများကို ရွှေဘုရားကျောင်းဆရာတော်ကိုယ်တိုင် ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ရာ ပြိုင်ပွဲဝင်များမှာ ပျော်မဆုံးကြဘဲ ပျော်ရွှင်စွာ ကခုန်ကြရာ

ဘုရားဖူးများအထဲမှ ဝါသနာကြီးသူများပါ ပါဝင်ကခုန်ကြသည်။ အပြုံးကိုယ်စီဖြင့် ပျော်ရွှင်မှုများသည် အားလုံးကို ကူးစက်သွားတော့သည်။ ညနေ ၄ နာရီ ဝန်းကျင်တွင် ရှေကျွန်းမျောဟိုဟယ် ဆိပ်ခံအနီးဌ မီးပုံပျံလွှတ်ပွဲကို ဆင်ယင်ကျင်းပကြသည်။ ပင်မမီးပုံးကြီးကို မှိုင်းခံပုံ၊ မီးပုံးကြီး ငယ်ရာမှ မှိုင်းအရိန်ဖြင့် တဖြည်းဖြည်း ကြီးလာပုံ၊ မီးပုံးပျံကြီးဌ ရှေဘုရား ကျောင်းလိုဂိုအမှတ်တံဆိပ်ကို ရောင်စုံဖြင့် ခြယ်သထားပုံ၊ ရှေဘုရားကျောင်း ဆရာတော်နှင့် အဖွဲ့ကို ကြိုဆိုပုံ၊ ရှေကျောင်းဆရာတော်အတွက် ဆုမွန်ကောင်းတောင်းသည့် စာတန်းများကို ရေးသားထားပုံ၊ မီးပုံးပျံကြီးမိုးကောင်း ကင်ထက်သို့ တက်ရောက်မှုနှင့်အတူ အောက်ခြေမှ မီးပုံးငယ်လေးများ မီးရောင်စုံဖြင့် အစီအရီသွယ်တန်းပါရှိသွားပုံ၊ မိုးကောင်းကင်သို့ရောက်ရှိသည်နှင့် မီးရူးမီးပန်းများ လှပစွာ သွယ်တန်းကျလာပုံ၊ မီးရူးဗျောက်အိုးတို့၏အသံတို့ဖြင့် ဖန်တီးစီစဉ်ထားပုံတို့ကို စင်ကာပူနိုင်ငံသားတို့ စိတ်ဝင် တစားကြည့်ရှုကြပြီး အံ့သြဝမ်းသာ လက်ခုပ်သြဘာသံများဖြင့် အားပေးကြသည်။ မီးပုံးကြီးများ နစ်လုံးမှ သုံးလုံး စသည်ဖြင့် လွှတ်တင်သည်ကို ကြည့်ရှုရသည်မှာ သဲထိတ်ရင်ဖို ဖြစ်ရသလို ပျော်ရွှင်ဖွယ်လည်း ကောင်းကြောင်း ဖွင့်ဟကြသည်။ အချို့သော ဘုရားဖူးများက ပြည်ပနိုင်ငံခြားသွား ခရီးသွားများ ထဲမှ ကြားသိရသော သတင်းစကားဖြင့် ပြည်ပတိုင်ကျော်ကြားသည့် တောင်ကြီး မီးပုံးပျံပွဲကြီး မည်မျှစည်ကားမည်ကို ယခု မီးပုံးပျံလွှတ်တင်ပွဲဖြင့် မှန်းဆနိုင်ကြောင်း ဖွင့်ဟပြောကြားကြသည်။ ရှေကျောင်းဆရာတော်ကြီး၏ အစီအမံဖြင့် ရှေကျွန်းမျောဟိုတယ်မှ စီစဉ်ကျင်းပအပ်သော မီးပုံးပျံလွှတ်တင်ပွဲကြီးသည် ဘုရားဖူးများ၏ အံ့သြဝမ်းသာစိတ်အစဉ်ကို ဖမ်းစားနိုင်ခဲ့လေသည်။

(၂၂-၁၂-၂၀၀၁) နံနက် မိုးမလင်းမီကပင် အားလုံးအလုပ်များနေကြသည်။ ရေပေါ်ဆွမ်းဆန်စိမ်းလောင်းပွဲအတွက် စီစဉ်မှုပြုလုပ်ရသလို၊ ယနေ့အင်းလေးဒေသမှ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်ကို ညောင်ရွှေမြို့မှ တစ်ဆင့် တောင်ကြီးမြို့-မြို့လယ်ဓမ္မာရုံသို့ ပင့်ဆောင်ကြမည်ဖြစ်ရာ ဆရာတော် သံဃာတော်များ ဘုရားဖူးအဖွဲ့ဝင်များပါ လိုက်ပါပို့ဆောင်ကြမည် ဖြစ်သည်။ သို့အတွက် ဘုရားဖူးအဖွဲ့ဝင်များ၏ ခရီးဆောင်သေတ္တာ၊ အိတ် စသည့်ပစ္စည်းများကို နံနက်ပိုင်းအမီ ပြောင်းရွှေ့ တည်းခိုမည့် ညောင်ရွှေမြို့ရှိ ဟိုတယ်များသို့ ပို့ဆောင်ရန်

အချိန်မီစီစဉ်ကြရသည်။

နံနက်(၆)နာရီကျော်တွင် သံယာတော်အပါး(၁၀၀၀)ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဘုရားပေါက်စေတီရင်ပြင်ရေမှ စတင်သည်။ ရှေဘုရားကျောင်းဆရာတော်က ဖောင်တော်ဖြင့် လိုက်ပါသည်။ စာရေးသူတို့က အနီးကပ်အဖြစ် ဒေသခံဒါယကာများနှင့်အတူ လိုက်ပါ၍ ဝေယျာဝစ္စကုသိုလ်ယူကြသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို လမ်းကြောင်း (၄)ကြောင်းထားရှိပြီး လမ်းကြောင်းတစ်ကြောင်းလျှင် သံယာအပါး (၂၅၀) ကြွခိုနိုင်ရန်စီစဉ်ထားသည်။ ဆွမ်းဆန်စိမ်း လှူဖွယ်များကို ခံယူတော်မူမည့် ဆရာတော် သံယာတော်များနည်းတူ လောင်းလှူကြမည့် ရှေဘုရားကျောင်းဆရာတော်ကြီး၏ တပည့် ဒါယိကာ၊ ဒါယိကာမများကလည်း လေ့ဝယ်များပေါ်မှ ပစ္စည်းအမျိုး အစားအလိုက် ခွဲဝေကာ တာဝန်ယူလျက် လောင်းလှူဆက်ကပ်ပူဇော်ကြသည်။ စင်ကာပူနိုင်ငံ၌ ဤကဲ့သို့သော ဆွမ်းဆန်စိမ်းလောင်းလှူပွဲမျိုးဖြစ်ရန် မလွယ်ကူလှပေ။ ထိုမှတစ်ဆင့် ထူးထူးခြားခြား ရေပေါ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဖြစ်သည့်အလျောက် တစ်မူထူးခြားစွာ ပျော်ပျော်ပါးပါးဖြင့် ပီတိသဒ္ဓါများပွားများကြရသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအပြီး နံနက် ၁၀ နာရီကျော်၌ သံယာတော်အရှင်မြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ယင်းနံနက်ပိုင်းတွင် ရှေဘုရားကျောင်းဆရာတော်သည် ဘုရားပေါက်ဓာတုစေတီတော် မြောက်ဘက်နှင့် တောင်ဘက်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်စေတီ နှစ်ဆူအတွက် ပတ္တမြားကျောက် အကြီးအသေး (၉၅၃) ပွင့်နှင့် ပတ္တမြားအပွင့်ကြီး (၂၆) ပွင့်တို့ဖြင့် ပြုလုပ်ထားအပ်သော အလေးချိန် (၁) ပိဿာ (၉၉) ကျပ်သား (၁၄) ပဲ (၄) ရွေးခွဲရှိ ရွှေစင်ရွှေသားနဖူးသင်းကျစ်တော်ကြီး နှစ်ဆူကို ဆက်ကပ်လှူဒါန်းခဲ့သည်။

နေ့လယ်စာကို အချိန်လုပ်၍ စားသောက်ကြရပြီး ၁၂ နာရီကျော်တွင် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်ကို ပင့်ဆောင်သည့်ဖောင်တော်နှင့် စက်လှေများဖြင့် ဘာသာရေးထုံးတမ်းစဉ်လာများနှင့်အညီ ပင့်ဆောင်ရေးအဖွဲ့များနောက်မှ ဘုရားဖူးအဖွဲ့များ၏ စက်လှေများဖြင့် အစီအရီ တစ်ပါတည်း လိုက်ပါကြသည်။ အင်းလေးရေပြင်မှ ညောင်ရွှေရေလမ်းကြောင်းသို့ ဝင်သည့်နှင့် ရေလမ်းကြောင်းတစ်လျှောက် ဝဲ-ယာနှစ်ဖက်တို့မှ တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များ နိုင်ငံခြားသား

များက ကြိုဆိုဖူးမြော်ကြည်ညိုကြသည်။ ညောင်ရွှေဆိပ်ကမ်းမှ လမ်းမကြီးတစ်လျှောက် ဘုရားဖူးသူများ၊ ပင့်ဆောင် ရေးအဖွဲ့ဝင်များဖြင့် စည်ကားနေသည်။ ဆက်လက်၍ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်များကို ပင့်ဆောင်ရေးယာဉ်ပေါ်သို့ ပင့်ဆောင်ပြီး တောင်ကြီးမြို့သို့ ဆက်လက်တွက်ခွာကြသည်။ ဘုရားဖူးအဖွဲ့ဝင်များနှင့် ဒါရိုက်တာများ မိသားစုများကလည်း စီစဉ်ထားသည့် မော်တော်ယာဉ်များဖြင့် ဆက်လက်လိုက်ပါကြသည်။ လမ်းခရီးတစ်လျှောက်နှင့် တောင်ကြီးမြို့အဝင်မှစ၍ လမ်း ဝဲ-ယာများ၌ ဖူးမြော်သူများနှင့် စည်ကားလှ၍ ဓာတ်တော်ပင့်ဆောင်ရေးယာဉ်ကို အကြိမ်ကြိမ် ခေတ္တရပ်နားပူဇော်ခံရခြင်း၊ ရိုးရာဓလေ့အလျောက် ပန်းများ၊ အလှူငွေများကို လှူဒါန်းကြသဖြင့် နေဝင်ဆည်းဆာအချိန်ကျမှ တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံသို့ ရောက်ရှိကြသည်။ မြို့လယ်ဓမ္မာရုံဝန်းကျင်တွင် ဒေသခံတိုင်းရင်းသားများဖြင့် အထူးစည်ကားနေသည်။ ဘုရားဖူးများအားလုံး ဓမ္မာရုံအတွင်း၌ နေရာယူပြီးသည့်အခါမှ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်ကို ပလွင်ထက်သို့ ပင့်ဆောင်ခြင်း၊ ဒေသခံထေရ်ကြီးဝါကြီးဆရာတော်ကြီးများက ရွတ်ဖတ်ပူဇော်ခြင်း၊ ရွှေကျောင်းဆရာတော်နှင့် ဆရာတော် သံယာတော်များက မိမိတို့ဘာသာဖြင့် ရွတ်ဆိုပူဇော်ခြင်းများပြုကြသည်။ ဗုဒ္ဓဘုရားရှင်၏ဓာတ်တော်ကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စောင့်ရှောက်မှုဖြင့် ဒေသခံတိုင်းရင်းသားတို့၏ ဖူးမြော်ကြည်ညိုမှုကို တစ်ညတာခံယူသည်။ ရွှေကျောင်းဆရာတော်နှင့် ဘုရားဖူးများသည် တည်းခိုကြရမည့် ညောင်ရွှေမြို့သို့ ပြန်လည်တွက်ခွာခဲ့ကြသည်။

(၂၂-၁၂-၂၀၀၁) ရက်နေ့၌ တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံတွင် တစ်ညတာကိန်းဝပ်စံပယ်တော်မူခဲ့သည့် ဗုဒ္ဓဘုရားရှင်၏ဓာတ်တော်ကို နံနက် ၆ နာရီအချိန်မှ စတင်၍ တောင်ကြီးမြို့နယ်၊ ကျောက်တစ်လုံးဒေသ ကဏ္ဍကျေးရွာ သမိုင်းဝင်မွေတော်ကဏ္ဍဆုတောင်းပြည့် အသောကစေတီတော်သို့ ပင့်ဆောင်ကြသည်။ ဗုဒ္ဓဘုရားရှင်၏ ဓာတ်မြတ်တော်ကို ဒေသခံဆရာတော် သံယာတော်များ၊ သီရိလင်္ကာနိုင်ငံနှင့် နီပေါနိုင်ငံတို့မှ ဆရာတော် သံယာတော်များ စင်ကာပူနိုင်ငံရှေဘုရားကျောင်းဆရာတော်နှင့် နောက်ပါသံယာတော်များက ပင့်ဆောင်ပေးကြသည်။ ထိုနည်းတူ မွေတော်ကဏ္ဍဘုရားစေတီပြုပြင် တည်ဆောက်ရေးကော်မတီနာယက ပဒိုဝ်တိုင်းရင်းသားခေါင်းဆောင် ဦးအောင်

ခမ်းထီနှင့် ဓာတ်တော်ပင့်ဆောင်ရေးအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူ့အပေါင်းတို့က လိုက်ပါ ပင့်ဆောင်ပူဇော်ကြသည်။ သီရိလင်္ကာနိုင်ငံမှ ယဉ်ကျေးမှုတီးဝိုင်းအဖွဲ့၊ ပဒိုဝ်ရိုးရာယဉ်ကျေးမှုအကအဖွဲ့များကလည်း လိုက်ပါ ပူဇော်ကြည်ညိုသည်။ စာရေးသူတို့နှင့် ဘုရားဖူးအဖွဲ့များက နံနက် ၇ နာရီ ကျော်တွင် ညောင်ရွှေမှထွက်၍ ဓာတ်တော်ပင့်ဆောင်ရေးယာဉ်တန်းနောက်မှ ဦးတည်လိုက်ပါကြသည်။ တောင်ကြီးမြို့ပေါ်သို့ ဖြတ်သန်းသည့်အခါ ဓာတ်တော်မြတ်အား လာရောက်ဖူးမြော်ပူဇော်ကြသည့် ဒေသခံပြည်သူများပင် လူစုမကွဲကြသေးပေ။ လမ်းဘေး ဝဲ-ယာမှ ကြိုဆိုပူဇော်မှုမလျှော့များ၊ ဘာသာရေးအသင်းအဖွဲ့များ၏ ပြင်ဆင်ကြည်ညိုပူဇော်မှု ပန်း၊ ရေချမ်းများပင် ဆက်လက် တည်ရှိဆဲ ဖြစ်သည်။ လမ်းခရီးကျေးရွာများကို ဖြတ်သန်းသည့်အခါတွင်လည်း လမ်းဘေး ဝဲ-ယာတစ်လျှောက်မှ ကြိုဆိုပူဇော်ကြသည့် တိုင်းရင်းသားများက လှုပ်လှုပ်ရှားရှား ရှိနေကြသည်။ ၄က်ပျောပင်စိုက်၊ ရာဇမတ်ကာ၊ စင်မြင့်ထက်မှ ရိုးရာဓလေ့အရ ပူဇော်ထားကြသော သစ်သီး၊ ပန်း၊ ရေချမ်း၊ ၄က်ပျောစသည်တို့ကိုလည်း ပူဇော်ထားဆဲ တွေ့မြင်ကြရသည်မှာ တိုင်းရင်းသားဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ ဘာသာတရားအပေါ် ကိုင်းရှိုင်းကြည်ညိုလေးစားမှုကို ထင်ထင်ရှားရှားတွေ့မြင်နေကြရခြင်းပင် ဖြစ်ပေသည်။ လမ်းခရီးတစ်လျှောက် မွေတော်ကက္ကူဘုရားစေတီ "သာသနာပြုအောင်ပွဲမင်္ဂလာ" ပွဲကြီးသို့ ဦးတည်လျှောက်လှမ်းနေကြသည့် ဒေသခံတိုင်းရင်းသားများကို တွေ့မြင်ကြရသည်။ မဝေးသောနေရာ၌ မီးရထားလမ်းတစ်လျှောက် မွေတော်ကက္ကူဘုရားသို့ ဦးတည်လျှောက်လှမ်းနေကြသည့် ဒေသခံတိုင်းရင်းသားများကလည်း စဉ်ဆက်မပြတ်လျှောက်လှမ်းနေကြသည်။ မွေတော်ကက္ကူဘုရားစေတီများကို စတင်ဖူးမြော်ခွင့်ရရှိတော့မည်ဟူသောအသိဖြင့် စာရေးသူ၏ရင်ဝယ် လှုပ်ရှားနေသည်။ မွေတော်ကက္ကူ ဘုရားစေတီဆီရောက်ချင်ဇောဖြင့် မော်တော်ယာဉ်ပြူတင်းမှ မွေတော်ကက္ကူ ဆီလှမ်းမျှော်ကြည့်မိသည်နှင့် တောင်ကုန်းငယ်၊ လွင်ပြင်နှင့် သစ်ပင် စိုက်ပျိုးပင်များနှင့်အတူ စာရေးသူ၏မြင်ကွင်းတစ်ခုလုံးကို ရောင်စုံပန်းခင်းကြီး အပြည့်ဖုံးလွှမ်းနေသည်ကို တွေ့မြင်ရသည်။ ရုမ်းပြည်နယ်တွင် (၁၀) နှစ် ကျော်မျှဝန်ထမ်းဘဝဖြင့် တာဝန်ထမ်းရွက်ခဲ့ဖူးသည့် စာရေးသူက

ရှမ်းပြည်နယ်၌ တွေ့မြင်လေ့ရှိသည့် နေကြာပန်းခင်းကြီးများ၊ များလှပါကလားဟု စိတ်ဝယ်ထင်မှတ်မိသည်။ သို့သော် ယခုပန်းခင်းကြီးက ရောင်စုံပန်းခင်းကြီး ဖြစ်သည်။ မော်တော်ယာဉ်၏ အနီမ့်အမြင့်လွှပ်ရှားမှုအလိုက် လှမ်းမျှော် တွေ့မြင်နေရသော ရောင်စုံပန်းခင်းကြီးကလည်း နီမ့်လိုက် မြင့်လိုက်ရှိနေသည်။ မွေတော်ကကျွန်းနှင့် မနီးမဝေး လမ်းဘေးဝဲယာ၌ ဒေသခံပြည်သူများ ဖြင့် ပြည့်နှက်နေသည်။ မော်တော်ယာဉ်ပင် ဆက်မောင်း၍ မရနိုင်လောက် အောင်ဖြစ်နေ၍ရပ်ထားရသည်။ မော်တော်ယာဉ်ရပ်လိုက်တော့မှ မော်တော် ယာဉ်ဝန်းကျင်ကို သတိပြုမိလိုက်သည်။ စာရေးသူတို့၏ မော်တော်ယာဉ် ဝန်းကျင်ကို ရောင်စုံပန်းခင်းကြီးက ဝိုင်းနေသည်။ သတိမူ၍ မြုံ့ပြင်သော အားဖြင့် ထပ်မံသတိပြုမိမှ တစ်မျှော်တစ်ခေါ် မြင်ကွင်းကျယ်ကြီးကို ဖုံးလွှမ်း ထားသည့် ရောင်စုံပန်းခင်းကြီးမှာ အမှန်တော့ လူများဖြင့် ပြည့်နေသည့် လူပင်လယ်ကြီးဖြစ်နေသည်။ ရောင်စုံပန်းပွင့်အလုမျှားမှာ လူပင်လယ်ကြီး အတွင်းမှ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာဝတ်လေ့အဖြစ် အမျိုးသား၊ အမျိုး သမီးတို့၏ ဦးခေါင်းတွင် ထုပ်ပေါင်းထားကြသည့် အနီ၊ အစိမ်း၊ အပြာ၊ အဝါ၊ ခရမ်း ကြည်ပြာရောင်တို့ဖြင့် ရောင်မျိုးစုံနေသည့် တဘက်ခေါင်းပေါင်းများ ဖြစ်နေသည်။ အုံ့သြဖွယ်ရာ လူပင်လယ်ကြီးပါတကား။ တိုင်းရင်းသား ဗုဒ္ဓ ဘာသာဝင်တို့၏ ကြည်ညိုမှုသဒ္ဓါအားက ကြီးမားလှပါသည်။ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော် ပင့်ဆောင်ပူဇော်ပွဲနှင့် သာသနာပြုအောင်ပွဲမင်္ဂလာ အခမ်းအနား ကြီးသို့ တောင်ကြီးခရိုင်၊ တောင်ကြီး ဆီဆိုင်၊ ဟိုပုံ၊ ပင်လောင်း ဖယ်ခုံ စသည့် ဒေသအသီးသီးတို့မှ ပဒိုတ်တိုင်းရင်းသား တိုင်းရင်းသူများ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ကြခြင်းကြောင့် အထူးစည်ကား နေခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးထံမှ ကြားသိရသည်။ စာရေးသူတို့ မော် တော်ယာဉ်တန်းမှာ လူပင်လယ်အကြားတွင် ရပ်တန့်နေသည်။ ဤအတိုင်းဆို လျှင် မွေတော်ကကျွန်းဘုရားသို့ ဘယ်အချိန်ရောက်ပါ့မလဲဟု တွေးမှုမိသည်။ ကံအားလျော်စွာ သက်ဆိုင်ရာတာဝန်ကျပုဂ္ဂိုလ်များက စာရေးသူတို့အဖွဲ့၏ ကားများကို လမ်းရှင်းရှိခေါ်ဆောင်ကြသည်။ မွေတော်ကကျွန်းမှခ်ဦးရေတစ်ခွင်ရှိ မလျှာပ်၊ တန်ဆောင်း၊ ဓမ္မာရုံများ၌လည်း ဒေသခံများအပြည့်ဖြင့်၊ မွေတော်

ကက္ကူမုခ်ဦးမှ အတွင်းပိုင်းသို့ လမ်းရှင်း လမ်းပြအဖွဲ့ဖြင့် ဝင်ကြရသည်။ အခမ်းအနား စတင်မှုကို မီရုံသာရှိသည်။

တောင်ကြီးမြို့မှတစ်ဆင့် ကရဝိတ်ယာဉ်ဖြင့် ပင့်ဆောင်လာသည့် ဗုဒ္ဓဘုရားရှင်၏ဓာတ်တော်သည် မွေတော်ကက္ကူဆုတောင်းပြည့်အသောက စေတီတော်သို့ နံနက် ၁၀း၁၅ နာရီတွင် ရောက်ရှိလာသည်။ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)သည် ဓာတ်တော်ကြီးဆိုရေးမုခ်ဦးရှေ့မှ ကြိုဆိုပင့်ဆောင်သည်။ ဆက်လက်၍ အတွင်းရေးမှူး(၁) သည် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်များကို ထာဝရကိန်းဝပ်စံပယ်တော်မူမည့် မွေတော် ကက္ကူဆုတောင်းပြည့် အသောကစေတီတော်သို့ ပင့်ဆောင်ပေးသည်။

ယင်းနောက် မဂ်လာအချိန်ကျရောက်သည်နှင့် အတွင်းရေးမှူး(၁) သည် မွေတော်ကက္ကူဆုတောင်းပြည့် အသောကစေတီ ပြုပြင်မွမ်းမံတည် ဆောက်မှုမော်ကွန်းကမ္ဘည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ဓာတ်တော်များကိုကိုင်ဆောင်၍ မွေတော်ကက္ကူဆုတောင်းပြည့်အသောကစေတီကို လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ပြီး စေတီတော်တွင် ထာဝရကိန်းဝပ်စံပယ်အပူဇော်ခံယူနိုင်ရန် စေတီတော်ပြုပြင်တည်ဆောက်ရေးကော်မတီနာယက ဦးအောင်ခမ်းထိထံသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် အတွင်းရေးမှူး(၁)သည် မွေတော်ကက္ကူဆုတောင်းပြည့်အသောကစေတီတော်မြောက်ဘက်မှခ်တွင် သီတင်းသုံးစံပယ်တော်မူနေသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်၏ ဥဏ္ဏာလုံမွေရှင်တော်ကို ရောင်ခြည်တော်ဖွင့်ပေးသည်။ ယင်းရုပ်ပွားတော် ဥဏ္ဏာလုံမွေရှင်တော် တပ်ဆင်ပူဇော်နိုင်ရန် ရှေဘုရားကျောင်းဆရာတော်၏ ဒါယကာ ပါရမီရှင်တစ်ဦးက စိန်ကျောက်(၁)ပွင့်ကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး မွေတော်ကက္ကူဆုတောင်းပြည့်အသောကစေတီတော် မုခ်လေးမုခ်၌ ဆရာတော် သံဃာတော်အရှင်မြတ် (၃၆) ပါးတို့က ဥဒ္ဒိသာစေတီနှင့် ရုပ်ပွားဆင်းတုတော်တို့ကို ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဓာတ်တော်မွေ တော်ဓာတုစေတီတော်နှင့် ရုပ်ပွားဆင်းတုတော်များကို ဆွမ်း ရေချမ်း ပန်း ဆီမီးတို့ဖြင့် ဆက်ကပ်

ပူဇော်ကြသည်။

ယင်းနောက် ရွှေဘုရားကျောင်းဆရာတော်က အတွင်းရေးမှူး(၁) အား ဓမ္မလက်ဆောင်များ ပေးအပ်သည်။ ဆက်လက်၍ အတွင်းရေးမှူး(၁) သည် ဓာတ်တော်ပင့်ဆောင်ပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြသည့် သီရီလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ဆရာတော်ကြီးများအား ပူးပေါ်ကြည်ညိုသည်။

ထို့အပြင် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်နှင့်အတူ သီရီလင်္ကာနိုင်ငံမှ ပင့်ဆောင်လာသည့် မဟာဗောဓိပင်စိုက်ပျိုးပူဇော်ပွဲကို မွေတော်ကဏ္ဍ၊ ဆုတောင်းပြည့်အသောကစေတီတော်၏ ပြောက်ဘက်စောင်းတန်းအနီး မင်္ဂလာနေရာ၌ ဆက်လက်ကျင်းပသည်။ ဦးစွာစိုက်ပျိုးပူဇော်ပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ပဒိုဝ်ရိုးရာ မောင်းကြိုးဆိုင်းအဖွဲ့က မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်းသုံးကြိမ်တီးမှုတ် ပူဇော်ကြသည်။ ဆက်လက်၍ သမ္မာဒေဝနတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့အား ပင့်ဖိတ်ပြီး အတွင်းရေးမှူး(၁)က မဟာဗောဓိပင်ကို စိုက်ပျိုးပူဇော်သည်။ ပရိသတ်များက ဇယန္တောဗောဓိယာမူလေ အစချီသော အောင်ဂါထာကို ရွတ်ဆိုပူဇော်ကြသည်။ ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များ ဆရာတော် သံယာတော်များက မဟာဗောဓိပင်ကို နံ့သာရည်များ ပက်ဖျန်း၍ ရေစင်သွန်းလောင်းပူဇော်ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ မဟာဗောဓိပင် စိုက်ပျိုးပူဇော်ပွဲကို ရုပ်သိမ်းကြလေသည်။

အတွင်းရေးမှူး(၁)သည် သမိုင်းဝင်မွေတော်ကဏ္ဍ၊ ဆုတောင်းပြည့်အသောကစေတီတော်များကို လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဗုဒ္ဓဓာတ်တော်များ ပင့်ဆောင်ပူဇော်ပွဲနှင့် သာသနာပြုအောင်ပွဲမင်္ဂလာပွဲကြီးသို့ လာရောက်ပူဇော်ကြသည့် ဒေသခံတိုင်းရင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အဖွဲ့ဝင်များနှင့်အတူ ပြန်လည်ထွက်ခွာသွားကြသည်။ နိုင်ငံတော်ကြီး၏ များပြားလှစွာသော လုပ်ငန်းတာဝန်များအကြားမှပင် နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှုဖြင့် အတွင်းရေးမှူး(၁)နှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ စီစဉ်ဆောင်ရွက်ပေးမှုများကြောင့် မြန်မာနိုင်ငံမှ ဒေသခံ ထေရ၊ကြီး၊ဝါ၊ကြီးဆရာတော်ကြီးများ၊ သီရီလင်္ကာ၊ နီပေါနှင့် စင်ကာပူနိုင်ငံတို့မှ ဆရာတော်ကြီးများသည် သာသနာပြု

အောင်ပွဲမင်္ဂလာပွဲကို အောင်မြင်စွာ ဆင်ယင်ကျင်းပ ပူဇော်နိုင်ခဲ့ကြလေသည်။ အစီအစဉ်အရပ်ရပ်တို့ကို စနစ်တကျ ကျင်းပပူဇော်ကြရသကဲ့သို့ တစ်ဖက်မှ လည်း ဆရာတော်သံယာတော်များနှင့် ဘုရားဖူးအဖွဲ့ဝင်များအတွက် အသက်လွတ်ဆွမ်းများကို ဟိုတယ်တစ်ခုတွင် ချက်ပြုတ်စီစဉ်ဆက်ကပ်ခြင်း၊ ကျွေးမွေးညှဲ့ခံခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်ကြပေသည်။ မိမိတို့ ဒါရိုက်တာများ၊ ဝန်ထမ်းများနှင့် လုပ်အားပေးများကလည်း လစ်ဟာမှုမရှိအောင် အနီးကပ်ဖြည့်ဆည်းပေးကြသည်။ တစ်ချိန်တည်းမှာပင် မွေတော်ကဏ္ဍ၊ဘုရားစေတီမုခ်ဦး အရှေ့ဘက်ဦးလည်း ဒေသခံတိုင်းရင်းသားများကို အကျွေးအမွေးများဖြင့် ညှဲ့ခံမှုပြုကြသည်။

ယင်းနောက် ဘုရားဖူးအဖွဲ့ဝင်များအား ဒါရိုက်တာအဖွဲ့ဝင်များ၊ မိသားစုများ၊ ညှဲ့လမ်းညွှန်များ၊ ဝန်ထမ်းများက အနီးကပ်လိုက်ပါလျက် မွေတော်ကဏ္ဍ၊ဆုတောင်းပြည့်အသောကစေတီတော်အာရုံခံတန်ဆောင်းဌ ဝတ်ပြုပူဇော်ကြည်ညိုကြသည်။ ဆုတောင်းပြည့်အသောကစေတီတော်နှင့် ဖောင်တော်ဆိုက်စေတီတော်များကို ခြံရံလျက် စေတီတော်များကား များပြားလှသည်။ ယခုကဲ့သို့ စေတီတော်ပေါင်းများစွာ တည်ရှိမှုကြောင့် ဆိုရိုးစကားဖြင့် မှတ်တမ်းပြုထားချက်မှာ ရေးဟောင်းယဉ်ကျေးမှုပုဂံဒေသရှိ ဘုရားများနှင့် မွေတော်ကဏ္ဍ၊ဘုရားစေတီများသာ ရှိပေသည်။ ပုဂံယဉ်ကျေးမှုဌာနလည်း "လှည်းဝင်ရိုးသံတည်ညံ့ပုဂံဘုရားပေါင်း" ဟုရှိခဲ့ရာ ယခုအခါ ပုဂံဘုရားစေတီများမှာ (၄၄၀၀) ကျော်ခန့်သာ ရှိတော့၍ ရေးဟောင်းသုတေသနဦးစီးဌာနမှ ထပ်မံတူးဖော်လျက်ရှိပေသည်။ ရေးဟောင်းသမိုင်းဝင် မွေတော်ကဏ္ဍ၊ဌ "တောင်သူကွမ်းညှပ်တဖြတ်ဖြတ်" ဟုဆိုခဲ့ရာ ယခုအခါဌ ဘုရားစေတီ (၂၅၅၀) နီးပါးခန့်သာ ရှိတော့လေသည်။ သမိုင်းတစ်ခေတ် ကလျှာသစ်ဖြင့် ပြုပြင်မွမ်းမံမှုများလည်း ရှိခဲ့ကြချေပြီ။ ဆက်လက်၍ စောင်းတန်းလေးသွယ်၊ ရဟန္တာသိမ်တော်၊ ဝက်မင်းအဆောင်နန်းများကို လေ့လာကြည့်ရှုကြသည်။ မူလက သွပ်၊ သစ်တို့ဖြင့် တည်ဆောက်ခဲ့သော ဟောင်းနွမ်းဆွေးမြည့်မှုတို့ကို ပြုပြင်သည်ဆိုသည်ထက် ခေတ်သစ်နည်းပညာများနှင့်အညီ သံချေးမတက်သည့် သွပ်မိုးပြားများ၊ သံချောင်းနှင့် ဘိလပ်မြေ ပေါင်းစပ်သည့် အာစီတိုင်များ၊ မြန်မာမှုဘုံမြင့်များဖြင့် သစ်လွင်တောက်ပနေပြီ ဖြစ်သည်။ ရှေးယခင်အခါက မွေတော်ကဏ္ဍ၊စေတီကို စောင့်ရှောက်ကာကွယ်ခဲ့သည့် ရှေဝက်မင်း၏ ကျေးဇူးတရားကို သိတတ်သော

အားဖြင့် စေတီအနီးတွင် ရွှေဝက်မင်းရုပ်တုကို မှုလကပင် ထုလုပ်တည်ထားခဲ့သည်။ ယခုအခါတွင် တရုတ်ပြက္ခဒိန်အရ ဝက်နှစ်တွင် မွေးဖွားသည့် ရွှေဘုရားကျောင်း ဆရာတော်သည် ပါရမီပဌာန်းဆက်ကြီးစွာ ရွှေဝက်မင်းအဆောင်သစ်နှင့် ရဲရင့်သတ္တိနှင့် အားမာန်အပြည့်ကိုဆောင်နေသည့် ရွှေဝက်မင်းရုပ်တုအသစ်ကိုလည်း တည်ရှိနိုင်ခဲ့ပေသည်။ မွေတော်ကကျွေ "သာသနာပြုအောင်ပွဲ မဂ်လာ" ကုသိုလ်တော်၏ ရေစက်ချအလှူတော်မဂ်လာအခမ်းအနားကို ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ ဒေသခံအကြီးအကဲများနှင့် တိုင်းရင်းသားဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဒါနအစုစုတို့အတွက် အနုမောဒနာခေါ်ဆို၍ ရေစက်သွန်းချအမျှပေးဝေနိုင်ခဲ့ကြလေသည်။

အထူးသဖြင့် မွေတော်ကကျွေဆုတောင်းပြည့်အသောကစေတီတော်၌ ပြုပြင်တည်ဆောက်နိုင်ရန် မတည်လှူဒါန်းငွေကျပ် သိန်း(၇၂၀)သာမက "သာသနာပြုအောင်ပွဲမဂ်လာ" အတွက် ပင့်ဆောင်ပူဇော်ရေးအဖွဲ့ဖြင့် သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓဘုရားရင်၏ဓာတ်တော်နှင့် မဟာဗောဓိပင်ပင့်ဆောင်ခြင်း၊ ရန်ကုန်မြို့၊ အင်းလေးအလိုတော်ပေါက်မဟာဓာတုစေတီနှင့် တောင်ကြီးမှ တစ်ဆင့် မွေတော်ကကျွေဘုရားစေတီသို့ ပင့်ဆောင်ပူဇော်ခြင်း၊ သံယာတော်အပါး(၁၀၀၀) ရေပေါ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပပူဇော်ခြင်း၊ မွေတော်ကကျွေသာသနာပြုအောင်ပွဲမဂ်လာသို့ သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ဆရာတော်သံယာတော်များအပါအဝင် ဘုရားဖူးအဖွဲ့ဝင် (၂၅၀)တို့ ကြွရောက်ကြသည်ပြီးပူဇော်ခြင်းတို့အတွက် အရပ်ရပ်ကုသိုလ်တော်မှာ ငွေကျပ် (၂၆၆၃၂၂၇၇၀/-) ဖြစ်ပေသည်။

ထိုနည်းတူ အဘဉီးအောင်ခမ်းထီအမှုးပြုသော ပဒိုဝ်အမျိုးသားအဖွဲ့ချုပ်မှ မွေတော်ကကျွေဘုရားအတွက် ဘက်စုံအလှူငွေကျပ် (၅၁)သိန်း၊ ပဒိုဝ်အမျိုးသားအဖွဲ့မှ ပွဲတော်ဖြစ်မြောက်ရေးအလှူတော်ငွေကျပ်သိန်း (၁၂၀)၊ ဦးခင်မောင်ကြီးနှင့် ဦးအောင်ခမ်းထီတို့အား အမှုးထား၍ ဦးနေဝင်းထွန်း၊ ဒေါ်အေးအေးမြင့် မိသားစုတို့၏ ဓမ္မာရုံတည်ဆောက်ရေးအလှူ တော်ငွေကျပ်သိန်း (၂၁၀)၊ ဒေသခံတိုင်းရင်းသားတို့က ကကျွေရေရှိရေးအတွက် အလှူငွေကျပ်သိန်း(၈၀)၊ ဖော်တော်ဆိုက်ဘုရားအလှူငွေ (၅၁) သိန်း နိုင်ငံတော်နှင့် ဒေသခံများက ဘုရားပရဝုဏ်တည်ဆောက်မှုအလှူ ငွေ (၇၂)သိန်း ဒေသခံ

ကျေးရွာများက လျှုဒါန်းငွေကျပ် (၁၀) သိန်း ထီး ပလွင်ရုပ်ပွားဆင်းတုအလျှုငွေ စသည် စသည်ဖြင့် အလျှုတော်များက များပြားလှပါပေသည်။

တစ်ချိန်က အကြောင်းကြောင်းတို့ကြောင့် သာသနာရောင်ဝါ မေးမိုန်တော်မူခဲ့သည့် မွေတော်ကကျွေးဆုတောင်းပြည့်ဘုရားစေတီများသည် နိုင်ငံတော်၏ ဦးဆောင်ဦးရွက်ပြုမှု၊ စင်ကာပူရွှေဘုရားကျောင်းဆရာတော်၏ မတည်လျှုဒါန်းလျက် "သာသနာပြုအောင်ပွဲမဂ်လာ" ပွဲကြီးလျှုဒါန်းပူဇော်မှုနှင့် ပဒိုဝ်တိုင်းရင်းသားခေါင်းဆောင် အဘဦးအောင်ခမ်းထီ၊ ပဒိုဝ်အမျိုးသားအဖွဲ့ချုပ်နှင့် ဂေါပကအဖွဲ့များ ဒေသခံတိုင်းရင်းသားတို့၏ ပြုပြင်မွမ်းမံတည်ဆောက်ရေးတို့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကာ သာသနာပြုပွဲကြီးကို အောင်မြင်စွာ ကျင်းပပူဇော်မှုတို့ဖြင့် မြန်မာနိုင်ငံတစ်ဝန်းဌ ထင်ပေါ်ကျော်ကြားလာကာ ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ ကြည်ညြိုအားထား ကိုးကွယ်ဆည်းကပ်ရာ "မွေတော်ကကျွေးဘုရားစေတီ" များအဖြစ် သာသနာ့အောင်လံတော်ကြီးလွှင့်ထူနိုင်ခဲ့ပြီဖြစ်ပေတော့သည်။

မွန်းလွဲပိုင်းတွင် ရွှေဘုရားကျောင်းဆရာတော်နှင့် သီရိလင်္ကာ၊ နီပေါနှင့် စင်ကာပူနိုင်ငံတို့မှ ဆရာတော်သံဃာတော်များသည် ဘုရားဖူး အဖွဲ့ဝင်များနှင့်အတူ မွေတော်ကကျွေးဘုရားမှ ပြန်လည်ထွက်ခွာလာကြပြီး တောင်ကြီးမြို့၌ လှည့်လည်လေ့လာ၍ တန်ခိုးကြီးဘုရားစေတီများကို ဖူးမြော်ကြည်ညြိုကြကာ ညနေပိုင်းတွင် ညောင်ရွှေမြို့သို့ ဆက်လက်ထွက်ခွာကြသည်။

(၂၄-၁၂-၂၀၀၁) ရက်နေ့ နံနက်တွင် ရွှေကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်များ၊ ဒါရိုက်တာများနှင့် မိသားစုများသည် အောင်ပန်းမြို့မှ တစ်ဆင့် ပင်းတယမြို့ရှိ ကုံလုံတော်ဆရာတော်ကြီး၏ ကျောင်းတော်သို့ ထွက်ခွာသွားကြသည်။ ဆရာတော်နှင့် ဘုရားဖူးများသည် ကုံလုံဆရာတော်ဘုရားကြီးများကို အနီးကပ်ဝတ်ပြုပူဇော်လျှုဒါန်းကြသည်။ ရွှေဘုရားကျောင်း ဆရာတော်နှင့် ဒါယကာ ဒါယိကာမများက ပင်းတယပြည်ငြိမ်းအေးစေတီတော်အတွက် အလျှုတော်ငွေကျပ် (၂၀၀၀၅၅၅/-)နှင့် ပင်းတယဝိပဿနာ အဖွဲ့ခွဲဓမ္မာရုံ တည်ဆောက်ရန်အတွက် အလျှုငွေကျပ် (၃၃၀၀၀၀/-)တို့ကို ပေးအပ်လျှုဒါန်းကြသည်။ ဆက်လက်၍ ပင်းတယရွှေဥမင်ဘုရားစေတီ၊ ရုပ်ပွားတော်များကို ဖူးမြော်ကြည်ညြိုကြပြီး အလျှုတော်ငွေ (၂၀၆၂၄၄/-) ကို ပေးအပ်လျှုဒါန်းကြ

သည်။ ရှေဘုရားကျောင်းဆရာတော်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ခရီးဆက်ရန်အတွက် ဟဲဟိုးလေဆိပ်သို့ အချိန်မီထွက်ခွာကြမည်ဖြစ်သည်။

(၂၄-၁၂-၂၀၀၁)နံနက်၌ စာရေးသူသည် သီရိလင်္ကာနိုင်ငံမှ ဆရာတော်ဘုရားကြီးများ၊ သီရိလင်္ကာယဉ်ကျေးမှုတီးဝိုင်းအဖွဲ့သားများ၏ ခရီးစဉ်ကို အနီးကပ်တာဝန်ယူပြီး ဟဲဟိုးလေဆိပ်သို့ ထွက်ခွာကြရသည်။ လေဆိပ်၌ သီးသန့်အခန်းတွင် ဆရာတော်ကြီးများကို အနီးကပ်ဖြည့်ဆည်း ဆောင်ရွက်ကာ ပြည်တွင်းလေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။ ရန်ကုန်လေဆိပ်မှတစ်ဆင့် ဧည့်လမ်းညွှန်များနှင့်အတူ စားသောက်ဆိုင်တွင် နေ့လယ်စာ ဆွမ်းကပ်ကြပြီးနောက် လေ့လာရေးခရီးစဉ် လှည့်လည်ကြသည်။

စင်ကာပူရှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်များ၊ ဒါရိုက်တာနှင့် မိသားစုများ အပါအဝင် ရန်ကုန်-ဟဲဟိုး-ရန်ကုန်ခရီးစဉ်ကို ပြည်တွင်းလေကြောင်းလေယာဉ် (၅) စင်းဖြင့် အသွား/အပြန် ပို့ဆောင်ပေးကြရသည်။ ထို့ကြောင့်ပင် ညနေပိုင်း ဟဲဟိုးလေယာဉ်ကွင်းမှ ရန်ကုန်သို့ လေယာဉ်တစ်စင်းချင်း သတ်မှတ်ချိန်ဖြင့် ထွက်ခွာကြရာတွင် ဟဲဟိုးလေယာဉ်ကွင်း ပြုပြင်မွမ်းမံမှုပြုလုပ်နေသောကြောင့် ည ၈ နာရီထက် နောက်ကျက လေယာဉ်အတက်အဆင်း ပြုလုပ်ခွင့်မရှိသဖြင့် နောက်ဆုံးလေယာဉ်များမှာ သက်ဆိုင်ရာ၏ ကြိုတင်ခွင့်ပြုချက်ကို ရယူလျက် ဟဲဟိုးလေယာဉ်ကွင်းမှ ထွက်ခွာခဲ့ရသဖြင့် ရန်ကုန်မြို့သို့ ညပိုင်းမှ ရောက်ရှိကြရသည်။

(၂၅-၁၂-၂၀၀၁) ရက်နေ့ နံနက် ၆:၄၅ နာရီအချိန်တွင် ရှေဘုရားကျောင်းဆရာတော်အမှူးပြုသော ဒုလ္လဘရဟန်းတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများသည် ရှေတိဂုံစေတီရင်ပြင်တော်၊ ရာဟုထောင့်အောင်မြေနေရာမှ စုပေါင်း၍ ပန်း၊ ဆီမီး၊ ရေချမ်း ကန်တော့ပွဲများဖြင့် ရှေတိဂုံစေတီတော်မြတ်ကြီးအား စုပေါင်း၍ ဝတ်ပြုပူဇော်ကြသည်။ ဆက်လက်၍ ရဟန်းတော်များအစုအဖွဲ့လိုက်၊ ရဟန်းတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။ ဒါရိုက်တာများ၊ မိသားစုများနှင့် စာရေးသူတို့က အနီးကပ်ပါဝင်ကူညီ ဆောက်ရွက်ပေးကြသည်။ ယင်းနောက် ရှေဘုရားကျောင်းဆရာတော်နှင့် ဆရာတော် သံယာတော်များ၊ ဒုလ္လဘ ရဟန်းတော်များသည် ရှေတိဂုံစေတီ တောင်ဘက်မှခ်စောင်းတန်းမှ တန်းစီ၍ ဆင်း

လာကြရာတွင် စင်ကာပူနိုင်ငံသား ဘုရားဖူးအဖွဲ့ဝင်များက ဆရာတော် သံဃာတော်များကို နဝကမ္မအလှူတော်ငွေများ (အန်ပေါင်းအိတ်)များကို တစ်ပါးချင်း လောင်းလှူကြသည်။ ရှေတိဂုံစေတီတော်ရုံးအဖွဲ့မှ တာဝန်ကျဝန်ထမ်းများ၊ ဒါရိုက်တာများ၊ စာရေးသူနှင့် ဝန်ထမ်းများက အနီးကပ်ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။ မြန်မာနိုင်ငံသားဘုရားဖူးများကလည်း စေတနာဖြင့် ပါဝင် လောင်းလှူမှု ပြုကြသည်။

ထို့နောက် ရှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးများသည် ကျောက်တန်းရေလယ်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရန်ကုန်မြို့တွင်းလှည့်လည် လေ့လာမှုပြုကြလေသည်။ (၂၆-၁၂-၂၀၀၁) ရက်နေ့တွင် ရှေဘုရား ကျောင်း ဆရာတော်နှင့် ဒုတိယအသုတ်ဘုရားဖူးအဖွဲ့များသည် အမ်အိုင် (၅၁၅) လေ ယာဉ်ဖြင့် ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ ပြန်လည်ထွက်ခွာခြင်းဖြင့် "သာသနာပြု အောင်ပွဲ မဂ်လာ" ပွဲမဟာကို အောင်မြင်စွာ ပြီးဆုံးနိုင်ခဲ့လေသည်။

ထို့နည်းတူ ဒေသခံဒါရိုက်တာများနှင့် စာရေးသူတို့ကား ရှေဘုရားကျောင်းဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ "သာသနာပြုအောင်ပွဲမဂ်လာ" ပွဲကြီးတွင် ပါဝင်ကူညီဆောင်ရွက်ကြသည့် နိုင်ငံတော်ခေါင်းဆောင်များ၊ စစ်ဘက်နယ်ဘက်မှ တာဝန်ရိုးဂိုရယ်များ၊ ဒေသခံအာဏာပိုင်အဖွဲ့အစည်းများနှင့် တိုင်းရင်းသား အပေါင်းနှင့်တကွ ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးတင်ဂုဏ်ပြုသောအားဖြင့် နေ့စဉ်ထုတ်သတင်းစာများ၌ "သာသနာပြုအောင်ပွဲ မဂ်လာကျေးဇူးတင်လွှာ" ကို ထည့်သွင်းခြင်းဖြင့် ကျေးဇူးတင်စကား ပါးခဲ့လေတော့သည်။ အထူးသဖြင့် ရှေဘုရားကျောင်းဆရာတော်သည် ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလကို နှုတ်ခွန်းဆက်လျက် ၂၀၀၂ ခုနှစ်၊ နှစ်သစ်ကို ကြိုဆိုခဲ့ခြင်းပင်ဖြစ်လေသည်။

၂၀၀၂ ခုနှစ်၊ နှစ်သစ်ဆန်းမှစတင်လျက် ရှေကျောင်းဆရာတော်သည် ပြုပြင်မွမ်းမံမှုပြုနေသည့် ပုဂံယဉ်ကျေးမှုနယ်မြေရှိ ပုဂံဘုရား အမှတ် (၈၂၀) ကို အချိန်မီ ပြီးစီးရမည်။ ထိုမှတစ်ဆင့် ဗုဒ္ဓါဘိသေကအနေ ကဗျာတင်လှူ ပူဇော်ရမည်။ ဒေသခံဒါယကာများနှင့်အတူ သာသနာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနတို့၌ တွေ့ဆုံညှိနှိုင်းမှုပြုကြသည်။

(၂၃-၅-၂၀၀၂) ရက်နေ့ ညနေ ၄ နာရီအချိန်၌ ရန်ကုန်မြို့၏ ယဉ်ကျေးမှု

ဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ရွှေကျောင်းဆရာတော်ရှိဖာဇော့နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ ဆရာ့အေးရှခရီးသွားလုပ်ငန်း ကုမ္ပဏီ ဒါရိုက်တာများပြုပြင်ကြသည့် အေသခံဒါယကာများ ဝုံညီဘွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေကျောင်းဆရာတော်က ပုဂံယဉ်ကျေးမှု နယ်မြေမှ ဆင်ပြုရှင်ကျောင်းတိုက်ဝင်းအတွင်းရှိ သိမ်တော်တည်ဆောက်နိုင်ရန် အလှူတော်ငွေကျပ်သိန်း (၄၀) ကိုယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးထံ ပေးအပ်လှူဒါန်းရာ ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်ပြီး ကျေးဇူးတင်စကား လျှောက်ထားသည်။

ယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးတော်များကို ပြန်လည်ပြုပြင်ထိန်းသိမ်းတည်ဆောက်နိုင်ရေးအလို့ငှာ ရွှေကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇရှိဖာဇော့အမှုဆောင်သော စင်ကာပူနိုင်ငံမှ အလှူရှင် တပည့် ဒါယကာ၊ ဒါယိကာမများ၏ ရှေးဟောင်းဘုရား သိမ် (၇)ဆု အတွက် လှူဒါန်းငွေကျပ် (၃၈၆)သိန်းရှိခဲ့ပြီးပြစ်ရာ၊ ယနေ့လှူဒါန်းငွေကျပ် သိန်း(၄၀) အပါအဝင် စုစုပေါင်းလှူဒါန်းငွေကျပ် (၄၂၆)သိန်း ရှိပြီးပြစ်သည်။

(၂-၇-၂၀၀၂) ရက်နေ့ နံနက် (၇) နာရီအချိန်တွင် ပုဂံယဉ်ကျေးမှုနယ်မြေ ရှေးဟောင်းဘုရားအမှတ် (၇၂၀) ၏ ဗုဒ္ဓါဘိသေကအနေကဇာ တင်လှူပူဇော်ပွဲကြီးကို ဘုရားအမှတ် (၇၂၀) မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အမှုဆောင်သော နယ်မြေဒေသရှိ ဆရာတော်သံယာတော်အရှင်မြတ်များက ဘုရားကြီးကို ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်ကြသည်။

ယင်းနောက် ရွှေကျောင်းဆရာတော်နှင့် တပည့် ဒါယကာ ဒါယိကာမများက ရခိုင်ပြည်နယ်၊ မြောက်ဦးရှိ ဗမ္ဘုလကျောင်းတိုက် ပြုတိုက်ကျောင်းတည်ဆောက်ရန်အလှူတော်ငွေကျပ် သိန်း(၄၀၀)၊ အင်းလေးဒေသရှိ ဘုရားနီဘုရား မွမ်းမံပြုပြင်ရန်အလှူတော်ငွေကျပ် သိန်း(၁၅၀)နှင့် မြင်းခြံပြီး မဟာဗောဓိတစ်ထောင်ဓာတ်တော်တိုက် စက်ကြံတည်ဆောက်ရန်အတွက် အလှူတော်ငွေကျပ်သိန်း (၁၃၀) တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများ

က လက်ခံမှုပြုကြသည်။

ပုဂံယဉ်ကျေးမှုဒေသ ဘုရားအမှတ် (၈၂၀)၏ ဗုဒ္ဓါဘိသေကအနေ ကဇာတင်လှူပူဇော်ပွဲကြီး၌ အရုပ်ရုပ်ကုသိုလ်တော်မှာ (၁၇၂၂၃၇၅/-) ကျပ် ဖြစ်သည်။

ဓာတ်မြတ်ပူဇော် ကုသိုလ်တော်

ဗုဒ္ဓဘာသာဝင်နိုင်ငံများတွင် ရှေတန်းနိုင်ငံအဖြစ် တင်စားဖွင့်ဆို ကြရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၌ ထေရဝါဒဗုဒ္ဓသာသနာ တော်ကြီးသည် နေလပမာထွန်းလင်းတောက်ပလျက် ရှိနေပေသည်။ ထို့နည်းတူ သာသနာတော်၌ အဓိကကျသည့် ဗုဒ္ဓဘုရားရှင်၏ ဆံတော်အံတော်၊ စွယ်တော်များ၊ ဓာတ်တော်မွေတော်များ၊ ရဟန္တာအရှင်မြတ်ကြီးတို့၏ ဓာတ်တော်များကို ကိန်းဝပ်စံပျော်ပူဇော်ထားအပ်သော ဓာတ်တော်တိုက်ကြီးများ သည်လည်း ပေါ်ထွန်းလျက်ရှိသည်။ ယင်းတို့အနက် မြင်းခြံမြို့ မဟာဗောဓိ တစ်ထောင်ဓာတ်တော်တိုက်နှင့် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ဓာတ်တော်တိုက် ကြီးများသည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပါ ထင်ရှားလျက်ရှိသည်။

ထိုသို့သော ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူအပေါင်းတို့ ဆည်းကပ်ပူ ဇော်ကြရာဓာတ်တော်တိုက်ကြီးများသို့ စင်ကာပူနိုင်ငံ၊ ရှေ့ဘုရားကျောင်းဆရာ တော်ကြီးသည် အကြိမ်ကြိမ်ရောက်ရှိလျက် ဓာတ်တော်မွေတော်၊ အံတော်၊ စွယ်တော်များနှင့်အတူ ရေးဟောင်းရုပ်တုရုပ်ပွား၊ ဘုရားစေတီများကို ဖူးမြော် ကြည်ညိုမဝဖြစ်ခဲ့ရသည်။ ရှေ့ကျောင်းဆရာတော်သည် မိမိတို့၏ ဇာတိ စင်ကာပူ နိုင်ငံရှိ ဆရာတော်၊ သံဃာတော်များ၊ စင်ကာပူနိုင်ငံသူနိုင်ငံသား ဗုဒ္ဓဘာသာ ဝင်များကိုပါ ကြည်ညိုဖူးမြော်စေလိုသောဆန္ဒတော်များက ပြင်းပြလှသည်။

ရှေ့ကျောင်းဆရာတော်ကြီးက စင်ကာပူနိုင်ငံ၊ ဗုဒ္ဓဘာသာရှေ့ဘုရား ကျောင်းတော်တည်ထောင်သည့် (၁၀) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဘာ သာသာသနာတော်ကြီး ထွန်းကားပြန့်ပွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ မြင်းခြံမြို့ နှင့် မိတ္ထီလာမြို့တို့ရှိ ဓာတ်တော်တိုက်ကြီးများမှ ဗုဒ္ဓဘုရားရှင်၏ အံတော်စွယ် တော်၊ ဓာတ်တော်မွေတော်များ၊ ရုပ်ပွားရုပ်တုတော်များကို ဓာတ်တော်တိုက်

ဆရာတော်ကြီးများနှင့် သက်ဆိုင်ရာများ၏ ခွင့်ပြုချက်ဖြင့် စင်ကာပူနိုင်ငံသို့ ပင့်ဆောင်ကာ ပူဇော်ပွဲကြီးတစ်ရပ်ကို ကျင်းပပူဇော်နိုင်ရန် ကြိုတင် ကြိုးပမ်းအား ထုတ်မူပြုတော့သည်။ မြန်မာမူလက်ရာမှခဲဦး နှင့် ဂန္ဓကုဋိပြာသာဒ်ဆောင် အတွင်းဌ အံ့တော်၊ စွယ်တော်များကို ပူဇော်မူခံယူနိုင်ရန် စီစဉ်မည်။ အခြားသော ဗုဒ္ဓဘာသာဝင်ပြည်ပနိုင်ငံများမှ ရပ်တုရပ်ပွားများကိုလည်း ပင့်ဆောင်အပူဇော်ခံ နိုင်ရန် ဆောင်ရွက်မည်။ ဓာတ်တော်တိုက်ကြီးများမှ ဆရာတော်ကြီးများကို ပင့်ဆောင်မည်။ ကြည်ညိုဖွယ်ဓာတ်တော်ပူဇော်ပွဲကြီးဖြစ်ရမည်ဟု ရှေကျောင်း ဆရာတော်ကြီးက မျှော်မှန်းခဲ့သည်။ အချိန်ယူကြိုတင်စီမံဆောင်ရွက်ကြရမည့် ကိစ္စအဝဝတို့ကို ခရီးသွားလုပ်ငန်း ကုမ္ပဏီဒါရိုက်တာများဖြစ်ကြသည့် ဒေသခံ ဒါယကာများနှင့် စာရေးသူတို့က အချိန်ယူဆောင်ရွက်ကာ သာသနာရေး ဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများ အကြီးအကဲများက ပံ့ပိုးကူညီဆောင်ရွက်မှုပြုပေးကြသည်။

ထိုစဉ်ကာလ၌ ရခိုင်ပြည်နယ် ရေးဟောင်းမြို့တော် မြောက်ဦးမြို့ ရှိ ဗန္ဓုလကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစက္ကပါလကိုလည်း စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်မည့် "ကြည်ညိုဖွယ်ဗုဒ္ဓအမွေအနှစ်ပြသပူဇော်ပွဲ" တက်ရောက်နိုင်ရေး စီစဉ်ဆောက်ရွက်ပေးရန် လိုအပ်လာသည်။ ဤတွင် ဒါရိုက်တာအဖွဲ့၏ တာဝန်ပေးမှုဖြင့် စာရေးသူသည် ရခိုင်ပြည်နယ်မြောက်ဦး မြို့သို့ လေယာဉ်ဖြင့် တစ်မျိုး၊ ကားဖြင့်တစ်သွယ်၊ ခရီးသွားရောက်ခဲ့ရပြန် သည်။ ဗန္ဓုလကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစက္ကပါလသည် "ရေးဟောင်း ဗုဒ္ဓပူဇနီယပြခန်းတစ်ခုပြုလုပ်မည်" ဟူသောရည်မှန်းချက် ကြိုးပမ်းဆောင် ရွက်မှုဖြင့် စုဆောင်းပူဇော်မှုပြုခဲ့သည့် ဆရာတော်ဖြစ်သည်။ ဆရာတော်၏ ကျောင်းတိုက်ရှိ စန္ဒမုနိရုပ်ရုင်တော်၊ စကြာမုနိရုပ်ရုင်တော်၊ ဗုဒ္ဓဘုရားရုင်၏ အံ့တော်မြတ်ကို အဓိကပြုလျက် ပြတိုက်အတွင်းရှိ သရီရဓါတ်တော် မွေတော် များ၊ဗုဒ္ဓရုပ်ကြွင်းမှခြာအစုံများ၊ ဗုဒ္ဓ၏ ချေချွတ်တော်မူသော ပုံတော်များ၊ မဟာ ကြံ့ရုပ်ပွားတော်များကို ဖူးမြော်ပူဇော်ခွင့်ရရှိခဲ့သည်။ မြောက်ဦးမြို့ရှိ ဘုရားစေတီ ပုထိုးများနှင့် စစ်တွေမြို့ရှိ စေတီတော်များကို လှည့်လည် လေ့လာခွင့် ရရှိခဲ့ သည်။ ဆရာတော် ဘဒ္ဒန္တစက္ကပါလ ဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲကြီးသို့ တက်ရောက် နိုင်ရန် လိုအပ်ချက်အဝဝကို စီစဉ်ဆောက်ရွက်ပေးနိုင်ခဲ့သည်။

စင်ကာပူနိုင်ငံ ဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲကြီးသို့ ကြွရောက်နိုင်ရန် စီစဉ်မှုပြုနေသည့်ကာလ၌ ဆရာတော်ဘဒ္ဒန္တစက္ကပါလသည် သာသနာပြုလုပ်ငန်းကများသည်။ "ပြတိုက်ကျောင်း" သစ်တည်ဆောက်ရေး လုပ်ငန်းကလည်း စီမံဆောက်ရွက်စအချိန်ကာလပင်ဖြစ်သည်။ ဤသို့သောကာလ၌ ဆရာတော်တွင် မမျှော်လင့်ခဲ့သော ရောဂါဝေဒနာတစ်မျိုး ဖြစ်ပေါ်ခဲ့ရသည်။ ရန်ကုန်မြို့သို့ ကြွရောက်၍ ဆေးဝါးကုသမှုပြုသည်။ရှေကျောင်း ဆရာတော်ရိုဖာဇော့က ဗန္ဓုလကျောင်းတိုက်ဆရာတော်အတွက် လိုအပ်သော နိုင်ငံခြားဆေးပစ္စည်းများဖြင့် ကုသမှုပြုနိုင်ရန် အချိန်မီပေးပို့ခဲ့သည်။ ခရီးသွားလုပ်ငန်းကုမ္ပဏီဒါရိုက်တာများနှင့် စာရေးသူတို့ကလည်း ဆေးရုံကြီးသို့ အချိန်ယူသွားရောက်ကြပြီး ဆရာတော်၏ ကျန်းမာရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုပြုပေးကြသည်။ ဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲကြီး သွားရောက်ရန် နီးကပ်ချိန်တွင် ဆရာတော်ကလည်း ပူဇော်ပွဲသို့ တက်ရောက်ရန် ဆန္ဒတော်ပြင်းပြနေသည့် အချိန်၊ ကျန်းမာရေးကလည်း ကောင်းမွန်လာမှု အခြေအနေပေါ်မူတည်လျက် ဆရာဝန်များ၏ ခွင့်ပြုချက်ဖြင့် သွားရောက် ပူဇော်ခွင့်ရရှိခဲ့သည်။ ဆရာတော်ဘဒ္ဒန္တစက္ကပါလသည် အနီးကပ်တပည့် ဒါယကာဦးကျော်ညွန့်၏ ပံ့ပိုးကူညီမှုဖြင့် ခရီးစဉ်တွင် အဆင်ပြေမှုရှိခဲ့သည်။

စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်မည့်ဓာတ်တော်ပူဇော်ပွဲကြီးသို့ တက်ရောက်ကြရမည့် ဓာတ်တော်တိုက်ဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒါယကာ၊ ဒါယိကာမများထံ ပင့်လျှောက်လွှာဖိတ်ကြားလွှာများကို ရှေကျောင်းဆရာတော်က အချိန်မီ ပေးပို့ခဲ့သည်။

ရှေကျောင်းဆရာတော်ထံမှ စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်မည့် "ကြည်ညိုဖွယ်ဗုဒ္ဓအမွေအနှစ်အထူးပြသပူဇော်ပွဲ" အထိမ်းအမှတ်အဖြစ် ရိုက်နှိပ်ထုတ်ဝေသည့် ဗုဒ္ဓဘာသာရှေကျောင်းတော် (၁၀) နှစ်ပြည့်မဂ္ဂဇင်း စာအုပ်ကိုလည်း ရရှိသည်။ မဂ္ဂဇင်းစာအုပ်ကို တရုတ်နှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့် ရိုက်နှိပ်ထားသည်။ မဂ္ဂဇင်းစာအုပ်အဖွင့်၌ စင်ကာပူနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ စင်ကာပူရှေဘုရားကျောင်းဆရာတော် ရိုဖာဇော့၊ အာဘိဓမ္မဟာရဋ္ဌဂုရု

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့.ဥက္ကဋ္ဌ မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ၊ စင်ကာပူနိုင်ငံမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တတိလောက၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီး ဌာနဝန်ကြီး၊ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ဆရာတော်ကြီး ၄ ပါးတို့၏ ဥယောဇနကထာနှင့် သဝဏ်လွှာများကို ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်။

ရွှေဘုရားကျောင်းဆရာတော်ကြီး၏ ရွှေကျောင်းတော် (၁၀) နှစ်ပြည့် "ကြည်ညိုဖွယ်ဗုဒ္ဓအမွေအနှစ်အထူးပြသပူဇော်ပွဲကြီး" ၏ ကြီးမြတ်မှုနှင့် ဗုဒ္ဓဘုရားရှင်အား ပူဇော်ပွဲသတင်းကောင်းစကားကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားသည်။

ရွှေကျောင်းဆရာတော်၏ မဂ္ဂဇင်းပါ အင်္ဂလိပ်ဘာသာဖြင့် ရေးသားချက်မိတ္တူနှင့် မြန်မာဘာသာပြန်ထားသည့်စာကို တစ်ဖက်စာမျက်နှာတွင် ပူးတွဲတင်ပြပါသည်။

ကျွန်ပ်အနေဖြင့် မြန်မာနိုင်ငံမှ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါသည်။

- ကြည်ညိုလေးစားအပ်ပါသော မြင်းခြံမြို့ရှိ မဟာဗောဓိတစ်ထောင်ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ဘဒ္ဒန္တသူရိယနှင့် ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ကြီးတို့၏ ကူညီထောက်ပံ့မှုများကို အထူးကျေးဇူး တင်ရှိပါကြောင်း။
- မြန်မာ ဆရိအေးရှခရီးသွားလုပ်ငန်းကုမ္ပဏီလိမိတက်မန်နေဂျာ ဦးစံမောင်နှင့် ဗုဒ္ဓဘုရားရှင်၏ မြန်မာနိုင်ငံနှင့် ပတ်သက်သော သမိုင်းနောက်ခံအချက်အလက်များနှင့် သူ၏သုတေသနပြုလေ့လာ ရေးသားဖြန့်ဝေပေးမှုများအပေါ်ကိုလည်း အထူးကျေးဇူးတင်မိပါကြောင်း ဖော်ပြခဲ့သည်။

စင်ကာပူနိုင်ငံ ရွှေဘုရားကျောင်းဆရာတော် သာသနာပြုမော်ကွန်းတင်

Message by Ven. Shi Fazhao

Welcome the Supreme Buddha's Tooth Relics in Praise of Him

Golden Pagoda Buddhist Temple celebrates its 10th year anniversary this year!

— — — — — — — — — — — — — — — — —

— — — — — — — — — — — — — — — — —

I will also like to sincerely thank the following from Myanmar: Ven Bhaddanta Thuriya and Ven. Bahddanta Nandavamsa from Myingyan Maha Bawdhi Tataung Monastery for their help and support, Mr U San Maung, manager of Myanmar Sri Asia Tourism Service Co. Pte. Ltd., for his contribution and research in Buddhist historical sites in Myanmar

— — — — — — — — — — — — — — — —

— — — — — — — — — — — — — — — —

I wish all humanity peace and a bright future

Golden Pagoda Buddhist Temple Abbot
Ven. Shi Fa Zhao

အမွေအနှစ်ပွဲ ပူဇော်နွဲ့

(၂-၈-၂၀၀၂) ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော ရွှေကျောင်းဆရာတော်ကြီး၏ "စင်ကာပူနိုင်ငံကြည်ညိုဖွယ်ဗုဒ္ဓအမွေအနှစ် အထူးပြသပူဇော်ပွဲကြီး" ကို ဂုဏ်ပြုပူဇော်မှုအဖြစ် (၂၇-၁၀-၂၀၀၂) ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာနှင့် (၁၀-၁၁-၂၀၀၂) ရက်နေ့ထုတ် THE NEW LIGHT OF MYANMAR သတင်းစာများ၌ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဆောင်းပါးအဖြစ် ရေးသားပူဇော်ခဲ့မှုကို ဖော်ပြရပါသည်။

"စက်ဘူနိုင်ငံ ကြည်ညိုဖွယ်ဗုဒ္ဓအမွေအနစ် အထူးပြသပူဇော်ပွဲ"

၂-၈-၂၀၀၂ ရက်နေ့ အေးချမ်းသာယာသည့် နံနက်ခင်းခါဖြစ်သည်။ စင်ကာပူမြို့တော် ဆန်းတက်စီးတီးအပြည်ပြည်ဆိုင်ရာ စင်ကာပူညီလာခံနှင့် ပြပွဲဌာန အဆောက်အအုံကြီး၏ စတုတ္ထထပ် ပြပွဲခန်းမ (၄၀၁) ခန်းမဆောင်ကြီးရှေ့၌ လူပရိသတ်များဖြင့် စည်ကားနေသည်။ ခန်းမကျယ်ကြီး အတွင်းဘက် အဝင်ဝနှင့် မနီးမဝေးတွင် မြန်မာမူလက်ရာ ကနုတ်ပန်းများဖြင့် မွမ်းမံပြုလုပ်အပ်သည့် မှန်ဦးကြီးသည် လျှပ်စစ်အလင်းရောင်တွင် ရွှေရောင်တဝင်းဝင်းဖြင့် ခုံညားဝင့်ထည်စွာ တည်ရှိနေသည်။ **ဗုဒ္ဓဘာသာ ရှေဘုရားကျောင်း (၁၀)နှစ်မြောက်နှစ်ပတ်လည် အထိမ်းအမှတ် ဗုဒ္ဓအမွေအနှစ်အထူးပြပွဲ** ဟု အမိပ္ပာယ်ဖွင့်ဆိုထားသည့် နမူနာစည်းစာတန်းကို တရုတ်-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးသားထားသည်။ မှန်ဦး၏ လက်ဝဲဘက်ခြမ်းရှေ့တွင် ပြပွဲကြီးကို ဖွင့်လှစ်ပေးကြမည့် မြန်မာဆရာတော်ကြီးများကို နေရာချပေးထားသည်။ အထူးပြသပူဇော်ပွဲကြီးကို ဦးဆောင်ကြီးမှူး စီစဉ်ကျင်းပသည့် စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရှေဘုရားကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ရိုဖာဇော့နှင့် တရုတ်၊ သီရိလင်္ကာ၊ ထိုင်း စသည့် နိုင်ငံများမှ ဆရာတော်ကြီးများ၊ စင်ကာပူနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ်ရုံးဝန်ကြီး Mr.Chan Soo Sen၊ စင်ကာပူနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာ နိုင်ငံသံအမတ်ကြီး ဦးလှသန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းပြည်ပတို့မှ အထူးညှိုသည်တော်ကြီးများသည် မှန်ဦးကြီးရှေ့တွင် အသီးသီးနေရာယူလျက် မင်္ဂလာအချိန်ကို စောင့်ဆိုင်းနေကြသည်။

မင်္ဂလာအချိန်ကျရောက်သည့် ဒေသစံတော်ချိန် နံနက် ၉ နာရီ အချိန်တွင် စင်ကာပူမြို့. မြန်မာဗုဒ္ဓဘာသာကျောင်းဆရာတော် ကမ္ဘာ့ဗုဒ္ဓသာသနာပြုအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝံသ၊ မြင်းခြံမြို့. မဟာဗောဓိတစ်ထောင်ဓာတ်တော်တိုက် သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသူရိယနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ၊ မြောက်ဦးမြို့. ဗန္ဓုလကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစက္ကပါလနှင့် ပဒိုင့်တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထိတို့က ပြပွဲကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပြပွဲကြီးဖွင့်လှစ်လိုက်သည်နှင့် တူညီဝတ်စုံများ ဝတ်ဆင်ထားကြသည့် အမျိုးသားများက မြတ်ဗုဒ္ဓ၏ ဆံတော်၊ အံတော်၊ ဓာတ်တော်တို့ကို ကနေ့ကျွန်ုပ်တို့ ထိုးပြကြီးများမိုးလျက် ပင့်ဆောင်ပြီး ခန်းမဆောင်ကြီးအတွင်းသို့ တန်းစီဝင်ရောက်လာကြသည်။ မှန်ဦးကြီးရှေ့တွင် ဆရာတော်ကြီးများ အထူးညှော့်သည့် တော်များနှင့် ပူးပေါင်းပြီး ဆရာတော်ကြီးများ ဦးဆောင်လျက် မှန်ဦးဝင်ပေါက် လျှောက်လမ်းအတိုင်း ခန်းမဆောင်အလယ်ဗဟိုရှိ ဂန္ဓကုဋိပြာသာဒ်ဆောင်သို့ ဦးတည်ပင့်ဆောင်ကြသည်။ နိုင်ငံအသီးသီးမှ ဘုရားဖူးအဖွဲ့ဝင်များသည် မှန်ဦးကြီး ဝဲယာရှိ လျှောက်လမ်းအတိုင်း ဝန်းရံလိုက်ပါလာကြသည်။

ကြည်ညိုဖွယ်ရာ ဗုဒ္ဓအမွေအနှစ် အထူးပြသပူဇော်ပွဲကြီး ၌ အထွတ်အမြတ်ထား၍ အထူးပြသပူဇော်ကြရမည့် ဗုဒ္ဓအမွေအနှစ်သည်ကား ပြည်ထောင်စုမြန်မာနိုင်ငံ မြင်းခြံမြို့ မဟာဗောဓိတစ်ထောင်ဓာတ်တော်တိုက်ရှိမှ သက်ဆိုင်ရာများ၏ ခွင့်ပြုချက်ဖြင့် ပင့်ဆောင်တော်မူခဲ့သည့် မြတ်ဗုဒ္ဓ၏ ဆံတော်တစ်ဆူ၊ အံတော်တစ်ဆူနှင့် ဓာတ်တော်များ ရဟန္တာ အရှင်မြတ်ကြီးတို့၏ ဓာတ်တော်မွေတော်များဖြစ်သည်။ ထေရ်ကြီးဝါကြီး မြန်မာဆရာတော်ကြီးများက မြတ်ဗုဒ္ဓ၏ဆံတော်နှင့် အံတော်မြတ်တို့ ကိန်းဝပ်စံပယ်တော်မူသည့် ရွှေပလွင်နှစ်ခုတို့ကို ဝန်းရံလျက် **အနေကဇာတိသံသာရ** အစချီသော ဂါထာတော်ကို ရွတ်ဆိုပြီး ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ကြသည်။ ရှေဘုရားကျောင်းဆရာတော်နှင့် ဆရာတော် သံယာတော်များကလည်း မိမိတို့ဘာသာဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ပြခန်းကြီးပြင်ဆင်မွမ်းမံထားရှိမှုကို ခြုံငုံလေ့လာသည့်အခါ နည်းပညာအရာ၌ ခေတ်မီတိုးတက်နေသောနိုင်ငံဖြစ်သည့်အားလျော်စွာ ခန်းမဆောင်ကြီး၏ အနေအထားနှင့် ခင်းကျင်းပြသမည့် ဘာသာရေးဆိုင်ရာ အခမ်းအနားနှင့် လျော်ညီသည့် အထူးပြခန်းကြီးအဖြစ် ကျွမ်းကျင်သော ပညာရှင်များကိုယ်တိုင် အကွက်ကျ စီစဉ်ရေးဆွဲကာ အဆင့်မြင့် ဖန်တီးဖော်ဆောင်ထားသည်ကို တွေ့မြင်ရသည်။

ကော်ဇောနီခင်းထားသည့် လျှောက်လမ်းများနှင့်ရောင်စုံပန်းရံ၊ ပန်းခင်း၊ ပန်းတန်းများဖြင့် ပုံစံချ အကွက်ဖော်ထားသည့် စတုဂံပုံပြကွက် ပြခန်းမျှော်၌ နိုင်ငံတစ်ခုချင်းအလိုက် ရုပ်ပွားဆင်းတုတော်များကို ကြည်ညိုဖွယ်ဖြစ်အောင်

ခင်းကျင်းပြသ ပူဇော်ထားသည်။ ဥဏှာတော်အကြီးအသေး အရွယ်အစားအစုံ မြတ်ဗုဒ္ဓ၏ ပုံတော်များပါဝင်သည်။ နိုင်ငံလူမျိုးအလိုက် အသွင်သဏ္ဌာန်နှင့် ထုလုပ်မှုလက်ရာသာ ခြားနားသည်။ အားလုံးသော ရုပ်ပွားဆင်းတုများသည် လက်ရာမြောက် ရေးဟောင်းရုပ်တုရုပ်ပွားများဖြစ်ကြသည်။ ကွမ်ရင်မယ်တော် ကဲ့သို့သော လက်ရာမြောက်သူတော်စင် ရုပ်တုကြီးများကိုလည်း ပြသထား သည်။ ကျောက်သားပေါ်တွင် လက်ရာမြောက်ထွင်းထုထားသည့် မြတ်ဗုဒ္ဓ၏ ရုပ်ပွားရုပ်တုများပါရှိသော ထုထည်ကြီးမားသည့် ကျောက်သားကျောက်ချပ် များပြကွက်လည်း ရှိသည်။

တစ်မူထူးခြားသည့် မြန်မာတို့ပြကွက်တွင် သန့်စင်ဖြူဖွေးချောမွတ် နေသည့် စကျင်ကျောက်သား ဗုဒ္ဓရုပ်ပွားများ ရှားပါး၍ ထူးခြားသည့် ရွှေတိဂုံ ပြတိုက်မှ သစ်ဖြတ်ပိုင်းစေတီပုံတော်များ ထူးခြားအံ့ခြီးဖွယ်ရာ မြတ်ဗုဒ္ဓ၏ အရိုး အသား အသွေးတို့မှ ကြွင်းကျန်ရစ်သော အရောင်အသွေး စုံမတ်တော် များ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်မွေတော်များကို ကြည်ညိုဖွယ်ဖြစ်အောင် ခင်းကျင်းပြသထားသည်။

မှတ်တမ်းတင် ဓာတ်ပုံပြကွက်၌ ရွှေဘုရားကျောင်းဆရာတော်ကြီး၏ သာသနာပြုခရီးစဉ်ဖြင့် အမျှားဆုံးရောက်ရှိရာ၊ ကုသိုလ်တော်များ စုဝေးရာ မြန်မာနိုင်ငံခရီးစဉ်ဓာတ်ပုံများတွင် ရွှေဘုရားကျောင်းဆရာတော် အမှုပြုသော တပည့်ဒါယကာ ဒါယိကာမများနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွံ့ပြိုးရေးကောင်စီ အတွင်းရေးမှူး(၁) အမှုပြုသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ဒေသခံအကြီးအကဲများ တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များနှင့် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲ ကုသိုလ်တော်ပွဲ နွဲ့ကြသည့် ရွှေတိဂုံစေတီ၊ ပုဂံယဉ်ကျေးမှုဒေသ၊ မွေတော် ကက္ကူစေတီများ အင်းလေးအလိုတော်ပေါက်ဘုရားများ၏ ကုသိုလ် တော် ခရီးစဉ်မှတ်တမ်းဝင်ဓာတ်ပုံများကို ပြသထားသည်။ ပြပွဲကြီး၏ ပြကွက် ပြခန်းများကို ပြည့်ပြည့်စုံစုံ အချိန်ယူ လေ့လာကြမည်ဆိုပါက တစ်နေ့တာ အချိန်ယူသော်မှ ပြည့်စုံကြမည် မဟုတ်ပေ။

အထူးပြပွဲကြီး၏ ကျန်ရက်များဖြစ်သည့် ၃-၈-၂၀၀၂ ရက်နေ့နှင့် ၄-၈-၂၀၀၂ ရက်နေ့များကား စံပြုရမည့် နေ့ရက်များဖြစ်သည်။ နေ့စဉ် ပြပွဲခန်းမကြီးသည် ကြိုတင်ရောက်ရှိနေကြသော လေ့လာကြည်ညိုသူများဖြင့်

ခန်းလုံးပြည့် ဖြစ်နေသည်။ နေမြင့်လေ လူများလေဖြစ်နေသည်။ ပြုပွဲဌာန တာဝန်ရှိသူများက နီးစပ်သည့်ခန်းမကို ဖွင့်လှစ်နေရာပေးသည်။ တန်းစီဝင်ရန် စီစဉ်ပေးသည်။ ခန်းမများ ပြည့်လျှံ၍ တန်းစီကြသည့် လူတန်းကြီးသည် ပြုပွဲဌာနကြီး၏ မြေညီထပ် အဝှားယာဉ်ရပ်နားသည့်နေရာသို့ပင် ရောက်ရှိခဲ့သည်။ ၃ နာရီ၊ ၃ နာရီ တန်းစီစောင့်ဆိုင်းကြည်ညိုကြရသည်။ နောက်ဆုံးနေ့၌ ပိတ်သိမ်းချိန်သို့ ရောက်ရှိနေသော်လည်း လေ့လာကြည်ညိုလိုသူ ပရိသတ်အစုအဝေးကြီးက လျှော့သည်မရှိ ဇွဲကောင်းကောင်းဖြင့် စောင့်ဆိုင်းနေကြသည်။ နောက်ဆုံး၌ ရွှေဘုရားကျောင်းဆရာတော်ကိုယ်တိုင် ပြုပွဲခန်းမဝရန်တာမှထွက်၍ မေတ္တာရပ်ခံစကားပြောကြားရသည်။ ပရိသတ်အား ဆရာတော်၊ သံယာတော်များက မေတ္တာပို့သရွတ်ဆို ဆုတောင်းပေး၍ နှစ်သိမ့်ခဲ့ရကြောင်း လေ့လာသိရှိရသည်။ မျှော်မှန်းသည်ထက် သာလွန်အောင်မြင်သည့် သာသနာအောင်ပွဲဟု ဆိုရပေမည်။

ရွှေဘုရားကျောင်းဆရာတော်သည် သာသနာတော်ကြီးကို အစဉ်လေးစားကြည်ညိုမှုဖြင့် သာသနာတော်ကြီး အရှည်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းကြီးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် သာသနာပြုပုဂ္ဂိုလ်ကြီးဖြစ်သည်။ သာသနာပြုရည်မှန်းချက်ကြီးမားစွာဖြင့် ဦးတည်ဆောင်ရွက်သည့် ပြဿပူဇော်ပွဲကြီး၌ ယနေ့ဗုဒ္ဓဘာသာဝင်နိုင်ငံများတွင် ရေတန်းနိုင်ငံအဖြစ် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး အထွန်းကားဆုံးကာလအဖြစ် ရောက်ရှိနေသည့် မြန်မာနိုင်ငံကို အဓိကထား၍ ပြဿလိုသည့်ဆန္ဒက ပြင်းပြလှသည်။ ဘက်စုံထောင့်စုံမှ ကြိုတင်ပြင်ဆင်မှုပြုသည်။ မြန်မာ၊ တရုတ်၊ အင်္ဂလိပ်စသည့် ဘာသာများဖြင့် နိုင်ငံအလိုက်ရုပ်တုရုပ်ပွားပုံများ ပါဝင်သော နံရံကပ်ပိုစတာ၊ လက်ကမ်းစာစောင်များကို ရိုက်နှိပ်ဖြန့်ဝေသည်။ အင်တာနက်၊ ဝက်ဘ်ဆိုက်၊ ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့် ကြေညာသည်။ ဆရာတော်၏ မြန်မာနိုင်ငံသာသနာပြုခရီးစဉ်ကို ဒေသအလိုက် မှတ်တမ်းတင်ထားသော ဗီဒီယို၊ ဗီဒီယိုတို့ဖြင့် ပြည်ပအစီအစဉ်များက ထုတ်လွှင့်ပေးသည်။ တွေ့ဆုံမေးမြန်းခန်းဖြင့် ရှင်းလင်းထုတ်လွှင့်သည်။ ဗုဒ္ဓဘာသာဝင် နိုင်ငံများနှင့် ကမ္ဘာနိုင်ငံအသီးသီးတို့မှ ရှုမြင်ရသူအပေါင်းတို့ လေ့လာကြည့်မြင်လိုစိတ်ကို တိုးပွားအောင် ကြည်ညိုဖွယ်အဖြစ် စီစဉ်နိုင်

ခြင်းသည် ပြဿပူဇော်ပွဲကြီး၏ အောင်မြင်မှုကို ကြီးစွာသော အထောက်အကူ ဖြစ်ထွန်းစေသည်။ မြန်မာတို့၏ ဘာသာ သာသနာရေးကိုသာမက မြန်မာနိုင်ငံ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းကြီးကိုလည်း အထောက်အကူဖြစ်စေခဲ့သည်။ မြန်မာ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာမှုရိုပ်ကိုလည်း ပိုမိုသိရှိနိုင်ကြပေသည်။

ရှေဘုရားကျောင်းဆရာတော်သည် ရှေဘုရားကျောင်း (၁၀) နှစ် မြောက်နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် **ကြည်ညိုဖွယ်ရာ ဗုဒ္ဓအမွေ အနှစ် အထူးပြဿပူဇော်ပွဲကြီး** ကို ခင်းကျင်းပြသ ပူဇော်နိုင်ခြင်းဖြစ်သည်။ တိုတောင်းလှသည့် (၁၀) နှစ်တာ ကာလအတွင်း၌ ကျောင်းထိုင်ဆရာတော် တစ်ပါးအနေဖြင့် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းကြီးကို ကြိုးပမ်း ဆောင်ရွက်ရင်း နိုင်ငံအသီးသီးတို့မှ ဗုဒ္ဓအမွေအနှစ်များကို ကြီးကျယ်ခမ်းနား စွာ ပင့်ဆောင်ပြသ ပူဇော်နိုင်ခြင်း ဖြစ်ပေသည်။ မြတ်ဗုဒ္ဓ၏ သာသနာတော် ကြီး ထွန်းကားပြန့်ပွားရေးအတွက် ကြီးမားသော အထောက်အကူပြုသည့် ကုသိုလ်ထူးကြီးအဖြစ် ယုံကြည်မိသည်။ သာသနာပြုပုဂ္ဂိုလ်များတွင် စံပြု ရမည့် မထေရ်ကြီးတစ်ပါးအဖြစ် အမွှမ်းတင်ဂုဏ်ပြုအပ်ပေသည်။

အထူးသဖြင့် စင်ကာပူနိုင်ငံ ဆန်းတက်စီးတီး အပြည်ပြည်ဆိုင်ရာ ညီလာခံနှင့် ပြပွဲဌာန အဆောက်အအုံကြီး၌ အစဉ်အဆက်အဖွဲ့အစည်း အသီးသီးတို့က စီစဉ်တင်ပြခဲ့သည့် ပြပွဲများတွင် **ကြည်ညိုဖွယ်ရာ ဗုဒ္ဓ အမွေအနှစ် အထူးပြပွဲကြီး** သည် ဗုဒ္ဓဘာသာဝင်များသာမက၊ ဘာသာစုံ၊ လူမျိုးစုံ လူဦးရေလေးသိန်းကျော်တို့ တက်ရောက်လေ့လာ ကြည်ညိုသည့် အောင်မြင်မှုအရှိဆုံးသော အထူးပြပွဲကြီးအဖြစ် စံပြုခဲ့ရသည်ဟု လေ့လာ သိရှိရသည်။ ခြုံငုံလေ့လာသုံးသပ်ချက်အဖြစ် ဤပြဿပူဇော်ပွဲကြီးသည် ရှေ ဘုရားကျောင်း ဆရာတော်ကြီး၏ သာသနာပြုခရီးစဉ်အတွက် အထူးအားတက် စေသည့် သာသနာပြုအောင် ပွဲကြီးအဖြစ် ဖော်ညွှန်းတင်ပြရပါတော့သည်။

နောက်တစ်နေ့. နံနက်တွင် ရှေဘုရားကျောင်းတော်ကြီး၌ ရှေဘုရား ကျောင်းဆရာတော်က မြန်မာနိုင်ငံဓာတ်တော်တိုက်များမှ "ကြည်ညိုဖွယ်ရာ ဗုဒ္ဓအမွေအနှစ်အထူးပြဿပူဇော်ပွဲကြီး" တွင် ယာယီပူဇော်ခွင့် ရရှိခဲ့သော

မြင်းခြံမြို့ မဟာဗောဓိတစ်ထောင်ဓာတ်တော်တိုက်နှင့် မိတ္ထီလာမြို့ ဝမ်းတော်ပြည့် ဓာတ်တော်တိုက်များမှ အံ့တော်၊ ဓာတ်တော်များကို စနစ်တကျ စာရွက်စာတမ်းများဖြင့် ပြန်လည်အပ်နှံမှုပြုကြသည်။ ဓမ္မဘဏ္ဍာများ ဆက်ကပ်မှုပြုကြသည်။ ထိုပြင် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စာရေးသူဦးစံမောင်(မြတ်စျာန်) (ဆရီအေးရှခရီးသွားလုပ်ငန်းကုမ္ပဏီလိမိတက်မန်နေဂျာ) တို့ နှစ်ဦးကို သိရိလင်္ကာနိုင်ငံမှ ရွှေဘုရားကျောင်းဆရာတော်ကြီး ပင့်ဆောင်လာသည့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီကို ချီးမြှင့်ခဲ့သည်။

ယင်းပူဇော်ပွဲကြီးသို့ တက်ရောက်ပူဇော်ခဲ့ကြသည့် ဆရာတော် သံဃာတော်များနှင့် ဘုရားဖူးအဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ပါ လှည့်လည်လေ့လာခွင့်ရရှိကြသည်။ ပူဇော်ပွဲကြီးတွင် ပါဝင်ခဲ့သည့် မြင်းခြံမြို့ မဟာဗောဓိတစ်ထောင်ဓာတ်တော်တိုက်ဆရာတော် ဘဒ္ဒန္တသူရိယနှင့် ဘဒ္ဒန္တနန္ဒဝံသ၊ မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ဓာတ်တော်တိုက် ဆရာတော်ဘဒ္ဒန္တဝံဂီသ၊ ဘဒ္ဒန္တစန္ဒောဘာသ၊ မန္တလေးမြို့ ရေတော်ဆရာတော်၏ ပစ္စနသမဏာရဟန်းတော် ဘဒ္ဒန္တဥက္ကဋ္ဌနှင့် ဘဒ္ဒန္တဇောတိက၊ မြောက်ဦးမြို့ ဗန္ဓုလကျောင်းဆရာတော် ဘဒ္ဒန္တစက္ကပါလနှင့် လှပုဂ္ဂိုလ် သုံးဦး ပေါင်းဆရာတော် (၇) ပါးနှင့် လှပုဂ္ဂိုလ် သုံးဦးတို့အတွက် ရွှေဘုရားကျောင်းဆရာတော်က ခရီးစဉ်အတွက် အမေရိကန် ဒေါ်လာ (၇၂၅၀) ကျခံလျှောဒါန်းပူဇော်မှုပြုခဲ့သည်။

လှူဒါန်းပွဲတွေ ဆက်ပြန်ပေ

(၁၁-၉-၂၀၀၂)ရက်နေ့တွင် ရွှေကျောင်းဆရာတော်နှင့် တပည့်များက ရန်ကုန်မြို့ရှိ မင်္ဂလာဒုံတပ်မတော်စစ်ဆေးရုံကြီးသို့ ကျပ်ငွေ (၂၅) သိန်း တန်ဖိုးရှိ သောက်ရေသန့်စက်ကို လှူဒါန်းကြသည်။

(၁၁-၉-၂၀၀၂)ရက်နေ့တွင်လည်း ပြည်မြို့ ရွှေဆံတော်ထီးတော်ကြီး

အထွတ်အတွက် ရှေစင်ရှေပြား (၆ဦးဂဲ) သားကိုလည်းကောင်း၊ မွေတော်ကက္ကူဘုရားစေတီရှိ ရုပ်ပွားတော်မြတ် နဖူးသင်းကျစ်တော်အတွက်၊ ရတီ (၅၀) ရှိ စိန်တစ်ပွင့်ကိုလည်းကောင်း လှူဒါန်းမှုပြုသည်။

ထိုနည်းတူ (၂၃-၁၀-၂၀၀၂) ရက်နေ့တွင် သာသနာရေးဝန်ကြီးဌာနမှ တစ်ဆင့်ရောဝတီတိုင်း ရေကြည်ပိတောက်ချောင် ရေးဟောင်းဘုရား ဂန္ဓကုဋီမွမ်းမံရန် အလှူငွေကျပ် (၁၅)သိန်း၊ ကျုံပျော်-အင်းရဲကျေးရွာ၊ ပြည်လုံးချမ်းသာဘုရားကြီး၏ ဂန္ဓကုဋီကျောင်းကြီး မွမ်းမံရန်အလှူငွေကျပ် (၅) သိန်း၊ ဆွမ်းပဒေသာပင် (၁) သိန်း၊ ကျုံပျော်အင်းရဲကျေးရွာ၊ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေ ကျပ်သိန်း(၂၀)ကို လှူဒါန်းမှုပြုပြန်သည်။

ယင်းနေ့ဦးပင် ပုဂံယဉ်ကျေးမှုနယ်မြေရှိ ရှေကျောင်းဆရာတော်နှင့် တပည့်များလှူဒါန်းမှုပြုခဲ့သော ပုံသဏ္ဌာန်မဟာထေရ်စေတီနှင့် ပြာသာဒ်ကြီးစေတီ နှစ်ဆူတို့ဦး စောင့်ရှောက်ထိန်းသိမ်းမှုပြုနေကြသူ အစောင့်အိမ် နှစ်လုံးအတွက် အလှူငွေကျပ် (၂၁)သိန်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းမှုပြုခဲ့ကြသည်။

ထိုစဉ်ကာလက ရန်ကုန်မြို့ရှိ အထွေထွေရောဂါကုဆေးရုံသစ်ကြီးဌ ဆေးဝါးကုသမှုခံယူနေရသည့် နိုင်ငံတော်သံယမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒန္တသောဘိတ ဆရာတော်ဘုရားကြီးအတွက် ဆေးကုသမှုခံယူနိုင်ရန် အလှူတော်ငွေကျပ် (၁၀)သိန်းကိုလည်းကောင်း၊ (၁၆) ကြိမ်မြောက် ရှေကျင်ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးပွဲကြီးအတွက် လှူဒါန်းငွေကျပ် (၁၈) သိန်းကိုလည်းကောင်း၊ မြင်းခြံမြို့ရှိ ဇောတိကာရုံကျောင်းတိုက်ဆရာတော် ဘဒန္တနန္ဒဝံသ၏ သာသနာတော်ဆိုင်ရာများအတွက် အလှူငွေကျပ် (၁၀) သိန်းကိုလည်းကောင်း အသီးသီး လှူဒါန်းမှုပြုခဲ့သည်။

စင်ကာပူရှေကျောင်းဆရာတော်သည် ရင်းနှီးကျွမ်းဝင်မှုရှိသော သီရိလင်္ကာနိုင်ငံမှ ဆရာတော် ဂနေဆာရာ၏ လိုက်ပါပို့ဆောင်မှုကြောင့် (၁၉၉၄) ခုနှစ် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ (၁၉၉၄) ခုနှစ်မှ (၁၉၉၇) ခုနှစ်၊ နိုဝင်ဘာလကုန်ပိုင်းအထိ ရန်ကုန်မြို့ရှိ အခြားသောခရီးသွား ကုမ္ပဏီတစ်ခုနှင့်

ဘုရားဖူးခရီးစဉ်များဖြင့် လာရောက်ခဲ့သည်။ ယင်း ခရီးစဉ်များ၌ ရန်ကုန်မြို့၊ ပုဂံယဉ်ကျေးမှုနယ်မြေနှင့် မန္တလေးမြို့များကို အခြေပြုလျက် ဘုရားစေတီများနှင့် ဆရာတော်သံယာတော်များအား လှူဒါန်းပူဇော်မှုများပြုခဲ့သည်။ စာရေးသူ လေ့လာသိရှိရသည့် (၁၉၉၆)ခုနှစ် ဒီဇင်ဘာလ (၁၈) ရက် ခရီးစဉ် လှူဒါန်းပူဇော်မှုကိုသာ ဖော်ပြနိုင်လေသည်။

(၁၈-၁၂-၉၇) ရက်နေ့ကာလမှ ယခုခေတ်ကာလနှစ်များသို့ပင် လအလိုက်၊ နှစ်အလိုက် ရွှေကျောင်းဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ၏ မြန်မာနိုင်ငံအတွင်း ဘုရားဖူးခရီးစဉ်နှင့် လှူဒါန်းပူဇော်ပွဲခရီးစဉ်များကို ပူဇော်ပွဲကြီးများအဖြစ် ရေးသားပူဇော်ခဲ့သည်။ ခရီးစဉ်ကို နှစ်/လ အလိုက် လေ့လာချက်အရ (၂၀၀၃) ခုနှစ်အထိ ဆရာတော်ကြီး၏ ဘုရားဖူးခရီးစဉ်နှင့် လှူဒါန်းပူဇော်ပွဲကြီးများသည် မြန်မာပြည်သို့သာ ဦးတည် လှူဒါန်းမှုများသာ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

အထူးသဖြင့် (၂၀၀၃) ခုနှစ်ပိုင်းမှ စတင်လျက်၊ မြန်မာနိုင်ငံရှိ ဘုရားစေတီများ၌ ပြုပြင်မွမ်းမံမှုလုပ်ငန်းများနှင့် အခြားသောလှူဒါန်းမှုများကို တူညီသော လှူဒါန်းမှုများအလိုက် နှစ်အလိုက် မခွဲခြားတော့ဘဲ နှစ် ၊ ရက်များကို စုပေါင်းလျက်သာဖော်ပြသွားမည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံ ရွှေကျောင်းဆရာတော်နှင့် တပည့်များသည် စွယ်တော်မြတ်စေတီအနီးရှိ နာဂလိုဏ်ဂူ ကလေးဝကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံသို့ (၁၈-၂-၂၀၀၃) ရက်နေ့တွင် နာဂလိုဏ်ဂူ ကလေးဝကျောင်းအတွက် လှူဒါန်းငွေ (၅)သိန်း၊ (၂၁-၅-၂၀၀၃) ရက်နေ့တွင် နာဂလိုဏ်ဂူ ကလေးဝကျောင်းရှိ သီလရှင်အဆောင် ဆောက်လုပ်ရန် လှူဒါန်းငွေကျပ်သိန်း (၇၀)၊ (၁၄-၁၂-၂၀၀၆) နေ့တွင် နာဂလိုဏ်ဂူ ကလေးဝကျောင်းစာသင်တိုက် အသက်လွတ်ဆွမ်းအလှူငွေ ကျပ် (၁၀) သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

(၁၅-၁-၂၀၀၃)ရက်နေ့တွင် ရွှေကျောင်းဆရာတော်သည် သိမ်ဖြူခရစ်ယာန်ဘိုးဘွားရိပ်သာသို့ အလှူတော်ငွေ (၅)သိန်းနှင့် သာသနာပြုတက္ကသိုလ်မှ ဆရာတော် ဦးဥတ္တရဉာဏာသို့ လှူဒါန်းငွေ (၂) သိန်းတို့ကို လှူဒါန်းမှုပြုခဲ့သည်။ ထို့နည်းတူ (၂၇-၁-၂၀၀၃) ရက်နေ့တွင် သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် မေတ္တာဦးစေတီ တည်ထားရန်အတွက် ငွေကျပ် သိန်း (၅၀)၊ ရန်ကုန်မြို့ရှိ ဉာဏာစာရီ မြန်အောင် သီလရှင်စာသင်တိုက်သို့ (၁၅-

၂-၂၀၀၃) ရက်နေ့တွင် အလှူတော်ငွေ (၅)သိန်း၊ (၂၆-၁၂-၂၀၀၃) ရက်နေ့တွင် အလှူတော်ငွေ (၁၀)သိန်းနှင့် (၁၄-၁၂-၂၀၀၆) ရက်နေ့တွင် အလှူတော်ငွေ (၁၀) သိန်းတို့ကို အသီးသီးလှူဒါန်းမှုပြုခဲ့သည်။

စင်ကာပူနိုင်ငံ ရှေ့ကျောင်းဆရာတော်သည် ပုဂံဒေသရှိ ဘုရားစေတီများ ပြုပြင်မွမ်းမံရန် အလှူတော်ငွေများ လှူဒါန်းခြင်း၊ အနေကဇာ တင်လှူပွဲကြီးများ ကျင်းပပူဇော်ခြင်းပြုရုံသာမက ပုဂံဒေသဝန်းကျင်ရှိ နှုတ်ခမ်းပဲ့ ဝေဒနာရှင်များအား ပုဂံမြို့ရှိ ဆန်းဆက်စားသောက်ဆိုင်ဝိုင်ရှင် ဦးအောင်ညွှန့်၏ တာဝန်ယူဆောင်ရွက်ပေးမှုဖြင့် ကုသမှုပြုလုပ်ပေးနိုင်ရန် ဦးအောင်ညွှန့်ထံသို့ (၁၅-၂-၂၀၀၃)ရက်နေ့တွင် အလှူငွေ(၅)သိန်း၊ (၁-၁၁-၂၀၀၃) ရက်နေ့တွင် အလှူငွေ အမေရိကန်ဒေါ်လာ (၁၀၀၀)၊ (၁-၁၂-၂၀၀၃) ရက်နေ့တွင် အလှူတော်ငွေ အမေရိကန်ဒေါ်လာ (၁၀၀၀)နှင့် (၁၆-၁၁-၂၀၀၅) နေ့တွင် ရေတွင်း အလှူငွေသိန်း (၅၀) တို့ကို လှူဒါန်းခဲ့သည်။

စင်ကာပူရှေ့ကျောင်းဆရာတော်သည် ရှမ်းပြည်နယ်အင်းလေး ဒေသရှိ တာခေါင်ဘုရား ပြုပြင်မွမ်းမံရန်အတွက် အကြိမ်(၅)ကြိမ်ခွဲ၍ လှူဒါန်းခဲ့ရာ (၁၅-၂-၂၀၀၃) ရက်နေ့၌ ပထမအကြိမ် (၅)သိန်း၊ ဒုတိယအကြိမ် သိန်း(၁၀၀)၊ (၂၃-၉-၂၀၀၃)ရက်နေ့၌ တတိယအကြိမ် သိန်း(၄၀)၊ (၅-၁-၂၀၀၄) ရက်နေ့တွင် စတုတ္ထအကြိမ် သိန်း(၂၀၀)၊ နှင့် (၁၆-၁၁-၂၀၀၅) ရက်နေ့တွင် ပဉ္စမအကြိမ်အဖြစ် (၇၃)သိန်း အပါအဝင် စုစုပေါင်းအလှူတော်ငွေ (၄၁၈) သိန်းကို လှူဒါန်းမှုပြုခဲ့သည်။

ရှေ့ကျောင်းဆရာတော်သည် လူမှုဝန်ထမ်းဦးစီးဌာန ၄က်အော်စမ်း လူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန (တွံတေး) Centre for Women Care (Twan Tay) သို့ လူမှုဝန်ထမ်း အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်အတူ ဆရာတော်နှင့် တပည့်ဒါယကာများကိုယ်တိုင် သွားရောက်၍ လေ့လာကြည့်ရှုကာ (၈-၉-၂၀၀၃)ရက်နေ့တွင် အမျိုးသမီးငယ်များအတွက် ငွေကျပ် စုစုပေါင်း (၂၃၆၁၄,၀၀၀)ကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းလှူဒါန်းငွေဖြင့် စောင့်ရှောက်ရေးဌာနတွင် အောက်ပါအတိုင်း ခွဲဝေသတ်မှတ်ဆောင်ရွက်မှုပြုနိုင်ရန် ငွေပဒေသာပင်အတွက် ကျပ်ငွေသိန်း (၁၀၀)၊ အမျိုးသမီးဆောင် ဆောက်လုပ်ရန်အတွက် ကျပ်ငွေသိန်း (၁၂၀)၊

စားစရိတ် ကျပ်ငွေ (၅)သိန်း၊ အဝတ်အစားအတွက် ကျပ်ငွေ (၁၅၀၀၀၀) ကျပ်၊ လုပ်ငန်းသုံးအပ်ချုပ်စက် (၁၀) လုံးနှင့် ဓားစက် (၂) လုံးအတွက် ကျပ်ငွေ (၆၁၄၀၀၀)ကျပ်၊ အသုံးပြုရန် ပလပ်စတစ်ထိုင်ခုံ (၅၀) ထမင်းစားစားပွဲအတွက် ကျပ်ငွေ (၃၅၀၀၀)ကျပ်တို့ ပါဝင်သည်။

ထို့နည်းတူ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်လမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မေခလာခန်းမ၌ (၈-၁၁-၂၀၀၃) ရက်နေ့တွင် ကျင်းပသော အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ရွှေကျောင်းဆရာတော်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ရွှေကျောင်းဆရာတော်နှင့် တပည့်ဒါယကာများက ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ အလှူငွေကျပ်သိန်း(၉၀)နှင့် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန(တွံတေး)သို့ ငွေပဒေသာပင်အတွက် ကျပ်ငွေ (၁၀)သိန်း၊ နှစ်ရပ်ပေါင်း ကျပ်သိန်း (၁၀၀)ကို ဆရာတော်နှင့် တပည့်ဒါယကာများက ပေးအပ်လှူဒါန်းရာ ဝန်ကြီးကလက်ခံရရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကိုပြန်လည်ပေးအပ်ခဲ့သည်။

(၁၅-၁၁-၂၀၀၃) ရက်နေ့တွင် လူမှုဝန်ထမ်းအမျိုးသမီးစောင့်ရှောက်ရေးဌာန(တွံတေး)တွင် တီရပ်အင်္ကျီအတွက်ကျပ်ငွေ (၈၅၀၀၀၀)ကျပ်ကို ပေးအပ်ခဲ့သည်။ ရွှေကျောင်းဆရာတော်နှင့် တပည့်ဒါယကာများက (၂၉-၃-၂၀၀၅)ရက်နေ့တွင် မန္တလေးမြို့ရှိ လူမှုဝန်ထမ်းအမျိုးသမီးစောင့်ရှောက်ရေးဌာနသို့ အလှူငွေကျပ်(၂၅)သိန်းကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။

(၂၃-၉-၂၀၀၃) ရက်နေ့တွင် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တစ်ဆင့် ကြံခင်းမြို့ အခေါင်စံရာ မြသီတာစေတီတော် ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ် (၂၁)သိန်းနှင့် စေတီရံများအတွက် လှူဒါန်းငွေကျပ်သိန်း(၁၀) တို့ကို ရွှေကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်များက လှူဒါန်းမှုပြုကြသည်။

(၁၇-၃-၂၀၀၄) နေ့တွင် ရွှေကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့သည် သာသနာရေးဝန်ကြီးဌာန၏ ဘာသာရေးပစ္စည်းများ ဌာနချုပ်မှပြုသည့် ဆိုင်အတွက် ပဒေသာပင်အလှူငွေ ကျပ်(၂၅)သိန်းကို ပေးအပ်လှူဒါန်းသည်။

သိမ်တောင်ဓာတ်တော် မြတ်ပူဇော်

ထိုစဉ်ကာလအတွင်း ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီကျောင်းတိုက်များတည်ရှိရာသို့ စာရေးသူသည် ကိစ္စတစ်ရပ်ဖြင့် ရောက်ရှိသွားသည်။ ပါရမီကျောင်းတိုက်၊ အမှတ်(၃)ဝိုင်းဟု ကမ္ဘည်းတင်ထားသည့် မုခ်ဦးကြီးကိုဝင်ဖိသည်နှင့် ရေ့တူရွမျက်နှာချင်းဆိုင်အရပ်၌ ထူးထူးခြားခြား သာသနိကအဆောက်အဦးကြီးတစ်ခုကို တွေ့မြင်လိုက်ရပါသည်။

တပြောင်ပြောင်တလက်လက် ရွှေရောင်တို့ဖြင့် ဝင်းလက်တောက်ပနေသော အဆောက်အဦးကြီးသည် မြင့်မြင့်မားမား ဝင့်ဝင့်ကြွားကြွားဖြင့် တင့်တယ်ခံ့ညားမှုအသွင်ကို ဖော်ဆောင်နေသည်။ အမိုးနေရာ ပစ္စယ်ထက်၌ နေခြည်အလင်းတွင် ရွှေရည်ဝင်းနေသည့် (၉)တောင်ပြည့်ခန့်ရှိ ကြည်ညိုဖွယ်စေတီတော်တစ်ဆူကို လုမ်းမျှော်၍ ဦးတင်ဖူးမြင်ရသည်။ ကြည်ညိုဖွယ်ဘုရားစေတီတော်နှင့် ရွှေကျောင်းတော်ကြီးသည် ပန်ရတင့်တယ်လှသဖြင့်၊ တဒင်္ဂ၌ပင် "ရွှေဘုရားကျောင်းတော်ကြီးပါကလား" ဟု တင်စားမိသည်။ နီးစပ်ရာကျောင်းများတွင် စုံစမ်းမေးမြန်းရင်း မိမိသွားရောက်ရမည့်ကျောင်းသည် ကြည်ညိုစိတ်ဖြင့် တင်စားမိသည့် "ရွှေဘုရားကျောင်းတော်ကြီး" ဖြစ်နေ၍ အံ့သြဝမ်းမြောက်မိပါသည်။

နာယကဆရာတော်ကြီး သီတင်းသုံးတော်မူရာ ကျောင်းတော်ကြီး၏ အပေါ်ဆုံးထပ် (တတိယထပ်) ခန်းမကြီးအတွင်းသို့ လုမ်းဝင်လိုက်သည်နှင့် ထူးထူးခြားခြား မျှားပြားလှသည့် ရေးဟောင်းရုပ်တုရုပ်ပွားတော်များနှင့် ဓာတ်တော်မွေတော်များကို အားရကြည်ညိုဖွယ်ဖူးမြော်ရသည်။ "သိမ်တောင်တိုက်သစ်ဓာတ်တော်တိုက်" မည်သော ရွှေဘုရားကျောင်းတော်ကြီး၏ ဘွဲ့အမည်နာမတော်နှင့် လျှော်ညီစွာ စုဆောင်း ပူဇော်ထားအပ်သော ဓာတ်တော်တိုက်ကြီး၏ ပင်မခန်းမဆောင်ကြီးဖြစ်ကြောင်း သိရသည်။

နာယကဆရာတော်ကို စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာရွှေဘုရားကျောင်းတော်၌ ယခုနှစ်တွင် ကျင်းပမည့် "ကြည်ညိုဖွယ်ဗုဒ္ဓအမွေအနှစ် ပြသပူဇော်ပွဲကြီး" သို့ ပင့်ဖိတ်မှုပြုပါသဖြင့် ဆရာတော်တက်ရောက်နိုင်ရန် လာရောက်ပင့်လျှောက်ခြင်းဖြစ်ပါကြောင်း လျှောက်ထားရသည်။ နာယက ဆရာတော်က ဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံကူးလက်မှတ် လျှောက်ထားရန်အတွက် ကိုယ်ရေးမှတ်တမ်းဖြည့်စွက်မှုကို ကူညီပေးရန် မိန့်ကြားပါသည်။ ယင်းနောက်

နာယကဆရာတော်၏ ကိုယ်ရေးမှတ်တမ်းဖြည့်စွက်ရေးသားပေးမှုနှင့်အတူ ဆရာတော်၏ ထေရပွတ္တိအကျဉ်းကိုလည်း သိရှိခွင့်ရရှိလေသည်။

နာယကဆရာတော်၏ ဘွဲ့တော်မှာ ဘဒ္ဒန္တကိတ္တိဇနဓဇဖြစ်သည်။ နောင်တွင် ဘဒ္ဒန္တကိတ္တိဝရဟု ဘွဲ့မည်တွင်ခဲ့သည်။ ဆရာတော်လောင်းလျှာကို ခမည်းတော် ဦးဥာဏ်၊ မယ်တော် ဒေါ်လှခင်တို့မှ ၁၃၀၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၄)ရက်၊ တနလင်္ဓာနေ့နံနက် (၉)နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ ဇာတိချက်ကြွေမွေးရပ်မြေကား မိတ္ထီလာမြို့အရှေ့ဘက်၊ ပေါက်သာကျေးရွာဖြစ်သည်။ ငယ်မည်မှာ မောင်ခင်အောင်ဖြစ်သည်။ မွေးချင်းနှစ်ဦးရှိသည်။ ငယ်ရွယ်စဉ်ကပင် မိခင်ကြီးကွယ်လွန်၍ ခမည်းတော်နှင့်အတူ ဘဝခရီးကို ရုန်းကန်လျှောက်လှမ်းခဲ့ရသည်။ မောင်ခင်အောင် (၁၀) နှစ်သားအရွယ်တွင် ဦးကြီးတော်သူ မိတ္ထီလာမြို့၊ ဝမ်းတော်ပြည့်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်ကြီး ဦးသူရိယထံတော်၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ စာပေပညာကို သင်ယူဆည်းပူးခဲ့သည်။

ဝမ်းတော်ပြည့်ကျောင်းတိုက်ကြီး၌ နှစ်စဉ်ကျင်းပပူဇော်မြဲဖြစ်သော ဓာတ်တော်ပူဇော်ပွဲနှင့် သိမ်တော်ကြီးရေစက်ချပွဲကြုံဆုံနေသည့် ၁၃၁၈ ခုနှစ်၊ တပို့တွဲလဆန်း (၈)ရက် စနေနေ့တွင် ဦးကြီးတော်သူ ဆရာတော်ဘုရားကြီး၏ ကြီးမှူးစီစဉ်မှုဖြင့် မြင့်မြတ်သော ရှင်ရဟန်းဘဝသို့ တက်လှမ်းနိုင်ခဲ့သည်။

ယင်းနောက် တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသကဲ့သို့ အဆင့်ဆင့် ပြောင်းရွှေ့ သီတင်းသုံးတော်မူရင်း ၁၃၄၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် (၁၂)ရက်၊ (၂၆-၁၂-၁၉၇၈)နေ့တွင် လက်ရှိ သိမ်တောင်တိုက်သစ်ကျောင်းသို့ ပြောင်းရွှေ့ပြီး ယနေ့တိုင် သီတင်းသုံးတော်မူလျက်ရှိသည်။

ဆရာတော်သည် ပြည်ပသာသနာပြုခရီးစဉ်အဖြစ် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ စသည့် ပြည်ပနိုင်ငံများသို့ အကြိမ်ကြိမ်ကြွရောက်တော်မူခဲ့သည်။ နာယက ဆရာတော်၏ ပြည်ပသာသနာပြုခရီးစဉ်များသည် မျှော်မှန်းထားသည်ထက် အောင်မြင်တော်မူသည်။ ကိုရီးယားနိုင်ငံသို့ အကြိမ်ကြိမ်ကြွရောက်တော် မူနိုင်ခဲ့၍ ကိုရီးယားသာသနာပြုဆရာတော်အဖြစ် ထင်ရှားလျက်ရှိသည်။ ဆရာတော်၏ ချီးမြှင့်

သာသနာတော်ပြုမှုဖြင့် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်ပူဇော်ပွဲများ၊ ရဟန္တာအရှင်မြတ်ကြီးများ၏ ဓာတ်တော်များသည် ပြည်ပသို့ ကြွခဲ့တော်မူကာ ဓာတ်တော်ပူဇော်ပွဲများ ကျင်းပနိုင်ခဲ့သည်။ တည်ထားကိုးကွယ်သည့် စေတီပုထိုးများ၌ ဓာတ်တော်မွေတော်များကို ဌာပနာပြုပြီး အစဉ်အမြဲကြည်ညိုပူဇော်နိုင်အောင် ဓာတ်တော်သာသနာတော်ကြီးကို တည်တံ့ထွန်းကားပြန့်ပွားစေနိုင်ခဲ့လေသည်။ အမှီး ဘာသာ၊ သာသနာတော်ကြီးအတွက် ကြီးပမ်းဆောင်ရွက်တော်မူနေသည့် ဓာတ်တော်တိုက်ဆရာတော်၏ ဂုဏ်ကျေးဇူးတော်ကား ကြီးမားလှပါဘိ။

မိတ္ထီလာမြို့၊ ဝမ်းတော်ပြည့် သာသနာ့ရိပ်သာသိမ်တောင်ကျောင်းတိုက်ကြီးကား ရိပ်သာကြီးတစ်ခုအဖြစ်သာမက၊ ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်ကြီး ဦးသူရိယတည်ထောင်တော်မူခဲ့သည့် "ဓာတ်တော်တိုက်ကြီး" သည်လည်း မြန်မာပြည်တစ်လွှား၌ ထင်ပေါ်ကျော်ကြား လူသိများသည့် ဓာတ်တော်တိုက်ကြီးဖြစ်သည်။ သိမ်တောင်တိုက်သစ် ဓာတ်တော်တိုက် နာယကဆရာတော်သည် ဝမ်းတော်ပြည့်ဆရာတော်ကြီး၏ တူအရင်းတော်စပ်သူဖြစ်သည့်အလျောက်၊ ရှင်သာမဏောဘဝကစ၍ အနီးကပ်ပါရမီဖြည့်ဆည်းပေးခဲ့သူဖြစ်သကဲ့သို့၊ ဆရာတော်ကြီး၏ ဓာတ်တော်တိုက်ကြီးအတွင်းရှိ ဓာတ်တော်မွေတော်များကို အနီးကပ်ဖူးမြော် ကြည်ညိုရင်း ဝေယျာဝစ္စကုသိုလ်ရယူကာ ကြီးပြင်းလာသည့် ပုဂ္ဂိုလ်ဖြစ်သည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝမ်းတော်ပြည့်ဓာတ်တော်တိုက် ဓာတ်တော်ပူဇော်ပွဲ မတိုင်မီ၊ ဓာတ်တော်တိုက်အတွင်း၌ ကိန်းဝပ်စံပျော် ပူဇော်ထားရှိသည့် ဓာတ်တော်များ၊ ဓာတ်တော်ကြွတ်စေတီများအား သန့်စင်သပ္ပာယ်မှုတို့ကို ဝတ်မပျက်ပြု၍ ကုသိုလ်ရယူမြဲဖြစ်သည်။

ယင်းကြောင့်ပင် ပါရမီပဋ္ဌာန်းဆက် ကြီးမားစွာဖြင့် ဦးကြီးတော် နည်းတူ "ဓာတ်တော်တိုက်ကြီး" တည်ထောင်မည်ဟူသော ရည်မှန်းချက် အဓိဋ္ဌာန်ဖြင့် နောင်သောကာလ၌ လက်ရှိသိမ်တောင်တိုက်သစ်တွင် ပြောင်းရွှေ့ သီတင်းသုံးတော်မူခွင့် ရရှိသည်နှင့် ရည်မှန်းချက်အဓိဋ္ဌာန်ကြီး အောင်မြင်အောင် စတင်ကြိုးပမ်းခဲ့လေသည်။

နာယကဆရာတော်သည် "အတ္တ" မဝင် "ပရ"ကို ရှေ့တန်းတင်လျက် အခက်အခဲတွေကြုံစမြဲ လောကဓံပေပဲ ဟူသော ခန္ဓာနလုံးသားဖြင့် အပတ်တကုတ် ကြိုးပမ်းအားထုတ်တော်မူခြင်း၏ အကျိုးရလဒ်အဖြစ် နှစ်ပေါင်း

၂၇ နှစ်ကျော်သောကာလကို ဖြတ်သန်းခဲ့ပြီးနောက်၊ ၂၀၀၅ ခုနှစ်မည်သော လက်ရှိ ပစ္စုပ္ပန်ကာလသို့ ရောက်ရှိခဲ့လေသည်။

သိမ်တောင်တိုက်သစ်၌ မူလက တည်ရှိခဲ့သော သစ်သားနံကပ် ကျောင်းရှေ့ရှိ မြေကွက်လပ်ပြင်ကျယ်၌ ခေတ်မီ (၄)ထပ်အုတ်တိုက် ရွှေဘုရား ကျောင်းတော်ကြီးကို အသစ်တည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။ ရွှေဘုရား ကျောင်းတော်ကြီး၏ တတိယအထပ် အထက်အမိုးနေရာ ပစ္စယံထက်၌ "ဓာတ်ပေါင်းစု ဆုတောင်းပြည့် အောင်စေတီတော်" ဘွဲ့မည်တွင်သည့် (၉)တောင်ပြည့် စေတီတော်တစ်ဆူကို တည်ထားသည်။ စေတီတော်အတွင်းရှိ လိုဏ်ဂူသဏ္ဌာန် ဂန္ဓကုဋိတိုက်အတွင်း၌ ရုပ်ပွားဆင်းတုတော်များအပြင် ဘုရားရှင်၏ ဓာတ်တော်မွေတော်များကိုလည်း ကြည်ညိုဖွယ် ပူဇော်ထားရှိသည်။

ဓာတ်တော်တိုက် ပင်မခန်းမဆောင်အတွင်း၌ အဆင့်သုံးဆင့်မှ လေးဆင့်အထိပါဝင်သော မှန်လုံကာဖော်မီကာဗီရိုကြီးများကို ဝဲယာ နံရံကပ်အဖြစ်လည်းကောင်း၊ အခန်းအကန့်ပုံသဏ္ဌာန်အဖြစ်လည်းကောင်း စနစ်တကျ နေရာချထားသည်။ ယင်းမှန်ဗီရိုအဆင့်ဆင့်တို့၌ ရေးဟောင်းနှင့် ခေတ်အဆက်ဆက် ရုပ်ပွားဆင်းတုတော် အရွယ်အစားစုံနှင့် ဓာတ်တော်မွေတော်များကို ညောင်ရွက်ပုံဓာတ်တော်ကြွတ်များ၊ ဓာတ်တော်ကြွတ်ပဒေသာများ၊ ဓာတ်တော်ကြွတ်စေတီများ၊ အရွယ်စုံဖန်ပုလင်းများ၊ ဖန်ဘူး၊ ဖန်စေတီ၊ ဖန်ပေါင်းချောင်း၊ မြသပိတ်၊ မှန်လုံဖော်မီကာအလှူခံပုံးကြီး၊ ပုံးငယ်များ စသည် စသည်များ၌ ထူးခြား သပ္ပာယ်ကြည်ညိုဖွယ် ပြုပြင်မွမ်းမံ ပူဇော်ထားရှိသည်။

မြေညီထပ်အထပ်ရှိ ရှေ့ဘက်မျက်နှာစာ အလယ်ဗဟိုကို အခြေပြုလျက် တည်ဆောက်ထားသော နာရီစင်ကြီး ပထမထပ်၏ ရှေ့ဘက်မျက်နှာစာ ဘေးတစ်ဖက်တစ်ချက် ဝဲယာအစွန်တို့၌လည်း ဘုံမြင့်ဆောင် နှစ်ဆောင်ကို တည်ဆောက်ထားသည်။ အထက်ဆုံးအဆင့်၌ ပြာသာဒ်ဆောင်ဖြင့် ဘုရားရှင်၏ ရုပ်ပွားဆင်းတု၊ ဒုတိယအဆင့်ရှိ အင်္ဂတေ ကြာပွင့်ကြီးအတွင်း၌ ဓာတ်တော်အစိုင်အခဲကြီးများ ပထမဆင့်၌ နဂါးရုံရုပ်ပွားတော်ကို ဓာတ်တော်များနှင့်အတူ ပူဇော်ထားရှိသည်။

မြတ်စွာဘုရားရှင်၏ ဓာတ်တော်များမှာ ဗုဒ္ဓဘုရားရှင်၏ အသွေးဆံတော်မှ ဖြစ်တော်မူသည့် မုံညင်းစေ့ပမာဏခန့်ရှိ မြတ်လေးငုံအရောင်အဆင်းရှိ

ဓာတ်တော်များ၊ ဘုရားရှင်၏ အသားတော်မှဖြစ်တော်မူသော ပဲနောက်စေ့ ပမာဏခန့်ရှိ ရွှေရောင်အဆင်းရှိသော ဓာတ်တော်များ ဗုဒ္ဓဘုရားရှင်၏ အရိုးတော်မှ ဖြစ်တော်မူသည့် ဆံကျိုးပိုင်းပမာဏခန့်ရှိ ပုလဲအရောင်အဆင်းရှိသော ဓာတ်တော်များ ဗုဒ္ဓဘုရားရှင်၏ ဦးခေါင်းတော်မှ ဖြစ်တော်မူသည့် သီသမွေတော်တို့ကို အထူးထူးအသွယ်သွယ် အရောင်အမျိုးစုံခြယ်ဘိသကဲ့သို့ ပုလဲအဆင်း စိန်အဆင်း ကြောင်မျက်ရွဲအဆင်း စသည်ဖြင့် အရောင်အဆင်းစုံစွာ ဖူးမြော်ရပါသည်။

ယင်းအပြင် မုံညင်းစေ့၊ ပဲနောက်စေ့ အရွယ်မှသည် ကွမ်းသီးလုံး ပမာဏ၊ ကွမ်းသီးလုံးထက်ကြီးမားသော ပမာဏရှိ အရွယ်အစားစုံသည့် ဘုရားရှင်၏ သားတော်များဖြစ်ကြကုန်သော ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်သီဝလီ၊ ရှင်ဗာကုလ၊ ရှင်နာဂသိန်စသော ရဟန္တာအရှင်မြတ်တို့၏ အရိုးတော်မှ ဖြစ်တော်မူသော အပြူရောင်၊ အဝါရောင်စသည့်အဆင်းရှိသော ဓာတ်တော်များ၊ တကောင်းဒေသမှ ဓာတ်တော်များ၊ ခင်လယ်တောင်တန်းမှ ရဟန္တာ ဓာတ်တော်များ စသော ဓာတ်တော်မွေတော်များကို အံ့မခန်းလောက်အောင်ပင် များပြားလှစွာ ဖူးမြော်ရပါသည်။ ယင်းအပြင် ကဿပဘုရားရှင်၏ ဆံတော်မြတ် (၉)ဆူဟု ကမ္ဘည်းတင်ထားသည့် ဆံတော်များ၊ စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ခေါင်းကွဲကျေးရွာ၊ ကုန်းပင်ကျောင်း ဆရာတော် ဦးကေသရထံမှ ပင့်ဆောင်ပူဇော်အပ်သည်ဟု ကမ္ဘည်းတင်ထားသော မြတ်ဗုဒ္ဓ၏ အံတော်မြတ်တို့ကို ထူးကဲလှစွာ ဖူးမြော်ပူဇော်ရသည်။ နာယက ဆရာတော်၏ ဗုဒ္ဓဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်မွေတော်များကို ကြည်ညိုသဒ္ဓါအားကြီးမားလှပုံအား မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ သာမန်ပုဂ္ဂိုလ်တို့ မစွမ်းသာဘဲ၊ ပါရမီရှင်ပုဂ္ဂိုလ်များသာ စွမ်းဆောင်နိုင်သည့် သာသနာပြု လုပ်ငန်းကြီးဖြစ်လေသည်။

ဓာတ်တော်တိုက် ခန်းမဆောင်ကြီးကို ပင်မပြူလျက် ဒုတိယထပ်နှင့် ပထမထပ်များ၌ပါ ဓာတ်တော်မွေတော်များကို ရုပ်ပွားဆင်းတုတော်များနှင့် အတူ ပူဇော်ထားရှိသည်။ ဓာတ်တော်တိုက်ကြီးတစ်ခုလုံးကို ဓာတ်တော် မွေတော်များဖြင့် လွှမ်းခြုံထားဘိသကဲ့သို့ တည်ရှိနေသဖြင့် ဓာတ်တော် စေတီကြီးအဖြစ်လည်း ဖွင့်ဆိုကြည်ညိုနိုင်ပေသည်။ ဓာတ်တော်တို့မည်သည် တိုးပွား

လေ့ရှိသကဲ့သို့ ကြည်ညိုလေးစားစွာ ပူဇော်မှုပြုသည့်ဌာနသို့ အခြား အခြားသော နေရာဌာနတို့မှ ကြွမြန်းရောက်ရှိ၍ တိုးပွားများပြားသည်လည်း ရှိကြောင်း လေ့လာမှတ်သားရပါသည်။

ယခုအခါ သိမ်တောင်တိုက်သစ်ဓာတ်တော်တိုက်ကြီး၌ အုံ့မခန်းနိုင်အောင် များပြားလှသည့် ဓာတ်တော်မွေတော်များကို တစ်နေရာတည်းတွင် တစ်စုတစ်ပေါင်းတည်း ဖူးမြော်ကြည်ညိုခွင့် ရရှိနေပြီဖြစ်၍ ဗုဒ္ဓဘာသာဝင်များ အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ပင်ဖြစ်ပေသည်။ ဖူးမြော်ကြည်ညိုရှိ၍ လှူဒါန်းမှု ကုသိုလ်ထူးကြီးကို ရယူနိုင်ကြပြီဖြစ်လေသည်။ ပမာဏကို မှန်းဆမည်ဆိုပါက တင်းတောင်းတစ်ရာမက နှစ်ရာမျှတည်နေ ကိန်းဝပ်တော်မူနေသည်ဟု တင်စားက လွန်အုံ့မထင်မိပါပေ။ သို့တစေ နာယက ဆရာတော်ကား ဓာတ်တော်မွေတော်များ စုဆောင်းကြည်ညိုပူဇော်မှု၌ ရောင့်ရဲတင်းတိမ်မှု မရှိနိုင်ဘဲ၊ ဆက်လက်၍ ကြိုးပမ်းစုဆောင်းနေဆဲပင် ဖြစ်သည်။

နာယကဆရာတော်သည် မိမိကိုယ်တိုင် ခက်ခက်ခဲခဲ ကြိုးပမ်း စုဆောင်းကာ ပူဇော်ထားအပ်သော ဓာတ်တော်မွေတော်များကို၊ ပြည်တွင်း ပြည်ပတို့မှ ဓာတ်တော်မွေတော်များ လာရောက်ကြည်ညိုဖူးမြော်ကြသူများ ဘုရားစေတီ ပုထိုးများ၌ ဌာပနာပြုတည်ထားကိုးကွယ်လိုကြသူများအား စေတနာသဒ္ဓါတရား အပြည့်အဝဖြင့် သင့်တင့်မျှတစွာ ပေးလှူလေ့ရှိကြောင်း သိရပါသည်။

ဓာတ်တော်မွေတော်ဟူသည်မှာ ဗုဒ္ဓဘုရားရှင်၏ အသွေးတော်၊ အသားတော်၊ အရိုးတော်တို့မှ ဖြစ်ထွန်းတော်မူလာခြင်းဖြစ်သောကြောင့် သက်တော်ထင်ရှား ဗုဒ္ဓဘုရားရှင်အလား ကြည်ညိုပူဇော်ထိုက်ပါပေသည်။ ယင်းသို့နည်းတူ ဗုဒ္ဓဘုရားရှင်၏ သားတော်များဖြစ်ကြသည့် ရဟန္တာအရှင်မြတ်ကြီးတို့၏ အရိုးတော်မှ ဖြစ်ပေါ်လာသော ဓာတ်တော်များကိုလည်း ပူဇော်ထိုက်ပေသည်။ ထိုထိုသော ဘုရား၊ ရဟန္တာအရှင်မြတ်ကြီးတို့၏ ဓာတ်တော်မွေတော်များကို ကြည်ညိုသဒ္ဓါပြင်းပြစွာဖြင့် ကြည်ညိုပူဇော်မှု ပြုသည်နှင့်အမျှ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောအကျိုးများကို ကေန်မှချ ရရှိခံစားကြရမည်ဖြစ်ကြောင်း လေ့လာမှတ်သားရပါသည်။

သို့ပါ၍ သဒ္ဓါကြည်ရှင် ပါရမီရှင် မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်

အပေါင်းတို့သည်လည်း တောင်ဥက္ကလာပမြို့နယ်၊ ပါရမီကျောင်းတိုက်၊ အမှတ် (၃)ဝိုင်းရှိ၊ သိမ်တောင်တိုက်သစ်ဓာတ်တော်တိုက်ကြီး၌ ကိန်းဝပ် စံပျော်ပူဇော်ထားရှိသော ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်များ ဗုဒ္ဓဘုရားရှင်၏ ရှစ်တုရှစ်ပွားဆင်းတုတော်များနှင့် ရဟန္တာအရှင်သူမြတ်တို့၏ ဓာတ်တော်မွေတော်များ ဦးခိုက်ပူဇော်ခွင့်ရရှိခြင်းဖြင့် စေတနာအကျိုး တရားများကို တိုးပွားခံစားနိုင်ကြပါစေကြောင်းနှင့် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်များ အရှည်တည်တံ့၍ ဓာတ်တော်သာသနာတော်ကြီး ထွန်းကားပြန့်ပွားစေရေးအတွက် ရှင်လန်းသဒ္ဓါကြည်ညိုစွာဖြင့် လှူဒါန်းပူဇော်နိုင်ကြပါကြောင်း တင်ပြလိုက်ရပါသည်။

(၂၁-၄-၂၀၀၄) ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးထံ အလှူငွေကျပ်သိန်း (၁၀၀)နှင့် (၆-၅-၂၀၀၄)ရက်နေ့တွင် အလှူငွေကျပ်သိန်း (၂၀၀) နှစ်ရပ်ပေါင်း ကျပ်သိန်း (၃၀၀)ကို ရှေ့ဘုရားကျောင်းဆရာတော်၏ ဒေသခံဒါယကာများဖြစ်ကြသည့် ဆရီအေးရာခရီးသွားလုပ်ငန်း ကုမ္ပဏီဒါရိုက်တာ ဦးလှသိန်းနှင့်အဖွဲ့က သွားရောက်လှူဒါန်းကြသည်။

အမွေအနစ်ပွဲ ပူဇော်နွဲ့

(၂၀၀၄)ခုနှစ်၊ မေလ(၁၉)ရက်နေ့ အေးချမ်းသာယာသည့် နံနက်ခင်းတွင် စင်ကာပူနိုင်ငံ အိပ်စပိုက္ခင်းကြီးအတွင်း၌ အစီအရီဆိုက်ရောက်လာကြသော မော်တော်ယဉ်ကြီးငယ်များ၊ သစ်လွင်တောက်ပသော လူမျိုးအလိုက် အမျိုးသားဝတ်စုံများ ဝတ်ဆင်ထားကြသော ညီညီပရိသတ်များဖြင့် သက်ဝင်လှုပ်ရှားစည်ကားလျက်ရှိနေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံယမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင်ဆရာတော် အဘိဓဇမဟာရဋ္ဌ ဂုရု ဘဒ္ဒန္တကုမာရ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နားနေဆောင်သို့ အချိန်မီရောက်ရှိနေကြသည်။

ပြည်တွင်းပြည်ပဆရာတော်ကြီးများသည် စင်ကာပူနိုင်ငံဗုဒ္ဓဘာသာ ရှေ့ဘုရားကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ရှိဖာဇော့ ဦးဆောင်ကြီး

မှူး ကျင်းပသည့် "ကြည်ညိုဖွယ် ဗုဒ္ဓအမွေအနှစ်အထူးပြုသ ပူဇော်ပွဲကြီး" ဖွင့်လှစ်မည့် မင်္ဂလာအခွန်ကို စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။ မင်္ဂလာအခွန်နီးသည့်အခါတွင် မြန်မာ၊ စင်ကာပူ၊ တရုတ်၊ သီရိလင်္ကာ၊ ထိုင်း၊ မလေးရှား၊ နီပေါ၊ တရုတ်(တိုင်ပေ)၊ ကမ္ဘောဒီးယား၊ လာအို၊ ဘင်္ဂလားဒေ့ရ် စသည့်နိုင်ငံများမှ နိုင်ငံအလိုက် ကိုယ်စားပြုသော ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများသည် ခန်းမဆောင်အမှတ် (၄) ထိပ်ရှိ ခုံညားထည်ဝါလှသည့် ရွှေရောင်ဝင်းပ မျက်စိပသာဒနှင့် ပြည့်စုံသော အကျယ် (၇၆)ပေ၊ အမြင့် (၄၀)ပေခန့်ရှိ မြန်မာမှုမှခ်ဦးကြီးရှေ့တွင် မျက်နှာချင်းဆိုင် အနေအထားဖြင့် အသီးသီး နေရာယူထားကြသည်။ ဆရာတော်ကြီးများ၏ နောက်ကျောဘက်တွင် နိုင်ငံအသီးသီးမှ ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် အထူးညှိုးသည်တော်များ၊ ဘုရားဖူးအဖွဲ့ဝင်များက ခန်းမဆောင်ကြီးပြည့်မျှနေ ရာယူထားကြသည်။ ဆရာတော်ကြီးများနှင့် မြန်မာမှခ်ဦးကြီးအကြား၌ ကော်ဇောနီခင်းထားသည့် ကွက်လပ်ပြင် ကျယ်၌ အစိမ်း၊ အပြာ၊ အဝါ၊ အနီရောင်စုံများ ဝတ်ဆင်ထားကြသည့် အမျိုးသားလူငယ်များက အဆန်းတကြယ် တင့်တယ်စွာ ရောင်စုံခြယ်သပြုလုပ်ထားသော နဂါးရုပ်ကြီးဖြင့် မြွေလိမ် မြွေကောက်ပမာ ဝဲကာဝိုက်ကာ ယဉ်ကျေးမှုအက အနုပညာဖြင့် ပူဇော်မှုပြုကြသည်။

မင်္ဂလာအခွန်တွင် တရုတ်၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် အခမ်းအနားမှူး၏ ကြေညာသံနှင့်အတူ မှခ်ဦးကြီးရှေ့တွင် အသီးသီးနေရာယူထားကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကိုယ်စားလှယ်အဖွဲ့မှ နိုင်ငံတော် သံယမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်အဘိဓဇမဟာရဋ္ဌ ဂုရာဘဒ္ဒန္တကုမာရ၊ မုံရွာမြို့ဟောဓိတစ်ထောင် ဆရာတော်ဘဒ္ဒန္တနာရဒ၊ မြင်းခြံမြို့ မဟာဟောဓိတစ်ထောင် ဓာတ်တော်တိုက် ဆရာတော်ဘဒ္ဒန္တသူရိယနှင့် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ဓာတ်တော်ဝိုက်ဆရာတော် ဘဒ္ဒန္တဝံဂီသ အပါအဝင် နိုင်ငံအသီးသီးမှ ထေရ်ကြီး ဝါကြီးဆရာတော်ကြီးများက "ကြည်ညိုဖွယ် ဗုဒ္ဓအမွေအနှစ် အထူးပြုသပူဇော်ပွဲကြီး" အား ရွှေကတ်ကြေးများဖြင့် ဖဲကြိုးကိုဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ယင်းနောက် အမှတ်(၄)ခန်းမဆောင်ကြီး၏ အလယ်ဗဟိုရှိအကျယ်

အဝန်း(၇၆)ပေ ပတ်လည်၊ အမြင့်(၄၀)ပေခန့်ရှိ ရွှေရောင်အဆင်းတို့နှင့် တပြောင်ပြောင်ဝင်းလက်နေသည့် ကနုတ်ပန်းခက်တို့ဖြင့် မြန်မာမှုလက်ရာကို အပြည့်အဝ ဖော်ဆောင်တည်ဆောက်ထားသော ဂန္ဓကုဋီမြန်မာမှု ပြာသာဒ်ဆောင်အတွင်းရှိ မှန်စီရွှေချ ပလ္လင်မြင့်ထက်မှ ရွှေသားဓာတ်တော်ကြွတ်စေတီများ အတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသော မြတ်ဗုဒ္ဓ၏ အမွေအနှစ်များဖြစ်သည့် ဗုဒ္ဓဘုရားရှင်၏ အံတော်၊ ဆံတော်နှင့် ဓာတ်တော်မွေတော်များကို ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများက ဝန်းရံနေရာယူလျက်ကြည်ညိုကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး စင်ကာပူနိုင်ငံ ပါလီမန်ပြောရေးဆိုခွင့်ရှိသူ Mr. Abdullahtarmugi (SPEAKER OF PALIMENT SINGAPORE) တို့ ဦးဆောင်သည့် အထူးညှိုးသည်တော်ကြီးများက မြတ်ဗုဒ္ဓ၏ အမွေအနှစ် ဓာတ်တော်မွေတော်များ စံပယ်ရာ ပလ္လင်တော်ရှေ့ရှိ ခုံမြင့်ပေါ်၌ မွမ်းမံပြင်ဆင်ထားသည့် ပန်းကလပ်တင် ဝါဆိုဖယောင်းတိုင်ကြီးများကို တွန်းညှိပူဇော်ခြင်းဖြင့် ဖွင့်လှစ်ပွဲကြီးကို ပြည့်စုံစေသည်။

ဤပြဿပူဇော်ပွဲကြီး၏ အဓိကပြဿပူဇော်ရာ ဗုဒ္ဓအမွေအနှစ်တို့သည်ကား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဌာနတို့၏ ကြိုတင် ခွင့်ပြုချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ မြင်းခြံမြို့ မဟာဗောဓိတစ်ထောင် ဓာတ်တော်တိုက်မှ ခေတ္တာပင့်ဆောင်ပူဇော်သည့် ဗုဒ္ဓဘုရားရှင်၏ အံတော်ဆံတော်နှင့် ဓာတ်တော်မွေတော်များ၊ မိတ္ထီလာဝမ်းတော်ပြည့် ဓာတ်တော်တိုက်မှ ဓာတ်တော်မွေတော်များဖြစ်သည်။ ယင်းနောက် ပူဇော်ပွဲကြီးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံအသီးသီးတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများက မိမိတို့ဘာသာအလျောက်ရွတ်ဆိုပူဇော်ကြသည်။ ဆက်လက်၍ ဆရာတော်ကြီးများနှင့်အတူ အထူးညှိုးသည်တော်များအား ရှေ့ဘုရားကျောင်းဆရာတော်ကခန်းမဆောင် အသီးသီးတို့ရှိ ပြခန်းများသို့ လိုက်ပါပြသကြသည်ကိုပူဇော်ကြသည်။

ဤပူဇော်ပွဲကြီးကို အခမ်းအနားဖြင့် ဖွင့်လှစ်ခြင်းမပြုမီ နံနက်ပိုင်းတွင် ခန်းမဆောင်အမှတ်(၅) ၏ တစ်စိတ်တစ်ဒေသ၌ ခင်းကျင်းပြသထားသော

မြန်မာနိုင်ငံမှ ဓာတ်ပုံဝါသနာရှင်၊ ကျွမ်းကျင်သူ ဦးသန်းဇော်၏ သံဝေဇနိယ လေးဌာန (အိန္ဒိယ/နီပေါ)ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် မြင်ကွင်းကျယ် ကြည်ညိုဖွယ် ဓာတ်ပုံကြီးများဖြင့် သီးခြားပြခန်းဖွင့်ထားသည့် ဗုဒ္ဓဝင်ပြခန်း အပါအဝင် နိုင်ငံအသီးသီးတို့မှ ဓာတ်ပုံပြခန်းများကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းဖွင့်လှစ်ပွဲကို စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရေးဟောင်းသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိန်ဝင်း၊ ပတ္တမြားနဂါးကျောက်မျက်ကျောက်စိမ်း ကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းတို့ အပါအဝင် အထူးသည့်သည်တော်ကြီးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ရွှေကျောင်းဆရာတော်သည် ၂၀၀၂ ခုနှစ်၊ ဩဂုတ်လတွင် စင်ကာပူ ဆန်းတက်စီးတီးပြပွဲခန်းမဆောင်အမှတ် (၄) ၌ "ကြည်ညိုဖွယ် ဗုဒ္ဓအမွေအနှစ်အထူးပြသပူဇော်ပွဲ" တစ်ရပ်ကို ပထမအကြိမ်အဖြစ် ကျင်းပပူဇော်နိုင်ခဲ့သည်။ ယခုအခါ ဒုတိယအကြိမ်ဟုဆိုရမည့် "ကြည်ညိုဖွယ် ဗုဒ္ဓအမွေအနှစ်အထူးပြသပူဇော်ပွဲကြီး" ကို အောင်မြင်စွာ ဖွင့်လှစ်ပူဇော်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပူဇော်ပွဲကြီးကို စင်ကာပူအပြည်ပြည်ဆိုင်ရာပြပွဲကြီးများ ခင်းကျင်းပြသလေ့ရှိသည့် ဘောလုံးကွင်းလေးကွင်းစာခန့် အကျယ်အဝန်းရှိသော အိပ်စပိုကွင်းအဆောက်အဦခန်းမဆောင်ကြီး၌ ကျင်းပခြင်းဖြစ်သည်။ ပြပွဲအဆောက်အဦကြီး၏ ကြီးမားကျယ်ဝန်းသည့် ခန်းမဆောင်ကြီး (၆) ခုအနက် ခန်းမဆောင် (၄)ဆောင်၌ ကြီးကျယ်ခမ်းနားစွာ ခင်းကျင်းပြသပူဇော်ခြင်း ဖြစ်သည်။ ခန်းမဆောင်များကြီးမားကျယ်ဝန်းသည်နှင့်အမျှ ပြုပြင်မွမ်းမံ ခင်းကျင်းစီရင်ထားရှိမှုမှာ ခေတ်မီနည်းပညာကို အပြည့်အဝ အသုံးပြု၍ ဒီဇိုင်းလှလှ အကွက်ချထားသည့် ပမာ၊ ဟာကွက်မရှိ ခန်းလုံးပြည့်ကွက်တိဟု တင်စားသင့်ပေသည်။

ပြပွဲခန်းမဆောင် အမှတ်(၄) ၌ ဗုဒ္ဓအမွေအနှစ်များ ကိန်းဝပ်စံပါယ်ပူဇော်ထားရှိသော မြန်မာမှ ဂန္ဓကုဋီပြာသာဒ်ဆောင်ကို အဆင့်ဆင့်ဝန်းရံထားသည့်အသွင်ဖြင့် ဗုဒ္ဓအမွေအနှစ်များဖြစ်သည့် ဗုဒ္ဓဘုရားရှင်၏ အံ့တော်၊ ဆံတော်၊ ဓာတ်တော်၊ မွေတော်များ၊ ထူးခြားပြောင်မြောက်စွာ ထုဆစ်ထားသည့် လက်ရာအစုံ၊ ဥာဏ်တော်အစုံ၊ ကျောက်သား၊ ပယင်း၊ ကြေး၊ သစ်သားစသည့် အမျိုးအစားစုံလင်သည့် နိုင်ငံအစုံမှ များပြားလှသော ဗုဒ္ဓဘုရားရှင်

၏ ရုပ်တုရုပ်ပွားများ ဗုဒ္ဓဘုရားရှင်၏ အသွေးအသား အရိုးတော်တို့မှ ဖြစ်ထွန်းလာသည့် အရောင်အသွေးစုံ ဓာတ်တော်များ၊ ရဟန္တာအရှင်သူမြတ်ကြီးတို့၏ ဓာတ်တော်များ ရဟန္တာအရှင်သူမြတ် (၅၀၀) တို့၏ ထိုင်တော်မူ ရုပ်တုရုပ်ပွားများ မဟာယာနဗုဒ္ဓဘာသာမှ ရိုးရာနတ်မင်းကြီးများနှင့် သူတော်စင်ကြီးများတို့၏ ပုံသဏ္ဌာန် အသွင်အပြင် ကွဲပြားခြားနားသော လက်ရာမြောက်ထုလုပ်ထားသည့် ရုပ်တု ရုပ်ပွားများကို အဆင့်ဆင့်ဝန်းရံထားသည့် အသွင်ဖြင့် ထူးခြား သပ္ပါယ်ကြည်ညိုဖွယ်ဖြစ်အောင် မွမ်းမံဆင်ယင်ပူဇော်ထားသည်။ ယင်းသို့ ဆင်ယင်ပူဇော်ထားရှိမှုကို ခန်းလုံးပြည့် ကော်ဇောနီခင်းလျက်၊ အပေါ်တွင် အလှဆင် ရောင်စုံပန်းအိုးကြီး ငယ်ပေါင်း(၅)သောင်းကျော်၊ အချင်း(၃) ပေခန့်ရှိ မြန်မာ့ရွှေထီး (၂၁၆) လက်၊ အချင်း(၁$\frac{1}{2}$)ပေခန့်ရှိ မြန်မာ့ရွှေထီး အသေး(၈၆၄)လက်၊ ထောင်နှင့်ချီသော အပြူရောင် လျှပ်စစ်မီးအိမ်များ၊ နံရံကပ်ပန်းချီ ဓာတ်ပုံအစုံစုံတို့ဖြင့် ပူဇော်မှုပြကွင်းပြကွက်များ လျှောက်လမ်းများကို အကွက်ကျကျ ပိုင်းခြားသွယ်တန်းထားခြင်းဖြင့် ရှုမငြီးဖွယ် ရောင်စုံပန်းခင်းများ၊ ရွှေထီးတော်များ၊ အပြူရောင်လျှပ်စစ်မီးအိမ်များ အလယ်မှ ဗုဒ္ဓအမွေအနှစ်များကို အားဖြည့် ပုံဖော်ပူဇော်နေသည့်အသွင် ဖော်ဆောင်ထားသည်။

အဓိကဖြစ်သော ဗုဒ္ဓအမွေအနှစ်များကိန်းဝပ်ပူဇော်ရာ ခန်းမဆောင် အမှတ် (၄)ကို ပင်မပြုလျက် ကျန်ရှိသော ခန်းမဆောင် (၅)(၃) (၁)တို့ဌာလည်း ပြခန်းအသီးသီးတို့ကို စနစ်တကျ ခင်းကျင်းပြသထားသည်။

ပြခန်းဆောင်အမှတ်(၃)ကား ရွှေချည်ငွေချည်တို့ဖြင့် တန်ဆာဆင်မှန်းခြယ်ပြသထားသည့် ဗုဒ္ဓဝင်ကားချပ်ပြကွက်၊ ပြသပူဇော်ပွဲကြီးဌပင် တိဗက်ရဟန်းများကိုယ်တိုင် လက်တွေ့ပြုလုပ်ပြသပူဇော်ကြသော ပေ (၄၀) ပတ်လည်ရှိ "မန္တလာ" အမည်ရှိ ထူးခြားသည့် ဘာသာရေးဆိုင်ရာ ရောင်စုံကျောက်သားမှုန့် ပန်းချီပြကွက်၊ စွန်လွှတ်သည့် ရစ်ဘီးကြီးထောင်လျက်သားထားရှိသည့်ပမာ ရောင်စုံခြယ်သ၍ ဘာသာရေးအစီအရင်ပြုလုပ်အပ်သော ဘီးကိုလည့်ကာ ဆုတောင်းရသည့် ပေ(၂၀)ခန့်ရှိ ကြီးမားသည့် ဘီးကြီးတစ်ခုနှင့် (၂)ပေဝန်းကျင်ရှိ ဘီးငယ်(၁၈၀)တို့ကိုလည်း ဘုရားဖူးများကိုယ်တိုင် လက်တွေ့လှည့်၍ ဆုတောင်းနိုင်သော ပြကွက်၊ မကြာမီတည်

ဆောက်ရန် ကြိုးပမ်းနေသည့် ရွှေဘုရားကျောင်းတော်သစ် အဆောက်အဦ ပုံစံငယ်၊ ပုံစံငယ်ပါ။ "ဓာတ်တော်ပြတိုက်ခန်း" အပါအဝင်၊ အခန်းအသီးသီး တို့ ဖွဲ့စည်းမှု ပုံစံငယ်များ၊ ဓာတ်ပုံများ၊ အလှူရှင် လှူဒါန်းသူများအား အဆောင်ပစ္စည်းများ တုံ့ပြန်စွန့်လှူသည့် ပြခန်းစသည်ဖြင့် ပြခန်းများကား စုံလင်လှသည်။

ခန်းမဆောင်(၂)ကား အထူးညှိုသည်တော်များကို ညှိခံကျွေးမွေးရာ ညှိခံဖြေဖျော်မှုစင်မြင့်ကြီး၊ ရွှေဘုရားကျောင်းဆရာတော်ကြီး သာသနာပြုခရီးစဉ်၌ အသုံးပြုလေ့ရှိသည့် လေကြောင်းကုမ္ပဏီများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ လုပ်ငန်းဆိုင်ရာပြခန်းများ၊ ဘာသာရေးဆိုင်ရာ အမှတ်တရ အရောင်းဆိုင်ပြခန်းများဖြင့် အသီးသီးစနစ်တကျ နေရာချ၍ ခင်းကျင်း ပြသထားသည်။ ကြည့်ရှုလေ့လာပူဇော်ဖွယ်ရာများနှင့် ဝိုင်းဝိုင်းလည်နေသည်။ ဖြေဖျော်ရေးစင်မြင့်ကြီးထက်မှ နိုင်ငံစုံ၊ လူမျိုးစုံတို့၏ ရိုးရာအက ဝတ်ဆက်မှုများ အကြားတွင် မြန်မာတို့၏ အကအလှ သဘာဝနှင့် ကျောက်ဆည်မိုးဇော် ဆင်အကအဖွဲ့တို့သည် ပရိသတ်တို့၏ လက်ခုပ်သြဘာကို အပြည့်အဝ ရရှိနေကြသည်။

ဗုဒ္ဓအမွေအနှစ်များကို ဝန်းရံပူဇော်မှုအဖြစ် စီစဉ်ခင်းကျင်းပြသထားသည့် ခန်းမဆောင်အလိုက် ပြခန်းများက များပြားလှသည်။ ပြပွဲကာလ ၅ ရက်အတွင်း၌ ဆရာတော်များ အမှုးပြုသော စာရေးသူတို့ အထူးညှိုသည်တော် အဖွဲ့သည် (၃)(၄)ကြိမ်ထက်မနည်း လေ့လာပူဇော်မှုပြုသည့်တိုင် စုံစုံလင်လင် လေ့လာကြည်ညိုနိုင်သည်မဟုတ်ပေ။ အသေးစိတ်လေ့လာ ရေးသားပါက စာအုပ်တစ်အုပ် ဖြစ်ပေါ်လောက်သည်။

"ကြည်ညိုဖွယ် ဗုဒ္ဓအမွေအနှစ်အထူးပြသပူဇော်ပွဲကြီး" ကို မေလ (၁၉) ရက်နေ့မှ (၂၃)ရက်နေ့အထိ (၅)ရက်တိုင်ဖွင့်လှစ်ပြသပူဇော်ခဲ့ရာ၊ နေ့စဉ်နံနက်ပိုင်းမှစတင်လျှက် အဆောင်အမှတ်(၆)ရှေ့မှ တန်းစီကာ ဝင်ရောက်ရန် တာစူနေကြသည့် လေ့လာကြည်ညိုလိုကြသော ပြည်တွင်း/ ပြည်ပ ဘုရားဖူးများနှင့် စည်ကားနေတော့သည်။ တစ်ရက်ထက်တစ်ရက် လေ့လာကြည်ညိုပူဇော်ရန် လာရောက်ကြသည့် ပရိသတ်ကြီးက ပိုမိုပိုမြင့်သာ တိုးလာသည်။ နောက်ဆုံးနေ့ဖြစ်သည့် မေလ(၂၃)ရက်နေ့တွင် ပူဇော်ပွဲကြီး ဝိတ်သိမ်းချိန်အထိ

လူဦးရေ(၁)သိန်းကျော် လာရောက်ခဲ့ကြောင်း စံချိန်တင် မှတ်တမ်းတင်ရလောက် အောင်ပင် ဗုဒ္ဓအမွေအနှစ်ပူဇော်ပွဲကြီးကား ထူးထူးခြားခြားအောင်မြင်မှု ရရှိခဲ့ပါသည်။ ပူဇော်ပွဲကျင်းပသည့် ၅ ရက်တာကာလတွင် ဧည့်ပရိသတ် (၆) သိန်းကျော်လာရောက်ကြည်ညိုပူဇော်ခဲ့ကြသည်ဟု မှတ်တမ်းတင်နိုင်ခဲ့ကြောင်း လေ့လာ သိရှိရပါသည်။

ပထမအကြိမ်ထက်၊ ဒုတိယအကြိမ်ကျင်းပပူဇော်သည့် ဗုဒ္ဓအမွေအနှစ်ပြသပူဇော်ပွဲကြီးကား အဘက်ဘက်၌ အဆပေါင်းများစွာ သာလွန်၍ ကြီးကျယ်ခမ်းနားလုပ်ကို မျက်မြင်ကိုယ်တွေ့ကြုံကြရသည်။ ဆရာတော်ကြီးများ အမှူးပြုသော မြန်မာဘုရားဖူးများအဖို့ ဖူးမြော်ပူဇော်မဝ ဖြစ်ခဲ့ကြရသည်။

စင်ကာပူနိုင်ငံကဲ့သို့ ပြည်ပနိုင်ငံတစ်နိုင်ငံ၌ "ကြည်ညိုဖွယ် ဗုဒ္ဓအမွေအနှစ် ပူဇော်ပွဲကြီး" တစ်ရပ်ကို ကျင်းပပူဇော်နိုင်ရန် မလွယ်ချေ။ ယခုမူ တစ်ကြိမ်မက နှစ်ကြိမ်တိုင်ကြီးကျယ်ခမ်းနားစွာ ကျင်းပပူဇော်နိုင်ခဲ့ခြင်းဖြစ်သည်။ ကြည်ညိုဖွယ် ဗုဒ္ဓအမွေအနှစ်များ၏ တန်ခိုးတေဇော် အာနုဘော်တော်ကား ကြီးမားလှပေစွ။ အထူးသဖြင့် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး အရှည်တည်တံ့ ထွန်းကားပြန့်ပွားရေးအတွက် ရေရှည်အကျိုးကို မျှော်ကိုးလျက် ထူးထူးခြားခြား ဗုဒ္ဓအမွေအနှစ်များကို တစ်နေရာတည်း၌ ပြည့်ပြည့်စုံစုံ လေ့လာကြည်ညိုပူဇော်နိုင်ရေးအတွက် "ကြည်ညိုဖွယ် ဗုဒ္ဓအမွေအနှစ် အထူးပြသပူဇော်ပွဲကြီး" ကို စင်ကာပူဒေါ်လာ(၅)သန်းကျော် အသုံးပြု၍ ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်နှင့် လျှော်ညီစွာ ကျင်းပပူဇော်နိုင်ခဲ့သည့် ရှေကျောင်းဆရာတော်ကြီး၏ ထူးကဲသည့် စေတနာ၊ သဒ္ဓါတရားကို လေးစားကြည်ညိုမိပါသည်။

စင်ကာပူရှေဘုရားကျောင်းတော်၏ ဗုဒ္ဓအမွေအနှစ် ပူဇော်ပွဲကြီ ကား အောင်မြင်စွာပြီးစီးခဲ့လေပြီ။ သို့သော် ရှေကျောင်းဆရာတော်ကြီး၏ လုပ်ငန်းကား မပြီးဆုံးသေးချေ။ (၂၄-၅-၂၀၀၄)ရက်နေ့ နံနက် (၁၀)နာရီ ခန့်အချိန်တွင် ရှေဘုရားကျောင်းဆရာတော်နှင့်အတူ မြင်းခြံမြို့ မဟာဗောဓိတစ်ထောင် ဓာတ်တော်တိုက်မှ နာယကဆရာတော်ကြီးများ၊ မိတ္ထီလာဝမ်းတော်ပြည့်ဓာတ်တော်တိုက်မှ နာယကဆရာတော်ကြီးများ၊ သီရိလင်္ကာဆရာတော်များ၊ စင်ကာပူရှိ မဟာယာန ဆရာတော်ကြီးများဦးဆောင်၍ ရှေဘုရားကျောင်းဆရာတော်၏

တပည့်ဒါယကာ၊ ဒါယိကာမများသည် ဗုဒ္ဓဘုရားရှင်၏ အံ့တော်၊ ဆံတော်နှင့် ဓာတ်တော်မွေတော်များကို ပူဇော်ခြင်းအဖြစ် သီရိလင်္ကာစွယ်တော်တိုက်မှ ဘာသာရေးဆိုင်ရာ အနုပညာအဖွဲ့လိုက်ပါ၍ ရွှေဘုရားကျောင်းအဆောက်အဦးကို လက်မှာရစ် (၃) ကြိမ် လှည့်လည်၍ အခမ်းအနားဖြင့် ပူဇော်မှုပြုကြသည်။

ယင်းနောက် ရွှေဘုရားကျောင်းရှိ ဘုရားဆောင်၌ မြတ်ဗုဒ္ဓ၏ အံ့တော်၊ ဆံတော်နှင့် ဓာတ်တော်မွေတော်များကို သက်ဆိုင်ရာ မြင်းခြံမြို့၏ မဟာဗောဓိတစ်ထောင်ဓာတ်တော်တိုက်နှင့် မိတ္ထီလာမြို့ ဝမ်းတော်ပြည့် ဓာတ်တော်တိုက်တို့မှ နာယက ဆရာတော်ကြီးများထံ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့မှ စီစဉ်ခွင့်ပြုခဲ့သည့်အတိုင်း စနစ်တကျ စစ်ဆေးလွှဲပြောင်းလက်ခံမှုပြုကြသည်။ ဆက်လက်၍ ဗုဒ္ဓအမွေအနှစ်များကို မော်တော်ယာဉ်တန်းဖြင့် ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပင့်ဆောင်ကြပြီး လေဆိပ်၌ ရွှေဘုရားကျောင်းဆရာတော်နှင့် ရဟန်း၊ သံဃာတော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများသည် ဗုဒ္ဓအမွေအနှစ်များကို ဦးခေါင်းဖြင့် ဦးတိုက်၍ ထပ်မံကြည်ညိုပူဇော်မှု ပြုကြပြန်သည်။ မူလမြန်မာနိုင်ငံမှ ဗုဒ္ဓအမွေအနှစ် ဆံတော်၊ အံ့တော်၊ ဓာတ်တော်မွေတော်များကို စင်ကာပူနိုင်ငံသို့ ပင့်ဆောင်စဉ်က စင်ကာပူနိုင်ငံမှ ရွှေဘုရားကျောင်းဆရာတော်၏ လက်ထောက်ရဟန်းတော် ဦးဆောင်သော နောက်ပါ ဒါယကာအဖွဲ့က မြန်မာနိုင်ငံရှိ ကိန်းဝပ်စံပယ်ရာ မြို့အထိ လာရောက်ကြိုဆိုပင့်ဆောင်ကြသည်။ ယခုပြည်တော်ပြန်ခရီးတွင်လည်း မူလကြိုဆိုပင့်ဆောင်ရေးအတွက် လာရောက်သည့် လက်ထောက်ရဟန်းတော်နှင့် ဒါယကာ လေးဦးတို့သည် အတူတကွ လိုက်ပါပို့ဆောင်မှုပြုကြသည်။ ရွှေဘုရားကျောင်းဆရာတော်ကြီးသည် မိမိ၏ တာဝန်ပိုင်းကို ကျေပွန်ပြီးဆုံးသည့်တိုင် လေးလေးစားစားဆောင်ရွက်မှုပြုသည့် ဆရာတော်ကြီး ဖြစ်သည်။

ဤသို့လျှင် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး အရှည်တည်တံ့စေရေးနှင့် ထွန်းကားပြန့်ပွားရေးအတွက် ရေရှည်အကျိုးကို မျှော်ကိုးလျက်၊ ထူးထူးခြားခြား ဗုဒ္ဓအမွေအနှစ်များကို တစ်နေရာတည်း၌ ပြည့်ပြည့်စုံစုံ လေ့လာကြည်ညိုပူဇော်နိုင်ကြစေရန် "ကြည်ညိုဖွယ်ဗုဒ္ဓအမွေအနှစ်အထူးပြသ ပူဇော်ပွဲကြီး" ကို စင်ကာပူဒေါ်လာ (၅) သန်းကျော် အသုံးပြု၍ ဘုန်းတော် အနန္တ

ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်နှင့်လျော်ညီစွာ ကျင်းပမူဇော်သည့် ရွှေဘုရား ကျောင်းဆရာတော်ကြီး၏ ထူးကဲသည့်စေတနာ၊ သဒ္ဓါတရားကို အကြိမ်ကြိမ်သာဓုခေါ်ဆို လေးစားကြည်ညိုမိပါသည်။

အကျိုးဆက်အဖြစ် မြတ်ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တံ့ရေးနှင့် ထွန်းကားပြန့်ပွားရေးအတွက် အင်အားကြီးမားသည့် အထောက်အကူကို ဖြစ်ပေါ်နိုင်စေသည်။ "ထေရဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာ" တို့မေတ္တာပေါင်းကူးဆက်၍ နားလည်မှုနှင့် ယုံကြည်မှုကို ပိုမိုတိုးပွားတည်ဆောက်နိုင်စေသည်။ ပြည်တွင်းပြည်ပ ဧည့်ပရိသတ် နှင့် မီဒီယာများမှတစ်ဆင့် ဗုဒ္ဓဘာသာကိုကမ္ဘာက ပိုမိုသိရှိနိုင်စေပါသည်။ ဘာသာတရား ယုံကြည်ကိုးကွယ်မှု၌ အားနည်းကြသူများ(တစ်နည်း) ဘာသာတရား ယုံကြည်ကိုးကွယ်မှု မရှိသေးသူများအတွက် ယုံကြည်ကိုးကွယ်အားထားရာ ဖြစ်ပေါ်နိုင်စေပါသည်။

ကမ္ဘာတွင် မြန်မာတို့သည် ယနေ့အချိန်အခါ၌ ဗုဒ္ဓဘာသာထွန်းကားသည့် ရှေတန်းနိုင်ငံဖြစ်သည်ကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေပါသည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများ၏ ဘာသာတရားကို ယုံကြည်ကိုးကွယ်ဆည်းကပ်မှု၊ ဗုဒ္ဓဘာသာတရား၏ အဆုံးအမ ဖြင့် နေထိုင်လုပ်ကိုင် စားသောက်မှုကို ဘာသာရေး လွှမ်းမိုးရေးစသည့် ရှုထောင့်မှတစ်ဆင့် ထင်ဟပ်သိရှိနိုင်စေပါသည်။ မြန်မာခရီးသွားလုပ်ငန်းမှ အစပြု၍ ဘက်စုံတွင် အထောက်အကူပြုကာ တိုးတက် နိုင်စေပါသည် စသည် စသည်တို့ဖြင့် မျှော်မှန်းမကုန် အကျိုးဆက်အဖုံဖုံတို့ကို ရရှိနိုင်စေပါကြောင်း ရွှေဘုရားကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇရှိဟာဇော့ ကြီးမှူးကျင်းပ မူဇော်အပ် ပါသော " ကြည်ညို ဖွယ် ဗုဒ္ဓ အမွေ အနှစ်

အထူးပြသပူဇော်ပွဲကြီး" ကို ဖော်ညွှန်းဂုဏ်ပြုပူဇော်မှုပြုရပါသည်။

စင်ကာပူရွှေကျောင်းဆရာတော်ရှိဖာဇော့ ဦးဆောင်လျက် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် "ကြည်ညိုဖွယ်ဗုဒ္ဓအမွေအနစ် အထူးပြသပူဇော်ပွဲကြီး" သို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်) ဦးဆောင်လျက်၊ ဘဒ္ဒန္တဇာဂရာဘိဝံသ (နာဂလိုဏ်ဂူဆရာတော်)၊ ဘဒ္ဒန္တကုမာရဘိဝံသ (ဗန်းမော်ဆရာတော်)၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တရာဇာဓမ္မာဘိဝံသ(မစိုးရိမ်တိုက် သစ်ဆရာတော်)၊ ဘဒ္ဒန္တသီလဂုဏ္ဌာဘိဝံသ(တိပိဋကဆရာတော်)၊ ဘဒ္ဒန္တဝံသပါလာလင်္ကာရ (တိပိဋကဆရာတော်)၊ မုံရွာမြို့ ဗောဓိတစ်ထောင်ဆရာတော် ဘဒ္ဒန္တနာရဒ၊ ဘဒ္ဒန္တသူရိယ(မြင်းခြံဓာတ်တော်တိုက်ဆရာတော်)၊ ဘဒ္ဒန္တနန္ဒဝံသ (မြင်းခြံဓာတ်တော်တိုက်ဆရာတော်)၊ ဘဒ္ဒန္တကိတ္တိဝရ (ရန်ကုန်မြို့ သိမ်တောင်တိုက်သစ်ဓာတ်တော်တိုက် ဆရာတော်)၊ ဘဒ္ဒန္တဝင်္ဂီသ၊ ဘဒ္ဒန္တစန္ဒိမာ၊ ဘဒ္ဒန္တသုဇာတ၊ ဘဒ္ဒန္တစန္ဒောဘာသ၊ ဘဒ္ဒန္တဇောတိက (ဝမ်းတော်ပြည့်ဓာတ်တော်တိုက်)၊ မန္တလေးမြို့မဟာမုနိရပ်ရှင်တော် ရေတော်ဆရာတော် ဘဒ္ဒန္တ ပညာဝံသ ၏ ပစ္စနသမဏ ရဟန်းတော် ဘဒ္ဒန္တရေဝတတို့ စုံညီစွာ ပါဝင်ခဲ့ကြသည်။ ယင်းဆရာတော်သံဃာတော်များ၏ အနီးကပ် ကပ္ပိယအဖြစ်လည်းကောင်း၊ ခရီးသွားလုပ်ငန်းလမ်းညွှန်အဖြစ်လည်းကောင်း တာဝန်ယူ ကုသိုလ်ယူခဲ့သူမှာ ခရီးသွားလုပ်ငန်းမန်နေဂျာဖြစ်သူ စာရေးသူသည်လည်း ခရီးစဉ်၌ လိုက်ပါခွင့်ရရှိခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၌ ပါဝင်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးများလည်း ပါဝင်ကြသည်။

အထူးသဖြင့် "ကြည်ညိုဖွယ်ဗုဒ္ဓအမွေအနစ် အထူးပြသပူဇော်ပွဲကြီး" သို့ တက်ရောက်ပူဇော်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြင်းခြံမြို့ မဟာဗောဓိတစ်ထောင် ဓာတ်တော်တိုက်၊ မိတ္ထီလာမြို့ ဝမ်းတော်ပြည့် ဓာတ်တော်တိုက်နှင့် ရန်ကုန်မြို့ သိမ်တောင်တိုက်သစ်ဓာတ်တော်တိုက်များမှ ဆရာတော်သံဃာတော် ၂၇ ပါးနှင့် လူပုဂ္ဂိုလ် ၂၀ ဦး စုစုပေါင်း ၅၅ ဦး တို့အတွက်

အရပ်ရပ် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ (၅၅၀၀၀) ကို ရွှေကျောင်းဆရာတော်နှင့် အဖွဲ့က ကျခံလှူဒါန်းမှုပြုခဲ့လေသည်။

ပုထိုးကိုးသောင်း လှူဒါန်းကြောင်း

စင်ကာပူရွှေကျောင်းဆရာတော်နှင့် ဒါယကာများသည် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ဗန္ဓုလကျောင်းတိုက်ရှိ စန္ဒာမုနိဂန္ဓကုဋိဆောက်လုပ်ရန်နှင့် ပြတိုက်တည်ဆောက်ရန် လှူဒါန်းပူဇော်မှုများပြုခဲ့ရာ မြောက်ဦးမြို့ရှိ ကိုးသောင်းပုထိုးတော်ကြီးကို အလှူတော်ငွေကျပ် (၃၅၅၀၀၀၀) လှူဒါန်းခဲ့သည်။

ဓာတ်တော်ပူဇော် ဆရာတော်

စင်ကာပူနိုင်ငံ၊ ရွှေဘုရားကျောင်း နာယကဆရာတော်မဟာသဒ္ဓမ္မဇောဟိကဓဇ ရှိဖာဇော့သည် "ပြည်တွင်းပြည်ပသာသနာပြု" ဆရာတော်ကြီးဖြစ်သည်။ သီရိလင်္ကာနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံစသည့် ကမ္ဘာ့နိုင်ငံအသီးသီးတို့သို့ လှည့်လည်ကာ သာသနာပြုလျက်ရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအထက်၊ အောက်တစ်ဝန်းရှိဘုရား၊ ကျောင်းကန်၊ စေတီတော်များ၌ ရွှေစင်ရွှေပြားသင်္ကန်းများ၊ ရွှေဆည်းလည်း၊ ရွှေခေါင်းလောင်းများ လှူဒါန်းမှုနှင့် ပြုပြင်မွမ်းမံမှုများ၊ ပူဇော်မှုများပြုခဲ့သည့်အလျောက် မြန်မာပြည်သူအများက ဆရာတော်ကို ကြည်ညိုမှုဖြင့် "ရွှေကျောင်းဆရာတော်" "ရွှေကျောင်းဆရာတော်" ဟူသော ဘွဲ့မည်သစ်ဖြင့် ထင်ရှားလျက်ရှိသည်။

မြန်မာနိုင်ငံ၊ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း အမှတ်(၃) ဝိုင်း သိမ်တောင်တိုက်သစ်ကျောင်း "ပြည်တွင်းပြည်ပသာသနာပြု" နာယက ဆရာတော် ဘဒ္ဒန္တကိတ္တိဝရသည် "ဓာတ်တော်တိုက်ကြီး" ကို တည်ထောင်ခဲ့သည်။ ဆရာတော်သည် မြန်မာနိုင်ငံအတွင်း၌သာမက ပြည်ပနိုင်ငံများဖြစ်သည့် ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ စသည့် နိုင်ငံအသီး သီးတို့သို့ လှည့်လည်သာသနာပြုမှုဖြင့် ထင်ရှားနေသည်။

ထိုသို့သော ပြည်တွင်းပြည်ပသာသနာပြုဆရာတော်ကြီး နှစ်ပါးတို့သည် စင်ကာပူနိုင်ငံ၊ ရွှေကျောင်းဆရာတော်၏ (၁၉-၅-၂၀၀၄)ရက်နေ့တွင် ကျင်းပပူဇော်မှုပြုသည့် "ကြည်ညိုဖွယ် ဗုဒ္ဓအမွေအနှစ်ပြသပူဇော်ပွဲကြီး" ၌

တွေ့ဆုံခဲ့ကြသည်။ ဆရာတော်ကြီး တစ်ပါးနှင့် တစ်ပါး တွေ့ဆုံဖူးမြော်ကြရုံမျှဟု ဆိုရပေမည်။

အထူးသဖြင့် မြင်းခြံမြို့၊ မဟာဗောဓိတစ်ထောင်ဓာတ်တော်တိုက်၊ မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ဓာတ်တော်တိုက်ကြီးများတွင် ဖူးမြော်ပူဇော်ခွင့် ရရှိခဲ့သည့် ရွှေကျောင်းဆရာတော်ကြီးကို ရန်ကုန်မြို့ရှိ သိမ်တောင်တိုက်သစ် ဓာတ်တော်တိုက်ကြီး၌လည်း ဖူးမြော်ပူဇော်ခွင့်ရရှိစေချင်သည်။ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်များအား ပူဇော်မှုနှင့်အတူ သာသနာပြုဆရာတော် ကြီးနှစ်ပါးတို့ကို တစ်ပါးနှင့်တစ်ပါး တွေ့ဆုံရင်းနှီးစေချင်သည်။ သာသနာရေးဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းမှုတို့ဖြင့် ဆရာတော်ကြီးများ၏ သာသနာပြုလုပ်ငန်းကြီးများ၌ အကျိုးတရားများ တိုးပွားစေချင်သည်။ ဤကား စာရေးသူ၏ ဆန္ဒစေတနာနှင့် မျှော်မှန်းကြိုးပမ်းလိုစိတ်ဖြစ်ပေါ်နေမှုဖြစ်သည်။

ယင်းသို့သော အကျိုးတရားများတိုးပွားစေနိုင်ရေးကို ရည်သန်လျက် စာရေးသူတာဝန်ထမ်းဆောင်သည့် ဆရီအေးရှခရီးသွားလုပ်ငန်း ကုမ္ပဏီ ဒါရိုက်တာဦးလှသိန်း၊ ဦးထိန်မင်းနှင့် စာရေးသူတို့သည် သိမ်တောင်တိုက်သစ် ဓာတ်တော်တိုက်ကြီးကို ဖူးမြော်ပူဇော်နိုင်ရေးနှင့် ဆရာတော်ကြီး နှစ်ပါးတို့ တွေ့ဆုံနိုင်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ခဲ့ကြသည်။

(၂၂-၃-၂၀၀၅)ရက်နေ့ ညနေခင်းတွင် တောင်ဥက္ကလာပမြို့နယ်ရှိ သိမ်တောင်တိုက်သစ် ဓာတ်တော်တိုက်သို့ ရွှေကျောင်းဆရာတော်ကို မော်တော်ယာဉ်ဖြင့် စာရေးသူတို့ လိုက်ပါပို့ဆောင်ပေးကြသည်။ ဓာတ်တော်တိုက်သို့ မရောက်မီစာရေးသူက ရွှေကျောင်းဆရာတော်ကို "ဘုန်းဘုန်းဘုရား အခုရန်ကုန်မြို့မှာရှိတဲ့ ရွှေဘုရားကျောင်းကိုလိုက်ပို့ပါမယ်ဘုရား" ဟု လျှောက်ထားလိုက်သည်၊ဆရာတော်က "ဟုတ်လား ဘယ်မှာလဲ"ဟု မိန့်ကြားသည်။ ဤတွင် စာရေးသူက မိမိတို့ရှေ့ဘက်ရှိ ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုဖွယ်တွေ့မြင်နေရသည့် သိမ်တောင်တိုက်သစ်ဓာတ်တော်တိုက်ကြီးကို "ရွှေဘုရားကျောင်းတော်ဓာတ်တော်တိုက်ကြီးပါဘုရား" ဟု လမ်းညွှန်လျှောက်ထားလိုက်သည်။

ဓာတ်တော်တိုက်ရှေ့မှ ဆရာတော်ဘဒ္ဒန္တကိတ္တိဝရက ဝမ်းမြောက်ဝမ်းသာကြိုဆိုမှုပြုနေသည်။ ဆရာတော်ကြီးနှစ်ပါးသည် တစ်ပါးနှင့်တစ်ပါး နွှတ်ဆက်ဂါရဝပြုကြသည်။ ရွှေရောင်တဝင်းဝင်းတောက်ပနေသည့် ဓာတ်

တော်တိုက်ကြီး၏ အဆင့်ဆင့်တို့မှတစ်ထပ်ချင်း ပူဇော်ထားအပ်သည့် ဓာတ်တော်များ ရေးဟောင်းရပ်ပွားဆင်းတုတော်များတို့ကို ဓာတ်တော်တိုက်ဆရာတော်က သမိုင်းစဉ်အကျဉ်းနှင့်တကွ လိုက်ပါပြသရင်းလင်းလျှောက်ထားသည်။

ရွှေကျောင်းဆရာတော်သည် ဓာတ်တော်တိုက်ပင်မ ခန်းမဆောင်အတွင်းရှိ အထူးထူးအသွယ်သွယ်ကြည်ညိုဖွယ်မွမ်းမံပူဇော်ထားသော ဗုဒ္ဓဘုရားရှင်၏ စွယ်တော်မွေတော်၊ ဓာတ်တော်များ၊ ရုပ်ပွားတော်များ၊ ရဟန္တာအရှင်မြတ် ဓာတ်တော်များ၊ တကောင်းဓာတ်တော်များကို ဖူးမြော်မဆုံး ကြည်ညိုမဝဖြစ်နေသည်။ ဆရာတော်ကြီးနှစ်ပါးသည် တစ်ပါးနှင့်တစ်ပါး သာသနာပြုလုပ်ငန်းများကို အမြင်ချင်းညီနှိုင်းဖလှယ်မှုများဖြင့် ပြောမဆုံး ဖြစ်နေသည်။ ဒေသခံ ဒါယကာများဖြစ်ကြသည့် ဦးလှသိန်းနှင့် ဦးထိန်မင်းတို့၏ ထပ်ဆင့်ဘာသာပြန်ဆိုလျှောက်ထားမှုဖြင့် ဆရာတော်နှစ်ပါးတို့ တွေ့ဆုံမှုသည် အဆင်ပြေပြီး ပြည့်စုံစေတော့သည်။

ဓာတ်တော်တိုက်ဆရာတော်ကြီးက ရွှေကျောင်းဆရာတော်ကြီးကို အစဉ်ထားရိုကာ ပူဇော်ရမည့်စွယ်တော် မွေတော်ဓာတ်တော်များ၊ ရဟန္တာဓာတ်တော်များ၊ တကောင်းဓာတ်တော်များကို ဓမ္မပဏ္ဏာတော်အဖြစ် ပေးအပ်လှူဒါန်းသည်။ရွှေကျောင်းဆရာတော်ကလည်း ဓာတ်တော်ဆရာတော်ထံ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဤကား ရွှေကျောင်းဆရာတော်ရှိဖာဇော့ သိမ်တောင်တိုက်သစ် ဓာတ်တော်တိုက်ကြီးသို့ ဖူးမြော်ပူဇော်ခွင့်ရရှိခဲ့ပုံနှင့် ဆရာတော်ကြီးနှစ်ပါး တွေ့ဆုံရပုံတို့ကို ပုံဖော်တင်ပြခဲ့ခြင်းဖြစ်ပါသည်။ သာသနာပြုဆရာတော်ကြီး နှစ်ပါး၏ တွေ့ဆုံမှုသည် သာသနာတော်ဆိုင်ရာ အကျိုးတရားများကို ဆက်လက်တိုးပွားစေမည်ဖြစ်ပေသည်။

၂၀၀၇-ခုနှစ်၊ မေလ(၃၀)ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ ရှေဘုရားကျောင်းဆရာတော် ဦးဆောင်တည်ထောင်ခဲ့သည့် "ဗုဒ္ဓမြတ်စွယ်တော်နှင့် ဗုဒ္ဓယဉ်ကျေးမှုပြတိုက်ကြီးဖွင့်လှစ်ပွဲ" အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ငံတော် သံယမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ ဘဒ္ဒန္တဇာဂရာဘိဝံသ ဆရာတော်ကြီး အမှူးပြုလျက် သိမ်တောင်တိုက်သစ် ဓာတ်တော်တိုက်ဆရာတော် "ပြည်တွင်း ပြည်ပသာသနာပြု" ဆရာတော်

ဘဒ္ဒန္တကိတ္တိဝရဆရာတော်ကြီးနှင့် ဆရာတော်သံယာတော် အရှင်သူမြတ်များ တက်ရောက်ကြည်ညိုပူဇော်တော်မူခဲ့ကြသည်။

(၂၀၀၇-ခုနှစ်၊ မတ်လတွင် ရန်ကုန်မြို့သို့ခရီးစဉ်ဖြင့် ရောက်ရှိခဲ့စဉ်က ရွှေကျောင်းဆရာတော်သည် စာရေးသူကို "ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲကြီး" သို့ တက်ရောက်နိုင်ရန် ဖိတ်ကြားစကား မိန့်ကြားသည်။ စာရေးသူသည် ဆရာဝန်ဖြင့် ဆေးဝါးကုသမှုခံယူနေချိန်ဖြစ်သဖြင့် ခွင့်ပန်လျှောက်ထားခဲ့ရသည်။ လုပ်ငန်းတာဝန်မှအနားယူခဲ့သူ၊ ဆေးဝါးကုသနေရသူ ဒါယကာတစ်ဦးကို သတိတရဖြင့် ပူဇော်ပွဲကြီးကို တက်ရောက်စေချင်သူ ကုသိုလ်တော်ပေးချင်သူ၊ ရွှေကျောင်းဆရာတော်ဘုရားကြီး၏ ကျေးဇူးတရားကား ကြီးမားလှပါပေသည်။ တာဝန်မရှိစေချင်ပါ။ ဆရာတော်ပို့အပ်သော ဆုမြတ်ကြောင့် စာရေးသူသည် ၂ နှစ်တာကာလအချိန်တွင် ကျန်းမာရေးကောင်းမွန်ခဲ့တော့သည်။)

ရွှေကျောင်းဆရာတော်ကြီးသည် ခရီးစဉ်များဖြင့် သိမ်တောင်တိုက်သစ်၊ ဓာတ်တော်တိုက်သို့ အကြိမ်ကြိမ်ရောက်ရှိဖူးမြော်ပူဇော်မှုပြုရသကဲ့သို့ ဓာတ်တော်တိုက်သုံးထပ်တိုးချဲ့ဆောင်ကြီး တည်ဆောက်မှုအပိုင်းဌာနလည်း လျှုဒါန်းပူဇော်မှုများ ပြုခဲ့ပေသည်။

(၈-၄-၂၀၀၅)ရက်နေ့တွင် မန္တလေးမြို့ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ ဦးဆောင်ကျင်းပသည့် "မဟာမဲခေါင်သင်္ကြန်ပွဲ" အတွက် ရွှေကျောင်းဆရာတော်က အက်ဖ်အီးစီ(၅၀၀)ကို လျှုဒါန်းခဲ့သည်။(၁၀-၅-၂၀၀၅) ရက်နေ့တွင် ရွှေကျောင်းဆရာတော်နှင့် တပည့် ဒါယကာများက ပုဂံဒေသရှိ ရေးဟောင်းဘုရားအမှတ် (၄၄၆) ပြုပြင်မွမ်းမံရန် အလျှုတော် ငွေကျပ်သိန်း (၁၅၀) ကို ပေးအပ်လျှုဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

စင်ကာပူရွှေကျောင်းဆရာတော် ရှီဖာဇော့နှင့် တပည့် ဒါယကာ ဒါယိကာမများသည် သိမ်တောင်တိုက်သစ် ဓာတ်တော်တိုက်သို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ကြပြီး လျှုဒါန်းပူဇော်မှုများလည်း ပြုခဲ့ကြသည်။ ယခုအကြိမ်တွင် တောင်ဥက္ကလပမြို့နယ် သိမ်တောင်တိုက်သစ် ဓာတ်တော်တိုက်တိုးချဲ့ တည်ဆောက်မှုများ ပြုနေသည့်အလျောက် (၂၆-၅-၂၀၀၅)ရက်နေ့တွင် အလျှုတော် ငွေကျပ် (၁၅) သိန်းနှင့် (၂၈-၈-၂၀၀၅) ရက်နေ့တွင် အလျှုတော် ငွေကျပ်သိန်း (၁၀၀) တို့ကို ပေးအပ်လျှုဒါန်းခဲ့သည်။

မြတ်စွာန်

မွေးနေ့အလှ။ ကုသိုလ်ယူ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းတွင် "ရွှေကျောင်းဆရာတော်" ဟူသော ဘွဲ့အမည်ဖြင့် ထင်ပေါ်ကျော်ကြားလူသိများသော စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းဆရာတော် ရှိဖာဖော့(မဟာသဒ္ဓမ္မဇောတိကဇေ) သည် ၂၀၀၆ ခုနှစ်၏ နှစ်လယ်ဘုရားဖူးခရီးစဉ်အဖြစ် စင်ကာပူနိုင်ငံသား ဗုဒ္ဓဘာသာဝင်ဘုရားဖူးအဖွဲ့ဝင် (၂၆၀) ဦးတို့ကို ဦးဆောင်လျက်(၁၄-၆- ၂၀၀၆) ရက်နေ့တွင် အမ်အေအိုင်လေကြောင်းလိုင်း လေယာဉ်နှင့် ဆစ်အဲယားလေကြောင်းလိုင်းလေယာဉ်များဖြင့် နှစ်သုတ်ခွဲ၍ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။ လေဆိပ်ခန်းမဆောင်မှ မြန်မာနိုင်ငံ ဒေသခံဒါယကာများဖြစ်ကြသည့် ဆရာအေးရှားခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်များ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဒေသခံဒါယကာများအနေဖြင့် ရွှေကျောင်း ဆရာတော်၏ မြန်မာပြည်တွင်းဘုရားဖူးခရီးစဉ်များကို ဆယ်စုနှစ်မက အနီးကပ် တာဝန်ယူကာ ပါရမီဖြည့်ဆည်းပေးကြသူများဖြစ်ကြသည့်အလျောက်၊ ယခု ရောက်ရှိလာကြသော ဘုရားဖူးအဖွဲ့၏ ပြည်တွင်းခရီးစဉ်ကိုလည်း ကြိုတင်စီစဉ်ဆောင်ရွက်မှုဖြင့် အသင့်ကြိုဆိုနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဆက်လက်၍ ဘုရားဖူးအဖွဲ့သည် ခရီးရောက်မဆိုက်ပင် မွန်းလွဲ ၂ နာရီအချိန်ခန့်၌ ကမ္ဘာအေးကုန်းမြေမဟာပါသဏာလိုဏ်ဂူကြီးရှေ့ရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပမည့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲသို့ တက်ရောက်ကြသည်။ အခမ်းအနားကြီးသို့ နိုင်ငံတော်သံယာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံယာ့မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ပင့်သံယာတော်ဆရာတော်ကြီးများ အပါအဝင် ဆရာတော် သံယာတော် အရှင်သူမြတ် (၄၇) ပါးတို့ ကြွရောက်တော်မူကြသည်။ ရွှေကျောင်းဆရာတော်၏ ပင့်လျှောက်မှုဖြင့် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် ရေတော်ဆရာတော် ဘဒန္တပညာဝံသ၊ တောင်ဥက္ကလာပမြို့နယ် ပါရမီကျောင်းတိုက်(၃) ဝိုင်း သိမ်

တောင်တိုက်သစ်ဓာတ်တော်တိုက် ဆရာတော်ဘဒ္ဒန္တကိတ္တိဝရနှင့် သက်နှံးကျွန်း မြို့နယ် မူလဆယ်တောင်ပြည့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂုဏ္ဍိဗလတို့ ကြွရောက်တော်မူကြပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ညီ့သည်တော်များနှင့် ဒေသခံ ဒါယကာများ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားဖွင့်လှစ်ပြီးနောက် နိုင်ငံတော် သံယာ့မဟာနာယက အဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ရွှေကျောင်းဆရာတော်နှင့် အလှူဒါယကာ ဒါယိကာ မများက ဆရာတော်ကြီးများ ရေ့မှောက်တွင် သာသနာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနများသို့ ဝန်ကြီးဌာနတစ်ဌာနလျှင် အလှူငွေကျပ်သိန်း (၁၀၀) စီ ပေးအပ်လှူဒါန်းကြရာ သက်ဆိုင် ရာဝန်ကြီးဌာန များမှ တာဝန်ရှိသူများက လက်ခံရယူကြပြီး၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန် လည်ပေးအပ်ကြသည်။

အထူးသဖြင့် ဝန်ကြီးဌာနအလိုက် လှူဒါန်းငွေကျပ်သိန်း (၁၀၀)စီ ကို ငွေကျပ်သိန်း (၂၀) စီခွဲ၍ အလှူရှင်များကိုယ်တိုင်ကိုယ်ကျ ပေးအပ်လှူ ဒါန်းခွင့် ရရှိကြ၍ ရွှေကျောင်းဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမ အလှူရှင်များမှာ သဒ္ဓါပီတိဖြင့် အပြုံးကိုယ်စီရှိနေကြသည်။ ဆက်လက်၍ ကုသိုလ်တော်လှူဒါန်းမှုအစုစုတို့အတွက် သာဓုအနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော် သံယမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံ တော်သံယာ့မဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများနှင့် ပင့်သံယာတော် (၄၇) ပါးတို့အား ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမဆောင်ကြီးအတွင်း၌ ရွှေကျောင်း ဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများက တန်းစီနေရာယူကာ လှူဖွယ်ပစ္စည်းများဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြပြီး အခမ်းအနားကို ရှုပ်သိမ်းခဲ့သည်။ ယင်းသို့ လောင်းလှူပူဇော်ရာ၌ ရွှေကျောင်းဆရာတော်၏ မွေးနေ့အထိမ်းအမှတ် ငွေဆွမ်းအလှူတော်အဖြစ် ဆရာတော်တစ်ပါးလျှင် အလှူတော်ငွေကျပ် (၁၅၀၀၀၀/-)ပါ စာအိတ်တစ် အိတ်စီဖြင့် လည်းကောင်း

သက်နှင့်ဒွိစုံတစ်စုံ၊ သံသပိတ်တစ်လုံးစီအပါအဝင် လူ့ဖွယ်ယပ္စဋ္ဌာန် ခြင်းတစ်ခြင်းစီ ဖြင့် လည်းကောင်း ဆက်ကပ်လောင်းလှူကြသည်။ ယင်းအပြင် ဘုရားဖူးအဖွဲ့ဝင် ဒါယကာ၊ ဒါယိကာမများက သင်္ဃာပေါက်၍ နဝကမ္မအလှူတော်ငွေများ လောင်းလှူပူဇော်ကြရာ ဆရာတော်ကြီးတစ်ပါးလျှင် သီးခြားနဝကမ္မအလှူတော်ငွေကျပ် (၂) သိန်းဝန်းကျင်ခန့် ရရှိတော်မူကြကြောင်း သိရှိရသည်။

ညပိုင်း၌ ရွှေကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်များသည် ရွှေတိုဂုံစေတီတော် ဂေါပကအဖွဲ့နှင့် ဝန်ထမ်းများ၏ စီစဉ်ပံ့ပိုးကူညီမှု၊ ဒေသခံ ဒါယကာများ၏ အနီးကပ်ဖြည့်ဆည်းဆောင်ရွက်မှုဖြင့် ရွှေတိုဂုံစေတီ ရင်ပြင်တော် ချမ်းသာကြီးတန်ဆောင်းမှ ရွှေတိုဂုံစေတီတော်မြတ်ကြီးကို အုန်ဒုက်ယျောပွဲ၊ ပန်း၊ ဆီမီး၊ သစ်သီး ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ရင်ပြင်တော်ပေါ်ရှိ ဘုရားစေတီများကို လှည့်လည်လေ့လာကြည်ညိုပူဇော်ကြသည်။

(၁၅-၆-၂၀၀၆) ရက်နေ့ နံနက်ပိုင်းတွင် ရွှေကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်များသည် ဒေသခံ ဒါယကာ၊ ဒါယိကာမများဖြစ်ကြသည့် ဆရီအေးရှားခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်မှ မယ်တော်ကြီးဒေါ်လှကြည်၊ ဒါရိုက်တာအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးလှသိန်းနှင့် ဦးထိန်တင်တို့ လိုက်ပါလျက် ရန်ကုန်မြို့မှ ဟံဟိုးမြို့သို့ ပြည်တွင်းလေကြောင်း လေယာဉ်များဖြင့် ခရီးဆက်ကြသည်။ ထိုမှတစ်ဆင့် မော်တော်ယာဉ်ကြီး(၇)စီးဖြင့် ပင်းတယမြို့ရှိ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ကြီးအတွင်း၌ ကိန်းဝပ်စံပါယ်လျက်ရှိသော ရုပ်တု ရုပ်ပွား ဘုရားစေတီများကို အနီးကပ်ကြည်ညိုပူဇော်လှူဒါန်းကြသည်။ ယင်း၌ ဘဝနတ်ထံပျံ့လွန်တော်မူပြီးဖြစ်သည့် ကုံလုံဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ဝင်ရောက်ကြည်ညိုပူဇော်ကြပြီး ညောင်ရွှေမြို့သို့ ခရီးဆက်၍ ညအိပ်ရပ်နားကြသည်။

(၁၆-၆-၂၀၀၆)ရက်နေ့ နံနက်စောစောပိုင်းတွင် တောင်ကြီးမြို့မှ တစ်ဆင့် ကျောက်တစ်လုံးဒေသရှိ ရွှေကျောင်းဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများက မတည်လှူဒါန်းငွေ ကျပ်သိန်း(၇၂၀)ဖြင့် မွမ်းမံပြုပြင်ခဲ့သည့် မွှေတော်ကဏ္ဍုဘုရားစေတီများသို့ ခရီးဆက်ကြရာ မွှေတော်ကဏ္ဍုမှ ပဒိုင့်အမျိုးသားအဖွဲ့ချုပ် ဥက္ကဋ္ဌအဘဦးအောင်ခမ်းထီ အမှူးပြုသောအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ ပဒိုင့်တိုင်းရင်းသား ကျေးရွာသူရွာသားများက လိုက်လိုက်လဲလဲကြိုဆိုမှုပြုကြသည်။

နံနက် ၉ နာရီအချိန်ခန့်တွင် ဒေသခံဆရာတော်ကြီးများ အမှုဆောင်ပြုသည့် ဆရာတော် သံယာတော် (၅၂၇) ပါးတို့ကို မွေတော်ကကျွေးအသောက ဧတီကြီးမှ ဓမ္မာရုံသစ်ကြီးသို့ ကြွချီတော်မူစဉ် ရှေကျောင်းဆရာတော်အမှုဆောင်ပြုသော ဘုရားဖူးအဖွဲ့ဝင်များနှင့် ကျောက်တစ်လုံးဒေသခံကျေးရွာသူ ရွာ သားအပေါင်းတို့က သဒ္ဓါတရားထက်သန်စွာဖြင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လောင်းလှူကာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယခုကဲ့သို့ မွေတော်ကကျွေးဘုရားစေတီစုများ၌ ပထမအကြိမ်အဖြစ် ရှေကျောင်းဆရာတော်အမှုဆောင်ပြုသော တပည့် ဒါယကာ၊ ဒါယိကာမများက ဒေသခံတိုင်းရင်းသားများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲဆင်နွှဲခဲ့ကြသည့် ကုသိုလ်တော်လှူဒါန်းပွဲကြီး၏ အကျိုးဆက်အဖြစ် ကြည်ညိုဩဘွား သဒ္ဓါအားဖြင့် နောင်နှစ်များတွင်လည်း နှစ်စဉ်နှစ်တိုင်း ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကြီးကို နှစ်စဉ်မပျက် ကုသိုလ်တော်ရယူကြရန် ဒေသခံအကြီးအကဲများ ဂေါပကအဖွဲ့ဝင်များနှင့် တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်အပေါင်းတို့အနေဖြင့် ညှိနှိုင်းဆုံးဖြတ် ရည်မှန်းချက်တစ်ရပ်ကို ဖြစ်ထွန်းပေါ်ပေါက်စေခဲ့လေသည်။

ယင်းနောက် နေ့လယ် ၁ နာရီခန့်အချိန်တွင် တောင်ကြီးမြို့ပေါ်ရှိ ဘုရားစေတီများနှင့် လေ့လာဖွယ်ရာများကို လှည့်လည်လေ့လာကြကာ ညောင်ရွှေမြို့မှတစ်ဆင့် အင်းလေးဒေသသို့ ခရီးဆက်ကြပြီး ညအိပ်ရပ်နားကြသည်။

(၁၇-၆-၂၀၀၆) ရက်နေ့ နံနက်(၇)နာရီခွဲခန့်အချိန်တွင် အင်းလေးဒေသနမ်ပန်ကျေးရွာရှိ ရှေကျောင်းဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ၏ မတည်လှူဒါန်းငွေကျပ်(၂၁၂)သိန်းဖြင့် ပြုပြင်မွမ်းမံလှူဒါန်းပူဇော်ခဲ့သည့် ရေးဟောင်းဘုရားပေါက် မဟာဓာတုစေတီအနီးရှိ အင်းလေးရေပြင်၌ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကြီးကို လောင်းလှူပူဇော်ကြသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင် ဒေသခံဆရာတော်ကြီးများ အမှုဆောင်ပြုသော သံယာတော်အပါး (၅၀၀) တို့အား သင်္ကန်း၊ သပိတ် စသည့် လှူဖွယ်ပစ္စည်း(၂၇)မျိုးတို့ကို ဒေသခံတိုင်းရင်းသားမိသားစုများနှင့်အတူ လောင်းလှူပူဇော်ကြသည်။ နေ့ခင်းပိုင်း၌ ဘုရားဖူးအဖွဲ့ဝင်များသည် အဖွဲ့ငယ်များခွဲ၍ ဖောင်တော်ဦးရပ်ရှင်တော်မြတ် ကိန်းဝပ်ပူဇော်ရာ ဘုရားကျောင်းတော်ကြီးအပါ အဝင်

ဘုရားစေတီများတည်ရှိရာ အင်းတိန်ဒေသနှင့် အင်းလေးကန်သာယာအတွင်း၌ လှည့်လည်၍ ကြည့်ရှုလေ့လာကြသည်။ ယင်းနေ့ ညနေပိုင်းတွင် ဘုရားဖူး အဖွဲ့ဝင်များအတွက် သီးသန့်အစီအစဉ်အဖြစ် အင်းလေးဒေသ ရိုးရာလှေပြိုင်ပွဲ တစ်ရပ် စီစဉ်ကျင်းပပေးခဲ့ရာ ပြိုင်ပွဲဝင်လှေအဖွဲ့သားများ၏ လှေပေါ်တွင် မတ်တတ်ရပ်ကာ ခြေတစ်ဖက်တည်ဖြင့် လှေလော်ယှဉ်ပြိုင်မှုကို ပျော်ပျော်ပါးပါး အားပေးမှုပြုကြသည်။ ပြိုင်ပွဲဝင်အဖွဲ့များအား ရွှေကျောင်းဆရာတော်က ထိုက်ထိုက်တန်တန်ဆုများ ချီးမြှင့်ခဲ့သည်။

(၁၉-၅-၂၀၀၄) ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ ရွှေကျောင်းဆရာတော်ကြီးမှူးကျင်းပခဲ့သည့် "ကြည်ညိုဖွယ် ဗုဒ္ဓအမွေအနှစ် အထူးပြသပူဇော်ပွဲ" နှင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်းတို့၌ ဗုဒ္ဓဘုရားရှင်၏ မဟာဗုဒ္ဓဝင် ဗုဒ္ဓဂယာဓာတ်ပုံပြပွဲကြီးများကို ခင်းကျင်းပြသပူဇော်ခဲ့သည့် အလှူဒါယကာ ဦးသန်းဇော+ဒေါ်ဝါဝါသိန်း၊ သားမောင်ရဲမင်းနှင် မိသားစုတို့မှ အလှူဒါယကာ ဓာတ်ပုံပညာရှင် ဦးသန်းဇော်သည် ရွှေကျောင်းဆရာတော်၏ ဘုရားဖူးခရီးစဉ်တစ်လျှောက်တွင် အနီးကပ်လိုက်ပါလျက် ခရီးစဉ်ကို ဓာတ်ပုံရိုက်ကူးမှတ်တမ်းတင်ကာ ကုသိုလ်ရယူခဲ့သည်။

(၁၈-၆-၂၀၀၆) ရက်နေ့တွင် ညောင်ရွှေမြို့ကို ဖြတ်သန်းလျက်၊ ဟဲဟိုးမြို့လေဆိပ်မှတစ်ဆင့် ပြည်တွင်းလေကြောင်းလေယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး အဖွဲ့ငယ်များခွဲ၍ လှည့်လည်ဘုရားဖူးကြသည်။ ဗိုလ်ချုပ်စျေးဌ၌ လေ့လာကာ စျေးဝယ်ကြသည်။

ယင်းအချိန်တွင် ရွှေကျောင်းဆရာတော်နှင့် နောက်ပါ ဒါယကာ အချို့တို့သည် ဒေသခံဒါယကာ ဦးလှသိန်းနှင့်အတူ ညနေ(၄)နာရီအချိန်ခန့်၌ တောင်ဥက္ကလာပမြို့နယ် ပါရမီကျောင်းတိုက် (၃) ဝိုင်းသိမ်တောင်တိုက်သစ်ဓာတ်တော်တိုက်သို့ ရောက်ရှိကြရာ နာယကဆရာတော်ဘဒ္ဒန္တ ကိတ္တိဝရ အမှူးပြုသော သံဃာတော်များက ကြိုဆိုကြသည်။ ရွှေကျောင်းဆရာတော်သည် ဓာတ်တော်တိုက်အတွင်း တည်ဆောက်ပြီး တည်ဆောက်ဆဲ သာသနိကအဆောက်အဦများ တိုးတက်မှုအခြေအနေကို လှည့်လည် ကြည့်ရှုသည်။ ဆက်လက်၍ ဓာတ်တော်တိုက်ပင်မခန်းမဆောင်၌ ကိန်းဝပ် စံပါယ်

လျက်ရှိသော ဗုဒ္ဓဘုရားရှင်၏ သရီရဓာတ်တော်မွေတော်များ၊ ဆံတော် အံတော်များနှင့် ရေးဟောင်းရုပ်ပွားဆင်းတုတော်များကို အနီးကပ် ကြည့်ညှိပူဇော်ကြသည်။ ဆက်လက်၍ ဓာတ်တော်တိုက်၌ ဝါဆိုတော်မူနေသည့် မိတ္ထီလာမြို့. ဝမ်းတော်ပြည့် ဓာတ်တော်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဇနိုတကို ဝတ်ပြည့်ပူဇော်ပြီး နဝကမ္မအလှူတော်ငွေများကို ဆက်ကပ် လှူဒါန်းခဲ့သည်။ ယင်းနေ့ညပိုင်း၌ ဂရင်းပလာဇာပတ်ရိုးရယ် ဟိုတယ်ခန်းမ၌ ရွှေကျောင်းဆရာတော်၏ မွေးနေ့အထိမ်းအမှတ် ညစာစားပွဲတစ်ရပ်ကို စီစဉ်ကျင်းပခဲ့သည်။ ညစာစားပွဲသို့ ရွှေကျောင်းဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ၊ ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ကြသည်။ ညစာစားပွဲကြီးကား ရွှေကျောင်းဆရာတော်၏ သက်တော် (၄၇) နှစ်သို့ ရောက်ရှိသည့် မွေးနေ့အထိမ်းအမှတ် ညစာစားပွဲဖြစ်သည်။ သို့သော် ရွှေကျောင်းဆရာတော်က မိမိတစ်ဦးတည်း၏ မွေးနေ့အထိမ်းအမှတ်ထက် "စုပေါင်းမွေးနေ့အထိမ်းအမှတ်ပွဲ" ဖြစ်စေချင်သည်။ ထိုကြောင့်ပင် မွေးနေ့ပွဲသို့ တက်ရောက်လာကြသည့် ဒါယကာ၊ ဒါယိကာမများအနက်မှ ဆရာတော်၏ မွေးလတွင် မွေးလတူမွေးနေ့ရှင် (၂၀) ဦး ပေါ်ထွက်လာခဲ့သည်။

ဤသို့ဖြင့် (၁၉-၆-၂၀၀၆) ရက်နေ့တွင် စင်ကာပူနိုင်ငံသို့ မပြန်မီ ရွှေကျောင်းဆရာတော်၏ အလိုဆန္ဒတော်နှင့်အညီ ရွှေကျောင်းဆရာတော်နှင့် မွေးလတူ တပည့် ဒါယကာ၊ ဒါယိကာမများ၏ "စုပေါင်းမွေးနေ့အထိမ်းအမှတ်ညစာစားပွဲကြီး" အဖြစ် ဝမ်းမြောက်ဝမ်းသာ ဆုတောင်းပတ္တနာပြု၍ ပျော်ပျော်ရွှင်ရွှင် ဆင်နွဲနိုင်ကြပါတော့သည်။

ရွှေကျောင်းကုသိုလ် ခွန်းဆက်ကြို

မဟာသက္ကရာဇ်(၁၁၁) တွင် ဗုဒ္ဓဘုရားရှင်သည် ပွင့်တော်မူရာ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာ (အိန္ဒိယနိုင်ငံ) မှ မြန်မာနိုင်ငံ၊ ရာမညတိုင်း၊ သုဝဏ္ဏဘူမိနေပြည်တော်(ယခုမွန်ပြည်နယ်၊ သထုံမြို့) သို့ ဒေသစာရီ ကြွခိုရောက်ရှိတော်မူခဲ့သည်။ ထိုစဉ်ကဘုရားရှင် ခြီးမြှင့်တော်မူသည့် ဆံတော်မြတ်များကို တိသရသေ့ကြီး၏ ဦးခေါင်းနှင့်တူသော ကျောက်တုံးကြီးအတွင်း၌

ဌာပနာသွင်း၍ မွန်ပြည်နယ်၊ ကျိုက်ထိုပြိုနယ်ရှိ ပေါင်းလောင်းတောင်ထွတ်တောင်စွန်းထက်၌ တည်ထားကိုးကွယ်ခဲ့သည့် "ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး" သည် ထူးပရှုခင်းတောတောင်တွင်းဝယ် အံ့မခန်းဖွယ် တန်ခိုးကြွယ်လှပေသည်။

၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ သာယာလှသည့် ညနေချမ်းဖြစ်သည်။ ကျိုက်ထီးရိုးတောင်ခြေ ကင်ပွန်းစခန်းမှ တောင်တက်မော်တော်ကားလမ်းအတိုင်း ဘုရားဖူးအဖွဲ့တစ်ဖွဲ့စီးနင်းလိုက်ပါလာကြသော မော်တော်ယာဉ်တန်းသည် ဆံတော်ရှင်မြတ်တည်ရှိရာ တောင်ပေါ်ထက်သို့ ဦးတည်ကာ မောင်းနှင်လျှက်ရှိသည်။ ရေမှကားနှစ်စီးတွင် ရွှေဝါရောင် သင်္ကန်းကိုယ်စီဝတ်ရုံထားကြသော ရဟန်းတော်များလိုက်ပါလာကြသည်။ နောက်မှကားနှစ်စီးတွင် ပြည်ပနိုင်ငံသား အမျိုးသား၊ အမျိုးသမီးများနှင့် ပြည်တွင်းမှ ဒေသခံများပါလိုက်ပါလာကြသည်။ ဒေသခံများမှာ အနီးကပ် ပုံပိုးဆောင်ရွက်ပေးကြမည့် ကုမ္ပဏီမိသားစုများဖြစ်သည်။ ရဟန်းတော်များနှင့် ဘုရားဖူးများသည် မိုင်းရိုညို့မောင်တောတောင်စိမ့်စမ်း အမြင်ဆန်းသည့် ရှုခင်းများကို ငေးမောရင်း ရှင်လန်းနေကြသည်။ မတ်စောက်သည့် တောင်တက်လမ်းကို မော်တော်ယာဉ်က ဝေါခနဲအရှိန်ယူ၍ တက်လိုက်သည်နှင့် ဘုရားဖူးများက ပျော်ရွှင်စိတ်ဖြင့် "ဟေး" ခနဲ အော်သံပြု၍ အားပေးကြသည်။

ဤကဲ့သို့ အသွင်ဆန်းဖြင့် ရှင်လန်းနေကြသည့် ဘုရားဖူးအဖွဲ့သည် မြန်မာနိုင်ငံတစ်နေ့တွင် "ရွှေကျောင်းဆရာတော်" "ရွှေကျောင်းဆရာတော်"ဟု ထင်ပေါ်ကျော်ကြားလူသိများသည့် စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းဆရာတော် ရှီဇာဇော့(မဟာသဒ္ဓမ္မဇောတိကဓဇ)အမှူးပြုသော ဒုလ္လဘရဟန်းတော်အပေါင်း (၅၀) ပါဝင်သည့် ဘုရားဖူးအဖွဲ့ဖြစ်သည်။ သာသနာရေးဝန်ကြီးဌာန၊ နယ်မြေခိုင်ရာတပ်မ၊ တပ်ရင်းအကြီးအမှူးများနှင့် ဂေါ်ပကအဖွဲ့တို့၏ ပံ့ပိုးစီစဉ်ကူညီမှုဖြင့် တောင်ခြေကင်ပွန်းစခန်းမှ တောင်ပေါ်ရင်ပြင်တော်မုခ်ဦးနှင့် မနီးမဝေးရှိ "မောင်းတိန်းတော့ပ်ဟိုတယ်" နှင့် "ကျိုက်ထိုဟိုတယ်" များ ရောက်အရောက် မောင်တော်ယာဉ်များဖြင့် တက်ရောက်ခွင့် ရရှိကြသည်။ ကျေးဇူးကြီးလှပါပေသည်။

(၁၄-၁၂-၂၀၀၆)ရက်နေ့တွင် (၁)ရက်ကြို လူ့ဖွယ်ပစ္စည်းတင် ကွန်တိန်နာယာဉ် လူစီးယာဉ်တို့ဖြင့် စာရေးသူတို့က ရှေပြေးအဖွဲ့အဖြစ် ဆံတော်ရှင်သို့ ကြိုတင်ရောက်ရှိကာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းစီစဉ်ဆောင်ရွက်ကြရသည်။ ယနေ့ရောက်ရှိလာသည့် ရှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ကို တောင်ခြေသို့ဆင်း၍ ကြိုဆိုကြရသည်။

ဂေါပကအဖွဲ့၏ စီစဉ်ပံ့ပိုးကူညီမှုဖြင့် ည ၇ နာရီအချိန်တွင် ဆံတော်ရှင် စေတီတော်အောက်ခြေရင်ပြင်၌ ဆီမီး (၃၀၀၀) ဖြင့် ပူဇော်ကြသည်။ ဦးစွာရှေဘုရားကျောင်းဆရာတော်နှင့် ဒုလ္လဘရဟန်းတော်များ၊ တပည့်၊ ဘုရားဖူးအဖွဲ့ဝင်များသည် အသင့်ပြင်ဆင်ထားသော ဆီမီးခွက်မီးစာများကို ဖယောင်းတိုင်များဖြင့် ထွန်းညှိပူဇော်ကြသည်။ မိမိတို့နိုင်ငံဓလေ့ အတွေ့အကြုံနှင့်မတူ အစီအရီလှလှပပဆီမီးခွက်များဖြင့် ထွန်းညှိပူဇော်ရသည်ကို အပြုံးကိုယ်စီဖြင့် ပျော်ရွှင်နေကြသည်။ ထွန်းညှိပူဇော်ထားသော ဆီမီးအလင်းရောင်တို့သည် ကျောက်ဆောင်ကြီးအစွန်းမှ ရသေ့ဦးခေါင်းသဏ္ဌာန်ကျောက်တုံးကြီးနှင့် အထက်ရှိဆံတော်ရှင် စေတီတော်ကို အလင်းရောင်ခြည်များဖြင့် ဦးခိုက်ထင်ဟပ်လျက်ရှိနေသည်။ မကြာသေးသောအချိန်ကာလကမှ လုံးတော်ပြည့်ရှေသင်္ကန်းတော် ကပ်လှူပူဇော်ထားသဖြင့် ဝါဝင်းသစ်လွင်တောက်ပနေသည့် ရှေသင်္ကန်းနှင့် လင်းရောင်ခြည်တို့သည် ပန်ရစ္စာဖူးမြော်ကြရသူတိုင်း ကြည်ညိုမဝဖြစ်ကြရသည်။ ဆက်လက်၍ ဆရာတော်နှင့် ဒုလ္လဘရဟန်းတော်များသည် မှန်လုံဓမ္မသာလာဆောင်အတွင်းမှ ဆံတော်ရှင် စေတီတော်မြတ်အား အနီးကပ်ဝတ်ပြုပူဇော်ကြသည်။ အေးချမ်းသည့် ညချမ်းချိန်ခါတွင် ညီညာစွာ သံပြိုင်ရွတ်ဆိုပူဇော်နေကြသော ဒုလ္လဘရဟန်းတော်များနှင့် ဘုရားဖူးများအား ထူးထူးခြားခြား ပူဇော်ပွဲအဖြစ် လေ့လာကြည့်ရှုနေကြသည့် ပြည်တွင်းဘုရားဖူးများဖြင့် စည်ကားနေတော့သည်။ ယင်းနောက် ရှေဘုရားကျောင်း ဆရာတော်၊ ဒုလ္လဘရဟန်းတော်များနှင့် ဘုရားဖူးအဖွဲ့ဝင်အမျိုးသားများသည် ဆံတော်ရှင်စေတီတော်မြတ်ကြီးကို အနီးကပ်ဦးခိုက်၍ ရှေဆိုင်းသင်္ကန်းများကို ကိုယ်တိုင်ကိုယ်ကျဆက်ကပ် လှူဒါန်းကြသည်။

(၁၆-၁၂-၂၀၀၆)ရက်နေ့ နံနက် ၄ နာရီတွင် ရှေဘုရားကျောင်းဆရာတော်နှင့် ဒုလ္လဘရဟန်းတော်များက မှန်လုံဓမ္မသာလာဆောင်အတွင်း

မှ အောင်သပြေပန်။ ရေချမ်းတို့ဖြင့် ဆံတော်ရှင်အား ဆက်ကပ်၍ ရွတ်ဖွား သရဇွယ်ကြသည်။ အရှင်ဘုန်းဌ ညွှတ်နှုးသဒ္ဓါတည်ငြိမ်အေးချမ်းစွာ ကြည်ညိုပူဇော်မှုပြုကြသည်။ ယင်းနောက် ဂေါပကအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ စာရေးသူနှင့် ကုမ္ပဏီအဖွဲ့သားများသည် နံနက် ၇ နာရီအချိန်မှ စတင်ပြီး ရွှေဘုရားကျောင်းဆရာတော် အမှူးပြုသော ဘုရားဖူးအဖွဲ့၏ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် လှူဖွယ်ပစ္စည်း (၁၅) မျိုးတို့ကို စားပွဲခုံများဖြင့် တင့်တယ်ဖွယ်ဖြစ်အောင် ခင်းကျင်းပြင်ဆင်ကြသည်။

နံနက် ၈း၃၀ နာရီတွင် ခရီးစဉ်၌ ပါဝင်သည့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ စန္ဒာမုနိဘုရားကြီးကျောင်းတိုက် (ယခင်ဗန္ဓုလကျောင်းတိုက်)နာယက ဆရာတော်ဘဒ္ဒန္တစက္ကိန္ဒ၊ ဆိပ်ဖူးတောင်ပရဟိတကျောင်း နာယကဆရာတော်ဘဒ္ဒန္တဇောတိက (မဟာသဒ္ဓမ္မဇောတိကဓဇ) အပါအဝင် ဒေသခံဆရာတော်ကြီး (၁၀) ပါးတို့ ဦးဆောင်ပြီး ယင်းနောက်မှ ရွှေဘုရားကျောင်းဆရာတော်၊ နောက်မှ ဒေသခံရဟန်းတော်တစ်ပါး၊ နောက်မှ ရွှေဘုရားကျောင်း ဒုလွှဘ ရဟန်းတော်တစ်ပါးကျစီဖြင့် သံယာတော်အရှင်သူမြတ် (၁၀၁) ပါးတို့သည် ဆွမ်းတန်းဖြင့် ကြွရောက်တော်မူကြကာ၊ ဆွမ်းဆန်စိမ်းလောင်းလှူကြည့် လှူဖွယ်ပစ္စည်းများကို ခံယူတော်မူကြသည်။ ဆံတော်ရှင်စေတီရင်ပြင်မှန်လုံမမ္မသာလာဆောင်ရှေ့မှ ဆီမီးကိုးထောင် လေးထပ်ဆောင်သို့ ဦးတည်ကြွလှမ်းတော်မူကြသည့် ဆရာတော်သံယာတော်အရှင်သူမြတ်များကို ရွှေဘုရားကျောင်းဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ပစ္စည်းအမျိုးအစားအလိုက် အစုအဖွဲ့ငယ်များခွဲ၍ အလည့်ကျလောင်းလှူ ပူဇော်ကြသည်။ ဘုရားဖူးလာမြန်မာတိုင်းရင်းသားများကလည်း သကြားလုံး၊ မုန့်ထုပ်၊ အလှူငွေ(ငွေဆွမ်း) တို့ဖြင့် ပါဝင်လောင်းလှူကြသည်။ ဆံတော်ရှင်စေတီတော်ကြီး၏ ရှေ့မှောက်တွင် သံယာတော်အရှင်သူမြတ်တို့အား ပြည်တွင်း ပြည်ပနှစ်ဌာနတို့မှ ဘုရားဖူးအဖွဲ့များက တူယှဉ်လက်တွဲလျက် ချစ်ကြည်စွာ ပျော်ပျော်ပါးပါးလောင်းလှူနေကြသည်ကို ကြည်နူးပီတိဖြစ် ဖွယ်မြင်ကွင်းကျယ်ကြီးအဖြစ် တွေ့မြင်ကြရသည်။ ထိုနောက် ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့သည် နံနက် ၉း၃၀ နာရီတွင် ဆီမီးကိုးထောင် (၄) ထပ်ဆောင်၌ လှူဒါန်းမှု

အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းအခမ်းအနားဌာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရေမှဦးဆောင်ကြွချီတော်မူခဲ့သည့်ဆရာတော်ကြီး (၁၀) ပါးတို့အား ရွှေဘုရားကျောင်း ဆရာတော်အမှူးပြုသော ဒုလ္လဘရဟန်းတော်များက အလှူခံရရှိကြသည့် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်နိုင်ရန် ဂေါပကအဖွဲ့သို့ လွှဲအပ်လှူဒါန်းခဲ့သည်။ ယင်းနောက် ဒေသခံ ဆရာတော်အရှင်မြတ်တို့အား ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အသက်လွတ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ အချိန်လုပြီး လေ့လာကြည့်ရှုကြရာ ကျိုက်ထီးရိုးစေတီရင်ပြင်တော်နှင့် အလှူခံ ဌာနများ၊ စျေးဟန်းများ ၌ ဒုလ္လဘရဟန်းတော်များ၊ စင်ကာပူဘုရားဖူးများဖြင့် စည်ကားသွားတော့သည်။

ထို့နောက် နေ့လယ် ၁၂ နာရီခန့်တွင် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား အကြိမ်ကြိမ်ဖူးမြော်ကြည်ညိုမဝ၊ သမင်လည်ပြန်ဖူးမြော်ကြရင်း တောင်ခြေကင်ပွန်းစခန်းသို့ ပြန်လည်ထွက်ခွာကြသည်။ လမ်းခရီး၌ ကျိုက်ထိုမြို့အနီးရှိ "ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ" သို့ ခေတ္တ ဝင်ရောက်ကြသည်။ ပရဟိတဂေဟာ ပရိဝုဏ်အဝင် မုခ်ဦးအဝမှ တောင်ကုန်းဆင်ခြေလျှောအတိုင်း ကွေ့ဝိုက်၍ တက်လှမ်းကြရသော အဝင်လမ်း၏ ဝဲ-ယာ တစ်လျှောက်မှ ကျောင်းစိမ်းတူညီဝတ်စုံများ ဝတ်ဆင်ထားကြသော ကျောင်းသူ ကျောင်းသားတို့က လမ်း၏ တစ်ဖက် တစ်ချက်စီက တန်းစီနေရာယူကာ "ဆရာတော်ဘုရားကြီးကျန်းမာပါစေ" ""ဆရာတော်ဘုရားကြီး ကျန်းမာပါစေ" ဟု လက်အုပ်ချီကာ သံပြိုင်ဆုတောင်း လျှက်ကြိုဆိုကြသည်။ ဂေဟာခန်းမဆောင်မရောက်ရှိမီ လက်ဝဲဘက်ကျောင်း ဆောင်ရှေ့မှစ၍ ဂေဟာခန်းမဆောင်ထိပ်အထိ စားပွဲခုံများဖြင့် စာအုပ်၊ ဘောလ်ပင်၊ အနွေးထည် စသည့် ပစ္စည်း ၉ မျိုးကို အဆင်သင့် ခင်းကျင်းပြင်ဆင်ထားသည်။ လမ်း၏ လက်ျာဘက်ခြမ်းအဆောက်အဦးရှေ့ရှိ ထပ်ဆင့်စီထားသည့် ဆန်အိတ်ပုံကြီး၌ "ရွှေဘုရားကျောင်းမှ လှူဒါန်းသည့် ကုသိုလ်တော်" ဖြစ်ကြောင်း ကမ္ပည်းမှတ်တမ်း တင်ထားသည်။

ဂေဟာခန်းမဆောင်အနီး ဆင်ခြေလျှောတောင်ကုန်းထက်၌ ရိုးရာဝတ်စုံဖြင့် မြူးမြူးကြွကြွကရင်ဒုံးယိမ်းအကအဖွဲ့၊ ကယားဝတ်စုံဖြင့် ရှုချင်စဖွယ်

ကယားအက၊ ပဒိုင့်ဝတ်စုံဖြင့် ရွှင်မြူးဖွယ် ပဒိုင့်အကအမွှဲ့များက ပျော်ရွှင်ကြည်နူးဖွယ်အကများဖြင့် ကပြကြိုဆိုနေကြသည်။ ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးများက ပျော်တပြုံးပြုံးဖြင့် ဓာတ်ပုံရိုက်ကူး မှတ်တမ်းတင်ကြသည်။ အားပေးကြသည်။

ယင်းနောက် ဂေဟာခန်းမဆောင်၌ စုဝေးကြပြီး ရွှေဘုရားကျောင်းဆရာတော်က ဘုရားဖူးအဖွဲ့ဝင်များကို မိမိတို့ဘာသာစကားဖြင့် ဂေဟာအကြောင်းကို ရှင်းလင်းမြွက်ကြားသည်။ ဆက်လက်၍ ပရဟိတဂေဟာနာယကဆရာတော် ဘဒ္ဒန္တဇောတိကက ကျေးဇူးတင်ဝမ်းမြောက်စကားနှင့် ဆုတောင်းမေတ္တာပို့သပေးသည်။ ထို့နောက် စင်ကာပူရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်များသည် ကျောင်းသူ၊ ကျောင်းသားများအားထောက်ပံ့ဝေငှမည့်ပစ္စည်းများကို တန်းစီလျှောက်လှမ်းလာကြသည့် ကျောင်းသူကျောင်းသားတစ်ဦးချင်းကို ဝေငှပေးအပ်ကြသည်။ သို့သော် အချိန်ကို ငဲ့ကွက်၍ (၇၃၃) ဦးသော ကျောင်းသူ၊ ကျောင်းသားများအနက်မှ အနည်းစုကိုသာ ကိုယ်တိုင် ကိုယ်ကျ ဝေငှနိုင်ကြသည်။ ကျန်ပစ္စည်းများကို ဂေဟာသို့လွှဲအပ်ပြီး ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြသည်။

(၁၇-၁၂-၂၀၀၆) ရက်နေ့ နံနက် ၄ နာရီကျော်တွင် ရွှေဘုရားကျောင်းဆရာတော်နှင့် ဘုရားဖူးအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်ချာရစ်လှည့်လည်၍လည်းကောင်း၊ ရာဟုထောင့်အောင်မြေမှလည်း ကောင်း စုပေါင်း ဝတ်ပြုပူဇော်ကြပြီး၊ ကျောက်တန်းမြို့နယ်၊ ကျိုက်မော်ဝန်း ရေလယ်ဘုရားသို့ နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်လျှုဒါန်းပူဇော်ကြသည်။

ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ လှည့်လည်ကြည့်ရှု လေ့လာကြည်ညိုကြပြီး ဝိဇယမင်္ဂလာခမ္မသဘင်၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကအောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသအမှူးပြုသော အဖွဲ့ဝင် ဆရာတော်ကြီး (၇) ပါး၊ မြောက်ဦးမြို့ စန္ဒာမုနိဘုရားကြီးကျောင်းတိုက် ဆရာတော်

ဘဒ္ဒန္တစက္ကိန္ဒ၊ ဆိပ်ဖူးတောင်ကျောင်းဆရာတော် ဘဒ္ဒန္တဇောတိက၊ ရွှေဘုရားကျောင်းဆရာတော်ရှိဖာဇော့နှင့် ဒုလ္လဘရဟန်းတော်များ၊ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများ၊ ရွှေဘုရားကျောင်းဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ စုံညီစွာတက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲအခမ်းအနား၌ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများက စေတနာသဒ္ဓါတရားထက်သန်စွာ ကိုယ်တိုင်ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဓမ္မလက်ဆောင်များကို ပြန်လည်ပေးအပ်ကြသည်။

ထို့ပြင် (၁၄-၁၂-၂၀၀၆)ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်အောင်သီလရှင်စာသင်တိုက်၌ ရွှေဘုရားကျောင်းဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများက အလှူတော်ငွေကျပ် (၁၀) သိန်း ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ နံနက် ၁၀း၃၀ နာရီ၌ နာဂလိုဏ်ဂူကလေးဝ ဆရာတော်ကျောင်း၌ ပဓာနနာယကဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတလယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ အမှူးပြုသော ကျောင်းတိုက်ရှိ ရဟန်းတော်အရှင်သူမြတ်များ၊ ရှင်သာမဏေများနှင့် သာသနာ့အနွယ်ဝင် သီလရှင်ဆရာကြီး ဆရာလေးအပါအဝင် အပါး (၁၂၀၀) တို့အား အသက်လွတ်ဆွမ်းလောင်းလှူကြသည်။

ပြတ်စျာန်

ရွှေကျောင်းဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ၏ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လှူဒါန်းမှုကုသိုလ်မှာ အောက်ပါအတိုင်း ဖြစ်သည်

၁။	၁၄-၁၂-၂၀၀၆ ဒေါ်ဥာဏာစာရီ မြန်အောင် သီလရှင်စာတိုက် အလှူငွေ	၁၀ သိန်း
၂။	၁၄-၁၂-၂၀၀۶ နာဂလိုဏ်ဂူ ကလေးဝစာသင်တိုက် အသက်လွတ်ဆွမ်းနှင့် အလှူငွေ	၁၀ သိန်း
၃။	၁۶-၁၂-၂၀၀۶ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ ဆွမ်းဆန်စိမ်း လောင်းလှူပွဲအရပ်ရပ် အလှူငွေ	၃၇ သိန်း
၄။	၁۶-၁၂-၂၀၀۶ ဆိပ်ဖူးတောင် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ကျောင်းသူ ကျောင်းသား(၇၃၃) ဦးအတွက် အနွေးထည်နှင့် ကျောင်းသုံးပစ္စည်း ထောက်ပံ့လှူဒါန်းငွေ	၅၃ သိန်း
၅။	၁၇-၁၂-၂၀၀۶ ဆိပ်ဖူးတောင် ပရဟိတဂေဟာအလှူငွေများ	
	(က) ဘုရားဆောင်တည်ဆောက်ရန်	
	(ခ) အမျိုးသားအိပ်ဆောင် တည်ဆောက်ရန်	၅၁၀ သိန်း
	(ဂ) အမျိုးသမီးအိပ်ဆောင် တည်ဆောက်ရန်	
	(ဃ) ထမင်းစားဆောင် တည်ဆောက်ရန်	၁၃၀ သိန်း
	(c) စားသုံးဆန် (၁၂) လအတွက် အလှူငွေ	၂၃၀ သိန်း
၆။	၁၇-၁၂-၂၀၀۶ မြောက်ဦးမြို့ စန္ဒာမုနိကျောင်းတိုက် အံတော်တိုက် တည်ဆောက်ရန် အလှူငွေ	၁၇၀ သိန်း
၇။	၁၇-၁၂-၂၀၀۶ သာသနာရေးဝန်ကြီးဌာနသို့ လှူဒါန်းငွေ	၁၀၀ သိန်း
၈။	၁၇-၁၂-၂၀၀۶ အလှူတော်ငွေ ပေးအပ်ပွဲသို့ ကြွရောက်တော်မူကြသည့် နိုင်ငံတော် သံယမဟာနာယကအဖွဲ့ ဒုဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၈) ပါးနှင့် ပင့်သံယာ (၂) ပါးအား နေ့ဝကမ္မလှူဒါန်းငွေ	၁၀ သိန်း
	ထောက်ပံ့လှူဒါန်းငွေ စုစုပေါင်း	၁၂၂၀ သိန်း

စာရေးသူသည် ကုသိုလ်ကံထူးစွာ ရွှေဘုရားကျောင်းဆရာတော်ကြီး၏ မြန်မာနိုင်ငံကုသိုလ်တော်ခရီးစဉ်များတွင် (၁၀) နှစ်ကျော်မျှ အနီးကပ်ဒေသခံဒါယကာအဖြစ် ပါရမီဖြည့်ဆည်း ကုသိုလ်ယူခွင့်ရရှိခဲ့သည်။ ရွှေဘုရားကျောင်းဆရာတော်နှင့် ကုမ္ပဏီဒါရိုက်တာများက ယုံကြည်စွာ တာဝန်ပေးအပ်ခဲ့၍ အကျိုးဆောင်ခွင့် ရရှိခြင်းဖြစ်သည်။ ခရီးစဉ်အတွေ့အကြုံများအရ ပြန်လည်တွေးဆ ဆန်းစစ်မိပါသည်။ ရွှေဘုရားကျောင်းဆရာတော်သည် ပြက္ခဒိန်နှစ်တစ်နှစ်၏ နောက်ဆုံးလဖြစ်သော ဒီဇင်ဘာလ၌ နှစ်ဟောင်းကို နှုတ်ခွန်းဆက်၊ နှစ်သစ်ကိုကြိုဆိုလျက် ကုသိုလ်ပွဲများကျင်းပ လှူဒါန်းလေ့ရှိကြောင်းကို မှတ်မှတ်ရရသတိပြုမိသည်။ ပမာအားဖြင့် ၁၉၉၆ ခု၊ ဒီဇင်ဘာလ၌ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အလေးချိန် (၂/-)သား စီရှိ ရွှေစင်ရွှေပြားချပ်ရေ (၁၈၀)၊ နိုင်ငံတော်သံယမဟာနာယကအဖွဲ့သို့ မော်တော်ယာဉ် (၅) စီး၊ သံယာ (၁၀၀၀) ပရိက္ခရာစုံနှင့် ဆွမ်းကပ်လှူပွဲ၊ ၁၉၉၇ ခု၊ ဒီဇင်ဘာလ၌ ရွှေတိဂုံစေတီတော်ကြီး၌ ရွှေစင်ရွှေပြားနှင့် ရွှေသားလည် ဆွဲ၊ ဗိုလ်တထောင်စေတီ၌ ရွှေသားလည်ဆွဲ၊ မဟာမုနိရပ်ရင်တော်မြတ်၌ အလေးချိန် (၁)ပိဿာ(၂၅) ကျပ်သားရှိ ရွှေဆွဲကြိုး (၂ ကုံး)၊ (၃/-)သားစီ ရှိ ရွှေစင်ရွှေပြားချပ်ရေ (၁၂၀)နှင့် လှူဖွယ်များ။ ၁၉၉၈ ခု၊ ဒီဇင်ဘာလ၌ ရွှေတိဂုံစေတီတော်ရွှေထီးတော်သစ်ကြီးတွင် အလေးချိန် (၂/၁ ၁)သားစီရှိ ရွှေဆည်းလည်း(ခေါင်းလောင်း)(၁ ၂၀)လုံးနှင့် (၃၆ ၀/)သားရှိ ရွှေဖလား (၁)လုံး၊ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ငွေပဒေသာပင် ကျပ်သိန်း(၅၀)၊ (၄၅)ယောက်စီးလေအေးစက်ပါ မော်တော်ကားကြီး (၂)စီး၊ ပရိက္ခက်တာ တစ်စုံ၊ သီးခြားအလှူငွေ ကျပ်သိန်း(၂၀) စသည်စသည်ဖြင့် များလှပါဘိ၊ စာမျက်နှာကို ငဲ့ကွက်၍ ဤမျှသာ သိရှိရုံတင်ပြရပါသည်။

ယခုနှစ်တွင်လည်း ရွှေဘုရားကျောင်းဆရာတော်သည် တပည့်ဒါယကာ၊ ဒါယိကာမများနှင့်အတူ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလကို နှုတ်ခွန်းဆက်၊ ၂၀၀၇ ခုနှစ်သစ်ကိုကြိုဆိုလျက် ကုသိုလ်တော်ပွဲကြီးကို ကျင်းပလှူဒါန်းခဲ့ပါကြောင်း ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုကြပါကုန်စေကြောင်း မေတ္တာပို့သ တင်ပြလိုက်ရပါတော့သည်။

မြောက်ဦးမြို့ ဗန္ဓုလကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစက္ကပါလသည် ဗုဒ္ဓအမွေအနှစ် ပူဇော်ပွဲကြီးမှ ပြန်လည်ရောက်ရှိပြီးနောက် အချိန်ယူ၍ ဆေးရုံကြီး၌ ဆေးဝါးကုသမှုပြုခဲ့သည်။ သင့်တင့်သော ကျန်းမာရေးကောင်း

မွန်မူရိုးနေစဉ် မြောက်ဦးမြို့သို့ ပြန်လည်ကြွရောက်ခဲ့သည်။ ဆရာတော်သည် ကျန်းမာရေးကို အထူးဂရုပြုရင်း သာသနာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်မှုပြုနေချိန်ကာလတွင်ပင် ဆရာတော် ဘဒ္ဒန္တစက္ကပါလသည် သက်တော် (၆၉) နှစ်၊ ဝါတော် (၄၉) ဝါအရ (၁၁-၁၂-၂၀၀၂) ရက်နေ့တွင် ဗန္ဓုလကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တစက္ကပါလ၏ စာပေနပွဲသို့ စင်ကာပူနိုင်ငံရှေကျောင်း ဆရာတော် ရီဖာဇော့က တပည့်ဒါယကာ၊ ဒါယိကာမများ ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို စေလွှတ်လျက် စာပေနပွဲသို့ ကြွရောက်တော်မူကြသော ပင့်သံယာ ဆရာတော် သံယာတော်များအား လှူဖွယ်ပစ္စည်းအစုစုနှင့် ဝတ္ထုတော်ငွေများကို လှူဒါန်းပူဇော်မူပြုလျက် ကုသိုလ်တော်ယူခဲ့သည်။ ဗန္ဓုလကျောင်းတိုက်ကြီးကို ဆရာတော် ဘဒ္ဒန္တစက္ကပါလ၏ တပည့်ရဟန်းတော်ရင် သုနန္ဒက ဂေါပကအဖွဲ့နှင့် အတူ ထိန်းသိမ်းစီမံဆောင်ရွက်မှုပြုခဲ့သည်။

နောင်တွင် "ပြတိုက်ကျောင်း" သစ် တည်ဆောက်မှု မပြုနိုင်သည့် အခြေအနေကြောင့် "ပြတိုက်ကျောင်း" အတွက် လှူဒါန်းငွေ ကျပ်သိန်း (၄၀၀)အနက်မှ စုစည်းထားသည့် ပစ္စည်းဖိုး နှတ်ယူ၍ ကျန်ငွေ (၃၅၅၀၀၀၀) ကျပ်ကို မြောက်ဦးမြို့ရှိ "ကိုးသောင်းပုထိုးတော်ကြီး" ပြုပြင်မွမ်းမံရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ရှေကျောင်းဆရာတော်က လှူဒါန်းခဲ့သည်။

ယင်းနောက်ကာလတွင် သက်ဆိုင်ရာများ၏ စီမံဆောင်ရွက်မှုဖြင့် မြောက်ဦးမြို့ရှိ ဗန္ဓုလကျောင်းတိုက်၏ ပဓာန နာယကဆရာတော်အဖြစ် ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒက တာဝန်ယူခွင့်ရရှိခဲ့ပြီး ကျောင်းတိုက်ဘွဲ့အမည်ကို လည်း "စန္ဒာမုနိကျောင်းတိုက်" အဖြစ် ပြောင်းလဲခဲ့သည်။ ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒလက်ထက်တွင် သာသနာအကျိုးအတွက် မျှော်ကိုးလျက် ရှေကျောင်းဆရာတော်ရီဖာဇော့နှင့် တပည့်များက မြောက်ဦးမြို့ရှိ စန္ဒာမုနိကျောင်းတိုက် "အံတော်တိုက်" တည်ထောင်ရန် အလှူငွေကျပ် သိန်း (၁၄၀) ကို လှူဒါန်းခဲ့သည်။ စန္ဒမုနိရုပ်ရှင်တော် ဂန္ဓာဂုဇိုတိုက်သို့ ရှေကျောင်း ဆရာတော်နှင့် တပည့်များလှူဒါန်းငွေ ကျပ်သိန်း(၅၀) ဖြင့် တာဝန်ယူတည် ဆောက်ခဲ့သူ စစ်တွေမြို့ရှိ ဗိသုကာပညာရှင်ဦးထွန်းကျော်နှင့် အဖွဲ့က တာဝန်ယူတည် ဆောက်ပေးခဲ့သည်။

မော်ကွန်းတင်ပူဇော် ဆရာတော်

ပြည်ထောင်စုမြန်မာနိုင်ငံကြီးသို့ ရွှေကျောင်းဆရာတော်ရိုဟာဇော့သည် ရင်းနှီးကျွမ်းဝင်မှုရှိသည့် သီရိလင်္ကာနိုင်ငံဆရာတော်ဂနေဆာရာ၏ လိုက်ပါပို့ဆောင်မှုဖြင့် ၁၉၉၄ ခုနှစ်တွင် စတင်ရောက်ရှိခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့ မှ စတင်လျက် ဆရာအေးရှားခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် စတင်တွေ့ဆုံခဲ့ကြသည်။

ထိုစဉ်က ရွှေကျောင်းဆရာတော်နှင့် တပည့်များက လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်နှင့် မန္တလေးမဟာမုနိရုပ်ရှင်တော်များကို အခြေပြု၍ ရွှေစင်ရွှေပြားများ ရွှေလည်ဆွဲများနှင့် ငွေပဒေသာပင်များကို လျှုဒါန်းပူ ဇော်မှုပြုခဲ့သည်။ ရွှေကျောင်းဆရာတော်၏ ခရီးစဉ်အောင်မြင်မှုနှင့် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားမှုသည်ပင်လျှင် "ရွှေကျောင်းတော်ကြီး၏ ရွှေတံခါးကြီး" ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်တော့သည်။

ယင်းအကျိုးဆက်ကြောင့် ရွှေကျောင်းဆရာတော်နှင့် တပည့်များ၏ ခရီးစဉ်များသည် နှစ်စဉ်မပြတ် နှစ်ပေါင်းများစွာတိုင် ဆက်လက်ရောက်ရှိနေကြသည်။ စဉ်ဆက်မပြတ် လှုဒါန်းပူဇော်လျက် သာသနာပြုမော်ကွန်းများကို တင်နိုင်ခဲ့ကြသည်။ ရွှေကျောင်းဆရာတော်၏ ခရီးစဉ်များ၌ ဆရာတော်သီလိုသည့် ဘုရား ကျောင်းကန်၊ ●ေတီရုံများ၏ သမိုင်းစဉ်တို့ကို စာပေဝါသနာရှင်ကုမ္ပဏီမန်နေဂျာဖြစ်သူ စာရေးသူက ဒါရိုက်တာအဖွဲ့၏ တာဝန်ပေးမှုဖြင့် ရေးသားပူဇော်ခွင့်ရရှိခဲ့သည်။ ဆရာတော်နှင့် တပည့်များ၏ ခရီးစဉ်များကို မဂ္ဂဇင်းသတင်းစာတို့၌ ရေးသားပူဇော်နိုင်ခဲ့သည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံ "ဗုဒ္ဓဂယာမြေမြတ်မဟာ" ခရီးစဉ်ကို အခြေပြုလျက် သီရိလင်္ကာနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ အပါအဝင် ပြည်တွင်းပြည်ပ၌ သာသနာပြုနေသူ "ကမ္ဘာ့သာသနာပြုဆရာတော် ရိုဟာဇော့" ၏ ခြေတော်ရင်း၌ သာသနာပြုလုပ်ငန်းများကို အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ခွင့်ကို စာရေးသူ ရရှိခဲ့ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ရွှေကျောင်း ဆရာတော်၏ သာသနာပြုခရီးစဉ်ကို စာအုပ်တစ်အုပ်ရေးသားပူဇော်ရန် ရည်မှန်းဆောင်ရွက်ခဲ့သည်။

စာရေးသူသည် အသက်အရွယ်အလျောက် ကျန်းမာရေးအတွက် လုပ်ငန်းတာဝန်မှအနားယူခဲ့ရာမှ (၂) နှစ်ကျော် ကြာဆုံခဲ့ရသော ကျန်းမာ

ရေးဝေဒနာကြောင့် သားကြီးသားငယ်၊ သမီးကြီးသမီးငယ်တို့ ကျေးဇူးတရား ဟု ဆိုရပေမည်။ ပြည်တွင်းပြည်ပ၌ ငွေကြေးကုန်ကျမှုများစွာဖြင့် ကျန်းမာရေးကောင်းမွန်အောင် ကုသမှုပြုနိုင်ခဲ့သည်။ ထိုစဉ်ကစ၍ ကျန်းမာရေးကြောင့် ရွှေကျောင်းဆရာတော်နှင့်လည်း အဆက်အသွယ်ပြတ်ခဲ့သည်။ တာဝန် ကြီးမားနေသည့် မိမိတို့ကုမ္ပဏီနှင့်လည်း မဆုံနိုင်ကြတော့။ အထူးသဖြင့် ဆရာတော်နှင့် အများအတွက် မိမိကြောင့် တာဝန်မကြီးစေလိုတော့ပါ။ ကျန်းမာရေးနှင့် ဘာသာရေးကို ဂရုပြုရင်း ဆရာတော်အတွက် စာပေဖြင့် ရေးသားပူဇော်နိုင်ရေးကို တဖြည်းဖြည်း ပြန်လည်ကြိုးစားခဲ့ရသည်။ ကျန်းမာရေးကောင်းလာပြီဆိုသည်နှင့် ရေးချင်၊ သွားချင်၊ လာချင်ဖြစ်လာသည်။ "ရွှေကျောင်းဆရာတော်၏ သာသနာပြုမော်ကွန်းတင်" စာမူကို တဖြည်းဖြည်းချင်း ကြိုးစားဆောင်ရွက်နိုင်ခဲ့သည်။ ယခုတော့ ရတနာသုံးပါးကျေးဇူးတော်ကြောင့် အောင်မြင်ခဲ့ပါပြီ။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွှန်ပြိုနယ်သား စာပေသမားချင်းခင်မင်ရင်းနှီးသူ၊ ရွှေကျောင်းဆရာတော်နှင့်တပည့်များ၏ ခရီးစဉ်များကို အများပြည်သူများ ကြည်ညိုဖွယ်အဖြစ် မဂ္ဂဇင်း၌ ထည့်သွင်းရာမှ စုပေါင်းရေးသား စာအုပ်ထုတ်နိုင်ရန် အဓိကပံ့ပိုးမှုပြုသည့် ဆရာဦး မောင်မောင်မြင့်အေး(လာဘ်မိုးစွေစာပေတိုက်)၏ ကျေးဇူးဖြင့် "စင်ကာပူနိုင်ငံ ရွှေကျောင်းဆရာတော် သာသနာပြုမော်ကွန်းတင်" စာအုပ်ထုတ်ဝေနိုင်ရန် မင်္ဂလာအချိန်သို့ ကျရောက်ခဲ့တော့သည်။

စင်ကာပူနိုင်ငံ၊ ရွှေကျောင်းဆရာတော် ရှိဖာဇော့သည် မြန်မာတို့၏ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးမှသည် ခရီးသွားလုပ်ငန်းတို့၌ နှစ်စဉ်မပျက် ယခင်ကတည်းက လှုံ့ဆော်ပူဇော်ခဲ့သည်။ ယခုလည်း ပူဇော်နေဆဲဖြစ်သည်။ ကုသိုလ်တော်များ ယူနေဆဲဖြစ်သည်။ သာသနာပြုမော်ကွန်းများကို တင်နေဆဲဖြစ်သည်။ သာသနာပြုကုသိုလ်တော်များကို ယူနေဆဲဖြစ်သည်။ နောင်ကိုလည်း နှစ်စဉ်မပျက် လှုံ့ဆော်ပူဇော်မှုပြုနေဦးမည်သာဖြစ်သည်။ မော်ကွန်းတင်နေဦးမည်သာ ဖြစ်သည်။ "မော်ကွန်းတင်နေတဲ့ ရွှေကျောင်းဆရာတော်ကြီး ရှိဖာဇော့" ဟု ဖွင့်ဆိုလိုက်ရပါတော့သည်။

ဗဟုသုတစာကြည့်တိုက်
အမှတ် ၂၂.၂.....နှင့်
ရက်စွဲ .....

မေတ္တာတော် အနန္တမြင့်
(မြတ်စာန်)

စင်ကာပူနိုင်ငံ

ရွှေကျောင်းဆရာတော်ရှိမာကေ

သာသနာပြုမော်ကွန်းတင်

(မြန်မာနိုင်ငံခရီးစဉ်များနှင့်ပေးအပ်လှူဒါန်းမှုများ)

မြတ်စွာန်

ကမ္ဘာအေးသာသနာတော်ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ၌
ရွှေကျောင်းဆရာတော်လက်စံရယူစဉ်

သာသနာတော်ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲ၌ရွှေကျောင်းဆရာတော်
နှင့် ဒါယကာဦးလှသိန်း ဦးစံမောင်တို့နှင့်အတူတွေ့မြင်ရစဉ်

Design
Aung Ra